www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၆၃၇/၂၀၀၄(ဇ)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၀၀/၂၀၀၄(ခ)


ထုတ်ဝေသူ
ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းနိုင်(၀၅၃၅၁)၊ ဝေယံပုံနှိပ်တိုက်၊
အမှတ်(၂၅/၂၇)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဆေးရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်။

မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁)ဆက်သွယ်ရေးဝန်း၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅ ၊ ၀၉ ၈၀ ၃၄၅၈၀ ၊
၀၉ ၅၀ ၂၁၃၅၄ ။
aungmyinpub@myanmar.com.mm

ပထမအကြိမ်–၂၀၀၄ ခုနှစ် ၊
(အောက်တိုဘာလ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၂၀၀)ကျပ်





Revenge is a kind of wild justice,
Which the more man's nature runs to,
The more ought law to need it out.

Francis Bacon.

လက်စားချေခြင်းဆိုသည်မှာ ရိုင်းစိုင်းစွာ တရားစီရင်ခြင်းပင် ဖြစ်၏။ သို့ရာတွင် လူတို့သည် ထိုနည်းကို ကျင့်သုံးလာသည်နှင့်အမျှ တရားဥပဒေဖြင့် ကွပ်မျက်ရလေတော့၏။

ဖရန်စစ်ဘေကွန်



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

ကျွန်ုပ်သည် ဆားပုလင်းနှင်းမောင်နှင့်အတူ တွဲဖက်၍ အမှုပေါင်းများစွာ လိုက်ခဲ့ဖူးသော်လည်း မြိုင်ရာဇာတာတေအမှု ာက် အမှုသွားအမှုလာ အနေအထားအားဖြင့် သိမ်မွေ့လှသော အမှုမျိုးကို မကြုံတွေ့ခဲ့ရဖူးကြောင်း ဝန်ခံရပေမည်။

ထို့တိုင် ကျွန်ုပ်အနေနှင့် နိုင်ငံပေါင်းစုံမှ ရာဇဝတ်မှုခင်း းနှင့် ပတ်သက်သော စာအုပ်စာတမ်းများကို ရတတ်သရွေ့ ွတ်တမ်း ဖတ်ရှုခဲ့ဖူးသော်လည်း "မြိုင်ရာဇာတာတေ" အမှုနှင့် လားအလာတူသော မှုခင်းမျိုးကို ဖတ်ခဲ့ဖူးခြင်း မရှိကြောင်းကို ည်း ဝန်ခံရပေမည်။

အိုင်အေ အထက်တန်းကို အောင်မြင်၍ ဆပ်ကျွောင်းသို့ ာက်ကာ ပုလိပ်ဘက်၌ အမှုထမ်းသည့်နေ့မှစ၍ ပုလိပ်မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နှင့် ပင်စင်ယူခဲ့သည့်တိုင်အောင် အင်္ဂလိပ်ဘာသာဖြင့် နေသား ထုတ်ဝေလျက်ရှိသော စာရေးဆရာတို့၏ စိတ်ကူးဉာဏ်ဖြင့် အကွက်ဆင် ရေးသားသည့် စုံထောက်ဝတ္ထုများကိုလည်း မလွတ်တမ်း ဖတ်ရှုခဲ့ရာ၌ "မြိုင်ရာဇာတာတေ" အမှုနှင့် ခပ်ဆင်ဆင်တူသောအမှုမျိုး ပါဝင်သည့်ဝတ္ထုများ ² တစ်အုပ်တစ်လေမျှပင် ဖတ်ခဲ့သည်ဟု ကျွန်ုပ် မထင်မှတ်ပါ။ ယခုနောက်ပိုင်း နှစ်များ၌မူ သတ်တမ်းအရ သေခြင်းတရားနှင့် နီးကပ်လာပြီ ဖြစ်သည့်အလျောက် "အသေတတ်"စေခြင်း အလို့ငှာ အသေကျင့်သော တရားစာအုပ်များနှင့်သာ အချိန်ကုန်နေရပြီ ဖြစ်သဖြင့် ဝတ္ထုစာအုပ်ကဲ့သို့သော စာအုပ်များကို မဖတ်အား။ သို့တည်းမဟုတ် ဖတ်ရှုရန်မလိုတော့ပြီဟု ယူဆသည့်အလျောက် မဖတ်ဖြစ်ခဲ့ပါ။ ထိုသို့ မဖတ်ဖြစ်တော့သည့်အချိန်၌ ပေါ်ထွက်လာသောစာအုပ်များ (ဝတ္ထုစာအုပ်များ) တွင် မြိုင်ရာဇာတာတေအမှုနှင့် အသွားအလာတူသော ဝတ္ထုများ ပေါ်ပေါက်လာခဲ့လျှင်တော့ မပြောတတ်ပေ။ အကယ်၍များ စာရေးဆရာတို့ အကွက်ဆင်၍ရေးသားသော စုံထောက်ဝတ္ထုမျိုး၌ ကျွန်ုပ်လိုက်ခဲ့ရသော မြိုင်ရာဇာတာတေအမှုနှင့် ခပ်ဆင်ဆင်တူသည်ဆိုလျှင်ပင် ထိုစာရေးဆရာအား ကျွန်ုပ်သည် မချီးကျူးဘဲ မနေနိုင်တော့ပါ။ အမှန်ပင် ချီးကျူးရပေလိမ့်မည်။

ထို့ပြင် မြိုင်ရာဇာတာတေအမှုသည် ကျွန်ုပ်အဖို့ စုံထောက်ပညာများ အပြည့်အဝရစေခဲ့သော အမှုဖြစ်သည့်ပြင် ကျွန်ုပ်၏မိတ်ဆွေ ဆားပုလင်းနှင်းမောင်အဖို့ ဉာဏ်ကို အစွမ်းကုန် အသုံးပြုသော အမှုလည်း ဖြစ်ပေသည်။

အကယ်၍ ဆားပုလင်းနှင်းမောင်ဆိုသောသူသည် ဤလောက၌ မရှိခဲ့လျှင်လည်းကောင်း၊ ရှိခဲ့သော်လည်း ပုလိပ်အဖွဲ့တွင်





ထုပ်ကိုင်ခြင်း မရှိခဲ့လျှင်လည်းကောင်း ထိုသိမ်မွေ့နက်နဲလှသော မြိုင်ရာဇာတာတေအမှု၏ လက်သည်တရားခံသည် မည်သည့်နည်းနှင့်မျှ ဖမ်းမိနိုင်စရာ မရှိရုံမျှမက တရားခံ မည်သူမည်ဝါ ဖြစ်သည်ကိုပင် ကျွန်ုပ်တို့ပုလိပ်အဖွဲ့သည် အဖြေပေးနိုင်လိမ့်မည် မဟုတ်ပေ။


နာနတ်သီး ကြိုက်သည်ဆိုသူများသည် ပဲခူးမြို့အနီး ထုံးကြီးရွာမှ ထွက်သော ထုံးကြီးနာနတ်သီးကို စားမိပြီးနောက် အခြားနာနတ်သီးများအား အချိုပေါ့သည်ဟု ထင်တတ်ကြလေ၏။ ထိုနည်းအတူပင် ဆားပုလင်းနှင်းမောင်၏ စုံထောက်စွမ်းရည်ကို သဘောကျသောသူတို့သည် မြိုင်ရာဇာတာတေအမှု၌ အမှုလိုက်ပုံ၊ စဉ်းစားပုံ စွန့်စားပုံတို့ကို သိရှိခဲ့ပါလျှင် ဆားပုလင်းနှင်းမောင် လိုက်ခဲ့သော အခြားအမှုများအား ခပ်ပေါ့ပေါ့ ခပ်လွယ်လွယ် လိုက်ခဲ့သည်ဟုပင် ထင်မှတ်ဖွယ်ရာ ရှိလေတော့၏။

... ဝဝဝ ...



www.burmeseclassic.com

www.burmeseclassic.com





# ထူးဆန်းသော လူသတ်မှု

BURMESE CLASSIC .com

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့သည် အရေးတကြီး ဆောင်ရွက်ရန်အမှုများ မရှိသည့်အလျောက် အင်းစိန် "စီအိုင်ဒီ"ရှိ ကျွန်ုပ်၏ရုံးခန်းအတွင်း၌ ရောက်တတ်ရာရာများကို ပြောဆိုလျက်ရှိကြရာ ဆားပုလင်းနှင်းမောင်က "တစ်ခါတစ်ရံ၌ တကယ့်အဖြစ်အပျက် အစစ်အမှန်တို့သည် စာရေးဆရာတို့ စိတ်ကူးဖြင့် ဖန်တီးထားသော ဝတ္ထုတို့ထက်ပင် ထူးဆန်းဖွယ်ရာများ ရှိတတ်ကြောင်း" ကို ပြောဆိုလေရာ ကျွန်ုပ်က. . .

"အိုင်ဆေး. . . ဒါကတော့ မဖြစ်နိုင်ဘူးဗျ၊ စိတ်ကူးနဲ့ ဖန်တီးတာပဲဗျ၊ စိတ်ကူးရှိသလောက် ဖန်တီးနိုင်တာပဲ၊ တကယ့်အဖြစ်အပျက်က ဘယ်လိုလုပ်ပြီး သာနိုင်ပါ့မလဲဗျာ"

"ဒီလိုဆိုရင် နမူနာတစ်ခုလောက်တော့ အိုင်ဇက်တို့ ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်၊ ကျောက်မြောင်းဈေးနားမှာ အဖိုးကြီး အဖွားကြီး လင်မယား နှစ်ယောက်ရှိတယ်၊ အဖိုးကြီးနာမည်က ဦးလှဘူးတဲ့၊ အဖွားကြီးနာမည်ကလဲ ဒေါ်လှဘူးတဲ့"

"ဒါလောက်နဲ့တော့ဖြင့် မဆန်းသေးပေါင်ဗျာ"

"အဲဒီအဖိုးကြီးဟာ ထမင်းစားတိုင်း စပိုးနင့်(စားပိုးနင့်) လေ့ ရှိတယ်ဗျ"

"ဒါလဲ မဆန်းသေးပေါင်ဗျာ"

"အဲဒီလို စားပိုးနင့်တာနဲ့ တစ်ပြိုင်နက် ဒေါ်လှဘူးက အဖိုးကြီးရဲ့ပါးကို မွှေးမွှေးပေးလိုက်မှ အဖိုးကြီးဟာ စားပိုးနင့်ရာက သက်သာသွားလေ့ ရှိတယ်ဗျ၊ တစ်နပ်တစ်လေ မဟုတ်ဘူးနော်၊ စပြီးညား ကတည်းက အသက်(၄၀)အထိ ဖြစ်နေတာ"

"အလို. . . နည်းနည်းတော့ ဆန်းလာပြီဗျို့"

"တစ်ရက်တစ်လေကိစ္စ မဟုတ်ဘူး၊ တစ်နေ့ကို ထမင်းနှစ် နပ်စားတယ်ဆိုတော့ နှစ်ကြိမ်ဖြစ်နေတာ၊ တစ်နေ့ကို နှစ်ကြိမ်နဲ့ နှစ်ပေါင်း(၄၀)ကျော်ထိ ဖြစ်နေတာနော်"

"ဟား. . ဟား၊ တကယ်သာဆိုရင်တော့ အတိုင်းထက် အလွန် ဆန်းတယ်ဗျို့ ကိုနှင်းမောင်"

"ဒါလောက် ဘယ်ဟုတ်ဦးမလဲ အိုင်ပီ၊ အဲဒီအဖိုးကြီးအဖွား ကြီးမှာ သားတစ်ယောက် ရှိတယ်ဆိုပဲ၊ အဲဒီသားနာမည်က ကိုလှ တဲ့၊ အိမ်ထောင်ကျတော့ မလှစုဆိုတဲ့ မိန်းကလေးနဲ့ အိမ်ထောင်ကျ တယ်ဗျို့"

"တန်တော့ ကိုနှင်းမောင်၊ ကိုလှစုဟာလဲ ထမင်းစားရင် စားပိုးနင့်တာပဲဆိုပါတော့"

"အစစ်ပေါ့ဗျာ. . . မလှစုကလဲ မွှေးမွှေးပေးမှ သက်သာ





ရာ ရရှာတယ် အိုင်ပီ"

"ဒီလိုဆိုရင်တော့ ခင်ဗျားစကားကို လက်ခံပြီဗျို့"

ကျွန်ုပ်တို့နှစ်ဦးသည် အထက်ပါအတိုင်း ရယ်စရာ မောစရာများ ပြောဆိုလျက်ရှိကြစဉ် ကျွန်ုပ်တို့ထံသို့ ရာဇဝတ်အုပ် မောင်စိန်လှဆိုသည့် သူတစ်ယောက် ရောက်ရှိလာပြီးလျှင် "ဗဟန်းတိုက်နယ်အတွင်းမှာ လူသတ်မှုတစ်မှု ဖြစ်တယ်၊ အဲဒါ လက်သည်မပေါ်နိုင်တဲ့အမှုမျိုး ဖြစ်တဲ့အတွက် အကူအညီပေးဖို့ ဗဟန်းဂါတ်က တိုက်ပိုင်ကြီးက တယ်လီဖုန်းဆက်တယ် ဆရာ" ဟု ပြောသဖြင့် ကျွန်ုပ်တို့နှစ်ဦး၏ စကားဝိုင်းကို ရပ်စဲကာ စုံထောက်ပုလိပ်မင်းကြီး စတီးဝပ်ရုံးခန်းသို့ အစီရင်ခံရန်အတွက် ကျွန်ုပ်သည် ၎င်းမောင်စိန်လှနှင့် အတူထွက်ခဲ့လေ၏။ ကိုနှင်းမောင်မှာမူ ကျွန်ုပ်၏ရုံးခန်းအတွင်း၌ပင် ကျန်ရစ်ခဲ့လေသည်။

စုံထောက်မင်းကြီး မစ္စတာစတီးဝပ်သည် ကျွန်ုပ်တို့ ပြောပြချက်များအား နားထောင်ပြီးနောက်. . .

"ကိစ္စမရှိဘူး၊ ဖြစ်ချင်တဲ့အမှုတွေ ဖြစ်ပါစေ"

"ဆားပုလင်းနှင်းမောင်. . . 'သဂရိတ်' ငါတို့မှာ ရှိနေမှပဲ၊ ဘာမှ ပူစရာမလိုဘူး၊ ဒီတော့ မောင်မင်းက ဆားပုလင်းနှင်းမောင်နဲ့ အတူ လိုက်သွားပြီး သူလိုတဲ့အကူအညီပေး၊ မဟုတ်ဘူး. . မဟုတ်ဘူး၊ သူခိုင်းတာကိုလုပ်၊ အခုပဲ လိုက်သွားပေတော့" ဟု ဆိုကာ ကျွန်ုပ်တို့အား မကြည့်ဘဲ ရေးလက်စ စာများကို ဆက်၍ရေးနေတော့သဖြင့် ကျွန်ုပ်တို့လည်း ဆလံပေးကာ သူ၏ရုံးခန်းအတွင်းမှ ထွက်၍လာခဲ့ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် ကိုနှင်းမောင်တို့သည် (စီအိုင်ဒီ)ဌာနအပိုင်ကားတစ်စီးကို ထုတ်ယူ၍ ဗဟန်းဂါတ်သို့ ထွက်လာခဲ့ကြရလေ၏။ ကျွန်ုပ်တို့အား ဗဟန်းဂါတ်မှ တိုက်ပိုင်ကြီး စောင့်ကြိုလျက် သူ၏လက်အောက်မှ ရာဇဝတ်အုပ်များနှင့် မိတ်ဆက်ပေးလေ၏။ ကိုနှင်းမောင်အား မမြင်ဖူးသော ပုလိပ်ကလေးများနှင့် (စာသင်)များလည်း သူ့အနီးအနား၌ ရစ်ဝဲရစ်ဝဲလုပ်ကာ ကိုနှင်းမောင်အား ကြည့်ရှုကြလေ၏။ ထိုအထဲတွင် တစ်ယောက်သော ပုလိပ်ကလေးက "ဆားပုလင်းနှင်းမောင်၊ ဆားပုလင်းနှင်းမောင်လို့ ပုလိပ်ဘက်မှာတော့ နာမည်ကြီးလိုက်တာ၊ မမြင်ဖူးခင်ကတော့ လူဆိုးလူမိုက်တွေက ကြောက်လောက်အောင် ရုပ်ဆိုးဆိုးကြီး ဖြစ်လိမ့်မယ်လို့ အောက်မေ့ထားတာ၊ ယခုတော့ တကယ့်ကို မင်းသားဘတင့် ကျနေတာပဲ" ဟူ၍ အခြားသော ပုလိပ်တစ်ဦးအား ပြောလိုက်သည်ကို ကျွန်ုပ်သည် ကြားလိုက်မိသဖြင့်. ပြုံးမိရသေးတော့၏။

လက်ဖက်ရည် တိုက်ခြင်း၊ မိတ်ဆက်ခြင်း ပြုပြီးနောက် ကျွန်ုပ်တို့သည် အခင်းဖြစ်ပွားရာ ငါးထပ်ကြီးဘုရားအနီးရှိ ရှေးဟောင်း တိုက်အိုကြီးတစ်လုံးဆီသို့ ရာဇဝတ်အုပ် မောင်ဘိုးထော်၊ မောင်လှတောတို့နှင့်အတူ သွားရောက်ကြရလေတော့၏။

ငါးထပ်ကြီးဘုရား၏ မြောက်ဘက်ရှိ လျှိုကြီးများအကြားတွင် ရှေးနှစ်ပေါင်းများစွာက ဆောက်လုပ်ခဲ့ဟန်တူသော တိုက်အိုကြီးပင် ဖြစ်လေ၏။

ဆောက်လုပ်ထားသည်မှာ နှစ်ကြာ၍ တိုက်အိုကြီးဟု ဆိုသော်လည်း ဆွေးမြည့်ဟောင်းနွမ်းခြင်း မရှိသဖြင့် တိုက်ဆွေးကြီးဟု မဆိုနိုင်ပေ။

၎င်းတိုက်ကြီး၏ ပတ်ပတ်လည်တွင်လည်း ဝါးရုံပင်များ၊





ချုံမပင်များနှင့် ကုက္ကို၊ အုန်း၊ ပိန္နဲစသည့် အပင်မျိုးစုံသည် နေခြောက် မထိုးနိုင်လောက်အောင် ထူထပ်လျက် ရှိလေ၏။

မှတ်ချက်။ ။၎င်းတိုက်ကြီးအား ဂျပန်ခေတ်တွင် ဂျပန်တို့က စစ်တပ်လျှို့ဝှက်ရုံးအဖြစ် အသုံးပြုခဲ့ပြီး စစ်အတွင်း၌ပင် ဗုံးဒဏ်ကြောင့် ပျက်စီးသွားရပြီ ဖြစ်လေသည်။

(စာရေးသူ)

တိုက်အနီးသို့ ကျွန်ုပ်တို့ ရောက်ရှိသွားကြလျှင် အစောင့်အဖြစ် ရောက်ရှိနေသော ပုလိပ်တစ်ယောက်က ကျွန်ုပ်တို့အား လာရောက်၍ ဆလံပေးကာ ကျွန်ုပ်တို့အား ရှေ့ဆောင်၍ ခေါ်ငင်သွားလေ၏။

တိုက်၏လှေကားပေါ်သို့ တက်ခါနီးတွင် လှေကားထိပ်ရှိ တိုင်ကြီး(၂)တိုင်အား ကျွန်ုပ်တို့ သတိထား၍ ကြည့်ရှုမိရာ လွန်စွာလက်ရာမြောက်သော ကိန္နရာရုပ်များကို တွေ့ရလေ၏။ တံခါးမှာလည်း ကျွန်းဖြင့် ပြုလုပ်ထားပြီးလျှင် မယ်နုဟု ခေါ်သော သံမှိုကြီးများ တပ်ဆင်ထားရာ ထိုးမှုနှန်းဟန်များ ကျန်ရှိသေးသော မန္တလေးမြို့ကို ကျွန်ုပ် အမှတ်ရမိလေတော့၏။

တံခါးကြီးမှာ လွန်စွာခံ့ညားလှပေရာ ထိုတံခါးကြီးနှင့် လိုက်ဖက်လှသည့် ပွတ်လုံးများ၊ နရားရုပ်များဖြင့် ပြုလုပ်ထားသော အတွင်း လှေကားတစ်ခုကို တွေ့ရသည့်အခါ၌ ဤတိုက်ကြီးသည် မြန်မာမင်းများ ရှိစဉ်ကပင် ဆောက်လုပ်ခဲ့သော ဝန်ကြီးတစ်ပါး၏ အိမ်တော် ဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းမိလေသည်။

ကျွန်ုပ်တို့သည် ထိုလှေကားကြီးမှနေ၍ အပေါ်ထပ်သို့



www.burmeseclassic.com

www.burmeseclassic.com



တက်၍သွားကြရာ ကျွန်းသားဖြင့် ပြုလုပ်ထားသော အခန်းဆီးများကို တွေ့ရလေ၏။ ထိုအခန်းဆီးများ၌ ထွင်းထု၍ထားသော ပန်းပုလက်ရာမှာလည်း လွန်စွာအသေးစိတ် နိုင်လှသည့်အပြင် ယိုးဒယားပန်းခက် ကလေးများမှာ တကယ်ပင် ပျော့ညွတ်၍ နေသည်ကို ထောက်ရှုခြင်းအားဖြင့် တော်ရုံပန်းပုဆရာ၏ လက်ရာမျိုးမဟုတ်ဘဲ နန်းသုံး ပန်းပုဆရာကြီးတစ်ဦးဦး၏ လက်ရာ ဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းမိလေ၏။ နောင်တွင် ထိုပန်းပုလက်ရာများကို စိတ်ဝင်စားလွန်းသဖြင့် ကျွန်ုပ် စုံစမ်းကြည့်ရာ မန္တလေးမြို့၌ သီပေါမင်း ပါတော်မူပြီး အင်္ဂလိပ်တက်စခေတ်၌ ကျော်ကြားခဲ့သော ပန်းပုဆရာကြီး (ဦးဖိုးခင်)၏ လက်ရာဖြစ်ကြောင်း သိရှိရလေသည်။

မှတ်ချက်။ ။ ၎င်းဆရာကြီး၏ ပန်းပုဆိုင် ဓါတ်ပုံအား ယခုအခါ၌ အမျိုးသားပြတိုက်၌ ပြသထားရှိပေရာ အများပြည်သူများသည် ကြည့်ရှုနိုင်ကြပေသည်။ ထိုဓါတ်ပုံများတွင် ကွမ်းကျင်စွာ ထုလုပ်နေကြသော မြန်မာပန်းပုပညာရှင်များနှင့် (ဆရာဖိုးခင်)ပန်းပုဆိုင်၊ "Mg Pho Khin's Curving Shop" ဟူသော အင်္ဂလိပ်စာတန်းပါ ဆိုင်းဘုတ်နှင့် ပုံပင် ဖြစ်သည်။ အမျိုးသားပြတိုက် အပေါ်ဆုံးထပ်၌ ရှိလေ၏။ စိတ်ပါဝင်စားသူများ သွားရောက် ကြည့်ရှုကြပါကုန်။

(စာရေးသူ)

ကျွန်ုပ်တို့သည် ထိုလှပသော အခန်းဆီးများကို ကျော်ဖြတ်၍ သွားရာ ဘုရားရှိခိုးဆောင်ဟု ယူဆရသောနေရာ၌ ဆီဆေးဖြင့်





ရေးခြယ်ထားသော အမျိုးသားနှင့် အမျိုးသမီး မင်္ဂလာလက်ထပ်ခြင်း ပြုနေသော ပုံတူပန်းချီကားကြီးတစ်ချပ်ကို တွေ့မြင်ရလေ၏။ ဘုရားခန်းဟု ယူဆရသော အခန်းအတွင်း၌မူ လွန်စွာဝဖိုးသော လူဝကြီးတစ်ဦးသည် သူကြွယ်တစ်ဦး၏ အဆောင်အယောင်ဖြင့် ကျနစွာ ထိုင်နေပုံ ရေဆေးပန်းချီကားတစ်ချပ်၊ ၎င်းလူဝကြီးနှင့် လွန်စွာပိန်ညှော်သော်လည်း မျက်နှာပေါက် အလွန်ချောမောလှပသော မိန်းမတစ်ဦး တွဲ၍ထိုင်နေသော ရေဆေးပန်းချီကားတစ်ချပ်ကိုလည်း တွေ့မြင်ရလေ၏။

ထိုအခန်းနှင့် ကပ်လျက်အခန်းကို ဝင်လိုက်သည့်အခါ၌မူ ကျနစွာ ခင်းကျင်းပြင်ဆင်ထားသော အိပ်ရာထက်၌ အသက်(၃၀) နီးပါးခန့် အမျိုးသမီးတစ်ဦး သေဆုံးနေသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် ထိုအမျိုးသမီး၏ဦးခေါင်းကို ကိုင်၍ကြည့်လိုက်ရာ ခေါင်းသည် ခေါင်းအုံးပေါ်မှ လည်၍ကျသွားသဖြင့် ခေါင်းအုံးပေါ်သို့ ပြန်၍တင်ပေးလိုက်ရသေး၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်က "ဇက်ကျိုးပြီး သေတာဗျ"ဟု ကျွန်ုပ်အား လှမ်း၍ပြောလိုက်လေ၏။

ထိုစကားကို ကြားရသော အခါ၌ ရဲသားမှာ မျက်လုံးပြူး၍ သွားပြီးလျှင် အိမ်ကြီးအမိုးကိုလည်းကောင်း၊ ထုပ်လျှောက် ဒိုင်းများစသော နေရာများကို လည်းကောင်း မော့၍ကြည့်လေ၏။ သေဆုံးလျက်ရှိသော မိန်းမမှာ ရုပ်ရည်အားဖြင့် လွန်စွာလှပပြီးလျှင် ပါး၌ စံပယ်တင်ဟု ခေါ်သော မှဲ့နက်ကလေးတစ်လုံးမှာလည်း ထင်ရှားလျက် ရှိပြီးလျှင် ကော့ညွတ်သောမျက်တောင်နှင့် ဖြောင့်စင်းသော နှာတံတို့သည် အသက်(၃၀) အရွယ်တိုင်အောင် လှပလျက်ရှိသေးသည်ကို ထောက်၍ ငယ်စဉ်က မြင့်သူငေးလောက်သောသူ ဖြစ်မည်ဟု ခန့်မှန်းမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုနှင်းမောင်သည် ဂျင်းမိန်းမ၏ လက်သူကြွယ်တွင် ဝတ်ဆင်ထားသော စိန်လက်စွပ်ကို ဖြုတ်ယူလျက် ပြတင်းပေါက်အနီးသို့ သွားရောက်ကာ ကြည့်ရှုလေ၏။ ရိုးရိုးကြည့်ရှုရုံမျှနှင့် မကျေနပ်သေးဘဲ မှန်ဘီလူးကို ထုတ်လျက် စိန်ပွင့်စား စိန်ကို ဝယ်တော့မည့်ကဲ့သို့ သေချာစွာ ကြည့်လေ၏။ ပြီးလျှင် တစ်ဖန် ထိုမိန်းမ၏နားကပ်များကို ဖြုတ်၍ကြည့်ပြန်လေ၏။ နားကပ်များမှာလည်း စိန်နားကပ်များပင် ဖြစ်လေ၏။

ကိုနှင်းမောင်သည် စိန်များကို ကြည့်ပြီးနောက် ပစ္စည်းရှာဖွေပုံစံ (Search form) (ခေါ်) စာရင်းစာရွက်၌ ရေးသွင်းနိုင်ရန်အတွက် ကျွန်ုပ်လက်သို့ အပ်လိုက်လေ၏။ ရာဇဝတ်အုပ် မောင်လှတောသည် အဆင်သင့် ယူလာသော ပုံစံစာရွက်၌ ရှာဖွေရရှိသော ပစ္စည်းများကို ရေးသွင်း၍ လက်မှတ်ထိုးပြီးလျှင် ကျွန်ုပ်ထံသို့ ပြန်၍ အပ်လေ၏။

ဂျင်းအခန်းတွင်း၌ ပန်းညှန့်ပန်းခက်နှင့် ရုပ်စုံများ ထွင်းထုထားသော ကျွန်းသေတ္တာကြီး(၂)လုံးလည်း သော့ခတ်လျက်သားတွေ့ရလေ၏။ ကိုနှင်းမောင်သည် ဂျင်းသေတ္တာ(၂)လုံးမှ သော့များအား ရိုက်ချိုး၍ သေတ္တာများကို ဖွင့်ကြည့်ရာ ဗလာထဘီဟု ခေါ်သော ရှေးခေတ်က အမျိုးသမီးများ ဝတ်ဆင်သည့် ထဘီနှင့် ထိုင်မသိမ်း အင်္ကျီများ၊ ပိုးဖဲကတ္တီပါ အစရှိသော အဝတ်အထည်များကိုသာ တွေ့ရလေ၏။

သေတ္တာများကို ကြည့်ရှုနေစဉ် သေတ္တာကြားမှ သံပုရာသီးကလေးတစ်လုံးကို ခြေထောက်ဖြင့်တိုက်မိ၍ ကျွန်ုပ်တို့ရှေ့မှောက်သို့ လိမ့်၍ထွက်လာရာ ကိုနှင်းမောင်က အနီးရှိ အဝတ်ဖြူစကလေးနှင့် ကောက်ကိုင်ပြီးလျှင် သံပုရာသီးကို ပွတ်လိုက်ရာ အဝတ်၌ သွေးများ





ပေကျံလာသည်ကို တွေ့ရလေ၏။

ကျွန်ုပ်၏မိတ်ဆွေကြီး ကိုနှင်းမောင်သည် သဲလွန်စ ရနိုင်မည့် ပစ္စည်းများကို ဤသို့ ကြည့်ရှုနေစဉ်၌ ရာဇဝတ်အုပ် မောင်လှတောနှင့် မောင်ဘိုးထော်တို့သည် ကျွန်ုပ်တို့အနီးမှ ထွက်ခွာ၍ သူတို့လည်း သူတို့နည်းသူတို့ဟန်ဖြင့် သဲလွန်စများကို ရှာဖွေကြကုန်၏။

ကိုနှင်းမောင်သည် သံပုရာသီးအား သေချာစွာ ကြည့်ပြီးနောက် သေဆုံးသူ၏ပါးစပ်ကိုလည်း ဆွဲ၍ဟပြီးလျှင် ကြည့်ရှုစစ်ဆေးပြန်၏။ ထို့နောက် စောစောက ဖွင့်ကြည့်ခဲ့သော သေတ္တာကြီး(၂)လုံးအား တစ်လုံးစီ မစမ်း၍ကြည့်ရာ ကျွန်းဖြင့် ပြုလုပ်ထားသည် တစ်ကြောင်း၊ အတွင်း၌ ပစ္စည်းများ ပြည့်သိပ်လျက်ရှိသည် တစ်ကြောင်းကြောင့် လွယ်ကူစွာ မနိုင်ခြင်း မရှိသည်ကို တွေ့ရလေ၏။

"တော်တော် စိတ်ဝင်စားဖို့ကောင်းတဲ့အမှုပဲ အိုင်ဝီ၊ ဒီအမှုဟာ ကျုပ်တို့လိုက်ခဲ့တဲ့ အမှုတွေထက်ကို စံချိန်ချိုးသိမ့်မယ် ထင်တယ်ဗျို့"

"အိုင်ဆေး. . . ခင်ဗျားအဖို့တော့ စိတ်ဝင်စားစရာကောင်းတဲ့ အမှုတစ်ခု တွေ့လို့ ဝမ်းသာစရာပါပဲ၊ ဒါပေမယ့် ဟောဒီမိန်းမချောကလေးတစ်ဦးကတော့ သနားစရာပဲဗျို့"

"သေခြင်းတရားဆိုတာကလဲ တကယ်တော့ အဆန်း မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ ကျုပ်တို့ကတော့ သမ္မုတိမရဏလို့ ခေါ်တဲ့ တစ်ခါတည်း အသက်ပျောက်သွားတဲ့ အသေမျိုးလောက်ကိုသာ သေတယ်လို့ နားလည်နေကြတာကိုး၊ ဒါက ခင်ဗျားတို့ ကျုပ်တို့တ ဆင်တာမဟုတ်ဘူး၊ ပုထုဇဉ်တိုင်း နားလည်တာကတော့ အဲဒီသမ္မုတိ မရဏဆိုတဲ့ အကြမ်းစားအသေလောက်ပဲ နားလည်ကြတယ်ဗျို့၊ တကယ်ကတော့ ခန္ဓာအာယတနဓါတ်တွေ တစ်ခုပြီးတစ်ခု ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက် ချုပ်လိုက် ဖြစ်နေတဲ့ ခဏိကတမရဏဆိုတဲ့ အခုပြီး အခုသေနေကြတဲ့သဘောကို နားလည်ဖို့ ဆိုတာကတော့ တယ်မလွယ်လှဘူး၊ ဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက လူလူနတ်နတ်၊ မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရွယ်၊ စလယ်အဆုံး ရှိမြဲထုံးဖြင့် အနုံးစဉ်စီ သန္တေချီက၊ နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲရော်မြဲ၊ တသဲသဲတည့်၊ မစဲနေ့ည၊ အရွရွလျှင်၊ ခဏသန္တတိလို့ ဆိုထားတယ်ဗျ၊ လူပဲဖြစ်ဖြစ် နတ်ပဲဖြစ်ဖြစ် ဇာတိရယ်လို့ ရှိလာပြီဆိုရင် နာရီမလပ် စက္ကန့်မလပ် ဇရာသဘော မရဏသဘောတွေက တရစပ် နှိပ်စက်တော့တာပဲဗျို့"

ကျွန်ုပ်သည် ကိုနှင်းမောင်အား များစွာအံ့ဩမိလေတော့၏။ သူသည် ကျွန်ုပ်ထက် အဖက်ဖက်၌ တော်ကြောင်း၊ သာလွန်ကြောင်းကို မကြာခဏ ထုတ်ဖော်ရေးသားပြသခဲ့ပြီး ဖြစ်၏။ သို့ရာတွင် ဘာသာရေးနှင့် ပတ်သက်၍ လေးလေးနက်နက် ပြောဆိုခြင်းကိုမူ ယခုတစ်ကြိမ်၌သာလျှင် ကျွန်ုပ် ကြားဖူးသည်ဖြစ်ရာ မအံ့ဩဘဲ မနေနိုင်အောင် ဖြစ်လေတော့သည်။

ပြောမယ့်ပြောတော့လည်း လက်သည် မပေါ်သေးသည့် အလောင်း၏ဘေး တစ်တောင်သာသာမျှသာ ဝေးသောနေရာ၌ ဖြစ်၏။ ပြောသည့်အကြောင်းအရာကလည်း တကယ့်ကို ထိပ်တန်းကျသော ဝိပဿနာဉာဏ်အမြင် ဖြစ်သည့် ခဏိကတမရဏသဘောတရား၊ အာဘော်ကလည်း တကယ့် ထိပ်တန်းကျ သာသနာ့အာဇာနည် လယ်တီဆရာတော်ကြီး၏ အာဘော်ဖြစ်နေပေရာ ကျွန်ုပ်သည် ကြက်သီးမွေးညှင်းများပင် ထမိလေတော့၏။

ကျွန်ုပ်၏စိတ်၌ "ဒီဆားပုလင်းနှင်းမောင်ဆိုတဲ့လူဟာ ဘာကိုပဲ လေ့လာလေ့လာ တကယ့်ကို ခြေခြေမြစ်မြစ် နားလည်တဲ့





သဘော ရှိတယ်၊ တော်ရုံလူတော့ မဖြစ်တန်ရာ၊ တစ်စုံတစ်ခုသော ထူးခြားသည့် ပါရမီရှင်လောင်းတစ်ဦးဦးပေလော" ဟူ၍ မှတ်ထင်မိလေတော့သည်။

"အဲဒီတော့ ဘယ်လိုလုပ်ရမလဲ" ဟု ကျွန်ုပ်က သူ့တရားကို ဆက်၍ နာကြားလိုသေးသဖြင့် မေးလိုက်ရာ. . .

"ဘယ်လိုလုပ်ရမှာလဲ၊ တရားခံကို ရအောင်စဉ်းစားပြီး မိအောင်ဖမ်းပြီးတော့ ကြိုးစင်ကို ပို့ရမှာပေါ့"

"ဗျာ. . . ကျုပ် ခုနက ခင်ဗျားပြောတဲ့ ခဏိကတမရဏဆိုတာကို သိအောင် ဘယ်လိုလုပ်ရမှာလဲလို့ မေးတာ အိုင်ဆေးရ"

"အခုအခါတော့ ခဏိကတမရဏက ဒါလောက် အရေးမကြီးဘူးဗျို့၊ အခုလို သမ္မုတိမရဏ ဖြစ်အောင် သတ်သွားတဲ့ တရားခံကို ထပ်ပြီး မရဏဖြစ်စေဖို့ ကျုပ်တို့တာဝန်က ရှိသေးတယ် မှတ်လားဗျာ"

ဟု ၎င်းက တရားစကားကို ယတိပြတ် ဖြတ်ချလိုက်သည် ဖြစ်ရာ သူ၏တရားကို ဆက်၍နာကြားချင်ပါလျက် ကျွန်ုပ်သည် နာကြားနိုင်ခြင်း မရရှိခဲ့ပါ။ အမှန်အားဖြင့်ဆိုရလျှင် ထိုခေတ်ထိုအခါက တရားပွဲ တော်တော်များများသည် သီလနှင့်ဒါနခန်းလောက်သာ ဟောပြောလေ့ရှိပြီးလျှင် လွန်စွာလေးနက်သော ဝိပဿနာ တရားကိုမူ ဟောပြောသည့်ပုဂ္ဂိုလ်ကလည်း နည်း၍ နာကြားသည့် ပုဂ္ဂိုလ်များကလည်း မရှိသလောက် ရှားပါးလေသည်။ ယခုအခါ၌ သူငါငါ ဝိပဿနာတရားများကိုသာ လိုက်စား၍ အားထုတ်နေကြသည်ကို တွေ့မြင်ရပေရာ ဗုဒ္ဓဘာသာဝင်ဖြစ်သည့် အားလေ့စွာ များစွာဝမ်းမြောက်မိလေ၏။ ထို့ကြောင့် (၂၀)ရာစု၏ ဝိပဿနာ ရှေ့တန်းဆောင်ကြီး ဖြစ်တော်မူသော လယ်တီဆရာတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့ပြီး ဆရာတော်ဘုရား
အား လွမ်းဆွတ်မိလေတော့၏။

"အဲ. . . အိုင်ပီ. . ဒီအလောင်းကိုတော့ ဆေးရုံပို့နိုင်ပါ
ဗျာ၊ ပြီးတော့ အိမ်ထဲနဲ့ အိမ်ပတ်ဝန်းကျင်က မေးသင့်မေးထိုက်တဲ့
တွေကို နည်းနည်းပါးပါး မေးစမ်းကြရအောင်"

ကိုနှင်းမောင်သည် အိမ်ခန်းများကို လှည့်လည်ကြည့်ရှု
လေ၏။ ပန်းချီကားများမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်သည့်အလျော
အမှုနှင့် ပတ်သက်ခြင်း မရှိသော်လည်း သေချာစွာ ကြည့်ရှုလေ
ထိုကြည့်ရှုခဲ့သော ပန်းချီကားများအနက် မန္တလေးမြို့ သီပေါဘု
မင်း၏ ပန်းချီတော်ဘွဲ့ရ ဆရာချို၏ နန်းတွင်းမိသားစုပုံဟု ယူဆ
သော မိသားစု ပန်းချီကားတစ်ချပ်ကိုပါ တွေ့မြင်ရလေ၏။

မှတ်ချက်။ ။ပန်းဆိုးတန်းနှင့် ကုန်သည်လမ်းရှိ လောကန
ပန်းချီပန်းပုပြခန်း၌ ချိတ်ဆွဲထားသော ပန်
တော် ဆရာချို၏ပန်းချီကားအား ကျွန်ုပ်တွေ့
ဖူးသော ပန်းချီကားဟုပင် ယူဆမိပါသည်။
(စာရေးသူ

ကျွန်ုပ်နှင့် ကိုနှင်းမောင်သည် အပေါ်ထပ်၌ ကြည့်ရှု
နောက် အောက်ထပ်ကို ဆင်း၍လာရာ အောက်ထပ်တွင် ရာဇ
အုပ် မောင်လှတောနှင့် မောင်ဘိုးယော်တို့သည် ပတ်ဝန်းကျင်မှ
များကို ခေါ်ယူလျက် စစ်ဆေးနေသည်ကို တွေ့ရလေ၏။

ခေါ်ယူထားသော အဖိုးကြီး အဖွားကြီးများ အပါအ
လူ(၁၀)ယောက်ခန့်တို့မှာ အောက်တွင် ဆောင့်ကြောင့်ထိုင်လျ





မှိုကြပြီး ရင်းရာဇဝတ်အုပ်(၂)ဦးမှာမူ ကုလားထိုင်ပေါ်တွင် ခြေချင်း
ခိုတ်၍ အခန့်သား ထိုင်ကာ တစ်ဦးက လိုက်လံရေးမှတ်ခြင်း ပြုနေ
၏။

အဖိုးကြီးတစ်ယောက်အလှည့် ရောက်သောအခါ ရာဇ
ဝတ်အုပ် မောင်လှတောက "ဟေ့. . . အဖိုးကြီး၊ ဟိုတစ်နေ့က ခင်
ဗျား ဒီခြံထဲ ဝင်တယ်ဆို" ဟု ငေါက်ငမ်း၍ မေးလိုက်ရာ. . .

"ဟုတ်ပါတယ် သခင်၊ ဝင်ခဲ့ပါတယ်၊ ဒီအိမ်က သခင်မတ
ပိန္နဲသီး ခူးခိုင်းလို့ တက်ပြီးခူးပေးရပါတယ်"

"မလိမ်နဲ့နော်၊ လိမ်ရင် မသက်သာဘူးဆိုတာ နားလည်ရဲ့
လား"

"မလိမ်ဝံ့ပါဘူး သခင်"

"ဘယ်အပင်က ပိန္နဲသီးကို ခူးခိုင်းတာလဲ၊ ဘယ်နှစ်လုံး
ခူးသလဲ"

"အပင်ကတော့ မှတ်မိပါတယ်၊ အလုံးတော့ ဘယ်လောက်
ဆိုတာ မမှတ်မိပါဘူး သခင်"

"ကောင်းပြီ၊ ဒီအပေါ်ထပ်ကို မနေ့က ရောက်တယ်မဟုတ်
သား"

"မနေ့ကသာ မဟုတ်ပါဘူး သခင်၊ ကျွန်တော်မျိုး အသက်
(၆၀) ရှိပါပြီ၊ ဒီအိမ်ကြီးရဲ့အပေါ်ထပ်ကို တစ်ခေါက်မှ မရောက်ဖူး
ပါဘူး သခင်"

"ဖြန်း. . . ဖြန်း"

ရာဇဝတ်အုပ် မောင်လှတောသည် ရင်းအဖိုးကြီးကို တစ်
ချက်စီ ရိုက်လိုက်၏။

"ခင်ဗျား မတက်ဘဲနဲ့ ခင်ဗျားရဲ့ခမောက်က ဒီအိမ်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကို ဘယ့်နှယ့်လုပ်ပြီး ရောက်နိုင်မှာလဲ၊ ကျုပ်ကို မလိမ်နဲ့လို့ ပြောတယ်မဟုတ်လား"

"ဟောဟိုပုလိပ်က ကျုပ်တို့မရောက်ခင်ကလေးတင်ဘဲ ဒီအိမ်ပေါ် တက်ကြည့်တယ်၊ အဲဒီလို တက်မကြည့်ခင်မှာ အဲဒီခမောက်ကို ကောက်ရလို့ ဆောင်းထားတယ်၊ အိမ်ပေါ်ကျမှ အဲဒီခမောက်ကို ချွတ်ပြီး လျှောက်ကြည့်နေတုန်း ကျုပ်တို့လာတာ တွေ့တာနဲ့ ပြေးပြီးဆင်းလာတော့ ခမောက်ကျန်ခဲ့ရော"

ဟု ကိုနှင်းမောင်က လှေကားအောက်ဆုံးထပ်သို့အရောက်တွင် အဖိုးကြီးကို မေးသော မေးခွန်းအား သူက ဝင်ရောက်ဖြေဆိုလိုက်ခြင်း ဖြစ်၏။ ထိုအခါ၌ ကျွန်ုပ်တို့ ရောက်စဉ်က ထွက်၍ကြိုဆိုသော ပုလိပ်က "ဆရာပြောတာ ဟုတ်. . ဟုတ်ပါတယ် ဆရာ၊ အဲဒီခမောက်ကို လမ်းဆုံက ရေအိုးစင်မှာ တွေ့လို့ ဆောင်းလာခဲ့ပါတယ်" ဟု အပြင်ထွက်သော တံခါးပေါက်ဝအနီးမှ ကမန်းကတန်းထ၍ ဖြေဆိုလိုက်လေရာ ရောက်ရှိနေသောသူများသည် ကိုနှင်းမောင်အား အထူးအဆန်းသဖွယ် ဝိုင်း၍ကြည့်ကြလေတော့၏။

ထိုအခါ၌ ရာဇဝတ်အုပ် မောင်လှတောသည် ရှက်ကိုးရှက်ကန်း ဖြစ်ကာ ခေါ်ယူထားသောသူများအား "သွားကြ. . . သွားကြ ခု ထွက်သွားကြ" ဟု ဆိုကာ မောင်းထုတ်ပစ်လိုက်လေတော့၏။

ပြီးလျှင် ၎င်းတို့နှစ်ဦးက သူတို့နည်းသူတို့ဟန်ဖြင့် လူသတ်တရားခံကို ဖမ်းပေးမည်ဟုဆိုကာ ထွက်သွားကြလေ၏။ ကိုနှင်းမောင်မှာမူ ထိုသူတို့၏စကားကို တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုဘဲ စီးကရက်ကိုသာ စတိုင်ကျကျ ဖွာရှိုက်၍ နေလေတော့၏။

... ပြီးပါပြီ ...





## နွားနို့ပို့သော ကမလာ

ကျွန်ုပ်နှင့် ကိုနှင်းမောင်တို့သည် ၎င်းပတ်ဝန်းကျင်ကို အုပ်ချုပ်ရသော သူကြီးအိမ်သို့ သွားရောက်ခဲ့လေ၏။ သူကြီးမှာ ကျွန်ုပ်တွေ့ဖူးသော သူကြီးများအနက် လွန်စွာ ထုံထုံထိုင်းထိုင်းနိုင်လှသော သူကြီးတစ်ဦး ဖြစ်လေ၏။ ဤအိမ်ကြီး၌ မည်သူမည်ဝါများ နေထိုင်ကြ၍ မည်သည့်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသည်ကိုသည်း ဂဃနဏ မသိရှာပေ။ "အိမ်ရှင်ကတော့ ဒေါ်တင်တင်ရီလို့ ခေါ်သလိုလို တင်တင်စိန်လို့ ခေါ်သလိုလိုပဲခင်ဗျ၊ နီးစပ်သူတွေကတော့ သခင်မလို့ ခေါ်တာတော့ သိတယ်" ဟု မရေမရာသာ ဖြေဆိုနိုင်၏။

"ဗဟန်းဂါတ်ကို သူကြီး လာပြီး တိုင်ချက်ပေးတာ မဟုတ်လား" ဟု ကိုနှင်းမောင်က မေးလိုက်ရာ. . .



www.burmeseclassic.com

"ဟုတ်ပါတယ်၊ ဟိုဘက်ခြံမှာ ချစ်တီးကုလား အန္တာဆာမိ ဆိုတာ ရှိတယ်၊ သူက နွားမွေးတယ်ဗျ၊ သူ့သမီးကလေး ကမလာ ဆိုတဲ့ ကုလားမလေးက အဲဒီအိမ်ကို နွားနို့ပို့ရတယ်၊ အဲဒါ နွားနို့သွားပို့ တာ လူသေနေတာ တွေ့တာနဲ့ အော်တော့ ကျွန်တော်လဲ ဂိတ်ကို ချက်ချင်းပြေးပြီး တိုင်ချက်ပေးခဲ့တာပဲ"

ကျွန်ုပ်တို့သည် အတတနိုင်သော သူကြီး၏အိမ်၌ အချိန် ဖြုန်းခြင်း မပြုတော့ဘဲ နွားနို့ပို့သော ကုလားမကလေး ကမလာထံ သို့ သွားရောက် စုံစမ်းရပြန်လေ၏။

နွားနို့ပို့သော ကမလာမှာ လွန်စွာစပ်စုသူ ဖြစ်သည့်အား လျော်စွာ အခင်းဖြစ်ပွားသောအိမ်ကြီးနှင့် ပတ်သက်၍ လုံးစေ့ပတ် စေ့ သိရှိသူ ဖြစ်လေ၏။

ကိုနှင်းမောင်က. . .

"ကမလာ. . . အခုသေသွားတဲ့ မိန်းမကို သိပါသလား"

"သိပါတယ်၊ သခင်မကို ပြောတာမဟုတ်လား. . . ခင်ခင် စိန်လို့ ခေါ်ပါတယ်၊ မုဆိုးမတစ်ယောက်ပါ။ သူတို့လင်မယားခေါ်တဲ့ (ပန်းချီကားကို ဆိုလိုခြင်းဖြစ်၏) အိမ်ပေါ်မှာ ချိတ်ထားတယ်၊ ဆေး ရောင်စုံနဲ့၊ သူ့ယောကျ်ားသေတာ (၅)နှစ်လောက်ကြာပြီ၊ ယောကျ်ား မယူဘူး၊ သူ့အိမ်မှာ အရင်တုန်းက ထမင်းချက်တဲ့ လူတစ်ယောက်၊ သူခိုင်းတာလုပ်ဖို့ မိန်းမတစ်ယောက် ရှိတယ်၊ သူ့မှာ မောင်တစ် ယောက်လဲ ရှိတယ်၊ ရေနစ်ပြီး သေသွားတယ်"

"နေပါဦး. . ကမလာ၊ အဲဒီ ထမင်းချက်တဲ့လူနဲ့ သူခိုင်းဖို့ ခေါ်ထားတဲ့မိန်းမက အခု ဘယ်ရောက်နေကြပြီလဲ"

"သူတို့နှစ်ယောက် လင်မယားဖြစ်ပြီး ဒီအလုပ်က ထွက် သွားကြတာ ကြာပြီ၊ ထမင်းချက်တဲ့လူ အခု အိုကေလက်ဖက်ရည် ဆိုင်မှာ လက်ဖက်ရည် ဖျော်နေတယ်"

"အိုကေ လက်ဖက်ရည်ဆိုင်က ဘယ်မှာလဲ"

"(၁၄)လမ်းနားမှာလေ"

"ဟုတ်ပြီ. . ကမလာ၊ အဲဒီ ခင်ခင်စိန်ဆိုတဲ့မိန်းမ သေနေ တဲ့ အကြောင်းကို မင်း ဘယ်လိုလုပ် သိတာလဲ"

"ကျွန်မ မနက်တိုင်း နွားနို့ပို့ရပါတယ်၊ အရင်က ထမင်း ချက်တဲ့ မောင်ဝိုင်းဆိုတဲ့လူရှိတုန်းက မောင်ဝိုင်းကို ပေးရပါတယ်၊ မောင်ဝိုင်း မရှိတဲ့နောက်မှာလဲ ဒေါ်စိန်ဆိုတဲ့မိန်းမကြီး ထမင်းချက်ဖို့ ရောက်လာပါသေးတယ်၊ အဲဒီမိန်းမကြီး အခု ရသေ့မ ဖြစ်သွားပါပြီ၊ တောမွေလေး ဘူတာနားမှာ နေပါတယ်၊ သူတို့နှစ်ယောက် မရှိတဲ့ နောက် ဒေါ်ခင်ခင်စိန်ကိုယ်တိုင် ယူပါတယ်၊ နောက်ဖေးကနေ ပို့ ပါတယ်၊ နွားနို့ပို့တဲ့အခါမှာ တံမြက်စည်းလဲ လှည်းခိုင်းတတ်ပါ တယ်၊ ဖုန်တွေဘာတွေ သုတ်ခိုင်းတတ်ပါတယ်၊ အဲဒီလို လုပ်ပေးရင် နွားနို့ဖိုးအပြင် ပိုက်ဆံ ပိုပြီးပေးတတ်ပါတယ်၊ ဒီမနက် နွားနို့သွားပို့ တော့ ခါတိုင်းလိုပဲ နောက်ဖေးတံခါး ဖွင့်ထားပါတယ်၊ သခင်မ. . ခင်မလို့လဲ ခေါ်ကြည့်ပါတယ်၊ ဒါနဲ့ အိမ်ပေါ်ကို တက်ကြည့်တဲ့ အခါမှာ သေနေတာ တွေ့ပါတယ်၊ ပထမ အိပ်နေတယ် အောက်မေ့ မိန်းပါတယ်၊ ဒါပေမယ့် သေနေတာ ဖြစ်လို့ အော်ပါတယ်၊ နောက် သူကြီးထံ သွားပြောတယ်"

"ဟုတ်ပြီ ကမလာ၊ မင်း ဒီအိမ်ကြီးကို နွားနို့လာပို့တာ ဘယ်လောက် ကြာပြီလဲ"

"တစ်နှစ်လောက် ရှိသွားပါပြီ"

"မင်းတို့ ဒီအရပ်ကို ပြောင်းလာတာကကော ဘယ်လောက် ကြာပြီလဲ"





www.burmeseclassic.com

www.burmeseclassic.com



"တစ်နှစ်ကျော်ကျော်လောက်ပဲ ရှိပါသေးတယ်၊ ကျွန်မတို့ အစက သယ်နီးကျွန်းမှာ နေပါတယ်"

"ကောင်းပြီ ကမလာ၊ နောက်ဆုံး ထမင်းချက် လုပ်သွားတဲ့ ဒေါ်စိန် ဘယ်မှာနေသလဲ"

"တာမွေလေး ဘူတာနားမှာ ရသေ့မ လုပ်နေပါတယ် ဘူတာနဲ့ နီးနီးကလေးပါ"

"အေး. . ကောင်းပြီ ကမလာ၊ ကျေးဇူးတင်တယ်ကွယ် ရော့. . ရော့. . မင်းအတွက် မုန့်ဖိုး" ဟု ဆိုကာ ကိုနှင်းမောင်က ငွေငါးကျပ်ကို ထုတ်၍ပေးလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ငါးထပ်ကြီးဘုရားမှ ဖြတ်ကျော်ကာ ကားလမ်းသို့ ထွက်၍လာကြလေ၏။ ကားဆီသို့ ရောက်လျှင် ကိုနှင်းမောင်က သူ မောင်းမည်ဟု ဆိုကာ ကားကို မောင်းလေ၏။

တာမွေအဝိုင်းကြီးသို့ ရောက်လျှင် စီးကရက်တစ်လိပ်ကို ထုတ်၍သောက်လေ၏။ ကျွန်ုပ်ကမူ ဆေးတံကို ခဲလျက် ရှိပေပြီ။

"ဒီအမှုဟာ သဲလွန်စ ရဖို့ သိပ်ပြီးခဲယဉ်းနေတယ် အိုင်ဗီ ကျုပ်အထင်တော့ သဲလွန်စ ရခဲ့ရင်လဲ တရားခံကို ဖမ်းမိဖို့က တော်တော်လေး စွန့်စားရလိမ့်မယ် ထင်တယ်"

"နေပါဦး ကိုနှင်းမောင်၊ ကျုပ်တို့ အခု ဘယ်ကို သွားကြမတုန်း"

"(၁၄)လမ်းနားက အိုကေ လက်ဖက်ရည်ဆိုင်ကိုလေ၊ လိုရမယ်ရ သွားပြီးစုံစမ်းကြတာပေါ့ဗျာ၊ အိုင်ဗီလဲ မာဖိ(အရပ်ဝတ်)နဲ့ပဲ ဥစ္စာ"

"ကောင်းသားပဲ ကိုနှင်းမောင်၊ တစ်ခုတော့ ရှိတယ်ဗျာ အဲဒီ အနောက်ပိုင်းက လူမိုက်တွေ သိပ်ပြီးပေါတယ်"





"အိုင်ဗီမှာ သေနတ်ပါတယ် မဟုတ်လား"

"သေနတ်တော့ ပါပါတယ်ဗျာ၊ ကျုပ်က ဘယ်သွားသွား သေနတ်ပါတဲ့လူပဲဥစ္စာ"

ကိုနှင်းမောင်သည် မည်သို့မျှ ပြောဆိုခြင်းမပြုဘဲ ပြုံးလျက်နေလေ၏။

ကျွန်ုပ်တို့ ကားကလေးသည် နောက်ဆုံး၌ (၁၄)လမ်းထိပ်သို့ ရောက်ခဲ့လေ၏။ ကျွန်ုပ်တို့သည် ကားကို လမ်းထိပ်၌ ရပ်ထားပြီးနောက် အိုကေလက်ဖက်ရည်ဆိုင်သို့ ခြေကျင်လျှောက်၍ လာခဲ့ကြလေ၏။

. . . ဖေဖေလေ . . .



www.burmeseclassic.com

www.burmeseclassic.com





# ကွဲကြီးတို့နှင့် တွေ့ဆုံခြင်း

ရန်ကုန်မြို့အနောက်ပိုင်း၌ ထိုအချိန်က လမ်းမတော် ဖိုးထုတ်၊ ပုဏ္ဏားဘထွန်း၊ ကျားကြီးမောင်တင်၊ ဦးဘိုးဆင်၊ ကွဲကြီး၊ အော်ကုလား စသော သမိုင်းတင်ရလောက်သော လူဆိုးလူမိုက်ကြီးများ ကြီးစိုးလျက်ရှိကြပြီး ခါးပိုက်နှိုက်၊ ကတ်ကြေးကိုက်၊ မိန်းမထိန်းသော ဒုစရိုက်သမားတို့အပေါ်၌ ထိုလူမိုက်ကြီးများ မိုက်ကြေးခွဲထုတ် ရှိကြလေ၏။

ၡင်းတို့နှင့် မသင့်မြတ်သူ လူကောင်းသူကောင်းများအား ဆူခိုက်များသည် အနားသို့ကပ်၍ ဓါးဖြင့်ထိုးခြင်း၊ သံတုတ်ဖြင့် ရိုက်ခြင်း၊ မျက်နှာအား ငရုတ်မှုန့်ဖြင့်ပက်ခြင်း စသည့် လူဆိုးလူမိုက်တို့ ဆပ်အပ်သော အဌာရသများဖြင့် နှိပ်စက်တတ်ကြလေ၏။

ကျွန်ုပ်တို့ လက်ဖက်ရည်ဆိုင်အတွင်းသို့ရောက်ရှိသွား



www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန်၌ လက်ဖက်ရည်ဆိုင်သည် လူများနှင့် ပြည့်ကျပ်လျက် ရှိလေ၏။ ကံအားလျော်စွာ ထောင့်ဆုံးနေရာမှ လူ(၂)ယောက် ထ သွားသဖြင့် ကျွန်ုပ်တို့လည်း ထိုနေရာ၌ ထိုင်လေ၏။

အိုကေလက်ဖက်ရည်ဆိုင်မှာ လစ်ပတန်းလက်ဖက်ခြောက် အစစ်ကို သုံးခြင်း၊ နှင်းဆီနိုတံဆိပ် နို့စိမ်းဆမ်းပေးခြင်း၊ သကြားနှင့် နို့ဆီတို့ ချိန်ဆတတ်ခြင်းတို့အပြင် အိုကေလက်ဖက်ရည်ဆိုင်ရှင် သည် ကောင်တာ၌ ကျောက်ရုပ်ကဲ့သို့ ထိုင်၍ ပိုက်ဆံသိမ်းရုံသိမ်း တတ်သော ဆိုင်ရှင်မျိုး မဟုတ်ဘဲ "ဒီစားပွဲကို ရေနွေးကြမ်း ပို့ပါဦး ဟေ့၊ ဟောဒီမှာ မုန့်လိုနေတယ်၊ ယူခဲ့ပါဦး၊ လိုတာရှိရင် ပြောပါနော် မနေ့က မလာဘူး၊ ဘာဖြစ်လို့လဲ" စသည့် အတတ်များကိုလည်း တတ်ကျွမ်းလေရာ များစွာသော လက်ဖက်ရည်ချိုးတို့မှာ အိုကေဆိုင် ၌ တိုးဝှေ့လျက် ရှိကြလေတော့၏။ ကျွန်ုပ်တို့သည် လက်ဖက်ရည် (၂)ခွက် မှာ၍သောက်ရင်း ကမလာ ပြောလိုက်သည့် လက်ဖက်ရည် ဖျော်သော မောင်ဝိုင်းအား တစေ့တစောင်း အကဲခတ်ကြလေ၏။

"အိုင်ဆေး ကိုနှင်းမောင်. . . သဲလွန်စ ရမရတော့ မပြော တတ်ဘူး၊ လက်ဖက်ရည်ကတော့ သောက်လို့ကောင်းပါဗျာ"

"ဒီလူတွေ လစ်ပတန်းနဲ့ မြန်မာလက်ဖက်ခြောက်ကို ရော စပ်ပြီး ဖျော်တာဗျ၊ အဲဒီလို ခတ်လိုက်တဲ့အခါမှာ သိဟိုဠ်က လုပ်တဲ့ အချိုခြောက်ရဲ့အရသာမျိုး ဖြစ်သွားပြီးတဲ့အပြင် ခါးတဲ့အရသာ လေးကြောင့် သောက်နေကျလူတွေကို စွဲမိစေတယ်ဗျ"

"ခါးတဲ့အရသာက ဘယ်လိုစွဲနိုင်မှာလဲဗျ"

"မဟုတ်ဘူးဗျ၊ ခါးတဲ့အရသာက အာရုံကြောကို တစ်မျိုး တစ်ဖုံ ဖြစ်စေတယ်၊ အဲဒါဟာ စွဲတဲ့သဘောပဲ၊ ဘိန်း၊ ဆေးလိပ် အရက်၊ လက်ဖက်ရည် စတဲ့အရာတွေဟာ စွဲမိရင် ဖြတ်ရခက်တဲ့





အရာတွေချည်းပဲ မဟုတ်လား၊ အဲဒါတွေအားလုံးဟာလဲ ခါးတဲ့ အရ သာတွေချည်းပဲဗျ"

ကျွန်ုပ်တို့ စကားပြောလျက်ရှိကြစဉ်၌ပင် လက်ဖက်ရည် သောက်နေသူများသည် ကျီးကန်းတောင်းမှောက် မျက်လုံးများနှင့် ဆိုင်ရှေ့ကို ကြည့်လိုက်ကြသဖြင့် ကျွန်ုပ်လည်း ကြည့်လိုက်မိရာ လွန်အရပ်မြင့်သော လူတစ်ယောက်နှင့် လွန်စွာတုတ်ခိုင်၍ လွန် မည်းနက်သော လူကြီးတစ်ယောက်တို့သည် ဆိုင်ရှေ့၌ ရပ်၍နေ သ၏။ ထိုတုတ်ခိုင်သောလူကြီးမှာ အပေါ်ပိုင်းကို ဗလာကျင်းလျက် သော်လည်း အကျႌကို ဝယ်ရန် မတတ်နိုင်သဖြင့် မဝတ်ခြင်း ဖြစ် ည်ဟု သူတပါး ထင်မှတ်ခြင်းကို မခံလိုသည့်အလား အကျႌ ကြေ တ်ပြီးသား(မီးပူတိုက်ပြီး) တစ်ထည်ကို ပခုံးထက်၌ တင်လျက် ားသည်ကို သတိပြုမိလေ၏။

ထိုလူမည်းကြီးသည် ဆိုင်တွင်းရှိလူများအား တစ်ယောက်စီ စိန်ပွဲစား စိန်ကို ကြည့်သကဲ့သို့ သေသေချာချာ ကြည့်လျက်. . .

"ဟေ့ . . အေးမောင်၊ မနေ့ညက ငါ့တပည့်ရာဂျူး အရိုက်ခံ တာ ဒီဆိုင်ထဲမှာပေါ့ကွ၊ အဲဒီတော့ အခု မင်း ဝင်ပြီး ဆိုင်ထဲမှာရှိတဲ့ ကောင်တွေအားလုံး သောက်တဲ့ကောင်ရော၊ ဖျော်တဲ့ကောင်ရော၊ ိုင်ရှင်ရော အားလုံးကို ပါးတစ်ချက်စီ ဝင်ပြီးရိုက်ချေ"

ထိုလူမည်းကြီး၏အမိန့်သံကို ကြားလိုက်ရသော ကျွန်ုပ် ါအဝင် လူအပေါင်းတို့သည် မျက်လုံးပြူး၍ သွားကြကုန်၏။

"အိုင်ဆေး. . . ဘယ်လိုလုပ်မလဲ" ဟု ကျွန်ုပ်က လေသံ တိုးဖြင့် မေးလိုက်ရာ ကိုနှင်းမောင်က ကျွန်ုပ်၏လက်ကို ဖျစ်၍ ိုင်လိုက်ပြီးလျှင် "အသာနေပါ အိုင်ဗီ၊ အခုမှ ထွက်သွားရင် ပိုပြီး နေလိမ့်မယ်" ဟု ပြန်၍ဖြေသဖြင့် ကျွန်ုပ်သည် အသာငြိမ်၍နေ



www.burmeseclassic.com

www.burmeseclassic.com



ရသော်လည်း ရင်တွင်း၌ တဒိတ်ဒိတ်ခုန်လျက် ရှိလေ၏။

ပုလိပ်အရာရှိတစ်ဦးအနေဖြင့် လူမိုက်၏ ပါးရိုက်ခြင်း ခံ သည်ဆိုလျှင် မျက်နှာလိုး၍ပစ်ဖို့ပင် ကောင်းလေတော့၏။ ကျွန် သည် အမျိုးမျိုးအဖုံဖုံ စဉ်းစားပြီး နောက်ဆုံး၌ ကိုနှင်းမောင် ကြည့် လုပ်လိမ့်မည်ဟု စိတ်ကို တုံးတုံးချလျက် နေလိုက်ရလေတော့၏

"ဖြန်း. . . ဖြန်း"

လူမည်းကြီး၏တပည့် အေးမောင်ဆိုသူသည် လက်ဖ ရည် သောက်လျက်ရှိသောသူများအား ပါးတစ်ချက်စီ ဝင်၍ရို လေတော့၏။ အရိုက်ခံရသူများမှာလည်း ရှက်လွန်း၍ မျက်နှာမ နီမြန်းသွားကြသည်ကလွဲ၍ မည်သို့မျှ ပြန်၍မလုပ်ဝံ့ကြဘဲ ခေါ် များသာ ငုံ့၍ငုံ့၍သွားကြလေ၏။

"အိုင်ပီ. . ဒီဘက်မှာ လမ်းမတော်ဖိုးတုတ်ပြီးရင် ကြော စရာ အကောင်းဆုံး လူမိုက်ပဲဗျ၊ သူ့ကို ကျွဲကြီးလို့ ခေါ်ကြတ ကျွဲကြီးဆိုတာက သူနဲ့အပြိုင် လူမိုက်တွေနဲ့ ပုလိပ်ဘက်က ခေါ် နာမည်ဗျ၊ အပြင်လူထဲက သူ့ရှေ့မှာ ဒီနာမည်ကို ငွေ(၁၀၀၀)ပ ပေးမယ်ဆိုရင်တောင် ခေါ်ဝံ့တဲ့သူ ရှိမယ်မထင်ဘူးဗျ"

"ဒီလိုလုပ်ရင် မကောင်းဘူးလား၊ ကျုပ်တို့ဟာ စီအိုင်ဒီ ဖြစ်တဲ့အကြောင်း အိုင်ဒင်နဒီကတ်ကို ပြပြီး ထွက်သွားရင် မကော ဘူးလား ကိုနှင်းမောင်"

"ဘယ်ဖြစ်မလဲ အိုင်ပီ၊ လူမိုက်တစ်ယောက်က အ လူကောင်းသူကောင်းတွေကို ဗိုလ်ကျနေတာကို ကျုပ်တို့လို တာ တဲ့ ပုလိပ်ဘက်ကလူတွေက ရှောင်သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ပြီး လူမိုက်ဆီမှာ ပြန်ခွင့်တောင်းပြီးမှ ပြန်ရမယ်ဆိုတာဟာလဲ ရှက် ကောင်းလှပါတယ်ဗျာ၊ ပြီးတော့ ဒီကောင်က ကျုပ်တို့ကို ပုလိပ်





သိရင် ကောင်းကောင်းမွန်မွန် မလွှတ်တဲ့အပြင် ပိုပြီးတောင် အသား ယူလိမ့်ဦးမယ်ဗျ"

"အဲဒီတော့ ဘယ့်နှယ့်လုပ်မလဲ ကိုနှင်းမောင်"

"ကျုပ် ကြည့်ပြီးစီမံပါ့မယ်ဗျာ၊ အသာကလေး နေစမ်းပါ"

ကိုနှင်းမောင်၏စကားကြောင့် အနည်းငယ် စိတ်သက်သာ ခွင့် ရသွားသော်လည်း ရိုက်လာသောသူသည် ကျွန်ုပ်တို့ဝိုင်းသို့ ရောက်လာပြီးလျှင် ကျွန်ုပ်တို့နှင့် တစ်စားပွဲတည်း ရှိနေသော လူ(၂) ယောက်အား 'ဖြန်း. . ဖြန်း' နှင့် ရိုက်ချလိုက်လေတော့၏။

သို့ရာတွင် ကိုနှင်းမောင်အနီးသို့ ကပ်လိုက်တာ ကိုနှင်း မောင်အား ရိုက်ရန်ကြံရွယ်လိုက်သော်လည်း ကိုနှင်းမောင်က မည် သို့ပြုလုပ်လိုက်သည်မသိပေ။ ထိုသူသည် မရိုက်ဝံ့တော့ဘဲ ကိုနှင်း မောင်အား ချန်လှပ်၍ ကျွန်ုပ်အား ရိုက်ရန် ကြံရွယ်ပြန်လေ၏။ သို့ရာတွင် ကိုနှင်းမောင်က ထိုသူအား ခေါင်းခါ၍ပြလိုက်ရာ ထိုသူ သည် ကျွန်ုပ်အားလည်း မရိုက်ဝံ့ဘဲ ကျော်၍ ကျွန်ုပ်၏နောက်မှလူ ကို ရိုက်လေတော့၏။ ထိုစဉ်. . .

"ဟေ့. . . ခွေးမသား၊ အဲဒီ(၂)ကောင်ကို ဘာဖြစ်လို့ ချန် ထားခဲ့တာလဲ၊ ပြန်ရိုက်" ဟု ကျွဲကြီးက အော်လိုက်သည်ဖြစ်ရာ တစ်ဆိုင်လုံးရှိ လူများသည် ကျွန်ုပ်တို့အား ဝိုင်း၍ကြည့်ကြလေ၏။

"ဟေ့. . . ကျွဲကြီး၊ ဘာဖြစ်လို့ သူများကို ခိုင်းနေတာလဲ ခင်းကိုယ်တိုင် ဝင်ပြီးရိုက်ပါလားကွ" ဟု ကိုနှင်းမောင်က စီးကရက် အသစ်အား မီးညှိရင်း ပြောလိုက်ရာ ကျွဲကြီးသည် တကယ့်ကျွဲ ကြီးပမာ ရှူးရှူးရှားရှား ဖြစ်၍လာပြီးလျှင် ကျွန်ုပ်တို့ရှိရာသို့ တလိမ့် လိမ့်နှင့် လျှောက်လာလေတော့သည်။

ဆိုင်တွင်းရှိလူများကလည်း ပွဲကြီးပွဲကောင်းတော့ ကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



ပြီဟူ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေတော့၏။ ကျွဲကြီးသည် ကိုနှင်း မောင် အနီးသို့ရောက်လျှင် ကိုနှင်းမောင်၏မျက်နှာအနီးသို့ သူ၏ မျက်နှာကို အလွန်နီးကပ်စွာ ကပ်လျက် အံကြိတ်၍ပြလေ၏။

"မင်းမျက်နှာကြီးက လှလဲ မလှဘဲနဲ့ ငါ့ကို လာပြမနေပါနဲ့ ဒီမျက်နှာကြီး ပြလိုက်ရင် လန့်ပြီးလဲသွားမယ့်လူများ မှတ်နေသလား ကျွဲကြီး"

ကျွဲကြီးသည် လွန်စွာဒေါသထွက်၍သွားပြီးလျှင် ခါးကြား ဓါးမြောင်ကို ထုတ်၍ ထိုင်လျက်ရှိသော ကိုနှင်းမောင်၏လည်မျို ထိုးလိုက်လေတော့၏။ ကိုနှင်းမောင်မှာ ဦးခေါင်းကို အနည်းငယ် ကလေး တိမ်းသည်ဆိုရုံမျှ တိမ်းလိုက်ပြီးလျှင် ကျွဲကြီး၏ပါးချိတ်သို့ လက်သီးဖြင့် တအားထိုး၍ချလိုက်ရာ ကျွဲကြီးသည် အားခနဲ အော် ကာ လဲကျသွားလေတော့၏။

ထိုအခါ၌ သူ၏တပည့် အေးမောင်သည် မီးသွေးတော သည့် သံဂေါ်ကို ကောက်ယူကာ ကိုနှင်းမောင်အား ရိုက်မည်အ ပြေး၍လာသော်လည်း ကျွန်ုပ်သည် ချိုင်းအောက်မှ သေနတ်ကို ထုတ်၍ချိန်ထားလိုက်သဖြင့် သံဂေါ်ပြားအား အောက်သို့ ပစ်၍ချ လိုက်လေတော့၏။

"အိုင်ပီ. . . ကျုပ်တို့ သွားကြရအောင်ဗျာ၊ လက်ဖက်ရည် ဖျော်တဲ့ မောင်ဝိုင်းကိုတော့ ခေါ်ခဲ့ဗျာ" ဟု ကိုနှင်းမောင်က အင်္ဂလိပ် လို လှမ်း၍ပြောလိုက်သဖြင့် ကျွန်ုပ်သည် လက်ဖက်ရည်ဖျော်သူအား "ဟေ့ကောင်. . . မင်း လိုက်ခဲ့" ဟု ခေါ်ကာ ဆိုင်ထဲမှ ထွက်ခဲ့ကြ လေ၏။

ဆိုင်တွင်းမှ လူများသည် လည်းကောင်း၊ ဆိုင်ရှင်သူ လည်းကောင်း လက်ဖက်ရည်ဖျော်သူအား ကျွန်ုပ်တို့ ခေါ်ယူသွား





ခြင်းကို နားမလည်နိုင်အောင် ရှိလေတော့၏။

ကျွန်ုပ်တို့ ဆိုင်တွင်းမှ ထွက်၍သွားသောအခါ၌ ဆိုင်တွင်း ရှိ လူများသည် ကိုနှင်းမောင်အား တကယ့်ကို လူစွမ်းကောင်းကြီး ဟော ချီးကျူးသောအကြည့်များဖြင့် ကြည့်ရှု၍ အမျိုးမျိုးသော ထင် မြင်ချက်တို့ကို ပြောကြလေတော့သည်။

အနောက်ပိုင်းလူမိုက် ကျွဲကြီးအား အလဲထိုး၍သွားသော အမည်မသိသူတစ်ယောက်အကြောင်းကို ထိုသူတို့သည် သား၊ မြေး ခြစ်တိုင်အောင် ပြောစမှတ် ပြုကြပေလိမ့်မည်ဟု ကျွန်ုပ် မှတ်ထင်မိ သည်။

ပါးရိုက်ခံရသူများပင်လျှင် ဤမျှ ကောင်းသော ပွဲကြီးပွဲ ကောင်းကို ကြည့်လိုက်ရသည့်အတွက် ပါးရိုက်ခံရခြင်းကိုပင် ရှုံဝင်ခ အဖြစ် သဘောထားနိုင်ကြလိမ့်မည်ဟုလည်း ကျွန်ုပ်အနေနှင့် ယူဆ မိလေ၏။

ကျွန်ုပ်တို့ ထွက်၍မှ ဆိုင်ရှေ့သို့မရောက်မီ၌ပင် ဆိုင်ရှေ့သို့ ကားတစ်စီး လာ၍ဆိုက်ပြီးလျှင် ကားပေါ်မှ လူနှစ်ယောက် ဆင်း၍ လာလေ၏။ ထိုနှစ်ယောက်အနက် တစ်ယောက်မှာ လွယ်အိတ်ကို လွယ်၍ထားလေ၏။ ထိုသူက ကျွန်ုပ်တို့အား. . .

"ဟေ့. . . ဆိုင်ထဲကို ပြန်ဝင်ပါ" ဟု လှမ်း၍အော်လိုက် သ၏။

ကိုနှင်းမောင်သည် မည်သို့မျှ မပြောဘဲ ရပ်၍နေလိုက်လေ သည်။

"ဆရာကိုလှမောင်(ကျွဲကြီး)ကို ချတာ ဒီကောင်ပဲ ဆရာ" အဖော်ပါလာသူက လွယ်အိတ်နှင့်လူအား ကိုနှင်းမောင်ကို လှမ်းပြ၍ ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဂါတ်တဲကို လိုက်ခဲ့ပါ"

"ခင်ဗျားက ဘာလဲ"

"ကျုပ် ဆားပုလင်းပဲ"

"ကျုပ်လဲ ဆားပုလင်းပဲ"

"ကျုပ် ဆားပုလင်းစံမင်း"

"ကျုပ် ဆားပုလင်းနှင်းမောင်"

"ဟာ. . . ဆရာကိုနှင်းမောင်ပါလား၊ စိတ်မရှိပါနဲ့ဗျာ လို့ပါ၊ ကျွန်တော် ဘာများ ကူညီရမလဲခင်ဗျာ"

"ဘာမှ ကူညီဖို့မလိုပါဘူး၊ လူဆိုးလူမိုက်တွေဆီက ခြောက်ပြားလောက် ပိုက်ဆံလေးကို ယူပြီး လူကောင်းတွေကို လှန့်လုံးတွေနဲ့ ဒုက္ခမပေးဖို့ရယ်၊ မသာအိမ်၊ ဖဲဝိုင်း၊ အရက်ပုန်း ဖာအိမ်တွေက ပိုက်ဆံကလေး မက်မောပြီး တရားဥပဒေကို ကာမိဖို့ရယ်ဘဲ လိုပါတယ်၊ ခင်ဗျားတို့လို လူမိုက်ရဲ့အစေခံဖြစ် ဆားပုလင်း ငဖျင်းတွေကြောင့် ပုလိပ်အဖွဲ့ကြီးဟာ တစ်နေ့တ နာမည်ပျက်နေပြီ၊ ပြည်သူလူထုဟာလဲ ဘယ်သူ့ကို အားကိုး မသိဘဲ ဖြစ်နေကြပြီ၊ အဲဒါကလေးတွေကို ပြန်ပြီးအဖတ်ဆယ် ပါဦး"

ကိုနှင်းမောင်၏စကားကြောင့် ထိုဆားပုလင်းစံမင်း မှာ ခေါင်းကိုပင် မဖော်ဝံ့ဘဲ ငုံ့ကာ ကျန်ရစ်ခဲ့လေ၏။

လက်ဖက်ရည်ဆိုင်တွင်းမှ လူများကမူ "ဆားပုလင်း မောင်ဆိုပဲ၊ ဒီလူကမှ တကယ့် ဥပဒေဘက်တော်သား (Law M ဗျ၊ ဆားပုလင်းချင်း တူတာတောင် ဆားပုလင်းနှင်းမောင်ဆို ပိုပြီး လေးစားဖို့ကောင်းတော့တယ်ဗျာ" ဟု ပြောဆို၍ ကျန်ရစ် လေ၏။





ကျွန်ုပ်တို့သည် များမကြာမီအချိန်အတွင်း ထိုနေရာကို စွန့်ခွာခဲ့ကြပြီးလျှင် ကိုနှင်းမောင်နေထိုင်ရာ အမှတ်(၂၉၅)၊ ဘိုးသိန်း လမ်းသို့ သွားရောက်ကြလေတော့၏။

. . . ပြီးပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com





## မောင်ဝိုင်းအား စစ်မေးခြင်း

ကျွန်ုပ်တို့သည် ကိုနှင်းမောင် နေထိုင်ရာ တိုက်ခန်းသို့ လက်ဖက်ရည်ဖျော်သော မောင်ဝိုင်းအား ခေါ်ခဲ့ပြီးနောက် သိရှိလိုသော အချက်များကို မေးမြန်းကြလေ၏။ အထူးသဖြင့် ကိုနှင်းမောင်က သိလိုသောအချက်များကို မေးမြန်းလေ၏။

"မောင်ဝိုင်း. . . ခင်ခင်စိန့်ဆီက အလုပ်ထွက်တာ ဘယ်လောက် ကြာပြီလဲကွ"

"ဝါခေါင်လပြည့်ကျော် (၂)ရက်နေ့ကပါ"

ကိုနှင်းမောင်သည် စိတ်တွက်နှင့် တွက်ပြီးနောက်. . .

"သုံးလနဲ့ ဆယ်ရက်ရှိပြီပေါ့ကွ"

"မဟုတ်ဘူးခင်ဗျ၊ လေးလကျော်ပြီ၊ အိုကေမှာ ၁၀ခထုတ်တာပဲ လေးခါတောင် ရှိမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ထွက်ခဲ့တာလဲ"

"သန်းရှင်ကို ခိုးပြေးခဲ့တာကို ခင်ဗျာ"

"ခင်ခင်စိန်မှာ အိမ်ထောင်မရှိဘူးလား"

"မဆိုးမပါ ခင်ဗျ"

"သူ့ယောကျ်ား ဆုံးတာ ဘယ်လောက်ရှိပြီလဲ မောင်ဝိုင်း"

"ငါးနှစ်ကျော်ပါပြီ ခင်ဗျာ့"

"ဒီနောက်ကော ယောကျ်ားတွေဘာတွေ ယူဖို့ မကြံစည်ဘူးလား"

"ဒီလိုတော့ မကြားမိပါဘူး ခင်ဗျ"

"အခု ခင်ခင်စိန် သေတာကို မင်း သိပြီးပြီလား"

"ဟာ. . . သေပြီလား၊ မသိရသေးပေါင် ခင်ဗျာ၊ ဖြစ်မှဖြစ်ရလေဗျာ၊ သခင်မဟာ သိပ်ပြီးသဘောကောင်းတာ၊ သန်းရှင်တို့ပြောလိုက်ဦးမှပဲ၊ ကျွန်တော်လဲ သွားရမယ်"

"ရိုးရိုးသေတာ မဟုတ်ဘူး၊ အသတ်ခံရတာကွ"

"အလိုလေး. . . ဘယ်သူများ သတ်သွားပါလိမ့်၊ ဓားပြတွေ သတ်တာလားခင်ဗျာ"

"ဓားပြတော့ ဟုတ်မယ်မထင်ဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ ဓားပြဆိုရင် ပစ္စည်းယူရမယ်၊ အခုတော့ စိန်လက်စွပ်တွေ၊ စိန်နားကပ်တွေ ဝတ်လျက်သား တွေ့တယ်ကွ"

"ဗျာ. . ."

"မင်း ဘယ်လို၊ ဒါမှမဟုတ် ဘယ်သူ ဖြစ်နိုင်တယ်လို့ ထင်သလဲကွ"

"မထင်တတ်ပေါင် ခင်ဗျာ"

"ခင်ခင်စိန် သေရတဲ့အကြောင်းကို လုံးစေ့ပတ်စေ့ သိချင်





ကွာ၊ ဘယ်သူ့ကို မေးရင် သိနိုင်မလဲ မောင်ဝိုင်း"

"သခင်မ အကြောင်းကို သေသေချာချာ သိတာကတော့ ...နဲ့ပဲ သိမှာပါ၊ အခု ဒေါ်စိန်က သီလရှင် ဖြစ်နေပြီခင်ဗျ"

"ရသေ့မ မဟုတ်ဘူးလား"

"အရင်ကတော့ ရသေ့မပဲ၊ အခုတော့ သီလရှင် ဖြစ်သွားပြီ ... တာမွေ ... ဘုကာနားမှာ ရှိတယ်"

"ဒါနဲ့ နေပါဦး၊ ဒေါ်စိန်က မင်းတို့နောက်မှ အလုပ်ဝင်တာ ...လားကွ၊ ဒါနဲ့တောင် ခင်ခင်စိန့်အကြောင်းကို မင်းတို့ထက် ...ပတ်စေ့ ပိုသိတယ်ဆိုတော့ ဘယ်လိုသဘောလဲ"

"ဩော်. . . ဒါလား၊ ဒီလိုပါခင်ဗျာ၊ ဒေါ်စိန်က သခင်မ ...ကျ်ားသေပြီး ငါးလ ခြောက်လလောက် ကြာတော့ သခင်မကို ...ကောက်ပြီး အလုပ်က ထွက်သွားတယ်၊ ဒါနဲ့ ကျွန်တော်တို့လဲ ...မဆီမှာ အလုပ်ဝင်ခဲ့ကြတာပဲ၊ ကျွန်တော်တို့ အလုပ်မထွက်ခင် ...ဝတ်နှစ်ပတ်လောက်မှာပဲ ဒေါ်စိန် ပြန်ရောက်လာတယ်"

"ဒါနဲ့ ဒေါ်စိန် အလုပ်ပြန်ထွက်သွားတာ ဘယ်လောက်ကြာ ...လဲ"

"နှစ်လလောက်တော့ ရှိသွားပြီထင်တယ်"

"သိပ်မကြာပါလား၊ ဘာကြောင့် အလုပ်ပြန်ထွက်သွားတာ

"ဒါတော့ ကျွန်တော် မသိပါဘူး ခင်ဗျာ"

"ကောင်းပြီ မောင်ဝိုင်း၊ ငါတို့ မင်းပြောတဲ့ သီလရှင် ဒေါ် ...တို့ သွားပြီးတွေ့မယ်ကွာ"

ကျွန်ုပ်တို့သည် မောင်ဝိုင်းအား ပြန်၍လွှတ်လိုက်လေ၏၊ ...င်ဝိုင်း ပြန်ခါနီး၌ ကျွန်ုပ်က "ဟေ့. . မောင်ဝိုင်း၊ မင်းဖော်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်က တယ်ပြီးကောင်းပါလားကွ၊ လက်ဖက်ခြောက်
ဘယ်လို ခတ်တာလဲ၊ မှန်မှန်ပြောစမ်းကွာ" ဟု မေးလိုက်ရာ. .

"လစ်ပတန်းအချိုခြောက် လေးပေါင်မှာ အကြမ်းခြော
တစ်ပေါင်နဲ့ စပ်ပါတယ်ခင်ဗျာ" ဟု ဖြေဆိုလေ၏။

ကိုနှင်းမောင် ပြောသည်မှာ မှန်ကန်ကြောင်း တွေ့ရှိရ
ဖြင့်. . .

"အိုင်ဆေး. . . ခင်ဗျားပြောတာ ဟုတ်သားပဲဗျာ" ဟု
နှင်းမောင်အား ကျွန်ုပ်က လှမ်း၍ပြောလိုက်ရာ ၎င်းက "ကျုပ်
က မာတ်ခွဲခန်းလိုပဲဗျ၊ သေသေချာချာ အရသာခံရင် သေသေ
ချာကို သိပါတယ်ဗျာ" ဟု ပြန်၍ပြောလေ၏။

မောင်ဝိုင်း ပြန်သွားပြီးနောက် ကျွန်ုပ်တို့သည် တာမွေ
သို့ ထွက်ခွာလာခဲ့ကြလေတော့သည်။

. . . ပြီးပါပြီ . . .





## သီလရှင်ဒေါ်စိန္တြိ (ခေါ်) ဒေါ်စိန်နှင့် တွေ့ဆုံခြင်း

ကျွန်ုပ်နှင့် ကိုနှင်းမောင်တို့သည် တာမွေလေးဘုတာအနီးရှိ သီလရှင်ဇရပ်တစ်ခုသို့ သွားရောက်ကာ ဒေါ်စိန်အား စုံစမ်းရာ သီလရှင် ဒေါ်စိန္တြိအဖြစ်နှင့် ဒေါ်စိန်အား တွေ့ရလေ၏။ ကိုနှင်းမောင်က ထိုသီလရှင်ကြီးအား သိရှိလိုသောအချက်များကို မေးမြန်းလေတော့၏။

"ဆရာလေး. . . ခင်ခင်စိန်ကိုတော့ ကောင်းကောင်းသိမှာပေါ့နော်"

"သိတာပေါ့ကွယ်၊ ခင်ခင်စိန်ကိုသာ မဟုတ်ပါဘူး၊ သူ့အဖေက သူကြွယ်ကြီးပေါ့ကွယ်၊ ဦးစိန်ခို ဒေါ်လှယဉ်ဆိုတာ နာမည်ကြီးပေါ့၊ တကယ့်ကို ချမ်းသာတာပဲ၊ သမီးလေးကလဲ မိုက်စ်ယောက်တည်း ရှိတာ၊ အဲ. . . အတွင်းသိမို့ ပြောရဦးမယ်၊ ခင်ခင်စိန်ဟာ



www.burmeseclassic.com

www.burmeseclassic.com



သမီးအရင်းတော့ မဟုတ်ဘူးကွယ့်၊ မွေးစားသမီးရယ်၊ ဒါပေမယ့် သမီးရင်းနဲ့ မခြားပါဘူးကွယ်"

"ပြောပါဦး ဆရာလေး"

"ဦးစိန်ခိုတို့ မသေခင်မှာဘဲ ခင်ခင်စိန်ကို သူ့တူနဲ့ ပြန်ပြီး နေရာချထားပေးခဲ့တယ်၊ သူ့တူကလေးက မောင်သံဟိတ်တဲ့၊ အဲဒီ သူငယ်ကလေးကလဲ ကံဆိုးရှာပါတယ်ကွယ်၊ အိမ်ထောင်ကျပြီး (၃) နှစ်လောက်အကြာမှာ ဝမ်းရောဂါနဲ့ ဆုံးသွားရှာတယ်၊ သားလေးတစ် ယောက် ကျန်ခဲ့ရှာတယ်"

"အဲဒီသားလေးကကော ဆရာလေး"

"သားကလေးကလဲ (၄)နှစ်သားလောက်မှာ ဆုံးသွားရှာ တယ်ကွယ်၊ မောင်သံဟိတ် ဆုံးတာ အခုဆိုရင် (၅)နှစ်ကျော်ပြီပေါ့ ကွယ်၊ ကဆုန်လကြီးမှာပေါ့၊ တောင်ငူ ရွှေဆံတော်ဘုရားပွဲကို သွား ကြတာ အဲဒီမှာတင် ဝမ်းရောဂါဖြစ်ပြီး ဆုံးရှာတော့တာပဲကွယ်၊ အသည်းလောက်များ သံဝေဂ ရဖို့ကောင်းသလဲဆိုရင် စဉ်းစားကြည့် စမ်းပါ၊ ဒါလောက် ချမ်းသာတဲ့လူဟာ ဖျာလိပ်နဲ့ပတ်ပြီး ချခဲ့ရတယ် ကွယ်၊ တစ်မြို့လုံးလဲ ဝမ်းရောဂါဖြစ်တာ မြို့ပျက်မတတ်ပဲကွယ်၊ နောက်ပြီး ဆရာလေးရယ်၊ ခင်ခင်စိန်ရယ်၊ သူ့သားလေး မောင်သာ နိုးရယ်ကတော့ ရန်ကုန်ကို အမြန်ဆုံး ပြန်ပြေးခဲ့ရတယ်ကွယ့်"

"ခင်ခင်စိန်ဟာ နောက်အိမ်ထောင် ထပ်မပြုတော့ဘူး လား ဆရာလေး၊ ဒါလောက် ချမ်းသာတဲ့ မုဆိုးမချောချောလေးကို လိုချင်တဲ့ ယောက်ျားတွေကော ပေါ်မလာကြဘူးလား"

"သူ့ကို လိုချင်တဲ့လူတွေကတော့ လာလိုက်ကြတာ ငါးထပ် ကြီး ဘုရားပတ်ဝန်းကျင်တစ်ဝိုက် ပွက်ပေါက်နေတော့တာပဲကွယ်၊ ဒါပေမယ့် ခင်ခင်စိန်က တော်ရှာပါတယ်၊ သီလရှင် မဝတ်ရုံတစ်ခုပါ





ယောက်ျားယူဖို့များ စိတ်ကို မကူးရှာတော့ပါဘူး"

"ဒါနဲ့ မောင်သာနိုးကလေး သေတာက ဘာရောဂါလဲ ဆ လေး"

"ရေနစ်သေတာပါပဲကွယ်၊ အခုတော့ ကောသွားပါပြီ၊ အ ဘုန်းကတော့ ငါးထပ်ကြီးဘုရားဘေးက လျှိုကြီးနားမှာ အလွန် စီးတဲ့ မြောင်းကြီးတစ်ခု ရှိတယ်ကွယ့်၊ အခုလို မိုးတွင်းဆိုရင် သိပ်စီးတာပေါ့ကွယ်၊ အဲဒီမြောင်းထဲကျပြီး သေသွားတာ သူ့ဖိနပ် လေးနဲ့ ဦးထုပ်ကလေးပဲ ပြန်ပြီးရတော့တယ်၊ အလောင်းတောင်မှ ရှာပါဘူးကွယ်တို့"

"ဒါနဲ့ ဆရာလေး. . . ခင်ခင်စိန်ဆီက ဆရာလေး အလုပ် ခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်လလောက်ပဲ ရှိသေးတယ်"

"တစ်ခါကလဲ ဆရာလေး အလုပ်ထွက်သွားသေးတယ် တ်လား"

"ဟုတ်ပါတယ် မောင်ရင်၊ မောင်သံဟိတ် သေပြီး ငါးလ ာက်မှာ ထင်ပါရဲ့"

"ဆရာလေးနဲ့ ခင်ခင်စိန်ကတော့ အလုပ်ထွက်သွားပြီးတဲ့ တ်တောင် အဆက်အသွယ် မပြတ်ကြဘူး ထင်တယ်"

"ဩော်. . . ဒါက ဒီလိုရှိပါတယ် ဒကာလေး၊ ဆရာလေးမှာ နေးကြေးရေး မပြည့်စုံတော့ သူရဲ့ အပေးအကမ်း၊ အစွန့်အကြ ာင့် အဆက်အသွယ် မပြတ်ခဲ့ပါဘူး၊ ခင်ခင်စိန်ကလဲ ဆရာလေး ပေါ်မှာ သံယောဇဉ် အတော်ကြီးရှာတော့ အစစအရာရာ ကူညီ ပါတယ်"

"ခင်ခင်စိန် အသက် ဘယ်လောက်ရှိပြီ ထင်သလဲ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



လေး"

"နှစ်ဆယ့်ရှစ်နှစ်လောက်ပဲ ရှိသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ဆရာလေး အလုပ်မထွက်ခင်မှာ ဗေဒင်ကြည့်ပေးဖူးသေးတယ်"

"ဆရာလေးအတွက် ဇာမဏီ ဘီလပ်ရည်တွေ ဝယ်လာတယ်၊ ဆရာလေး သောက်လိုက်ပါဦး၊ ကျွန်တော် ဖောက်ပေးပါ့မယ်" ဟု ဆိုကာ အသင့်ဝယ်၍ယူလာသော ဘီလပ်ရည်ပုလင်းကို ဖောက်၍ ဖန်ခွက်ကို ကိုယ်တိုင်ထယူလျက် ဘီလပ်ရည် ထည့်ပေးလေ၏။

"သာဓုကွယ်. . . သာဓု. . သာဓု"

သီလရှင်ကြီးက သောက်ရင်း သာဓုခေါ်လေ၏။

"နေပါဦးကွယ်တို့. . . သားတို့က ဘယ်လိုများ အကြောင်းရှိလို့ ဓိသူငယ်မအကြောင်းကို လာပြီး စုံစမ်းရတာလဲကွယ်"

"မနေ့ညက ခင်ခင်စိန် အသတ်ခံရတယ် ဆရာလေး"

"အလို. . . ဘုရားရေ. . ဘယ်လိုများ ဖြစ်ရတာလဲကွယ်တို့"

"အခုတော့ မပြောနိုင်သေးပါဘူး၊ ဒါပေမယ့် မကြာခင် လူသတ်သမားကို ဖမ်းမိမှာပါပဲ ဆရာလေး၊ ဒါနဲ့ ဆရာလေးက ခင်ခင်စိန်နဲ့ အတူနေရာက ဘာဖြစ်လို့ သီလရှင်ဝတ်တာလဲ ဆရာလေး"

"ဒီလိုကွယ့်. . . ဆရာလေးတို့ရဲ့ဆရာက ဒလဘက် ရွာဘွယ်ကြီးက ကမ္မဋ္ဌာန်း ဆရာသက်ကြီးကွယ့်၊ သူ့အိမ်မှာ ကျောင်းဆောက်ပြီး လာလာသမျှလူတွေကို တရားပြတာကလားကွယ်၊ ဆရာသက်ကြီးက တရားပြတယ်ဆိုပေမယ့် လယ်တီဆရာတော်ဘုရားကြီး...





နည်းကွယ့်၊ သစ်ချတောင် ဦးတိလောက ဆရာတော်လဲ ဒီနည်းပဲ၊ ပထမ ကျောင်းပန်းဆရာတော်ကြီးလဲ ဒီနည်းပဲကွယ့်"

"ဘယ်လိုနည်းများပါလဲ ဆရာလေး၊ တရားနာပါရစေ ခင်ဗျာ၊ လာတာကတော့ စုံစမ်းထောက်လှမ်းဖို့ပါပဲ၊ ဒါပေမယ့် တရားသူများ နာကြားသွားရရင်တော့ အကျိုးရှိတာပေါ့ ခင်ဗျား"

"တရားကတော့ကွယ်. . . အကြင်သူသည် အပဿဟိတဘာသမာနေ့ာပီ ကျမ်းဂန်ပါဠိကို မသင်ရငြားသော်လည်း၊ ဓမ္မဿ-ပရမတ်စစ်ခါတ် အနှစ်တို့၏သဘောကို၊ အနုဓမ္မစာရီ-တကယ်သိအောင် လုပ်၍ အဟုတ်တွေ့သောသဘောကို ရှုကြည့်လေ့ရှိသည်၊ စေဟောတိ-အကယ်၍ ဖြစ်၍ငြားအံ့၊ သေနရော-ထိုသူသည်၊ ရာဂဥ္စ-ရာဂကိုလည်းကောင်း၊ ဒေါသဥ္စ-ဒေါသကိုလည်းကောင်း၊ မောဟဥ္စ-မောဟကိုလည်းကောင်း၊ ပဟာယပါ-စွန့်၍၊ သမ္မပ္ပဇာနော-လက္ခဏာရေးသုံးပါးကို ကောင်းစွာမြင်သည်ဖြစ်၍၊ သုဝိမုတ္တစိတ္တော-ကောင်းစွာ လွတ်မြောက်လိုသောစိတ် ရှိသည်ဖြစ်၍၊ ဣဓဝါ-ဤပစ္စုပ္ပန်ခန္ဓာစာတ် အာယတနာတို့လည်းကောင်း၊ ဟုရံဝါ-နောင်ဘဝခန္ဓာစာတ် အာယတနာတို့လည်းကောင်း၊ အနုပါဒိယာနော-ဒိဋ္ဌိတဏှာဖြင့် ပြင်းစွာစွဲလမ်းခြင်း မရှိသည်၊ ဟောတိ-ဖြစ်၏။ သောနရော-ထိုသူသည်၊ သာမညဿ-မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော အကျိုးကျေးဇူးကို၊ သတာဝါ-လက်ကိုင်လက်မီအဖို့ အပုံရှိသည်၊ ဟောတိ-ဖြစ်ပါပေသတည်း"

သီလရှင်ကြီးသည် သံနေသံထားဖြင့် ဆို၍ပြပြီးလျှင်. . .

"အစကတော့ ဆရာလေးက ထင်နေတာ စာတတ်မှ တရားအားထုတ်လို့ရတယ်ထင်နေတာ၊ ဆရာသက်ကြီးကျေးဇူးကြောင့် စာမတတ်ပေမယ့် နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိတဲ့နေ့ကစပြီး ဆရာလေး လူဝတ်ကြောင်ကို စွန့်ပြီ
တရားအားထုတ်ချင်နေတာကလားကွယ်၊ ခင်ခင်စိန်ကလဲ ဆရ
လေး သီလရှင်ဝတ်ဖို့ ကူညီရှာပါတယ်၊ အဲဒါနဲ့ ဝတ်လိုက်တာ
ဆိုပါတော့၊ ပထမတော့ ရသေ့မဘဝနဲ့ နေသေးတယ်ကွယ့်၊ နောင်
မှ သီလရှင်ဝတ်လိုက်တာ"

"နည်းကတော့ ကာယဒွါယတွေကို ဖွင့်ပြီး မဟာဘူတဓါတ်
တွေကို တွေ့အောင် ရှာရမယ်ဆိုပါတော့၊ ကာယသမ္မသဖြစ်အော
လုပ်ပြီး ရှုတဲ့နည်းပေါ့ မဟုတ်ဘူးလား ဆရာလေး"

"ဟုတ်လိုက်တာ လူကလေးရယ်၊ ငါ့သားက ဒါတွေကို
သကိုကွယ့်၊ နေစမ်းပါဦး၊ မင်းကကော ဆရာသက်ကြီးရဲ့ တပည့်
လားကွယ်"

"မဟုတ်ပါဘူး ခင်ဗျာ၊ လယ်တီဆရာတော်ဘုရားကြီး
ကျမ်းတွေကိုတော့ မလွတ်တမ်း ဖတ်ပါတယ် ဆရာလေး"

"ဒီလိုဆိုလဲ ဆရာလေးကို တစ်လှည့်ပြန်ပြီး ဟောခဲ့စမ်းပါဦး
ကွယ်၊ ကျေးဇူးအပုံကြီး ကြီးပါတယ်ကွယ့်"

သီလရှင်ကြီးက ကိုနှင်းမောင်အား တရားဟောခိုင်းနေ
ဖြင့် ကျေနပ်အောင် မနည်းတောင်းပန်ပြီးနောက် ကျွန်ုပ်က သီလ
ရှင်ကြီးအား ငွေ(၅)ကျပ် လှူဒါန်း၍ သီလရှင်၏ဇရပ်မှ ပြန်ခဲ့ေ
တော့၏။

လမ်း၌. . .

"အိုင်ပီ. . . သီလရှင်ကြီး ပြောတဲ့စကားထဲမှာ ဘာ
ထူးခြားချက် တွေ့သလဲ"

"ကိုနှင်းမောင်က ဘာများ တွေ့လို့လဲ၊ ကျုပ်ကတော့ မတွေ့
ဘူး"





"အိုင်ပီက သတိမထားမိလို့ပါ၊ သီလရှင်ကြီး ပြောတဲ့စကား
ထဲမှာ ခင်ခင်စိန့်မောင်အကြောင်း လုံးဝမပါဘူး၊ သူ့လောက်မသိတဲ့
ကမလာကတောင် ခင်ခင်စိန့်မောင်ဟာ ရေနစ်ပြီး သေသွားတယ်
ဆိုတာကို သိသေးရင် သူ့အနေနဲ့ ဘာမှ မသိစရာအကြောင်း မရှိ
ဘူး၊ ဒီတော့ ဒါကိုတော့ သူ ပြောဖို့လိုတယ်"

"ဘာကြောင့် သီလရှင်ကြီးက ဒီအချက်ကို ထိမ်ချန်ထားရ
တာလဲ"

"ဒါတော့ ကျုပ်လဲ မစဉ်းစားတတ်သေးဘူး အိုင်ပီ၊ နည်း
နည်းပါးပါး အပင်ပန်းခံပြီး စုံစမ်းလိုက်ရင်တော့ သိတန်ကောင်းပါ
ရဲ့"

◈ ◈ ◈

နောက်နေ့နံနက်၌ ကျွန်ုပ်သည် ဇနီးသည်ဖျော်၍ပေးသော
ခပ်ညံ့ညံ့ လက်ဖက်ရည်နှင့် ကုလားနံပြားတို့ကို ပျင်းရိစွာ စား
သောက်ရင်း ပထမဆုံး ရောက်ရှိလာသည့် သံတော်ဆင့် သတင်းစာ
ကို ဖတ်လိုက်ရာ. . .

"ငါးထပ်ကြီးဘုရားအနီး စိန်သောဂတိုက်အိမ်ကြီး၌ မုဆိုး
မ တစ်ဦး အသတ်ခံရကြောင်း"

ဟူသော ခြောက်လိုင်းစာလုံးနှင့် ခေါင်းစဉ်ကြီးကို တွေ့ရသ
ဖြင့် ကျွန်ုပ်လည်း သတင်းစာကို ဆက်လက်၍ဖတ်ကြည့်ရာ ဗဟန်း
ဝါတ်မှ ရာဇဝတ်အုပ် မောင်လှတောနှင့် မောင်ဘိုးထော်တို့၏ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ပမ်းမှုကြောင့် တရားခံများအား နေ့ချင်းညချင်း ဖမ်းမိကြောင်း တရားခံများမှာ ထိုတိုက်အိမ်ကြီး၌ ထမင်းချက်အဖြစ် လုပ်ကိုင်သွားသော မောင်ဝိုင်းနှင့် ၎င်း၏သူငယ်ချင်း ဒါးပိန်ရွာမှ စိန်လှဆိုသူ ဖြစ်ကြောင်း၊ စိန်လှဆိုသူမှာ မားပြမှုဖြင့် ထောင်ကျဖူးသူ ဖြစ်ကြောင်း၊ အခင်းမဖြစ်ပွားမီရက်က ၎င်းစိန်လှသည် ထိုတိုက်အိမ်ကြီးတွင်းသို့ ဝင်ရောက်သွားသည်ကို မြင်လိုက်သော သက်သေများ ရှိကြောင်းနှင့်တကွ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့်အပြင် အင်းစိန်စီအိုင်ဒီသို့ အကြောင်းကြားခဲ့သော်လည်း စီအိုင်ဒီမှ စုံထောက်ကြီးများက တရားခံကို မဖမ်းဆီးနိုင်မီ ဗဟန်းဂါတ်မှ ရာဇဝတ်အုပ်များက ဖမ်းဆီးပြလိုက်ခြင်းဖြစ်ကြောင်း စသည်ဖြင့် ကျွန်ုပ်တို့နှစ်ဦးကိုထိလှောင်ထားသောသတင်းကို ဖတ်ရှုရလေတော့၏။

ကျွန်ုပ်လည်း ထိုသတင်းကို ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် အခြားသောသတင်းများကို ဆက်၍ဖတ်ခြင်း မပြုတော့ဘဲ စီအိုင်ဒီရုံးခန်းသို့ ထွက်၍လာခဲ့လေတော့၏။ အခန့်သင့်ဆိုသလိုပင် အေးဆေးစွာ လျှောက်လာသော ကိုနှင်းမောင်အား စီအိုင်ဒီဝင်း၏ ဂိတ်အဝအနီး၌ တွေ့ရလေတော့၏။

"အိုင်ဆေး. . . သတင်းစာ ဖတ်ပြီးပြီလား" ဟု ကျွန်ုပ်က မေးလိုက်ရာ သူက အသံထွက်၍ မဖြေဘဲ ခေါင်းညိတ်၍ပြလေ၏။

"ဘယ်လိုလဲဗျ၊ ကျုပ်တို့ကိုပါ နံ့ထားပါလား"

"ဒီလိုလူမျိုးတွေ တွေ့ဖူးလှပြီပဲဗျာ၊ ရိုးနေပါပြီ၊ ခေါင်းထဲတောင် ထည့်မထားစမ်းပါနဲ့၊ တစ်ခုပဲ ရှိတယ်၊ ကျုပ်တို့က တရားခံအစစ်ကို ဖမ်းမပေးနိုင်ခင်မှာ အမှုကို စွဲချက်တင်ခွင့် မပေးဖို့ စီအိုင်ဒီအနေနဲ့ ကန့်ကွက်ထားဖို့ပါပဲ"

"ဒါကတော့ လုပ်ရမှာပေါ့ဗျာ"





မျက်နှာဖြူ စုံထောက်မင်းကြီး စတီးဝပ်သည်လည်း သူ၏ရုံးခန်းမှ ထွက်၍လာသည်နှင့် ကျွန်ုပ်တို့အား မြင်သွားရာ. . .

"ဘယ်လိုလဲ မစ္စတာနှင်းမောင်၊ ဗဟန်းဂါတ်က အလွန်ညံ့ဖျင်းကွေးတဲ့ ကောင်လေးနှစ်ကောင်က မစ္စတာနှင်းမောင်လို အရည်အချင်းကြီးတဲ့ လူကြီးတစ်ယောက်ကို စိန်ခေါ်နေပြီဆိုပါလား၊ ဒီနေ့ သတင်းစာထဲမှာ ပါတယ်ဆို၊ စိတ်မဆိုးဖို့တော့ ကျွန်ုပ်ကပဲ တောင်းပန်ပါတယ်၊ သူတို့ဖမ်းထားတဲ့ တရားခံဟာလဲ တရားခံအစစ် မဖြစ်ဘူးဆိုတာ ကျွန်ုပ် နားလည်ပါတယ်၊ ကိုယ် လုပ်စရာရှိတာ ဆက်လုပ်ပါလေ၊ မဟုတ်ဘူးလား. . . မစ္စတာအောင်သင်း"

ဟု ဆိုကာ ကျွန်ုပ်အား နှစ်သိမ့်စကား ပြောပြီးလျှင် ထွက်သွားလေ၏။

ကျွန်ုပ်တို့လည်း ရုံးခန်းသို့ ခေတ္တမျှဝင်ပြီးနောက် ဗဟန်းဂါတ်သို့ ထွက်၍လာခဲ့လေ၏။ ဗဟန်းဂါတ် အချုပ်ခန်း၌ ဖမ်းဆီးထားသော တရားခံ မောင်ဝိုင်းနှင့် စိန်လှတို့အား ကိုနှင်းမောင်က ရောက်တွေ့ဆုံကာ အားပေးစကားများ ပြောကြားလေ၏။

မောင်ဝိုင်းရော စိန်လှကပါ ကိုနှင်းမောင်နှင့် ကျွန်ုပ်၏ ခြေထောက်ကို ကိုင်ကာ "တစ်ဆိတ်လောက် ကယ်ကြပါဦး ဆရာတို့၊ ဒီအမှုမှာ ကျွန်တော်တို့ဟာ လုံးလုံးမပါကြပါဘူးခင်ဗျာ" ဟူ၍လည်း နှစ်ယောက်စလုံးက အားကိုးတကြီးနှင့် အပူကပ်ကြလေသည်။

မားပြမှု ကျူးလွန်ဖူးသည်ဆိုသော စိန်လှကလည်း. . .

"ဆရာ ကိုနှင်းမောင်ရယ်. . . ရွာမှာ နေတုန်းက အဖော်မကောင်းလို့ မားပြတိုက်တဲ့အထဲ ပါဖူးလို့ ထောင်ကျဖူးပါတယ်ဗျာ၊ ဒါပေမယ့် ဒီအမှုမှာတော့ ကျွန်တော် မပါတာ အမှန်ပါပဲ၊ မောင်ဝိုင်းဟာ အဲဒီအိမ်မှာ နေတယ်ဆိုတာကို ကျွန်တော် သိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရပြီး ပြောင်းသွားတာကိုတော့ မသိပါဘူး၊ သူ အဲဒီအိမ်မှာ ရှိတယ်မှတ်ပြီး သွားမေးမိပါတယ်၊ အခု လူသတ်မှုထဲ ပါနေပြီ၊ ဒေါ်ခင် ဟောထားတာ သိပ်ကို မှန်နေတာပေါ့ဗျာ၊ တောင်အရပ် မသွားနဲ့၊ အန္တရာယ် တွေ့လိမ့်မယ်ဆိုတာ၊ အခုတော့ ဒုက္ခရောက်ပါပြီ ဆရာရယ်၊ ဆရာမှ တရားခံအစစ်ကို ဖမ်းမပေးနိုင်ရင် ကျွန်တော်တို့နှစ်ယောက် အချောင် ကြိုးပေးတက်ရတော့မှာပါ ဆရာရယ်"

ဟု စိန်လှက ရှည်လျားစွာ တောင်းပန်လေ၏။ အမှန် ကယ်လည်း ၎င်းကိုယ်တိုင် မကျူးလွန်ရသည့်အမှုအတွက် အပြစ် ရောက်မည်ကို ကြောက်လန့်၍ နေလေ၏။

"ငါ တာဝန်ယူပါတယ်ကွာ၊ မင်းတို့ ဘာမှမဖြစ်စေရပါဘူး ဒါပေမယ့် တရားခံအစစ် မမိသေးခင်တော့ မင်းတို့ အချုပ်ထဲမှာ နေကြရလိမ့်မယ်၊ ဒါလောက်တော့ ဒုက္ခခံလိုက်ပေါ့ကွာ၊ အမှု ပေါ်ဖို့တော့ ငါတာဝန် ထားလိုက်ပါ၊ မင်းတို့သာ အချုပ်ခန်းထဲ နောက်ထပ် ဘာပြဿနာမှမရှိအောင် ကောင်းကောင်းမွန်မွန် ထိုင်ကြပါ"

"ကောင်းပါပြီ ဆရာရယ်၊ ဆရာ့စကားကို မြေဝယ် နားထောင်ပါ့မယ်" ဟု ဆိုကာ မောင်ဝိုင်းနှင့် စိန်လှတို့သည် တိုက်ပိုင် တို့အား ထိုင်၍ရှိခိုးကြလေတော့၏။

. . . မလေခါ . . .





## သရဲခြောက်သလော

ကျွန်ုပ်တို့လည်း အချုပ်ခန်းမှ ထွက်၍လာကာ တိုက်ပိုင်နှင့် တွေ့ဆုံကြလေ၏။ တိုက်ပိုင်ကြီးကလည်း ကျွန်ုပ်တို့အား ပျော်ရွှင်တွေ့ချင်း. . .

"ဘယ်လိုလဲ ဦးအောင်သင်းတို့ မြင်းကောင်းခွာလိပ်ဆိုတာ ဖြစ်နေကြပြီပဲ"

ဟု ခနဲ့သလိုလို စကားမျိုးဖြင့် အစချီလိုက်လေ၏။

ထိုစဉ် အခင်းဖြစ်ပွားသော ငါးထပ်ကြီးဘုရားအနီး စိန်ပေတိုက်ကြီး၌ ညက အစောင့်တာဝန်ကျသော ပုလိပ်ကော်စတ်သည် တိုက်ပိုင်ကြီးထံ လာရောက်၍. . .

"ကျွန်တော့်ကိုတော့ အဲဒီနေရာမှာ ညဘက် အစောင့်မချခင်ဘူး၊ အစောင့်ချမယ်ဆိုရင်တော့ အလုပ်က ထွက်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုပုလိပ်၏စကားကို ၎င်း၏တိုက်ပိုင်ကြီးက မည်သို့မျှ မ
၍ မပြောမီ ကိုနှင်းမောင်က ကြားဖြတ်၍. . .

“ဘယ်လိုဖြစ်လို့လဲကွ”

“မပြောပါနဲ့ ဆရာရယ်၊ ညက သရဲခြောက်လိုက်တာ တ
တော်ဖြင့် တစ်ခါတည်း အသက်ထွက်သွားတော့မတတ်ကို ကြော
မိတော့တာပဲ ခင်ဗျာ”

“ဘယ်ပုံ ခြောက်တာလဲကွ၊ ပြောစမ်းပါဦး”

“ဒီလို. . ဆရာရဲ့၊ ကျွန်တော် ညက စောင့်နေတာ (၉)
လောက်အထိတော့ ဘာမှ မထူးခြားဘူး၊ ကျွန်တော်က တိုက်ရှေ့
အုန်းပင်အောက်မှာ စောင့်တယ်ခင်ဗျာ၊ ဘုရားဘက်က (၉)
သံချောင်းလဲ ခေါက်ရော အိမ်ပေါ်က ဘာသံလိုလို ညာသံလို
ကြားရတယ်ခင်ဗျာ”

“ဘာသံလို့ မင်း ထင်သလဲ”

“သေတ္တာဖွင့်သံလိုလို တံခါးဖွင့်သံလိုလို လူလမ်းလျှော
အသံလိုလို ကြားရတယ်ခင်ဗျာ၊ ကျွန်တော်လဲ ကြက်သီးမွေးညင်း
ထပြီး ခေါင်းနားပန်းကို ကြီးသွားတာပဲ ဆရာရယ်”

“ဒါလောက်ကလေး ခြောက်တာများကွယ်၊ မင်
ကြောက်တတ်ရန်ကော”

“ဘယ်ကလာ ဒါလောက် ဟုတ်ရမှာလဲ ခင်ဗျာ၊ ကျွန်
ကို ရေနဲ့ ပက်တယ်ခင်ဗျ၊ အဲဒီအထိတော့ ကျွန်တော် စိတ်တင်း
သေးတယ် ခင်ဗျာ၊ တံခါးကို ဝုန်းခနဲ ဖွင့်ပြီး အိမ်ပေါ်ကနေ
ထင်ပြတော့တာပဲ ခင်ဗျာ”

“အဲဒီတော့ ဘာဖြစ်သလဲကွယ့်”

“ဘာဖြစ်ရမှာလဲ ခင်ဗျ၊ ကျွန်တော် တစ်ခါတည်း





တော့တာပဲ၊ ရွာထဲကလူတွေ သွားခေါ်တော့ ရွာထဲကလူတွေက
ဓားတွေ၊ မီးခွက်တွေ၊ ဓားတွေ၊ လှံတွေနဲ့ လိုက်လာကြတယ်
ခင်ဗျာ”

ကိုနှင်းမောင်သည် စီးကရက်ကို ထုတ်၍သောက်ကာ တစ်
ခုတစ်ခုကို လေးနက်စွာ စဉ်းစားပြီးလျှင်. . .

“တိုက်ပိုင်ကြီး. . . အဲဒီအိမ်ကြီးရဲ့သော့ကို ကျွန်တော်တို့
ရှာလိုချင်တယ်”

“ရပါတယ် ကိုနှင်းမောင်၊ သရဲဖမ်းပြီး ပြပွဲသွင်းမလို့လား”
ဟဲ. . . ဟဲ. . . ဟုတ်တယ်၊ သရဲဖမ်းရလိမ့်မယ် ထင်
တယ်”

တိုက်ပိုင်ကြီးသည် ဂါတ်စာရေးထံမှ သော့ကို တောင်းယူ
ကာ ကိုနှင်းမောင်အား ပေးလိုက်လေ၏။ ကိုနှင်းမောင်သည် သော့ရ
လျှင် ရချင်း သရဲခြောက်ခံရသည်ဆိုသော ပုလိပ်အား. . .

“မင်း ခေါ်လိုက်ခဲ့ဦး၊ ညက သရဲခြောက်ခံရတဲ့နေရာကို
ထုတ်ပြစမ်းပါဦး” ဟု ဆိုကာ ကိုနှင်းမောင်နှင့် ကျွန်ုပ်သည် ဂါတ်အ
တွင်းမှ ထွက်ခဲ့လေ၏။ အစောင့်ပုလိပ်မှာလည်း မလိုက်ချင်လိုက်ချင်
နှင့် လိုက်ခဲ့ရလေတော့၏။ ကျွန်ုပ်တို့သည် ကားကို ငါးထပ်ကြီးဘုရား
အနီး၌ ရပ်ထားပြီးလျှင် စိန်ဘောဂအိမ်ကြီးဆီသို့ လျှောက်၍သွားကြ
လေ၏၊ ခြံကြီးဆီသို့ ရောက်လျှင် ကိုနှင်းမောင်က “မင်း ညက
စောင့်တာ ဒီနေရာကလား” ဟု ဆိုကာ တိုက်ရှေ့မှ အုန်းပင်ကို
ညွှန်ပြလိုက်ရာ ပုလိပ်က ဟုတ်မှန်ကြောင်း ဝန်ခံလျှင် ကိုနှင်းမော
င်. . .

“ဒါဖြင့် မင်းကို သရဲက ရေနဲ့ပက်တာ မင်းကိုယ်မှာ မစိုနိုင်
ဘူးပေါ့ကွ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ခင်ဗျ၊ စိုတော့ မစိုပါဘူး၊ ရေက ဟိုနားမှာတင် ဖြန်းဖြန်းနဲ့ ကျတာပဲ ခင်ဗျာ"

"ဒီလိုဆိုရင် သရဲက မင်းကို ရေနဲ့ပက်တာ တစ်ကြိမ်တည်း မဟုတ်ဘူးကွ၊ နှစ်ကြိမ်ဖြစ်ရမယ်"

"ဟုတ်ပါတယ်ဆရာ၊ နှစ်ကြိမ် ပက်ပါတယ်၊ ပထမတစ်ကြိမ် ပက်တုန်းက ဘာမှန်းမသိဘူးခင်ဗျ၊ နောက်တစ်ခါမှ ရေနဲ့ပက်မှန်း သိတာ ခင်ဗျ"

"မင်းကို သရဲက ကိုယ်ထင်ပြတာ ဘယ်နားမှာလဲကွ"

"ဟိုဝရန်တာနဲ့တည့်တည့် အပေါ်ထပ်က တံခါးမကြီး ဖွင့်လာပြီး ကိုယ်ထင်ပြတာ ခင်ဗျ"

ကိုနှင်းမောင်သည် ဝရန်တာမှ အုတ်တိုင်များကို သွားရောက်၍ ကြည့်ရှုပြီးလျှင် ကျွန်ုပ်ဘက်သို့ လှည့်ကာ. . .

"လူသတ်သမားဟာ သိပ်ပြီး ဉာဏ်များတဲ့ကောင်ဗျာ၊ ကျွန်တော်တို့ မနေ့က မစေ့စပ်မိတာလဲ အများကြီး နစ်နာသွားတယ်၊ ဒီကောင် မနေ့က ကျွန်တော်တို့ ရောက်လာတော့ ဒီအိမ်ထဲမှာပဲ ရှိသေးတယ်ဗျ၊ ည(၉)နာရီလောက်ကမှ ထွက်သွားတာ"

ကိုနှင်းမောင်သည် မကျေမချမ်း ဖြစ်လျက်ရှိပြီးလျှင် အိမ်တံခါးကို ဖွင့်လျက် တစ်အိမ်လုံး အနှံ့အပြား ကြည့်ရှုလေတော့၏။ တစ်ခုသော ပြတင်းပေါက်သို့ ရောက်လျှင်. . .

"ညက ဒီအကောင် ဟောဒီအပေါက်က ထွက်တာဗျာ"

"ဖြစ်နိုင်ပါ့မလား ကိုနှင်းမောင်၊ တံခါးက ချက်ထိုးရက်ကြီး မဟုတ်လားဗျ"

"ဟုတ်တယ်ဗျ၊ တံခါးတွေအားလုံး အပေါ်ချက် အောက်ချက် ထိုးတာ၊ ဒီတံခါးတစ်ခုသာ အောက်ချက်တစ်ခုတည်း ကျနေ





တယ်၊ ဒါက ဒီလိုလေဗျ၊ တံခါးချက်ကို တဲတဲလေး ချိတ်ပြီး အပြင်ထွက်ပြီးနောက် ဆောင့်ဆွဲလိုက်ရင် သူ့ဟာသူ ချက်ကျသွားနိုင်တယ်၊ ဟောဒီ တံခါးကျည်းကိုင်းမှာ ခိုပြီး တံခါးကို ပြန်ချက်ကျအောင် လုပ်ပြီးမှ ကျည်းပင်ကနေ တွယ်ပြီးဆင်းသွားတယ်ဗျ"

"လာဗျာ. . . ဟော ဟိုဗီရိုကို ဖွင့်ပြီးကြည့်ရအောင်"

ကိုနှင်းမောင်သည် အနီးရှိ သွပ်နန်းကြိုးတစ်ချောင်းအား ကောက်ဖြင့် အနည်းငယ် ပြုပြင်၍ သော့အဖြစ် အသုံးပြုကာ ငါးရှိသော့ပေါက်တွင် ထည့်၍ လှည့်လိုက်ရာ ဗီရိုပွင့်လေတော့၏။

"သူခိုးတွေသာ ခင်ဗျားနည်း ရသွားရင်တော့ အခက်ပဲဗျို့"

"ဘယ်ကလာ ခက်ရမှာလဲ၊ ဒီနည်းက သူခိုးတွေဆီက ရတဲ့ နည်းပဲဥစ္စာ"

ကိုနှင်းမောင်သည် ဗီရိုကို ဖွင့်ပြီးနောက် စာရွက်စာတမ်းများ ထားသော အထပ်အား မွှေနှောက်ရှာဖွေရာ စာအိတ်တစ်အိတ်အတွင်းမှ လွန်စွာသားနားသော အသက်(၃၀)အရွယ် လူတစ်ယောက်၏ ဓာတ်ပုံတစ်ပုံ ထွက်ကျလာလေ၏။

ဓာတ်ပုံရှင်မှာ ရုပ်ရည်အားဖြင့် သနားကမား ရှိလေသည်။ အခြား စာအိတ်တစ်အိတ်၌မူ လသားအရွယ် ကလေးငယ်တစ်ဦးနှင့် အသက်(၄၀)အရွယ် ရှေးကျကျ ဝတ်ဆင်ထားသော ယောကျ်ားတစ်ဦး၏ ဓာတ်ပုံ ဖြစ်လေသည်။

၎င်းစာအိတ်များမှ စာများကို ဖတ်ရှုခြင်းအားဖြင့် ဓာတ်ပုံရှင် လူငယ်မှာ မောင်မောင်ဆိုသူဖြစ်၍ ပန်းထိမ်ဆရာတစ်ဦး ဖြစ်ကြောင်း၊ မန္တလေးမြို့ နာရီစင်ကြီးအနီး "နဝရတ်ကိုးသွယ်" ဟု အမည်ပေးထားသော ရွှေပန်းထိမ်ဆိုင် တစ်ခု ဖွင့်ထားသူ ဖြစ်ကြောင်း သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်(၄၀)အရွယ် လူကြီးမှာ ၎င်း၏ဖခင် ဦးစိန်ခိုဖြစ် ကလေးငယ်၏ပုံမှာ ၎င်း မောင်မောင် ငယ်စဉ်ကပုံ ဖြစ်ကြောင်း လည်း သိရလေသည်။ ဦးစိန်ခိုဆိုသူမှာ သေဆုံးသူဒေါ်ခင်ခင်စိန် ဖခင်လည်း ဖြစ်ပေရာ စာများကို ဖတ်ရှုခြင်းအားဖြင့် ခင်ခင်စိန် မွေးစားသမီးဖြစ်ပြီး မောင်မောင်မှာ မွေးစားသားဖြစ်ကြောင်း သိ လေ၏။

ကျွန်ုပ်၏မိတ်ဆွေကြီး ကိုနှင်းမောင်မှာ ဗီရိုတွင်းရှိစာ နှင့် စာချုပ်စာတမ်းများအား လွန်စွာဖတ်၍ကောင်းသော ဝတ္ထု အုပ်ကို ဖတ်နေသကဲ့သို့ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် သော လျက် အချိန်ကြာမြင့်စွာ စာများကို စိတ်ဝင်စားစွာ ဖတ်ရှုလျ နေလေ၏။

ကိုနှင်းမောင် သောက်သော စီးကရက်မှာ ရေခဲတော တံဆိပ် စီးကရက်ဖြစ်၍ အနံ့အားဖြင့် လွန်စွာမွှေးကြိုင်လှပေ ကျွန်ုပ်သည်ပင် ဆေးတံမှ စီးကရက်ကို ပြောင်း၍သောက်ချင်ထ တော့၏။

နာရီအတော်ကြာသည်အထိ ကိုနှင်းမောင်သည် စာများ ဖတ်ပြီးနောက် ၎င်း၏မှတ်စုစာအုပ်တွင် ရေးမှတ်ခြင်းများ ပြုလု ကာ အားလုံး ပြီးစီး၍သွားသည့်အခါ၌. . .

"အိုင်ပီ. . . ခင်ခင်စိန်မှာ မောင်တစ်ယောက် ရှိတယ် တာ သတိရသေးသလား"

"သတိရပါတယ်၊ မနေ့က သီလရှင်ကြီးတောင် ဒီအ ကြောင်း ထိမ်ချန်ထားတယ်လို့ ကိုနှင်းမောင် ပြောသေးတာပဲ"

"အဲဒီဥစ္စာ အမှုမှာ အရေးကြီးတဲ့အချက်ပဲဗျာ၊ ဟော ဓာတ်ပုံက ကိုမောင်မောင်တဲ့၊ မန္တလေးဈေးချိုနားက နဝရတ်





ဒွယ် ပန်းထိမ်တိုက်ဟာ သူ့တိုက်ပဲ၊ ခင်ခင်စိန်ရဲ့ မောင်တော်တယ် အရင်းတော့ မဟုတ်ကြဘူး၊ ဒါပေမယ့် ပြီးခဲ့တဲ့လကအထိ စာ အ ဆက်အသွယ် ရနေသေးတာကို ထောက်ရင် ရေနစ်ပြီး သေသွားတဲ့ မောင်အပြင် တခြားမောင်တစ်ယောက် ဖြစ်နေပြန်ပြီ၊ ဟော ဟိုမှာ သောက်ျားဦးထုပ်တစ်လုံးပါလားဗျာ"

ကိုနှင်းမောင်က အကျီများချိတ်သော တိုင်လုံးကြီးကို ညွှန် လိုက်သဖြင့် ကြည့်လိုက်ရာ တိုင်ထိပ်၌ ချိတ်ထားသော သက္ကလပ် ဦးထုပ်တစ်လုံးကို တွေ့ရလေ၏၊ ထို့ကြောင့် ကျွန်ုပ်သည် ၎င်းဦးထုပ် အား ဖြုတ်ယူ၍ ကိုနှင်းမောင်အား ပေးလိုက်ရာ ကိုနှင်းမောင်က. .

"ခင်ဗျားဘာသာ အကဲဖြတ်စမ်းပါဦး" ဟု ဆိုသဖြင့် ကျွန်ုပ် သည်း ဦးထုပ်ကို သေသေချာချာ ကြည့်ပြီးနောက်. . .

"ဟောဒီ သက္ကလပ်ဦးထုပ်ပိုင်ရှင်ဟာ ငွေကြေးကို ဖော အောသိသိ သုံးနိုင်တဲ့လူထဲက ဖြစ်ရမယ်ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ဒိုက်တဝေးတိုက်မှာ ရှိတဲ့ သက္ကလပ်ဦးထုပ်တွေထဲမှာတော့ 'အေစ ဘယ်' အမျိုးအစား ဦးထုပ်ဟာ တန်ဖိုးအကြီးဆုံး မဟုတ်လား"

"ဆက်ပြီး လုပ်စမ်းပါဦးဗျ"

"ခေါင်းကလဲ တော်တော်ကြီးတဲ့လူပဲဗျို့"

"အိုင်ပီ. . . မဆိုးတော့ဘူး၊ ဦးထုပ်ကိုမြင်တာနဲ့ ခေါင်းကို ခန့်မှန်းနိုင်ပြီပဲ၊ ဟဲ. . . ဟဲ. . ."

"လုပ်ပြီ ခင်ဗျားက"

"နောက်တာ မဟုတ်ပါဘူးဗျ၊ အဲဒီအချက်ဟာ တကယ့် အရေးကြီးတဲ့အချက် ဖြစ်နေလို့ပါ၊ လုပ်စမ်းပါဦး"

"ပြီးတော့ ဟောဒီလူဟာ ခေါင်းလိမ်းဆီ လိမ်းလေ့မရှိဘူး ဗျ ဒီမှာ နမ်းကြည့်ပါလား၊ ဦးထုပ်မှာ ဘာအနံ့မှမရဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိုက်လေဗျာ"

"ပြီးတော့ ဟောဒီ ဦးထုပ်ဟာ အသစ်ကြီးဗျ၊ ဝယ်တာ မကြာသေးဘူး"

"ဟုတ်ပြီ၊ အဲဒီတော့ ဘာဖြစ်သလဲ၊ လုပ်စမ်းပါဦး"

"ဘာဖြစ်ရမလဲဗျ၊ အသစ်ကြီးပါဆိုနေမှ အသစ်ကြီးပဲပေါ့ ရှော့ဗျာ. . . ခင်ဗျားပဲ ပြောပါတော့" ဟု ဆိုကာ ကျွန်ုပ်သည် ကိုနှင်းမောင် လက်သို့ အပ်လိုက်လေ၏။ ကိုနှင်းမောင်သည် ဦးထုပ်ကို သေသေချာချာ ကြည့်ပြီးနောက်. . .

"ဒီလူ သွားခေါခေါဗျ"

"အိုင်ဆေး. . . ဒါတော့ မဟုတ်ဘူး ထင်တယ်ဗျာ၊ ဦးထုပ်ကို မြင်ရုံနဲ့ ဦးထုပ်ပိုင်ရှင်ဟာ သွားခေါတယ် မခေါဘူးဆိုတာ သိ တော့ မဖြစ်နိုင်ပါဘူးဗျာ"

"အသားကလဲ နီစပ်စပ်နဲ့ဗျ"

"ဒါလဲ မဖြစ်နိုင်ပါဘူးဗျာ"

"ထိပ်ကလဲ ပြောင်ပြောင်ဗျ၊ ပြီးတော့ မျက်မှန်လဲ တပ်ထား တယ်ဗျ၊ ရွှေကိုင်းနဲ့"

"ကိုနှင်းမောင်. . မဟုတ်တော့ဘူး ထင်တယ်၊ ခင်ဗျားဟာ လွန်လွန်းနေပြီဗျာ၊ နည်းနည်းလျှော့ပါဦး"

"မလျှော့နိုင်ဘူး အိုင်ပီ၊ နည်းနည်းကလေးမှ မလျှော့နိုင် ဘူး"

ထိုစဉ် ခြေသံများ ကြား၍ ကြည့်လိုက်ရာ ဗဟန်းဌာန ပုလိပ်တစ်ဦးနှင့်အတူ **ကျွန်ုပ်**တို့ ခေါ်လာခဲ့သော ပုလိပ်တို့ တက်လာ ခြင်း ဖြစ်ကြောင်း တွေ့ရလေ၏။ ဗဟန်းဌာနမှ ပုလိပ်က. . .

"ဆေးရုံကြီးက ဆေးစစ်ချက် ယူလာပါတယ် ဆရာ"





တာ ကျွန်ုပ်အား ခင်ခင်စိန်အလောင်း ဆေးစစ်ချက်လက်မှတ်ကို ၍ ကျွန်ုပ်လည်း ဖတ်ကြည့်ရာ ခင်ခင်စိန်သည် မသေမီ မိနစ် နည်းငယ်အတွင်း၌ ယောကျာ်းတစ်ဦးနှင့် သံဝါသပြုသွားကြောင်း တွေ့ရှိရသည်ဟု ဖော်ပြထားလေ၏။

ထို့ကြောင့် ကျွန်ုပ်လည်း ကိုနှင်းမောင်ကို ဆေးစာပေး တ်လေ၏။ ကိုနှင်းမောင်လည်း ၎င်းဆေးစာကို ဖတ်ပြီးနောက် ရွက်အလွတ်ပေါ်၌ အင်္ဂလိပ်ဘာသာဖြင့် ဗဟန်းတိုက်ပိုင်ကြီးအား တစ်ကြောင်းနှစ်ကြောင်း ရေးသားပေးလေ၏။

စာ၏အဓိပ္ပါယ်မှာ ဖမ်းဆီးထားသော တရားခံနှစ်ဦးအား ဆေးရုံကြီးသို့ ခေါ်သွားပြီး သုက်သွေးများ စစ်ဆေး၍ ခင်ခင်စိန့် အလောင်း၌ တွေ့ရသော သုက်သွေးနှင့် တူညီခြင်း ရှိမရှိ ဆရာဝန် ထောက်ခံချက် ရယူထားစေလိုကြောင်း ဖြစ်၏။

ကျွန်ုပ်တို့သည် ပုလိပ်နှစ်ယောက်စလုံးအား ပြန်၍လွှတ် တ်ပြီးနောက် အိမ်အတွင်း၌ ဆက်လက်၍ နေထိုင်ပြီးလျှင် ကိုနှင်း င်သည် တစ်အိမ်လုံးအား အသေးစိတ် ရှာဖွေကြည့်ရှုလေတော့ ၏။

နာရီအတော်ကြာ လေ့လာပြီးလျှင် ကိုနှင်းမောင်က "အမှု တော့ ထိပ်တန်းအမှုပဲဗျ၊ အဲဒါက အရေးမကြီးဘူး၊ ကျွန်တော်တို့ ထမင်းမစားရသေးပါလားဗျာ"

"ဘုံဘေရက်စတောရင့်မှာ ကျွေးမယ်ဗျာ၊ မကောင်း သား"

"ကောင်းသားပဲ၊ သွားကြစို့"

ကျွန်ုပ်တို့သည် အိမ်ကို သော့ပိတ်ပြီးနောက် ဘုံဘေရက်စ ရင့် ဟိုတယ်၌ မြိန်ရှက်စွာ သွားရောက်စားကြပြီးလျှင် ကိုနှင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်က ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘဉာဏ်၏အိမ်သို့ သွား ချင်သည်ဆို၍ ရွှေတောင်တန်းရှိ ဦးဘဉာဏ်၏အိမ်သို့ လိုက်၍ပို့ရ ပြန်၏။ ထိုမှတဖန် ယူနီဘာစတီ ဓာတုဗေဒဌာနသို့ သွားလိုသည်ဟု ဆိုပြန်သဖြင့် လိုက်၍ပို့ရပြန်လေ၏။ ထိုမှတဆင့် ညနေခင်း၌ ဂျူ လီဟော၌ တရုတ်နပန်းသမား ဝမ်းပေါက်ချောင်ဆိုသူနှင့် မြန်မာ လက်ဝှေ့သမားများ ထိုးသတ်ကြမည်ဟု ဆိုကာ ကြည့်ချင်ပြန်သည် ဟု ဆို၍ လိုက်၍ပို့ရပြန်လေတော့၏။

... ◆◆◆ ...





## နပန်းသမား ဝမ်းပေါက်ချောင်

ည(၇)နာရီလောက်တွင် ဂျူဗလီဟော၌ လူစည်ကားလျက် ရှိလေ၏။ တိုင်းပြည်အသီးသီးသို့ လှည့်လည်ကာ စိန်ခေါ်၍လာခဲ့ သော တရုတ်နပန်းသမားကြီး ဝမ်းပေါက်ချောင်ကို ကြည့်လိုသော ပရိသတ်များ၊ ဝမ်းပေါက်ချောင် စိန်ခေါ်လျှင် မြန်မာများအနက်မှ ထတ်ရောက် ယှဉ်ပြိုင်သတ်ပုတ်မည့်သူကို မျှော်လင့်သောပရိသတ် များ စသည်ဖြင့် ပြည့်နှက်လျက် ရှိလေ၏။ လက်ဝှေ့သမားများက လည်း သူ့အုပ်စုနှင့်သူ ခေါင်းချင်းရိုက်လျက် စုဝေးကာ နေကြလေ ၏၊

(၇)နာရီ (၁၅)မိနစ်လောက်တွင် နပန်းသမား ဝမ်းပေါက် ချောင်သည် စင်ပေါ်သို့ တက်လာပြီးနောက် ၎င်း၏စွမ်းရည်များကို ပရိသတ်အား ပြသလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုင်ဆေး. . . ဒီကောင်ကြီးက ကြီးလှချေလားဗျ၊ ဒီ လောက် ကြီးတဲ့ကောင်ကြီးကို နိုင်အောင်သတ်ဖို့ လွယ်ပါ့မလား"

"မပြောနိုင်ဘူးနော်၊ ကျုပ်တို့ မြန်မာကလဲ သတ္တိခေလှတာ မဟုတ်ဘူး"

ထိုစဉ် ဝမ်းပေါက်ချောင်ကြီးက ခြေဆင်း၍ ထိုင်ကာ ၎င်း ၏ ခေါင်းပေါ်၌ ဂုန်နီအိတ်ကလေးကို လေးခေါက်ခေါက်၍ တင် လေ၏။ ကူလီကုလားခြောက်ယောက်သည် ကျောက်တုံးကြီးများ အား မနိုင့်တနိုင် မချီ၍ လာပြီးလျှင် ဝမ်းပေါက်ချောင်၏ဦးခေါင်း ပေါ်သို့ တင်ပြန်လေသည်၊ ထိုအခါ၌ ကုလားတစ်ယောက်က ခြောက်ပေါင်တူကြီး ယူလာပြီးလျှင် ၎င်းကျောက်တုံးကြီးအား ထ အား လွှဲ၍ထုလေတော့၏။

ကြည့်ရှုရသော ပရိသတ်အပေါင်းမှာ တစ်သက်တွင်တစ်ခါ မြင်ဖူးရန် ခဲယဉ်းလှသော လူသန်ကြီးကို ကြည့်၍ များစွာအံ့သြနေ ကြ၏။ တူထုသည့် ကုလားများမှာ တစ်ယောက်မောလျှင် တစ် ယောက်က လဲ၍ထုကြ၏၊ လေးယောက်မြောက် လဲ၍ ထုလိုက် သောအခါ၌ ကျောက်တုံးကြီးသည် ကွဲကျသွားလေတော့ရာ ပွဲကြည့် ပရိသတ်သည် ဩဘာပေးရန်ကိုပင် မေ့၍နေသည့်တိုင်အောင် အံ့ ဩကြရလေ၏။

ထိုအခါ၌ ဝမ်းပေါက်ချောင်ကြီးက ထ၍လာပြီးလျှင် ခြေ လက်များ ဆန့်တန်းကာ ၎င်း၏ကြွက်သားကြီးများကို လှုပ်၍ပြပြန် ၏။

ထို့နောက် ၎င်း၏လက်ဝါးနှစ်ဖက်အား ပရိသတ်ဘက်သို့ ထောင်ပြလိုက်ရာ လက်သည်းများသည် ငါးလက်မကျော်ကျော် ခြောက်လက်မခန့် ရှည်လျားလျက်ရှိသည်ကို တွေ့ရလေ၏။ ၎င်း





လက်သည်းကြီးများသည် ရှည်ရုံမျှမက သန်မာကြောင်းကိုလည်း ပြသလိုသည်ဖြစ်ရာ လက်သည်းနှစ်ဖက်ကို ခတ်၍ပြရာ အမဲသား ရောင်းသော ကုလားများ၏ ဓားချင်းခတ်သည့်အခါ၌ ထွက်သော အသံကဲ့သို့ တချွင်ချွင်မြည်လျက် ရှိလေ၏။

ထို့ပြင် သုံးချောင်းထောက် စားပွဲခုံကလေးတစ်ခုအား သူ ၏ ရှေ့နား၌ ချပြီးလျှင် စားပွဲ၏ မျက်နှာပြင်အစွန်းအား လက် သည်းနှင့် ခေါက်၍ပြရာ စားပွဲခုံ၏ ခြေထောက်နှစ်ချောင်းသည် ကြွ၍လာသည့်တိုင်အောင် ပြင်းထန်လေတော့၏။

ထိုမျှမကသေး တစ်ကိုက်ပတ်လည်ခန့်ရှိသော ပိတ်ဖြူကြီး အား ကားဘောင်ကျက်၍ ယူလာပြီးလျှင် ၎င်း၏လက်သည်းများဖြင့် ခြစ်ခွဲပြလေရာ ဓားမြောင်ထက်ထက်နှင့် ထိုးခွဲ၍ပြသကဲ့သို့ပင် ရွှီး ခနဲ. . . ရွှီးခနဲမြည်ကာ ကွဲကျလေတော့၏။

ဤသို့သော ကြောက်မက်ဖွယ်ရာ စွမ်းရည်များကို ပြသပြီး နောက် ပရိသတ်ဘက်သို့ လှည့်ကာ တရုတ်ဘာသာဖြင့် စကားပြော လေတော့၏။ ၎င်း၏စကားအား စကားပြန်ကပြန်ပြောရာ အောက် ပါအတိုင်း ဖြစ်လေ၏။

"ကျွန်တော် ကမ္ဘာကို လှည့်ပြီး စိန်ခေါ်ခဲ့ပါတယ်၊ အချို့ အချို့သော တိုင်းပြည်များမှာ ကျွန်တော့်ကို ယှဉ်ပြိုင်ဝံ့တဲ့လူများကို တွေ့ရှိခဲ့ပါတယ်၊ ဒါပေမယ့် ယှဉ်ပြိုင်ဖို့ တက်လာတဲ့လူတိုင်းဟာ ခင်ပေါ်ကနေ အသက်နဲ့ ပြန်ပြီးဆင်းသွားရတယ်လို့ တစ်ခါမှ မရှိ သေးပါဘူး. . ."

"ကျွန်တော့်နာမည် ဝမ်းပေါက်ချောင်ပါ၊ ကျွန်တော် လူ သတ်လာတာ အယောက်ကိုးဆယ် ရှိပါပြီ၊ အခုလဲ စိန်ခေါ်ပါတယ်၊ လက်ဝှေ့နဲ့ပဲ သတ်သတ်၊ သိုင်းနဲ့ပဲ သတ်သတ်၊ နပန်းနဲ့ပဲ သတ်သတ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ရာနဲ့ တက်ပြီးသတ်နိုင်ပါတယ်၊ ကျွန်တော် သုံးကြိမ်စိန်ခေါ်လို့ မှ ကျွန်တော့်ကို ယှဉ်ပြိုင်ဝံ့တဲ့လူ မရှိဘူးဆိုရင်တော့ ကျွန်တော် နိုင်ပါတယ်၊ ခင်ဗျားတို့ မြန်မာပြည်မှာ လူဦးရေ (၁၆)သန်း ရှိတယ် မဟုတ်လား၊ အဲဒီလူအားလုံးကို ကျွန်တော် နိုင်ပြီလို့ ယူဆပါတယ် သတ္တိရှိတဲ့လူမျိုးဆိုရင်တော့ တက်ပြီးပြိုင်ကြတာကို တွေ့ဖူးပါတယ်

ကျွန်ုပ်သည် ကိုနှင်းမောင်ကိုကြည့်လိုက်ရာ အကြီးအကျယ် မျက်နှာပျက်လျက် ရှိနေ၏။ မျက်နှာကြီးတစ်ခုလုံးသည် နီမြန်းလျ ရှိလေတော့၏။ ကျွန်ုပ်သည် ပြိုင်ပွဲကျင်းပပေးသောလူများကိုသ အပြစ်တင်ချင်လေ၏။ မိမိအား လာရောက်အားပေးသော ပ သတ်အား ဤသို့ လူမိုက်စကားပြော၍ စိန်ခေါ်ခြင်းသည် လွန်စွ ရိုင်းသော အပြုအမူ ဖြစ်လေသည်။ အချို့အချို့သော မြန်မာလ ဝှေ့ပွဲများ၌လည်း ထိုးဘက်မရှိသော လက်ဝှေ့သမားက ပရိသ ဆက်သို့ လှည့်ကာ "လူမှန်ရင် ချိန့်လား၊ ထွက်ခဲ့ပါလား၊ တစ်တော ဖြင့်သလား၊ တစ်ထွာမြင့်သလား၊ ကြောက်ကြသလား၊ လန့်ကြ လား၊ ယောကျ်ားဘသား" ဟူသော စာချိုးမျိုးဖြင့် ပရိသတ်ကို စိ ခေါ်သော၊ လူမိုက်စကားပြောသော၊ စော်ကားသောပွဲမျိုးလည်း လေ၏။ အမှန်စင်စစ်အားဖြင့် ပွဲကြည့်ပရိသတ်သည် ပွဲကြည့် သတ်သာ ဖြစ်လေသည်။ မိမိတို့ကို လာရောက်၍ အားပေးသူမျ ဖြစ်ပေသည်။

တစ်နည်းအားဖြင့် လာရောက်၍ ချီးမြှင့်သော ကျေးဇူးရှ များလည်း ဖြစ်ပေရာ ဤသို့ပြုလုပ်ရန်မသင့်ဟု ကျွန်ုပ်အနေ ဆိုချင်ပါသည်၊ လေ့ကျင့်ထားခြင်း၊ သင်ကြားထားခြင်း မရှိသေ ပရိသတ်အား ဤသို့စိန်ခေါ်ခြင်းသည် အောက်တန်းကျသော အ အမူဟုပင် ထင်မှတ်၍ ကျွန်ုပ်သည် ထိုမြန်မာလက်ဝှေ့ပွဲကို ရှော





ှာလေ့ ရှိလေသည်၊

ဤနေရာ၌ အင်္ဂလိပ် ဘောက်ဆင်သည် စနစ်ကောင်း၏၊ ိုးဖက်များကို နဂိုကပင် ပေါင်ချိန်ခြင်း၊ အလုံးအရပ် တိုင်းခြင်းများ သုပ်ကာ အတွဲညီညာမှ တွဲဖက်၍ထိုးစေ၏၊ ထိုးဖက်မရှိ၍ ပရိ ဿတ်ကို စိန်ခေါ်ခြင်း၊ ရန်စခြင်းများ ပြုသည်ဟု ကျွန်ုပ် မတွေ့ဖူးပါ။

ယခုလည်း ကိုနှင်းမောင်သည် ဝမ်းပေါက်ချောင်၏စကား ကြောင့် နေမထိ ထိုင်မသာ ဖြစ်နေပုံရလေ၏၊ လက်ဝှေ့စင်၏ရှေ့ ့တွင်မှ မြန်မာလက်ဝှေ့သမား (၂၀)ခန့်သည် နဂိုက တက်၍ထိုး ည်ဟု ရည်ရွယ်၍ လာသော်လည်း ဝမ်းပေါက်ချောင်က ခေါင်းပေါ် ကျောက်တုံးကြီး တင်၍ ထုပြ၊ ပိတ်ကြီးကို ခွဲပြ လုပ်လိုက်သဖြင့် တ်၍မထိုးဝံ့ဘဲ တလှုပ်လှုပ် တရွရွသာလျှင် ဖြစ်၍နေကြလေ၏၊

ဝမ်းပေါက်ချောင်ကြီးသည် စင်ပေါ်မှ နေ၍ လက်ဝှေ့သ များရော ပရိသတ်များကိုပါ ကြည့်၍ တဟဲဟဲ ရယ်ပြီးလျှင်. . .

"ကျုပ်ကို ကြောက်နေကြပြီလား၊ တက်ခဲ့ကြပါ၊ တစ် ဘက်မှ မရှိဘူးလား"

ပရိသတ်သည် အပ်ကျသံမျှ မကြားရအောင် ငြိမ်လျက်ရှိ ၏၊ ထိုအခါ၌ ကျွန်ုပ်စိတ်၌ တစ်မျိုးတွေးမိပြန်၏။ ပွဲကြည့်ပရိ တ်သည် မခံချင်စိတ်များ ထိန်း၍မရတော့သည့်အခါ၌ တစ် ဘက်ချင်း မတက်ဘဲ ဝုန်းခနဲ တစ်ရုံလုံး တက်၍ ဝမ်းပေါက် င်ကို သတ်ရင်တော့ အခက်ပေပဲ ဟူ၍ဖြစ်၏၊

"ကျုပ်ကို မကြောက်ပါနဲ့၊ မနာစေရပါဘူး၊ ဟောဒီလက် ည်းကလေးနဲ့ ဗိုက်ကို ဟိုဘက်ဒီဘက် ပေါက်အောင် ထိုးပြီးခွဲပေး ါ တစ်ခါတည်း သေမှာပါ၊ ဝေဒနာ မခံရပါဘူး၊ တစ်ယောက် လေ တက်ခဲ့ကြစမ်းပါ၊ ဟဲ. . . ဟဲ. . . ခင်ဗျားတို့လူမျိုးက



www.burmeseclassic.com

www.burmeseclassic.com



တယ်လဲ ကြောက်တာကိုးဗျာ့"

"တက်မယ်ဟေ့"

စကားပြန်၏ စကားဆုံးသည်နှင့်တစ်ပြိုင်နက် ရုံထဲမှ အ
နှစ်သံ တစ်ပြိုင်နက် ထွက်ပေါ်၍လာလေ၏၊ အသံတစ်သံမှာ
ဆုံးမှ လက်ဝှေ့သမားထဲမှ အသံဖြစ်၍ ကျန်အသံတစ်သံမှာ ကျွ
၏ ဘေးမှ ကိုနှင်းမောင်က ထ၍အော်လိုက်သော အသံဖြစ်လေ

အစော်ကားခံနေရသော ပရိသတ်က နားကွဲမတတ်ဩ
လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံများဖြင့် ဂုဏ်ပြုကြလေတော့

"မြန်မာ့သွေးကွ. . . မြန်မာ့သွေး. . ."

"အာဇာနည်ဟေ့. . ."

ဟူသော အသံများသည် မနားတမ်း ပေါ်ထွက်နေသ
အသံချဲ့စက်ဖြင့် မေတ္တာရပ်ခံယူရလေ၏၊ ကိုနှင်းမောင်၏လ
ကျွန်ုပ်က ဆွဲသော်လည်း ကိုနှင်းမောင်သည် ကျွန်ုပ်၏ ဆွဲသော
ကို ခါ၍ အတန်းထဲမှ ထွက်လေတော့၏၊ လူများကလည်း ရှော
ပေးကြ၏။ 'ဒါမှ သူရဲကောင်းဗျို့' 'ဝမ်းသာလိုက်တာဗျာ' 'နိုင်ပါ
ဗျာ' သည်ဖြင့် မိမိတို့ရှေ့ ရောက်လာသည့်အခါ၌ ကိုနှင်းမေ
အား ဝိုင်း၍ အားပေးစကား ပြောကြလေ၏။

ကျွန်ုပ်လည်း ဆွဲ၍မရသည့်အဆုံး၌ ၎င်း၏နောက်သို့
ကြပ်မကွာ လိုက်ရလေတော့၏၊ ဤသို့နှင့်ပင် စင်ရှေ့သို့ ရော
သွားရလေတော့၏၊ စင်ရှေ့ရောက်သည့်အခါ၌ ကျွန်ုပ်အတွက်
သာစရာတစ်ခု ကြုံတွေ့ရလေတော့၏၊ တက်၍ထိုးမည့် လက်ဝှေ့
မားနှင့် ကိုနှင်းမောင်တို့သည် သူ အရင်အော်သည်၊ ငါ အရင်အေ
သည်နှင့် ငြင်း၍ လုတက်ကြလေ၏၊ ထို့ကြောင့် စင်ပေါ်မှ ဒိုင်
ကြီးများက နှစ်ဦးစလုံးကို ထိုးသတ်ခွင့်မပြု။ တစ်ဦးနှင့်သာ ထိုး





မည်ဆိုသဖြင့် လက်ဝှေ့သမားက ကိုနှင်းမောင်၏ ခြေထောက်ကို
ဘိ်င်၍ သူ့အား ထိုးသတ်ခွင့်ပေးရန် အသနားခံလေ၏။ ကိုနှင်း
မောင်ကလည်း မပေးနိုင်ကြောင်း ပြောဆိုလျှင် ဒိုင်လူကြီးများက
ခေါင်းပန်းလှန်၍ ဆုံးဖြတ်ရမည်ဟု ပရိသတ်အား ကြေညာလိုက်
လေ၏၊ ကိုနှင်းမောင်ရော လက်ဝှေ့သမားပါ ၎င်းအကြံကို လက်ခံ
ကြရလေတော့၏။

ဒိုင်လူကြီးတစ်ဦးက ငါးမူးစေ့တစ်စေ့ကို ယူကာ ကိုနှင်း
မောင်အား ဘာယူမလဲဟု မေးရာ ကိုနှင်းမောင်က ခေါင်းဟုပြော၍
လက်ဝှေ့သမားက ပန်းကျလေ၏။

ကျွန်ုပ်သည် ကိုနှင်းမောင် လုပ်သမျှသောအလုပ်တို့၌ ၎
နှင်းမောင် အနိုင်ရခြင်းကိုသာ လိုလားခဲ့သော်လည်း ယခု ခေါ
င်းလှန်သောကိစ္စ၌မူ ကိုနှင်းမောင် ရှုံးပါစေဟူ၍ ပြောင်းပြန် ဆု
တောင်းရလေတော့၏။

ထိုစဉ်၌ပင် ဒိုင်လူကြီးသည် ငါးမူးစေ့အား လက်ဖြင့်
ထောက်၍တင်လိုက်ပြီးလျှင် မြေပေါ်သို့ ပြန်၍ကျသောအခါ၌ အ
ခြားသော ဒိုင်လူကြီးများကိုသာမက လက်ဝှေ့သမားနှင့် ကိုနှင်း
မောင်တို့ကိုပါ ခေါ်၍ပြလေ၏။

ကျွန်ုပ်၏ရင်တွင်း၌မူ စာပို့ကြီးဆယ်စင်း ပြိုင်တူ ခုတ်
မောင်းနေသကဲ့သို့ ရှိလေတော့၏။

ထို့နောက် ဒိုင်လူကြီးက လက်ဝှေ့သမား၏လက်ကို ကိုင်
မြှောက်၍ ပြလိုက်ရာ ပရိသတ်များအနက် ပထမဆုံး လက်ခုပ်တီး
သူမှာ ကျွန်ုပ်ပင် ဖြစ်လေတော့၏။

ကိုနှင်းမောင် ရှုံး၍သွားပေပြီ။ ထို့ကြောင့် ကိုနှင်းမောင်
သည် လက်ဝှေ့သမားအနီးသို့ ကပ်ကာ စကားတီးတိုး မှာကြားလေ



www.burmeseclassic.com

www.burmeseclassic.com



ရာ လက်ဝှေ့သမားက ပြုံးရွှင်စွာ ခေါင်းညိတ်၍ပြပြီးလျှင် ကိုနှ မောင်အား ကျေးဇူးတင်စကား ပြောလေတော့၏။

ကိုနှင်းမောင်သည် စင်အောက်သို့ ပြန်၍ဆင်းလာလျှ ဝမ်းပေါက်ချောင်ကြီးက ထ၍ ပရိသတ်အား အောက်ပါအတိုင် ပြောပြန်လေ၏။

"မြန်မာလူမျိုးဟာ အားကြီး သတ္တိရှိတယ်၊ ကျုပ်ဟာ တိုင် ပြည် တော်တော်များများကို ရောက်ခဲ့ပါတယ်၊ ဒါပေမယ့် အခု မဲချပြီး ယူရတဲ့အထိ ကျုပ်ကို ယှဉ်ပြိုင်ချင်တဲ့လူမျိုးကိုတော့ ဒီတစ် ပဲ တွေ့ဖူးပါသေးတယ်" ဟူ၍ ဖြစ်လေ၏။

ထို့နောက် ဝမ်းပေါက်ချောင်ကြီးသည် လက်သည်းကြီး င်ချွင် မြည်အောင် ခတ်ပြီးလျှင် လက်ဝှေ့သမားအား လိုက်၍ထိ ခလေတော့၏။ လက်ဝှေ့သမားသည် စင်ပေါ်၌ တွေ့ပတ်၍ ပြေး ရလေ၏။

ထိုမြင်ကွင်းကို ကြည့်ရသည်မှာ အခြားသူများအဖို့တော မဆိုနိုင်ပေ။ ကျွန်ုပ်အဖို့တော့ ဝက်သတ်တရုတ် ဝက်ကို လိုက်၍ထို နေသဖြင့် ပြေးနေရသော ဝက်တစ်ကောင်ကို ပြေး၍မြင်ယောင် လေတော့၏။

"အိုင်ဆေး. . . ကိုနှင်းမောင်၊ ခင်ဗျားလူ ဘယ်လော ကြာကြာ ပြေးနိုင်မှာလဲဗျာ၊ တော်တော်ကြာ မောတော့မှာ မောတဲ့အခါကျမှ တရုတ်က ဗိုက်ခွဲလိုက်တော့မှာပေါ့ဗျာ"

"ဒီလိုလဲ ပြောလို့မဖြစ်ဘူးဗျ၊ ကျုပ်တို့လူက မထူးစိတ် တက်သွားတာဗျ၊ ဒီလူ ရှောင်ပုံတိမ်းပုံ ကြည့်ရတာတော့ တယ်မ လှဘူးဗျ၊ အကျဉ်းအကြပ်ထဲကျမှ တအားကြီးမယ့်ပုံပဲ"

ထိုစဉ် 'ဘာလို့ ပြေးနေတာလဲ၊ ချပါတော့လားကွ. . .





ကြောက်သလားကွ' ဟူသော မိမိ မလုပ်ရဲသည့်ကိစ္စအတွက် အသက် ကို စွန့်၍ ဆောင်ရွက်နေရသောသူအား ညှာတာထောက်ထားခြင်း မရှိသော အော်သံများ ပေါ်ထွက်လာလေ၏။ အမှန်စင်စစ် ထိုသူ များသည် တစ်စုံတစ်ယောက် အနာတရဖြစ်လျှင် တော်ပြီဟု သ ဘောထားတတ်ကြသော စိတ်ဓါတ်အားဖြင့် အောက်တန်းကျသူများ သာလျှင် ဖြစ်ပေ၏။

ဝမ်းပေါက်ချောင်နှင့် ယှဉ်ပြိုင်ထိုးသတ်၍နေရသော လက် ဝှေ့သမားအဖို့မူ စက္ကန့်တိုင်း စက္ကန့်တိုင်း သတိရှိနေရလေ၏။ တစ် ချည်းဆိုရပါမူ အမှားဖြစ်သွားလျှင် ထိုအမှားအတွက် အသက်ကို ပျော့ကြေးအဖြစ် ပေးဆပ်လိုက်ရမည့် လွန်စွာအရေးကြီးသော အ ခိုက်အခါမျိုး ဖြစ်နေသည်ကိုမူ ထိုသူများသည် စဉ်းစားမိခြင်း မရှိကြ ချေ။ စဉ်းစားမိသည့်တိုင်အောင်လည်း သူသေတာပဲ၊ ငါသေတာမှ မဟုတ်ဘဲ ဟူသော သဘောထားနိုင်သော တကိုယ်ကောင်းစိတ် ရှိသူများသာလျှင် ဖြစ်ပေတော့၏။

ဝမ်းပေါက်ချောင်သည် တွေ့ပတ်ပြေးလျက်ရှိသော လက် ဝှေ့သမားအား တစ်မျိုးတစ်ဖုံ ကြံရွယ်ပြန်လေ၏။ ၎င်း၏အကြံမှာ ပြေးနိုင်အောင် ထောင့်သို့ တဖြည်းဖြည်းနှင့် ချောင်ပိတ်ကာ ပြေး ပေါက် ပိတ်သည့်အခါကျမှပင် အပိုင်သတ်မည်ဟူ၍ဖြစ်သည်ကို ၎င်း၏ လုပ်နည်းကိုင်နည်းကို ကြည့်၍ ကျွန်ုပ် သိရှိရလေတော့၏။

သူသည် လက်ဝှေ့သမားအား တဖြည်းဖြည်း ခြောက်၍ ခင်းသွင်းလာရာ ထောင့်တွင်းသို့ တဖြည်းဖြည်း ရောက်၍နေရပေ တော့၏။

"ထောင့်ထဲကို မဝင်နဲ့၊ မင်းကို ပိတ်နေတာ"

အားမလိုအားမရ ဖြစ်နေသော ပရိသတ်က အော်၍ သတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးပြန်လေ၏။ သို့သော် လက်ဝှေ့သမားမှာ မထွက်နိုင်ရှာတော့ပေ။ ထောင့်တွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားရလေတော့၏။

ပရိသတ်လည်း အသက်ပြင်းပြင်း မရှုနိုင်တော့ဘဲ အထူး ပင် အာရုံစိုက်၍ ကြည့်နေကြလေတော့၏။

ဝမ်းပေါက်ချောင်သည် တစ်ချက်နှစ်ချက်မျှ ခြောက်ထိုး ထိုးလိုက်ပြီးနောက် လက်ဝှေ့သမား ဟန်အပျက်၌ လက်ယာဘက် လက်သည်းရှည်ကြီးဖြင့် လက်ဝှေ့သမား၏ဗိုက်ဆီသို့ တအားထိုးခု လိုက်လေတော့ရာ ရုံတစ်ခုလုံးရှိ လူများသည် “ဟာ” ဟု ဖြစ်၍သွား ကြလေ၏။

ဝမ်းပေါက်ချောင်၏ လက်သီးသည် လက်ဝှေ့သမား၏ ဝမ်းဗိုက်ကို ဖောက်၍ နောက်ကျောမှပင် ထွက်လာသည်ကို ကျွန်ုပ် မြင်တွေ့ရလေတော့၏။

ထိုသို့ လက်ကြီးတစ်ခုလုံး ဝမ်းဗိုက်တွင်းသို့ ဝင်၍သွား သည့်တိုင်အောင် လက်ဝှေ့သမားသည် သူ၏ညာလက်သီးဖြင့် ဝမ်း ပေါက်ချောင်၏ မျက်နှာအား အဆက်မပြတ် ထိုးလျက်ရှိသည်ကို လည်း တွေ့ရလေ၏။ ထို့နောက် “အား” ဟု အသံနက်ကြီးဖြင့် အော်၍ ဝမ်းပေါက်ချောင် လဲကျသွားလေတော့၏။

ထိုအခါကျမှပင် လက်ဝှေ့သမားသည် ပရိသတ်ဘက်သို့ လှည့်ကာ လက်နှစ်ဖက်ကို မြှောက်၍ နှုတ်ဆက်လေ၏။ နှုတ်ဆက် သည့်အခါ၌ ၎င်း၏ဗိုက်၌ မည်သည့်ဒဏ်ရာဒဏ်ချက်မျှ မတွေ့ရသ ဖြင့်. . .

“မထိဘူး. . . မထိဘူး၊ နိုင်ပြီ. . . နိုင်ပြီ” ဟု တစ်ရုံလုံး အော်ဟစ်ကြလေတော့၏။

“အိုင်ဆေး. . . မထိဘူးလားဗျ”





“မထိဘူး၊ ဝမ်းပေါက်ချောင် ထိုးလိုက်တဲ့လက်သီးကို ဆိုလူ သက်မဝက်လောက်ကလေး ခါးကို နွဲ့ရှောင်လိုက်ပြီး မြန်ဆုတ်သို့ အောင် သူ့ရဲ့ ဘယ်ဘက်ချိုင်းနဲ့ ညှပ်ပြီး ဝမ်းပေါက်ချောင်ရဲ့ မျက်နှာကို ညာဘက်လက်သီးနဲ့ တရစပ် သယ်လိုက်တာဗျာ”

ဒိုင်လူကြီးနှင့် ဆရာဝန်များသည် ဝမ်းပေါက်ချောင်အား ဆေး စမ်းသပ်ပြီးနောက် ကြေညာလေတော့၏။

“ဝမ်းပေါက်ချောင် သေသွားပါပြီ”

ရုံတစ်ခုလုံး ထိန်း၍မရအောင် အော်ဟစ်ကြလေ၏။ တချို့ သည်း စင်ပေါ်သို့ တက်၍ကြည့်မည် လုပ်သဖြင့် ပုလိပ်များက အား၍ထားကြရလေ၏။ ကျွန်ုပ်နှင့် ကိုနှင်းမောင်သည် စီအိုင်ဒီ ထ်များကို ပြ၍ စင်ပေါ်သို့ တက်ရောက်၍ ကြည့်ရှုကြလေ၏။

ဆရာဝန်သည် ဝမ်းပေါက်ချောင်၏ လက်နှစ်ဖက်အား ကြီးဖြင့် တိုင်း၍ကြည့်ရာ ချိုင်းဖြင့် အညှပ်ခံရသော ဘယ်လက် ည် ခြောက်လက်မခန့် ရှည်ထွက်နေသည့်တိုင်အောင် အဆစ်များ ထွက်ကုန်ကြောင်း တွေ့ရလေ၏။

ဒိုင်လူကြီးများက ကိုနှင်းမောင်အား စီအိုင်ဒီမှ စုံထောက် င်ဦးဖြစ်ကြောင်း သိရသောအခါ၌ “စောစောက ထိုးမှုတကော်လာ ခင်ဗျား မဟုတ်လား” ဟု မေးမြန်းကြရာ ကိုနှင်းမောင်က တ်မှန်ကြောင်း ဝန်ခံသောအခါ အထူးအဆန်းသဖွယ် ဝိုင်း၍ ည့်ကြပြီးလျှင် “ခင်ဗျား တော်တော် သတ္တိကောင်းတဲ့လူပဲ” ဟု၍ ချီးကျူးကြလေတော့၏။

ကျွန်ုပ်တို့လည်း စင်ပေါ်မှဆင်း၍ အပြင်ဘက်သို့ ထွက်လာ ရာ အကြော်ဆိုင်တစ်ဆိုင်ရှေ့အရောက်တွင် စောစောက အနိုင် သွားသော လက်ဝှေ့သမားက ဆိုင်ထဲမှ ပြေးထွက်လာကာ ကိုနှင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်အား အတင်းဖက်၍. . .

"မိတ်ဆွေ ပြောတဲ့အတိုင်းပဲ၊ ဒီတရုတ်ကြီးက ကျုပ်
ထောင့်မှာ ပိတ်တာဗျို့၊ ကျုပ်ကလဲ မိတ်ဆွေ မှာလိုက်တဲ့အတို
နည်းနည်းကလေး ကပ်ရှောင်ပြီး နှံလိုက်ရတာပဲ၊ အဲဒါကြောင့် မိ
ဆွေကို ပြုစုပါရစေ၊ ဒီဆိုင်မှာ အရက်လဲ ရပါတယ်"

ဟု ဆိုကာ ကိုနှင်းမောင်အား အတင်းကာရော ဆွဲ၍
သဖြင့် ကိုနှင်းမောင်က အမျိုးမျိုးအဖုံဖုံ အကြောင်းပြ၍ ငြင်းဆ
လေ၏။

"ခင်ဗျား အခု ဆုကြေးဘယ်လောက်ရသလဲ" ဟု ကျွန်ုပ်
ဝင်မေးလိုက်၏။

"ခြောက်ရာ့အစိတ်ပါ ခင်ဗျာ" ဟု ပြန်၍ဖြေလိုက်
ကျွန်ုပ်က "အိမ်ဘယ်မှာလဲ၊ ကားနဲ့ လိုက်ပို့ပါရစေ" ဟု ပြောသေ
လည်း ၎င်းလက်ဝှေ့သမားက. . .

"မလုပ်ပါနဲ့ဗျာ၊ အသက်နဲ့လဲပြီး ရှာထားတဲ့ပိုက်ဆံကလေ
မိန်းမကို အကုန်မကျွေးရက်ပါဘူးဗျာ၊ ကျုပ်နဲ့ သေဖော်သေဖ
လက်ဝှေ့သမားတွေကို စိတ်တိုင်းကျ ညှိခံပါရစေဦး" ဟု ဆိုသဖြ
ကျွန်ုပ်တို့လည်း ထွက်ခဲ့ကြလေတော့၏။

ကားပေါ်ရောက်သည့်အခါ၌ ကျွန်ုပ်က. . .

"ခင်ဗျား ပြောတဲ့နည်းနဲ့တောင် ဟိုလူ နိုင်တယ်ဆိုတေ
ခင်ဗျားနဲ့ သတ်ခွင့်ရလို့ သတ်ရရင်လဲ ခင်ဗျားပဲ နိုင်မှာပေါ့" 
ပြောသည့် အခါ၌မူ ကိုနှင်းမောင်သည် မည်သို့မျှ ပြန်မပြောတော့
မြုံးရုံသာပြုံးပြီးလျှင် စီးကရက်တစ်လိပ်ကို ထုတ်၍သောက်ကာ အ
အတွေးနှင့်သူ လိုက်ပါ၍လာလေတော့၏။



တ်ချက်။

။ ၎င်းဝမ်းပေါက်ချောင်နှင့် မြန်မာလက်ဝှေ့သမား
တို့ ထိုးသတ်ခဲ့သောပွဲကို ယခုအခါ၌ အသက်
(၆၀)ကျော်နီးပါးရှိ ရန်ကုန်သားကြီးများသည်
ကြည့်ဖူးလိုက်ရသည်သာ များပေလိမ့်မည်။ ထိုည
က အနိုင်ရရှိသွားသော လက်ဝှေ့သမား၏ အ
မည်မှာမူ စစ်အတွင်း၌ ပျောက်ဆုံးသွားခဲ့သော
ကျွန်ုပ်၏ဒိုင်ယာရီတွင် ပါသွားပြီဖြစ်ပြီး ကျွန်ုပ်
ကိုယ်တိုင်လည်း မှတ်မိခြင်း မရှိတော့သဖြင့် အ
မည်အား မဖော်ပြနိုင်ခြင်းကို ခွင့်လွှတ်ကြပါ
ကုန်။

(စာရေးသူ)

. . . ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com





# တရားခံ အသစ်တစ်ယောက် လဲခြင်း

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်နှင့် ကိုနှင်းမောင်တို့သည် ...င်ဒီ ရုံးခန်း၌ပင် ဆုံကြလေ၏။ ကျွန်ုပ်တို့နှစ်ဦး စကားပြောလျက် ...ကြစဉ်ပင် မစ္စတာစတီးဝပ် ရောက်လာပြီးလျှင်. . .

"မစ္စတာနှင်းမောင်. . . ညက ဂျူဗလီဟောမှာ ဝမ်းပေါက် ...ာင်ကို သတ်ဖို့ ကြိုးစားတယ်နော်"

"မင်းကြီး. . ညက ကြည့်သလား"

"ဘယ်မကြည့်ဘဲ နေမလဲ. . . မစ္စတာနှင်းမောင် စင်ပေါ် ...ဘက်တော့ တားမလို့ လုပ်သေးတယ်၊ မစ္စတာဘရိုက လွှတ်ပေး ...တ်ပါ၊ ဒီအချိန်မှာ ဘုရားသခင် ဆင်းပြီးတားရင်တောင် ရမှာ ...တ်ဘူးလို့ သူက ပြောတာနဲ့ မတားဖြစ်တာ၊ သူ့ကိုတော့ ချီး



www.burmeseclassic.com

www.burmeseclassic.com



ကျူးရမှာပဲ၊ ညက ဟိုကောင်နိုင်တာလဲ မစ္စတာနှင်းမောင်ရဲ့ အိုင်
ယာ ပါမှာပဲ၊ ဒြော်. . ဒါနဲ့ ဗဟန်းဂါတ်က ရာဇဝတ်အုပ်နှစ်ကော
ဖမ်းထားတဲ့ တရားခံတွေကလဲ အာမခံ ပေးလိုက်ပြီဆိုပဲ၊ အလော
မှာ တွေ့တဲ့ သုက်သွေးနဲ့ ဒီကောင်တွေရဲ့သုက်သွေးကို ယှဉ်ပြီးကြ
ဖို့ မစ္စတာနှင်းမောင်က အကြံပေးလိုက်တာမှာ အဲဒီတရားခံ
အာမခံ ရတော့တာပေါ့၊ သွေးချင်းမတူဘူးလို့ ဆရာဝန်က သက်
ခံတယ်၊ အဲဒီ ရာဇဝတ်အုပ်နှစ်ကောင်ကတော့ မကြာခင် တရာ
ကို ဖမ်းပေးဦးမယ်လို့ သူတို့ဘော့စ်(တိုက်ပိုင်ကြီးကို ဆိုလိုသည်)
ပြောတယ်ဆိုပဲ၊ အလကား အသုံးမကျတဲ့ကောင် နှစ်ကောင်ပဲ၊
တော့ သူတို့က ပိုးနံ့ကောင်လို ခုန်ဆွခုန်ဆွ လုပ်နေသေးတ
ရယ်ဖို့ ဘယ်လောက်ကောင်းသလဲ၊ အိုကေ. . . ကျွန်ုပ်သွားမယ်
တာ နှင်းမောင်၊ ဆက်ပြီးလုပ်ပါ၊ လိုတဲ့အကူအညီရှိရင်လဲ ပြော

ဟူ၍ မစ္စတာစတီးဝပ်သည် ရှည်လျားလှသော စကား
ကို ပြောကာ ကျွန်ုပ်တို့အနီးမှ ထွက်သွားလေတော့၏။

မစ္စတာစတီးဝပ် ထွက်သွားလျှင် ကျွန်ုပ်က ကိုနှင်းမော
အား. . .

“မစ္စတာနှင်းမောင်. . . ကျုပ်တို့ ဘာဆက်လုပ်ရမလဲ”

“အိုင်ပီ. . . ခရီးသွားခွင့် တင်ခဲ့ပါ၊ ဒီနေ့ပဲ မန္တလေး
သွားကြရအောင်”

“ဘယ်သူ့ဆီကိုလဲ”

“ခင်ခင်စိန့်ဗီရိုထဲက တွေ့ခဲ့တဲ့ ပန်းထိမ်ဆရာ ကိုမော
မောင်ဆီကိုလေ”

ဟု ဆိုသဖြင့် ခရီးသွားခွင့်ပုံစံ၌ဖြည့်စွက်၍ မစ္စတာစတီး
ထံ တင်ပြပြီးနောက် မန္တလေးသို့ ထွက်ရန်အတွက် ပြင်ဆင်စရာ





ည်များကို ပြင်ဆင်ပြီးနောက် ကိုနှင်းမောင်ခေါ်ရာသို့ တကောက်
ာက် လိုက်ခဲ့ရလေ၏။

“ခင်ခင်စိန်ဟာ မသေမီ မိနစ်ပိုင်းကလေး အတွင်းမှာ
ာကျားတစ်ဦးနဲ့ သံဝါသ ပြုသွားတယ်ဆိုတဲ့ ဆရာဝန်ရဲ့ ထွက်
ဲဟာ အခုနေအခါမှာ အမှုရဲ့အသက်လို ဖြစ်နေတယ် အိုင်ပီ”

“ဒီမိန်းမကလဲဗျာ. . . သေခါနီးမှာများ”

“သေမယ်ဆိုတာ ဘယ်သိမလဲဗျာ”

“ဟုတ်တယ်ဗျို့၊ နောက်မိနစ်အနည်းငယ်အတွင်းမှာ သေ
ယ်ဆိုတာသိရင်တော့ ခင်ခင်စိန်ဟာ ဒီကိစ္စကို စိတ်တောင်ကူးဝံ့ရှာ
် မဟုတ်ဘူးဗျ”

“အစစ်ပေါ့ဗျာ. . . (Blindness to the future kindly
ing) အနာဂတ်ကို ကြိုတင်မသိနိုင်တာဟာ ဘုရားသခင်ရဲ့
ကောတော်ပဲလို့ ခရစ်ယာန်ဘာသာဝင်တွေကတော့ ဆိုရိုးရှိတာပဲ

“အခု ခင်ဗျားပြောတဲ့ ဆိုရိုးစကားဟာ ဟုတ်မှဟုတ်ရဲ့လား
သဒ္ဒါလဲ မမှန်ပါလား”

“အဲဒါပေါ့ဗျ. . . (Poetic Licence) ပိုးအက်တစ်လိုင်စင်
ခေါ်တဲ့ ကဗျာမှာ သဒ္ဒါကို ငဲ့ဖို့မလိုတဲ့ ခွင့်ပြုချက်ကြောင့်ပေါ့ဗျာ၊
ားပုံက ပုပ်လို့ ခေါ်တဲ့ ကဗျာဆရာကြီးတစ်ဦးရဲ့ သံဝေဂ
ာထဲကဗျ၊ ရှိတ်စပီးယားရဲ့ ကဗျာတွေတောင် တစ်ချို့ သဒ္ဒါစည်း
်နဲ့ မညီတာတွေ ရှိတယ်ဗျ၊ ဒါပေမယ့်လို့ ကိစ္စမရှိဘူး၊ ကဗျာမှာ
ါကို ငဲ့ဖို့ရာ မလိုဘူးဗျ၊ သူတစ်ယောက်လို့ ဆိုရမယ့်အစား သူ
ည်းတစ်ယောက်လို့ ရေးတာ မှားတယ်လို့ မဆိုနိုင်ဘူးမဟုတ်လား”

“ခင်ဗျားဟာ ဘယ်ကိစ္စမဆို နိုက်နိုက်ချွတ်ချွတ် တယ်လဲ



www.burmeseclassic.com

www.burmeseclassic.com



လေ့လာထားတာကိုဗျ"

"စုံထောက် လုပ်မယ်ဆိုရင် သေနတ်ပစ်တတ်ရုံနဲ့ နေ မကျလှဘူးဗျ၊ အဘက်ဘက်က ဗဟုသုတ စုံရတယ်၊ ပြီးတော့ နေ တကာမှာလဲ ခေတ်မီတဲ့ ကိရိယာတွေချည်းပဲ သိပ်အားမကိုးရဘူး စကော့တလန် စုံထောက်အဖွဲ့ နာမည်ကျဆင်းလာတာဟာ အဲ ကြောင့်ပေါ့၊ ကိုယ်တိုင် နှာခေါင်းနဲ့နမ်းကြည့်ရမယ့် ပစ္စည်းကလေး ဓာတ်ခွဲခန်း ပို့ပြီးမှ ဘာအနံ့ ရတယ်ဆိုတဲ့အဖြေကို စောင့်နေ စုံထောက်တွေချည်း ဖြစ်နေကြပြီဆိုပဲ"

"ခင်ဗျားနဲ့သာ တွဲပြီး အမှုများ လိုက်ရရင်တော့ ကျွ စုံထောက်ကောင်းတစ်ယောက် ဖြစ်လာမှာပေါ့ဗျာ"

"ကျုပ် ပြောရပါတယ်၊ ဒီအမှုဟာ ခင်ဗျားအတွက်လေ စုံထောက်နည်း ကျမ်းကြီးဆယ်ကျမ်းလောက်ကို တစ်ခါတည်း ဖ ထားတာလောက် အကျိုးရှိလိမ့်မယ်ဗျ"

ကျွန်ုပ်သည် တစ်နေ့လုံးလိုလို ကိုနှင်းမောင် သွားချင်သော ဆိုသည့်နေရာများသို့ မော်တော်ကားဖြင့် လိုက်၍ပို့ရလေ၏၊ လေး စာပို့ ထွက်ခါနီးအချိန်ကျမှပင် ဘူတာရုံသို့ သွားကြပြီး အင်းစိန် စီအိုင်ဒီမှ ဒရိုင်ဘာတစ်ဦးကို တယ်လီဖုန်းဖြင့် ခေါ် ကားကို ပြန်သိမ်းစေပြီးနောက် ရထားပေါ်သို့ တက်ခဲ့ကြလေ

တစ်လမ်းလုံး၌ ကိုနှင်းမောင်သည် သက်ကြီးရွယ်အို အား တွဲ၍ပို့ခြင်း၊ မနိုင့်တနိုင်နှင့် ထမ်းပိုးလာသော ခရီးသည်များ အထုပ်အပိုးများကို ကူ၍ချပေးခြင်း၊ ဈေးဆင်း၍ မဝယ်နိုင်သေ သားသည်မအေများအတွက် မုန့်ပဲသရေစာများ ဆင်း၍ဝယ် ခြင်း စသောအလုပ်များကို လုပ်ကိုင်လျက် လိုက်ပါခဲ့လေ၏။

မန္တလေးသို့ ရောက်သည့်ကာလ၌လည်း ဂါတ်သို့





စ်ယောက်တည်းသာ သွားရောက်၍ အကျိုးအကြောင်း ပြောရ သေ၏။ ၎င်းကမူ လက်ဖက်ရည်ဆိုင်၌ ကျန်ခဲ့လေ၏။

ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် နဝရတ်ကိုးသွယ် ရွှေပန်း မ်တိုက်သို့ သွားရောက်ကာ ကိုမောင်မောင်နှင့် တွေ့ဆုံကြလေ၏။ မောင်မောင်သည် တွေ့လျှင်တွေ့ချင်း ကျွန်ုပ်တို့ အပေါ်တွင် ကောင်းမွန်စွာ မဆက်ဆံလိုပေ။ စကားပြောရသည်မှာလည်း ကတ် တတ်တတ် နိုင်လှ၏။ သို့ရာတွင် ကျွန်ုပ်က စီအိုင်ဒီကတ်ကို ထုတ်၍ ပြလိုက်သည့်အခါ၌မှ သူသည် များစွာသော မန္တလေးသားများကဲ့သို့ ပင် ယဉ်ကျေးသိမ်မွေ့သော အသုံးအနှုန်းများဖြင့် ပြောဆိုလေတော့ ၏။

"ခင်ဗျားနဲ့ ခင်ခင်စိန် မောင်နှမတော်တယ်ဆိုတာကို သိ တာ ဘယ်လောက် ကြာပြီလဲ ကိုမောင်မောင်"

ကိုနှင်းမောင်က ဤသို့မေးလိုက်လျှင် ကိုမောင်မောင်ဆိုသူ သည် မျက်စိမျက်နှာများ ပျက်၍သွားပြီးနောက်. . .

"သိတာတော့ ကြာပါပြီဗျာ၊ သူ့ယောကျ်ားသေပြီး တစ်နှစ် လောက်မှာ ထင်ပါရဲ့၊ လေးနှစ်လောက်တော့ ရှိသွားပြီ၊ ဒါပေမယ့် ကျွန်တော်ကပဲ သိသေးတာ၊ သူက မသိသေးဘူး၊ ပြီးခဲ့တဲ့နှစ်လောက် ကမှ စပြီး ကျွန်တော်က စာရေးပြီး ဆက်သွယ်ခဲ့တယ်၊ မမကတော့ မယုံဘူး၊ နောက်တော့ အဖေနဲ့ကျွန်တော် ရိုက်ထားတဲ့ဓာတ်ပုံတွေပါ သူ့ဆီကို ပို့တော့မှ ယုံတယ်ခင်ဗျ၊ ပထမတော့ သူ့အမွေတွေကို လိုက်လိုချင်တယ်လို့ ထင်များ ထင်နေလို့လားမသိ၊ ကျွန်တော်က အဲဒီကြောင့် မဟုတ်ပါဘူး၊ ကျွန်တော့်မှာလဲ ဆွေမျိုးက ရှိတာမှ မဟုတ် ဘဲ ကျွန်တော် တစ်ယောက်တည်းဆိုတော့ ဆွေမျိုး သိပ်ခင်တတ်တာ ဗျာ၊ တစ်ကောင်ကြွက်လို့လဲ သူများအပြော မခံနိုင်ဘူး မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ အခုလို ကိုယ့်အစ်မတစ်ယောက် ရှိသေးတယ်ဆိုတော့ မ
က စုံစမ်းပြီး ကျွန်တော်ကပဲ စပြီးဆက်သွယ်ရတာပေါ့၊ သူ့အမွေ
ကိုလဲ ကျွန်တော် မမက်ပါဘူးဗျာ”

“ဒါပေမယ့် ခင်ဗျား အကုန်ရပြီလို့ ဆိုရမှာပဲ”

“ဘာကိုလဲ ခင်ဗျာ”

“သူ့ပစ္စည်းတွေကိုပေါ့၊ ခင်ခင်စိန် သေသွားပြီ”

“အို. . .”

“ရိုးရိုးသေတာ မဟုတ်ဘူး၊ အသတ်ခံရတာ”

“အလိုလေး. . .”

“အဲဒီကိစ္စကြောင့် ခင်ဗျားဆီကို လာခဲ့တာပဲ၊ ခင်ခင်
အကြောင်း လုံးစေ့ပတ်စေ့ သိရမှ တရားခံကို ကျွန်တော်တို့ စဉ်းစ
နိုင်မှာ”

“ခင်ခင်စိန်နဲ့ ခင်ဗျားဟာ ဖအေတူ မအေကွဲ မောင်
မဟုတ်လား”

“အမှန်တော့ ခင်ခင်စိန်ဟာ ကျွန်တော့်အဖေ ဦးစိန်
မွေးစားသမီးပါ၊ သူနဲ့ အဆက်အသွယ်ရမှ သိရတာကတော့
သွားတဲ့ သူ့ယောကျ်ားဟာလဲ ကျွန်တော့်အစ်ကိုဝမ်းကွဲ ကိုသံဟိ
ဆိုတဲ့လူပါပဲ၊ တစ်နည်းအားဖြင့် ကျွန်တော့်မရီးပါပဲ”

“ခင်ဗျားကကော ခင်ဗျားအဖေနဲ့ ကွဲသွားတာ ဘယ်
ရွယ်လောက်ကလဲ”

“လသားလောက်ပဲ ရှိပါသေးတယ်လို့ သိရတယ်၊ ကိုယ့်
ဖေ အကြောင်း မကောင်းပြောရာများ ကျနေမလား မသိဘူး၊
တော့် အမေ ပြောပြချက်အရ ကျွန်တော့်အဖေဟာ လှေကြီး
စင်းနဲ့ ပိုးဖဲကတ္တီပါကအစ ရွှေတိ၊ ကြက်သွန်တွေအထိ တင်ပြီး





ဝတီမြစ်ကို အစုန်အဆန်သွားပြီး ရောင်းဝယ် ဖောက်ကားခဲ့တယ်၊
တွေ ရောက်ရင် သူ့လှေတွေကို ရပ်ပြီး ဆိုင်တင်ရောင်း၊ အဲဒီမြို့
လိုချင်တဲ့ပစ္စည်း ဝယ်နဲ့၊ တစ်လကိုးသီတင်း ကြာနေတတ်တယ်၊
တော့မှ ရှေ့ဆက်သွားနဲ့ လုပ်လာခဲ့တာခင်ဗျ၊ အဲဒီလိုနဲ့ အဖေဟာ
ဆံချမ်းသာလာတယ်၊ ပိုက်ဆံချမ်းသာရုံတင် မကသေးဘူး ခင်
ယူလိုက်တဲ့မိန်းမတွေကလဲ ဧရာဝတီမြစ်ရိုးတစ်လျှောက်တော့
ရွာတစ်ယောက် ဆိုသလိုပါပဲခင်ဗျာ၊ ကျွန်တော့်အမေဟာလဲ
ယ်နှစ်ယောက်မြောက် မယားငယ်လဲ မဆိုနိုင်ပါဘူးခင်ဗျာ၊ ဒါပေ
် အဖေယူတဲ့ မယားငယ်တွေထဲမှာ သားသမီး ရှိတယ်လို့တော့
ားမိပါဘူး”

“ခင်ဗျားအဖေဟာ အဲဒီလို ဈေးလှေတစ်ခုတည်းနဲ့ ချမ်း
တာပဲလား ခင်ဗျာ”

“မဟုတ်ဘူးခင်ဗျာ၊ နောက်တော့ လယ်တွေ ဝယ်တယ်၊
စက်တွေဘာတွေလဲ ဝယ်တယ်လို့ သိရတယ်ခင်ဗျ”

“ကျွန်တော်တို့ သိရတာကတော့ ခင်ခင်စိန်မှာ ခင်ဗျား
ှင် မောင်တစ်ယောက် ရှိသေးတယ်ဆိုပဲ၊ အဲဒါ ရေနစ်ပြီး သေ
းတယ်လို့ သိရတယ်”

“သြ. . . ဒါလား၊ အဲဒါကို အစ်မကြီး ပြောပြဖူးပါတယ်၊
င် မတော်ပါဘူး ခင်ဗျ၊ သူ့ယောကျ်ား ရှိတုန်းကတည်းက ခေါ်
းတဲ့ အလုပ်သမားပါ၊ ရေနစ်လို့ဆုံးသွားတာ တစ်နှစ်ရှိပါပြီ၊
ာမည်က ဘာတဲ့၊ ချစ်. . ချစ်. . ချစ်ဖွယ်ဆိုပဲ”

“ကောင်းပါပြီ ကိုမောင်မောင်၊ ခင်ခင်စိန်ဆီကို နောက်ဆုံး
တ်တာ ဘယ်လောက်ကြာပြီလဲ”

“တစ်ပတ်ရှိပါပြီ ခင်ဗျ”



www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တဲ့ မြင်းပွဲနေ့တုန်းက ဆိုပါတော့ဗျာ"

"ဟုတ်ပါတယ် ခင်ဗျ"

"သုံးရောင်ခြယ်ဆိုတဲ့မြင်းကို ခင်ဗျား ဝင်းချည်းပဲ လော
တာ ငွေလေးရာလောက် ရှုံးသွားတယ်ဆိုပါတော့"

"ဟုတ်. . ဟုတ်ပါတယ်ခင်ဗျ၊ အဲဒါနဲ့ ခင်ခင်စိန့်ဆီက
ဝင်ချေးတာပါ"

"ဟိုက စိန်ကြယ်သီးတစ်စုံ ခေတ္တပေါင်ဖို့ ငှားလိုက်
မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် သွားတောင်းတဲ့အ
မှာ ဘဏ်ပိတ်ချိန် ဖြစ်နေလို့တဲ့ခင်ဗျ"

"ကောင်းပါပြီ၊ ကျွန်တော်တို့ သိချင်တာတွေတော့ သိရ
ဗျာ"

ကျွန်ုပ်တို့သည် ကိုမောင်မောင်၏ ပန်းထိမ်တိုက်မှ ထွ
လာပြီးလျှင် ဈေးချိုထောင့်ရှိ မုန့်တီဆိုင်တစ်ဆိုင်၌ မုန့်တီများ
သောက်ပြီးနောက် မြောက်ပြင်ဘက်သို့ ထွက်၍လာကြလေ

"အိုင်ဆေး. . . တခြားအမှုတွေမှာဆိုရင် တရားခံ ဘ
ဖြစ်မယ်ဆိုတာကို ခင်ဗျား ပြောနိုင်တယ်၊ အခုအမှုကျတော့
ဆိတ်လှချေလားဗျာ"

"ဟုတ်တယ် အိုင်ပီ၊ ဒီအမှုက သိပ်ပြီးသိမ်မွေ့နေ
ကွင်းဆက်ကလေးတစ်ဆက်က မြုပ်နေတယ်ဗျာ၊ အဲဒီကွင်းဆ
ကျုပ် ရှာနေတာပဲ၊ ရတာနဲ့ တရားခံကို ဖမ်းနိုင်ပါပြီ၊ ဒါနဲ့ အိုင်ပီ
ကိုမောင်မောင့်စကားထဲမှာ ဘာများ ထူးခြားချက် တွေ့သေးသ

"ဒီတစ်ခါတော့ ကျွန်တော် သိပြီဗျို့ ကိုနှင်းမောင်၊ ခ
စိန့်မှာ မောင်မရှိဘူးဆိုတဲ့ အချက်မဟုတ်လား၊ ချစ်ဖွယ်ဆိုတဲ့





ခင်ခင်စိန့်ယောက်ျား ရှိကတည်းက အတူနေတဲ့ အလုပ်သမားလို့
တ ပြောနေပြန်တယ်"

"သိပ်ဟုတ်တာပေါ့ အိုင်ပီ၊ ပထမအချက်ကတော့ ကမလာ
ခင်ခင်စိန့်မှာ မောင်တစ်ယောက် ရှိတယ်လို့ ပြောတယ်၊ ဒုတိယ
ရှင်ကြီးဒေါ်စိန်က ဒီအချက်ကို ထိမ်ချန်ထားတယ်၊ ခု ကိုမောင်
င်က အတူနေတဲ့ အလုပ်သမားလို့ ဆိုနေပြီ၊ ဒီအချက်ဟာ အ
ကြီးဆုံးပဲ၊ ချစ်ဖွယ်ဆိုတဲ့ ခင်ခင်စိန့်မောင်ဟာ ဒီအမှုမှာ အရေး
ဆုံးလို့ ကျုပ် ထင်တယ်"

"ဒါပေမယ့် ချစ်ဖွယ်က ရေနစ်ပြီး သေပြီမဟုတ်လား"

"အဲဒါ ခက်နေတာပေါ့ အိုင်ပီ၊ လွန်ခဲ့တဲ့တစ်နှစ်လောက်က
သွားတဲ့လူ၊ အခုမှ ဖြစ်တဲ့အမှုမှာ အရေးကြီးဆုံး ပတ်သက်နေ
ာ့ စဉ်းစားရကျပ်နေတာပေါ့၊ ကျုပ် အမှုလိုက်ခဲ့တဲ့ သက်တမ်း
လျှောက်မှာဖြင့် ဒီလိုအဖြစ်မျိုး မကြုံဖူးပေါင်ဗျာ၊ ဪ. . . ဒါနဲ့
ောင်မောင့်ကို အိုင်ပီ ဘယ်လိုထင်သလဲ"

"ကျုပ်တော့ဖြင့် မထင်တတ်ပေါင်ဗျာ"

"ကျုပ်ကတော့ ကိုမောင်မောင့်ကို လုံးဝမထင်ဘူး၊ ဒါပေ
အမှုတစ်ခုကို လိုက်တဲ့အခါမှာ ကိုယ်က မထင်တဲ့လူကို အမှုအ
ောင်း စဉ်းစားတဲ့အခါမှာ မပါလာအောင် ထုတ်ပေးဖို့က အရေး
ဘယ် မဟုတ်လား၊ ဒီတော့ ခင်ခင်စိန် သေတဲ့အချိန်က ကို
င်မောင် မန္တလေးမှာ ရှိကြောင်း အလီဘိုင် ပြနိုင်ရင်တော့
ယ်ပါတယ်"

ကျွန်ုပ်တို့ မန္တလေး မြောက်ပြင်ရှိ အသိမိတ်ဆွေတစ်ဦးအိ
သို့ ရောက်တုန်းရောက်ခိုက် ဝင်ရောက် လည်ပတ်ပြီးနောက်
တုန်သို့ ပြန်ခဲ့ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ရန်ကုန်သို့ ပြန်ရောက်ပြီး နှစ်ရက်မျှအကြာတွ မန္တလေးမှ ပန်းထိမ်ဆရာ ကိုမောင်မောင်အား ဗဟန်းဂါတ်မှ တ ခံအဖြစ် ဖမ်းဆီးလိုက်ကြောင်း သိရလေတော့၏။

... ပြီးပါပြီ ...





## ထူးဆန်းသောသဲလွန်စ (သို့မဟုတ်) ရာဓိ

ကျွန်ုပ်နှင့် ကိုနှင်းမောင်သည် စီအိုင်ဒီရှိ ကျွန်ုပ်၏ရုံးခန်း တွင်း၌ စကားပြောလျက်ရှိကြစဉ်၌ ကျွန်ုပ်တို့ မမျှော်လင့်သောသူ စ်ယောက် ရောက်ရှိလာလေ၏။ နွားနို့ပို့သော ကုလားမလေး မလာပင် ဖြစ်လေ၏။ ကမလာသည် ကျွန်ုပ်တို့ရှိသောနေရာသို့ မြန်းရောက်ရှိလာခြင်းအတွက် ကျွန်ုပ်သည် လွန်စွာအံ့ဩမိလေ ကျွန်ုပ်သာလျှင် မဟုတ်ပေ၊ ကိုနှင်းမောင်သည်ပင်လျှင် ကမလာ ကြည့်၍ ထူးဆန်းသလိုလို ဖြစ်နေ၏။ ကိုနှင်းမောင်က ကုလား ိုင် ထိုး၍ပေးကာ ထိုင်ခိုင်းပြီးလျှင်. . .

"ထိုင်ပါ. . . ကမလာ၊ ဘာပြောစရာရှိလို့လဲ၊ ပြောသာ ပြောပါ"

"သခင်. . . ကျွန်မ အများကြီး စိတ်ဆင်းရဲနေရပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရာမိကို သခင်တို့ ဖမ်းထားပြီမဟုတ်လား၊ ဖမ်းတယ်ဆိုရင်လဲ
တယ် ပြောပါ သခင်"

ကျွန်ုပ်နှင့် ကိုနှင်းမောင်တို့သည် တစ်ဦးမျက်နှာကို တ
ကြည့်လျက် ရှိကြလေ၏။

"ကမလာ. . . ရာမိကို ငါတို့ ဖမ်းမထားပါဘူး ဒါပေ
ငါတို့ ကူညီနိုင်ပါတယ်၊ ရာမိဆိုတာ ဘယ်သူလဲ"

အနည်းငယ် ရှက်သလိုလို ဖြစ်သွားပြီးနောက်. . .

"ကျွန်မနဲ့ ယူမယ့်လူပါ သခင်"

"အခု ဘယ်ကြဖြစ်လို့လဲ"

"သုံးရက်ရှိပြီ ပြန်မလာတာ"

"ဘယ်ကို သွားလို့တုန်း"

"သခင်မ အိမ်ကြီးထဲကို ဝင်သွားတာ"

"ဟေ. . . ခင်ခင်စိန်တို့ တိုက်ကြီးထဲကိုလား၊ ဘာဝင်
တာလဲ"

"ကျွန်မကာ ပြောပါတယ်၊ မရဘူး၊ ဝင်မယ်ဆိုပြီး သွားတာ
ကျွန်မ ခြံနားအထိ လိုက်သွားပါတယ်၊ သူ အထဲကိုဝင်သွားမှ ကျွ
ပြန်ခဲ့ပါတယ်၊ အဲဒီကတည်းက ပြန်ပြီးထွက်မလာတော့ဘူး"

"ဟုတ်ပါပြီ၊ သူက အိမ်ကြီးထဲကို ဘာဝင်လုပ်တာလဲ"

"ဒီအိမ်ကြီး ဆောက်တုန်းက သူ့အဖေဟာ ပန်းရန်အ
လုပ်ခဲ့ရတယ်တဲ့၊ အဲဒီတုန်းက ဒီအိမ်ကြီးရဲ့ အိမ်ခန်းအောက်
အဖိုးတန်ပစ္စည်းတွေ ဝှက်ဖို့ အံဖုံးကြီး လုပ်ရတယ်တဲ့၊ အဲဒ
ရာမိဟာ သူ့အဖေ ပြောလို့ ကြားဖူးခဲ့တာကို မှတ်မိနေတယ်၊ အ
အိမ်ကြီးထဲမှာ ဘယ်သူမှ မရှိတုန်း သွားပြီးဖောက်ရင် ရမှာ
ကျွန်မကို ပြောတယ်၊ အဲဒီပစ္စည်းတွေကို ရရင် နင်နဲ့ငါနဲ့ မြ





ောဆောင်ရမယ်လို့လဲ ပြောတယ်၊ ကျွန်မက မသွားဖို့ ပြောပါ
ယ် မရဘူးရှင့်၊ အဲဒီကတည်းက ပြန်မလာတာ အခုဆိုရင် သုံး
တောင် ရှိပါပြီ၊ ကျွန်မ ကောင်ကလေးတစ်ယောက်ကို မနက်က
ည်းက ကြည့်ခိုင်းတာ၊ အဲဒီအထဲမှာလဲ မတွေ့ရဘူးရှင့်၊ အဲဒါ
ကြောင့် သခင်တို့များ ဖမ်းထားပြီလားလို့ပါ"

"စိတ်မပူပါနဲ့ ကမလာ၊ ရာမိကို ငါတို့ မဖမ်းပါဘူး၊ ငါတို့လဲ
ပြီးရှာပေးပါ့မယ်၊ တကယ်လို့ သူ ပြန်လာရင်လဲ ချက်ချင်း ငါ
ကို လာပြောနော်"

"ပြောပါ့မယ် သခင်"

ကျွန်ုပ်နှင့် ကိုနှင်းမောင်တို့သည် ကမလာအား ချော့မော့၍
လွှတ်ပြီးနောက် ဆက်လက်၍ စကားပြောကြရပြန်၏။

"ဘယ်လိုလဲ ကိုနှင်းမောင်၊ အမှုက တော်တော့်ကို ရှုပ်နေပြီ
ဗျ"

"အစစ်ပေါ့ အိုင်ပီ၊ တော်တော်ကလေးကို ရှုပ်နေပြီ၊ ဒါပေ
မဲ့လို့ အမှုတစ်ခုဟာ ရှုပ်လေကောင်းလေပဲဗျ"

"မဟုတ်တာဘဲဗျာ၊ ရှုပ်တာပဲ ကောင်းရတယ်လို့"

"ဟုတ်တယ် အိုင်ပီ၊ ရှုပ်တဲ့အတွက် သဲလွန်စတွေ ရှာဖို့
ခဲယဉ်းတယ်. တကယ်လို့ လမ်းဘေးမှာ လူတစ်ယောက် အသတ်ခံရ
တယ် ဆိုပါတော့ဗျာ၊ အမှုသွားအမှုလာကတော့ မရှုပ်ဘူး၊ ဒါပေမယ့်
တရားခံသည်ပေါ်ဖို့ကတော့ သိပ်ခက်သွားပြီ မဟုတ်လား၊ အခုလို
ရှုပ်တဲ့အမှုကတော့ ရှုပ်တာနဲ့အမျှ သဲလွန်စတွေ ရရပြီး နေတာမို့
တရားခံကို ဖော်ထုတ်ဖို့ လွယ်တယ်ဗျ"

"ခင်ဗျားပြောတာလဲ ဟုတ်တုတ်တုတ်ပဲဗျို့"

ကျွန်ုပ်တို့သည် နေ့လယ်ပိုင်း၌ "စိန်ဘောဂ" တိုက်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



သော့ကို ယူကာ တိုက်အတွင်းသို့ တစ်ဖန်ဖွင့်၍ ခြေရာလက်ရာ
ကို ကြည့်ကြပြန်လေ၏။ ခင်ခင်စိန် အသတ်ခံရသော ကုတင်
သည် နေရာရွှေ့လျက်ရှိပြီးလျှင် အံဖုံးကြီးတစ်ခု ပွင့်လျက်ရှိသည်
တွေ့ရလေ၏။

ဂုင်းအံဖုံးအတွင်းသို့ ကျွန်ုပ်တို့နှစ်ယောက်စလုံး ဆင်
ကြည့်ရာ ငွေဒင်္ဂါးအနည်းငယ်မှလွဲ၍ ငါးပေပတ်လည်ကျယ်၍
မြင့်အားဖြင့် လူတစ်ရပ်သာသာမျှ မြင့်သော အုတ်ကန်ကြီးအတွ
၌ မည်သည့်ပစ္စည်းကိုမျှ မတွေ့ရတော့ပေ။

ကျွန်ုပ်တို့သည် ထိုအုတ်ကန်ကြီးအတွင်းမှ တက်ခဲ့ကြ
နောက် အုတ်ကန်ပတ်လည်၌ ရှိသော ခြေရာများအား ကိုနှင်းမော
က လေးဖက်ထောက်လျက် တစ်ခုချင်း သေချာစွာ ကြည့်ပြီးနော

"သိပ်ပြီးဆန်းနေပြီ အိုင်ပီ"

"ဘယ်ပုံ ဆန်းတာလဲဗျ ကိုနှင်းမောင်"

"ဒီမှာကြည့်စမ်းပါဦး၊ ဟောဒီခြေရာက ရာမိခြေရာဗျ
နပ် မပါဘူး၊ ဟိုပြတင်းပေါက်အပေါ်က လေဝင်ပေါက်ကို လျှိုပြီး
ခဲ့တာ၊ ဟောဒါက နောက်ထပ် ခြေရာတစ်ခုဗျ၊ သူကတော့ တံခါ
ကြီးက ဝင်ခဲ့တာ၊ သော့တူနဲ့ ဖွင့်ပြီးဝင်ခဲ့ဟန် တူတယ်ဗျ"

"ဟုတ်တယ်ဗျို့"

"ကြည့်ဦးဗျ၊ ဟောဒီ ဒုတိယခြေရာက အံဖုံးနားအထိ
တယ်၊ ပြီးတော့ ပြန်လျှောက်တယ်၊ အဲဒီ ပြန်လျှောက်တဲ့နေရာ
ဘယ်လို သိသာနိုင်သလဲဆိုရင် ညာဘက်ခြေရာဘက်ကို ဘယ်သ
ခြေရာ တဖြည်းဖြည်း ကပ်လာတာကို ထောက်ပြီး သိနိုင်တယ်
ဒီနားကျတော့ ရာမိခြေရာ ပျောက်သွားပြီး ဒုတိယလို့ရဲ့ခြေရာ
အံဖုံးဘက်ကို ပြန်ပြီးလျှောက်သွားတာကို တွေ့ရတယ်၊ ပြီးတော့





အံဖုံးဘက်ကနေပြီး ရာမိခြေရာ ပျောက်သွားတဲ့နေရာကို ပြန်လာပြီး
ောရပ်တယ်၊ အဲဒီနေရာမှာ သူ့ခြေရာတစ်မျိုးတည်းပဲ ရှေ့လှည့်
နောက်လှည့်နဲ့ ရှုပ်နေတယ်၊ အဲဒီကနေမှ တစ်ခါတည်း တံခါးမကြီး
ဆီကို ပြန်ထွက်သွားတဲ့ခြေရာ တွေ့ရတယ်"

ကျွန်ုပ်အား ကိုနှင်းမောင်က ခြေရာများကို လက်ညှိုးနှင့်
ထိုး၍ ရှင်းပြနေသည်ကို ကျွန်ုပ်သည် လိုက်လံ၍ကြည့်နေရလေ၏။

"အိုင်ပီ. . .အဲဒါကို နည်းနည်းကလေး စဉ်းစားကြည့်စမ်း
ပါ ဘယ်လို ဖြစ်နိုင်သလဲလို့"

"ဒီလိုဗျာ. . . ရာမိက လေဝင်ပေါက်ကနေပြီး အံဖုံးဆီကို
သွားဖွင့်တုန်း ဒုတိယလူ ဝင်လာတယ်၊ ဒီတော့ ဒုတိယလူက ရာမိဆီ
သွားပြီး ရာမိကို သေနတ်နဲ့ချိန်ပြီး နောက်ဆုတ်နောက်ဆုတ်နဲ့ ခေါ်
သာမယ်ဗျာ၊ ရာမိက အဲဒီလူနောက်ကို လိုက်လာခဲ့ရမယ်"

"ဟုတ်လိုက်တာဗျာ၊ ခင်ဗျား တော်တော့်ကို တိုးတက်နေပြီ
ပဲ သဘောကျသဗျာ"

ကိုနှင်းမောင်က အလိုက်သည်းလိုက် ကျွန်ုပ်အား ချီးကျူး
လိုက်သောအခါ၌ ကျွန်ုပ်သည် ကျောင်းအုပ်ဆရာကြီး၏ ချီးကျူး
ခြင်းကို ခံရသော သူငယ်တန်း ကျောင်းသားကလေးပမာ ဝမ်း
မြောက်ဝမ်းသာ ဖြစ်မိလေတော့၏။

"ဟုတ်ပြီ အိုင်ပီ၊ အဲဒီလို သေနတ်နဲ့ ချိန်ပြီး ဒုတိယလူက
ရာမိကို ဟောဒီအထိ ခေါ်လာပြီး သူက အံဖုံးဆီကို ပြန်သွားမယ်
ဗျာ"

"ဟိုး. . . ဆရာ ကြည့်လဲဖြေပါဦး၊ သေနတ်နဲ့ချိန်ပြီး ခေါ်
လာတဲ့လူကို ဒီအတိုင်းထားပြီး အံဖုံးဆီကို ပြန်သွားရင် ရာမိက
နေမယ်တဲ့လား၊ ထွက်ပြီးပြေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးနဲ့ တုပ်ခဲ့မယ်ဗျို့"

"ကောင်းပြီ၊ ကြိုးနဲ့တုပ်ခဲ့ရင်လဲ ပြန်ထွက်သွားတဲ့အခါမှာ ရာမိခြေရာကိုပါ တွေ့ရမှာပေါ့"

"ပြန်ထွက်သွားတဲ့အခါမှာ ရာမိကို အဲဒီလူက ထမ်းပြီးခေါ်သွားမယ်ဆိုရင် . . ."

"ဟုတ်လိုက်လေဗျာ၊ ကျုပ်ဖြင့် အိုင်ပီ အခုလို တိုးတက်နေတာ သိပ်ပြီးဝမ်းသာတယ်ဗျို့"

ကိုနှင်းမောင်သည် စာမေးပွဲအောင်သော သားငယ်အား ဂုဏ်ယူ ဝမ်းမြောက်လျက်ရှိသော ဖခင်၏မျက်နှာမျိုးဖြင့် အထူးပင် ရွှင်ပျလျက်ရှိသည်ကို တွေ့ရပေရာ ဤကိုနှင်းမောင်ဆိုသူကား ငါ၏ အကျိုးကို အမှန်တကယ် လိုလားသော မိတ်ဆွေကောင်းပေတကား ဟု ကျွန်ုပ်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေ၏။

"ဟုတ်တာတော့ ဟုတ်ပြီ၊ တစ်ခုစီ အကွက်ကျကျ အဖြေထုတ်နိုင်ပြီ၊ ဒါပေမယ့် ခင်ဗျား လိုနေတာတစ်ချက် ရှိသေးတယ်၊ အဲဒါကတော့ မျက်စိနဲ့ဉာဏ်ကို ကောင်းကောင်း အသုံးမပြုသေးတာပဲ၊ ရာမိကို ကြိုးနဲ့တုပ်ပြီး ထမ်းသွားတာ မဟုတ်ဘူးဗျ၊ ဟောဒီနားမှာ သေတ္တာကြီးတစ်လုံး ရှိတယ်၊ သေနတ်နဲ့ချိန်ပြီး သေတ္တာထဲကို ဝင်ခိုင်း၊ သေတ္တာပိတ်ပြီးတော့ အံဖုံးဆီကို စိတ်ချလက်ချ ပြန်သွားပြီးမှ ဒီသေတ္တာကိုပါ တစ်ခါတည်း ထမ်းပြီးယူသွားတော့တာဗျို့"

ကျွန်ုပ်သည် ထိုအခါကျမှပင် ယမန်နေ့က လာစဉ်၌ ဤနေရာတွင် သေတ္တာကြီးတစ်လုံး ရှိခဲ့သည့်အဖြစ်ကို ပြန်၍သတိရမိလေတော့၏။

"နေပါဦးဗျာ . . . လူတစ်ယောက်လုံးကို သေတ္တာထဲ ထည့်ပြီး ထမ်းနိုင်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား"





"ရာမိခြေရာကို ကြည့်ပါလား၊ ခပ်သေးသေးရယ်၊ လူညှက်ကလေး ဖြစ်ပါလိမ့်မယ်၊ ပြီးတော့လဲ ကျုပ်တို့လူက သိပ်ခေမယ်မထင်ဘူး၊ ဒီထက်မက လေးတဲ့ အလေးချိန်တို့တောင် ထမ်းမယ်ဆိုရင် ထမ်းနိုင်မယ့်လူစားမျိုး ဖြစ်လိမ့်မယ်"

ကျွန်ုပ်တို့သည် ထိုတိုက်အိမ်ကြီးမှ ထွက်ခဲ့ပြီးနောက် ကိုနှင်းမောင်က သွားချင်သည်ဆိုသဖြင့် ရန်ကုန်မြို့မှ ပန်းချီဆရာများ၏ အိမ်ကို တစ်အိမ်ပြီးတစ်အိမ် လိုက်၍ပို့ရလေ၏။ ထိုပန်းချီဆရာများမှာ ဦးဘဉာဏ်၊ ဦးဘလုံ၊ ဦးထွန်းလှ စသည်တို့ ဖြစ်လေ၏။

မှတ်ချက်။ ။ ဦးထွန်းလှဆိုသည့် ပန်းချီဆရာကြီးမှာ ရွှေတိဂုံဘုရားကားအား ဆီဆေးဖြင့် ရေးဆွဲရာ အလွန်နာမည်ကြီးခဲ့ဖူး၏။ ၎င်းဆရာကြီး၏ ပန်းချီကားမှာ ယခုအခါ၌ ရွှေတိဂုံဘုရား ပြတိုက်တွင် ထိန်းသိမ်းထားသည်ကို တွေ့ရလေသည်။ ထိုပန်းချီကားကို မြင်တွေ့ရသော အနောက်နိုင်ငံသူ နိုင်ငံသားတို့သည် ထိုဆရာကြီးအား လွန်စွာချီးကျူးခဲ့ကြလေသည်။

(စာရေးသူ)

၎င်းပန်းချီဆရာကြီးများအိမ်သို့ သွားရောက်သည့်အခါ၌လည်း ကိုနှင်းမောင်သည် ပန်းချီဝါသနာရှင်တစ်ဦးအနေနှင့် သွားရောက်ခြင်း ဖြစ်၍ ကိုနှင်းမောင်သည် ပန်းချီပညာနှင့် ပတ်သက်သည်များကို မေးမြန်းလေရာ ထိုဆရာကြီးများက စိတ်ရှည်လက်ရှည် ရှင်းပြကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆရာကြီးများ၏အိမ်များမှ တစ်ဖန် ညနေပိုင်း အ
ရောက်တွင် (၂၉)လမ်းထိပ်မှ တိုရှေ့နှင့် ဆိတ်သားဟင်း စားချ
သည် ဆိုသဖြင့် ဂုင်းဆိုင်သို့ သွားရောက်ကာ မြိန်ရှက်စွာ စာ
သောက်ပြီးနောက် လမ်းခွဲခဲ့ကြလေတော့သည်။

. . . ဗဟန္တ . . .





# အနောက်ပိုင်း လူမိုက်များနှင့် ဒုတိယအကြိမ် တွေ့ဆုံခြင်း

နောက်တစ်နေ့ ညနေ၌ ကျွန်ုပ်နှင့် ကိုနှင်းမောင်တို့သည် ဗုမိအား ရှာဖွေရင်း ကီလီလမ်း ဆိပ်ကမ်းဘက်သို့ ရောက်ရှိခဲ့ကြ သေ၏။ မြစ်ဘက်မှ တိုက်ခတ်လာသော လေအေးကလေးကြောင့် ဘမ်းလျှောက်ရသည်မှာပင် တစ်မျိုးတစ်ဖုံ အရသာ ရှိသလိုလို၊ လျှောက်၍ ကောင်းသလိုလို ဖြစ်နေ၏။ ဆိပ်ကမ်း၌ လူလည်း ပြည့်ကျပ်သည့်တိုင်အောင် စည်ကားလှသည်လည်း မဟုတ်၊ ရှင်း၍ နေသည်လည်း မဟုတ်ဘဲ အလောတော်မျှလောက်သောသူတို့သည် အရှေ့မှ အနောက်၊ တောင်မှမြောက် ဆိုသလို မိမိတို့စွနှင့်မိမိ သွားလာလှုပ်ရှားလျက် ရှိကြလေ၏။

မျက်နှာဖြူ စုံတွဲတစ်တွဲသည် ကလေးငယ်ကလေးအား ဆက်တွန်းလှည်းကလေးဖြင့် တွန်းကာ စကားတပြောပြောနှင့် လေ



www.burmeseclassic.com

www.burmeseclassic.com



ညင်းခံရင်း လမ်းလျှောက်လျက် ကျွန်ုပ်တို့ဘက်သို့ မျက်နှာမူ၍ လာလေ၏။

ကျွန်ုပ်တို့လည်း စကားတပြောပြောနှင့် လျှောက်၍လာ လေရာ တစ်ယောက်သည် မြစ်တစ်ဖက်သို့ မျက်နှာမူကာ အေ ဆေးစွာ ထိုင်လျက် နေသည်ကို ကျွန်ုပ်တို့သည် ခပ်လှမ်းလှမ်းမှပင် လှမ်း၍ မြင်တွေ့ရလေ၏။ ထိုလူသည် ကျွန်ုပ်တို့ သူ၏အနီးသို့ ရောက်သွားသည့်အခါ၌ ထိုင်ရာမှထ၍ ပြန်ရန် ဟန်ပြင်လိုက်ပြီး နောက် ကိုနှင်းမောင်အား တွေ့လျှင် သူ၏မျက်နှာထားမှာ ပြုံးရွှင် ကာ. . .

"ဆရာ. . . ဘာများ အကူအညီ ပေးရမလဲ" ဟု မေး လိုက်ရာ ကိုနှင်းမောင်က. . .

"မလိုပါဘူးဗျာ" ဟု ကောင်းမွန်စွာ ပြန်၍ဖြေလိုက်မှပင် ခါးကို ညွတ်၍ အရိုအသေပေးကာ ထွက်ခွာသွားလေ၏။

"ကိုနှင်းမောင်. . . ဘယ်သူလဲဗျ"

"ဗိုလ်တထောင် မားငမိုးဆိုတာလေဗျာ၊ အခုအခါ တော့ ရန်ဖြစ်လို့ မားနဲ့ တစ်ယောက်ကိုတစ်ယောက် ကြိမ်းမောင်း ရင်တောင် ငမိုးကြိမ်း ကြိမ်းတယ်လို့ ပြောကြတယ် မဟုတ်လား အဲဒါ သူ့ကို အစွဲပြုပြီး ဖြစ်လာတဲ့ စကားပေါ့ဗျာ"

"ဩော်. . . နာမည်ကြီးပဲဗျ၊ ဒီနယ်က သူ့နယ်မှ မဟုတ် ဘဲ၊ သူက တစ်ယောက်တည်း စိတ်အေးလက်အေး လာထိုင်နေ လိုက်တာ အံ့ပါရဲ့"

"ဟဲ. . . ဟဲ. . . ငမိုးက နယ်မရွေးဘူးဗျ၊ ဟိုကောင်တွေ လို မိုက်ကြေး ခွဲစားချင်လို့ လူမိုက်လုပ်တဲ့ကောင်မျိုး မဟုတ်ဘူးဗျ မခံချင်စိတ်နဲ့ ထပြီးသတ်မိရာကနေ လူဆိုးကြီး ဖြစ်သွားရှာတာ ဘာကယ်တော့ ဘယ်သူ့ကိုမှ သူက စပြီး ရန်လုပ်တဲ့လူစားမျိုး မဟုတ်ဘူး၊ လူမိုက်ထဲမှာတော့ သူ့ကို ကျုပ် အလေးစားဆုံးပဲ ခင်ဗျ"

"ဒီအနောက်ပိုင်းက လူမိုက်တွေနဲ့ ငမိုးနဲ့ ရင်ဆိုင်တွေ့ဖူး ကြသလား"

"တွေ့ဖူးပါ့ဗျာ၊ နာမည်တော့ ကျုပ် မပြောတော့ပါဘူး၊ ဘလား လူမိုက်တစ်ယောက်ရဲ့အိမ်ပေါ်ကို ငမိုးက တက်သွားပြီး ငွေနှစ်ရာကျပ်နဲ့ ခြောက်လုံးပြူးတစ်လက် လိုချင်တယ်၊ ပေးမလား မပေးဘူးလားဆိုပြီး ဗြောင်တက်တောင်းတာဗျို့၊ ငမိုးကို ပေးလိုက် ရတယ်၊ အနောက်ပိုင်းက လူမိုက်တွေက ငမိုးကို ရှိန်တယ်ဗျ၊ ငမိုးကို ရှောင်လဲ ရှောင်ကြတယ်"

"အေး. . . ဟုတ်တယ်၊ ငမိုးကိုတော့ ရှောင်တယ်ပေါ့၊ နှင်းကိုတော့ ခုတ်တယ်ကွာ"

ဟူသောအသံ ထွက်ပေါ်လာပြီးနောက် ကိုနှင်းမောင်၏ ခေါင်းပေါ်သို့ ငှက်ကြီးတောင်မားသည် ဝင်းခနဲ လက်ကာ ကျ ရောက်လာလေတော့၏။ သို့ရာတွင် ကိုနှင်းမောင်သည် ဆတ်ခနဲ ရှောင်၍ ဘယ်ခြေဖြင့် ကန်လိုက်ရာ ထိုမားသမား၏ မေးစေ့ဆီသို့ ပန်မိသည်ဖြစ်ရာ "ခွပ်"ခနဲ အသံမြည်ကာ လဲကျသွားလေတော့ ၏၊ သို့ရာတွင် ဆက်ကာဆက်ကာ မားသမား၊ တုတ်သမားတို့သည် ကိုနှင်းမောင်ကိုသာ မဲ၍ခုတ်ခြင်း၊ ရိုက်ခြင်း ပြုလုပ်ကြလေတော့ ၏၊ ကျွန်ုပ်လည်း ကြောင်၍ ရပ်နေရာမှ ချိုင်းအောက်တွင် ဝှက်၍ ယူလာသော ခြောက်လုံးပြူးဖြင့် တစ်ယောက်သောသူ၏ ခြေ ထောက်ကို ပစ်၍ချိုးလိုက်မှပင် ထိုသူတို့သည် ခြေဦးတည့်ရာ ပြေးကြလေတော့၏။







www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်တော့ သေလိမ့်မယ် ထင်တယ်ဗျို့"

"ဘယ်ကောင်လဲ ကိုနှင်းမောင်၊ ဟို. . . ဓားနဲ့ခုတ်တဲ့ကောင်လား"

"မဟုတ်ဘူးဗျာ၊ ထွက်ပြေးသွားတဲ့အထဲမှာ ပါတယ်၊ လည်ပင်းကို ထိုးမိသွားတယ်"

"ဘာနဲ့လဲ"

"လက်သီးနဲ့ပါ"

"လက်သီးနဲ့တော့ သေနိုင်မယ် မဟုတ်ပါဘူးဗျာ"

"မထင်နဲ့ဗျ၊ ကျုပ်သာ မိမိရရ ချက်ကောင်း ထိုးမိရင် တယ်မလွယ်လှဘူးဗျ"

ကျွန်ုပ်တို့သည် ခေတ္တမျှ ထွက်မသွားသေးဘဲ အခြေအနေကို စောင့်ကြည့်ရင်း ထိုနေရာ၌ စကားပြောလျက် ရှိနေကြလေ၏။ ထိုသို့ စကားပြောဆိုနေကြစဉ် ငမိုးသည် ဆိုက်ကားတစ်စီးနှင့် ရောက်ရှိလာပြီးလျှင်. . . .

"ဘယ့်နှယ့်လဲ. . . ထိမိခိုက်မိသေးလား" ဟု ပြောဆိုကာ ဆိုက်ကားပေါ်မှ ဆင်းလာလေ၏။

"မထိပါဘူး ကိုမိုး၊ ဘယ်က သတင်းကြားပြီး ပြန်ကွေ့လာတာလဲ"

"(၁၄)လမ်းထိပ်မှာ ဒီကောင်တွေ စုနေကြတာတွေ့တာနဲ့ ဝင်ပြီးကြည့်တာ၊ ဆရာတို့ကို ချပြီး ပြန်လာမှန်း သိလိုက်တယ်၊ တစ်ယောက်ကတော့ ဟိုလဲရောက် လဲလည်း လဲတာပဲ၊ စကားတောင် မရဘူး၊ ဆေးရုံတင်ဖို့ လုပ်နေကြပြီ၊ ကြည့်ရတာတော့ သေမယ် ထင်တာပါပဲ"

"ကိစ္စမရှိပါဘူး ကိုမိုး၊ ခင်ဗျား ပြန်ပါ၊ တော်တော်ကြာ





နင်ဗျားနဲ့ပါ ဆက်ပြီး ဖြစ်နေပါဦးမယ်ဗျာ"

ငမိုးလည်း နှုတ်ဆက်ကာ ပြန်သွားလေ၏။ ကျွန်ုပ်တို့သည်း ဂါတ်တဲ၌ ဝင်ရောက်၍ အကျိုးအကြောင်း တိုင်ချက်သဘော ပြောဆိုပြီးနောက် ဆူးလေဘုရားဘက်သို့ ထွက်၍လာခဲ့လေ၏။

လမ်းတွင် ကိုနှင်းမောင်က လွန်စွာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသော ရှေးသီချင်းကြီး၊ သီချင်းခံများအကြောင်းကို ပြောဆိုလာခဲ့သဖြင့် ကျွန်ုပ်၏စိတ်တွင် သူသည် စောစောက အသက်အန္တရာယ်၌ ဖြစ်ခဲ့ရသော ရန်ပွဲအား ချက်ချင်း မေ့ပစ်နိုင်သော သတ္တိထူးရှိသည်တကားဟု ကျိတ်၍ ချီးကျူးမိလေတော့၏။

တော်ရုံလူဆိုလျှင် ဤမျှကြီးမား၍ အသက်ဘေးနှင့် နီးကပ်လှသော ရန်ပွဲကြီးကို ဖြစ်ပွဲ၍ ဖြစ်သည်ထားဦးတော့၊ ထိုအကြောင်းကို သုံးလေးရက်နှင့် ပြော၍ ပြီးနိုင်လိမ့်မည်မဟုတ်ပေ။ ကိုနှင်းမောင်ကား ထိုသို့သော လူစားမျိုး မဟုတ်ကြောင်းကို ကျွန်ုပ်သိရလေတော့၏။

. . . မအေး . . .



www.burmeseclassic.com

www.burmeseclassic.com





# ရာမိကို ပြန်တွေ့ပြီ

အနောက်ပိုင်းလူမိုက်များနှင့် တွေ့ဆုံပြီး နောက်တစ်နေ့၌ ဘားကရာဂါတ်မှ တယ်လီဖုန်းဖြင့် အကြောင်းကြားသဖြင့် ကျွန်ုပ်တို့ ကိုနှင်းမောင်ပါ သွားရောက်ခဲ့ကြလေ၏။

ရထားပေါ်တွင် သေတ္တာကြီးတစ်လုံး ပိုင်ရှင်မရှိဘဲ ပါလာသဖြင့် ဂါတ်ပိုလ်နှင့်တကွ တွဲစစ်အရာရှိများ၊ ကြည့်မြင်တိုင် ရထားရုံပိုင်ကြီးများသည် ဗားကရာမှ ပုလိပ်အရာရှိများရှေ့မှောက်တွင် ၎င်းသေတ္တာကို ဖွင့်၍ကြည့်ရာ အတွင်း၌ သတိလစ်မေ့မြောလျက် ရှိသော လူတစ်ယောက်ကို ထူးဆန်းစွာ တွေ့ရကြောင်း ထိုလူ၏ တစ်စုံတစ်ခုသော လျှို့ဝှက်ကိစ္စနှင့် ဆက်စပ်၍နေမည်ဖြစ်ပြီး ဂါတ်မှ မေးမြန်းသည်ထက် စီအိုင်ဒီမှ လိုအပ်သလို မေးမြန်းခြင်း ပြုပါက ပို၍သင့်ကြောင်းကို တယ်လီဖုန်းဖြင့် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့လေသည်။

ကျွန်ုပ်တို့လည်း ကြည့်မြင်တိုင် ဘူတာရုံကို ရောက်
ရောက်ချင်း သေတ္တာတွင်းမှ တွေ့ရသည်ဆိုသော လူအား ဆရာ
ဖြင့် ဆေးများ ထိုးပေးခြင်း၊ သတိရလာသည်နှင့် တစ်မြို့
ကိုနှင်းမောင်က ကြည့်မြင်တိုင်ဘူတာ ပတ်ဝန်းကျင်ရှိ ဘိ
အနှိပ်သည် သုံးလေးယောက်ကို ခေါ်ယူ၍ ထိုသူအား နှိပ်နယ်
အစားအသောက် ကျွေးခြင်းများ ပြုလုပ်ပြီးလျှင် ကိုနှင်းမော
ထိုသူအား. . .

"ရာမိ. . မင်း ကောင်းကောင်း နေကောင်းသွားပြီ မ
လား၊ ကမလာလဲ မင်းအတွက် စိတ်ပူနေတယ်"

ဟု ပြောလိုက်ရာ ထိုသူသည် အံ့သြ၍ ကိုနှင်းမောင်
ကြည့်နေလေ၏။ ဗားကရာဂါတ်မှ ပုလိပ်အရာရှိများနှင့် မီးရ
မှ လူများသည်လည်း ကိုနှင်းမောင်ကို ထူးဆန်းစွာ အကဲခ
လေ၏။ ထိုသူတို့သည် သေတ္တာအတွင်းမှလူကို ကိုနှင်းမော
နာမည်နှင့်တကွ သိနေခြင်းကြောင့် ဖြစ်၏။

"ပြောသာပြောပါ ရာမိ၊ မင်းကို ငါတို့ အပြစ်မလုပ်
ငါတို့မေးတာ ပြောပြီးရင် ကမလာဆီကို ငါတို့ကိုယ်တိုင် လို
ပါ့မယ်ကွာ"

ရာမိသည် ဟိုဘက် သည်ဘက် ကြည့်ပြီးနောက်
မပြောဘူး ဆရာ၊ လုံခြုံတဲ့နေရာကို ခေါ်သွားပါ၊ ကျွန်တော်
လုံး ပြောပါ့မယ်"

ဟု ဆိုသဖြင့် ရာမိကိုသာမက ၎င်း၏သေတ္တာကြီး
ကားပေါ်တင်၍ စီအိုင်ဒီသို့ ပြန်ခဲ့ကြရလေ၏။ စီအိုင်ဒီရှိ ကျွ
ရုံးခန်း၌ ရာမိအား အနားပေးထားစဉ်၌ ကမလာကို လူလွှ





ခိုင်းလေ၏။

ကမလာ ရောက်လာသည်ဆိုလျှင်ပင် ကမလာနှင့်ရာမိတို့
ည် တစ်ဦးကိုတစ်ဦး ဖက်ကာ ငိုယိုကြလေတော့၏။

ကုလားစကားနှင့် ပြောလိုက် ငိုလိုက် လုပ်၍နေကြသည်
ကြည့်ပြီး ကိုနှင်းမောင်က မနောက်စဖူး. . .

"အိုင်ဝီ. . . စန္ဒကိန္နရီမောင်နှံ တစ်ညကွဲတာ ရက်ပေါင်း
၀) ငိုလို့ မဝနိုင်ဘူးဆိုတာ ယုံပြီလား" ဟူ၍ နောက်ယူရသည့်
အောင် မပြီးနိုင်မစီးနိုင် ငိုကြွေးနေကြလေတော့၏။

၎င်းတို့နှစ်ဦး အငိုရပ်သွားသည့်အခါ၌ ကိုနှင်းမောင်က
အား. . .

"အိမ်ကြီးထဲကို မင်း ဝင်သွားပြီး ခုတင်အောက်က အံဖုံး
သွားဖွင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီတော့ ဘာဖြစ်သလဲကွ၊ ပြောစမ်းပါဦး"

"ကျွန်တော့်နောက်မှာ လူတစ်ယောက် ရောက်လာပြီး
ကောင် လက်မြှောက်လိုက်' ဆိုပြီး ကျွန်တော့်ကို သေနတ်နဲ့
တယ်၊ ပြီးတော့ သူက နောက်ဆုတ် နောက်ဆုတ်နဲ့ သွားပြီး
တော့်ကို ခေါ်တယ်၊ ကျွန်တော်က လိုက်သွားရတယ်၊ ပြီးတော့
တ္တာကြီးထဲ ဝင်ခိုင်းပြီး သေတ္တာကို အဖုံးပိတ်လိုက်တယ်၊ သေ
အဖုံးပေါ်မှာ အပေါက်ရှိတဲ့အတွက် ကျွန်တော် အသက်ရှူလို့
ရပါတယ်"

"အင်း. . . ဆိုစမ်းပါဦးကွ"

"ပြီးတော့ သေတ္တာကို ထမ်းပြီး ခေါ်သွားတော့တယ်၊
ာကြီးပဲ ထမ်းသွားတယ်၊ ပြီးတော့ အောက်ကိုချပြီး ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို မင်း အထဲမှာ ငြိမ်ငြိမ်ကလေး လိုက်ခဲ့၊ အသံမထွက်စေ နဲ့ အသံထွက်တာနဲ့ တစ်ခါတည်း ဟောဒီအပေါက်တနေ သေနတ် ပြောင်း၀ တေ့ပြီး မောင်းဖြုတ်လိုက်မယ်လို့ ပြောပါတယ်"

"ပြီးတော့ ဘာဖြစ်သလဲ"

"မော်တော်ကားတစ်စီး လာတယ်ခင်ဗျ၊ လော်ရီကားပြ လို့ ထင်တယ်၊ ကားပေါ်ကို တင်ပြီး ခေါ်သွားတယ်၊ အထဲ နေရတာ ညောင်းလိုက်တာခင်ဗျာ၊ မပြောပါနဲ့တော့၊ ကားတ ဘယ်ထိအောင် မောင်းရသလဲ မသိပါဘူး"

"စိတ်ဝင်စားစရာပဲကွ ရာမိ၊ ဆက်ပြီးပြောပါဦး၊ ရော့. . . ရော့. . . စီးကရက်ကလေး ဘာလေး သောက်လိုက်ပါဦး"

"ဟိုရောက်တော့ တဲတစ်ခုထဲမှာ နေရတယ်၊ သေ အဖုံးကိုတော့ ဖွင့်ထားတယ်၊ တစ်ခါတလေ သေတ္တာအဖုံးကို ပိ တဲ့အခါ လာပိတ်တယ်"

"အေး. . . ဆက်ပြောပါဦး"

"ညဘက်မှာ သံချောင်း ခေါက်တာ ကြားရတယ်၊ အသံ အဝေးကပဲ၊ ကျွန်တော် မှတ်ထားတာ (၉)ချက်ပဲ၊ အဲဒီအချိန် ရထားအသံလဲ ကြားရပြန်တယ်"

"နီးသလား ဝေးသလား ရာမိ"

"ဝေးတယ် ဆရာ၊ ည(၁၁)နာရီမှာ ရထားသံ ကြား တယ်၊ နောက် မနက်(၅)နာရီမှာ ရထားသံ တစ်ခါကြားရ တယ်"

"ဟုတ်ပြီဟေ့. . . သိပ်ကောင်းတာပဲ ရာမိ"

"ပြီးတော့ မိန်းမနှစ်ယောက် ငိုသံလဲ ကြားရတယ် ခင်ဗျ"

"အေး. . . လုပ်စမ်းပါဦးကွ"





"ကိုအေးမောင်ရဲ့. . . ကိုအေးမောင်ရဲ့လို့ အော်ပြီး ငိုတဲ့ သံပဲ"

"ကောင်းပြီ ရာမိ၊ မင်းကို ဒုက္ခပေးခဲ့တဲ့အကောင်ကိုတော့ ပြီး ငါက ဒုက္ခပေးရမှာပေါ့ကွာ၊ ဒါနဲ့ မင်းကို သူတို့ နှိပ်စက် သေးသလား"

"ကျွန်တော့်ကို ဖမ်းသွားတဲ့လူက မျက်နှာကို လက်သီးနဲ့ ပါတယ်၊ သတ်မယ်လို့လဲ ပြောပါတယ်၊ ဒါပေမယ့် နောက်တစ် ကက ပြန်ပြီးလွှတ်လိုက်ပါ၊ မသတ်ပါနဲ့လို့ ပြောတယ်၊ အဲဒီ ပထမလူက ပြန်ပြီးလွှတ်လိုက်ရင် နေရာသိသွားမှာပေါ့လို့ တယ်၊ သို့ပေမယ့် ဟိုလူက ရပါတယ်လို့ ဆိုပြီး ကျွန်တော့်ကို တ္တာထဲမှာ ပိတ်ပြီး ရထားပေါ် တင်ပေးလိုက်တာပဲ၊ စိတ်ညစ် တာ မပြောပါနဲ့တော့ ဆရာ"

"ကောင်းပြီ ရာမိ၊ လောလောဆယ်တော့ မင်း အိမ်မှာ ပြီးမနေနဲ့ဦး၊ ဒီကောင်တွေက မင်းကို ဒုက္ခပေးချင် ပေးနေမှာ၊ ကြောင့် မင်း တခြားမှာ ရှောင်ပြီးနေပါ"

"ဟုတ်ကဲ့ ဆရာ"

ရာမိ၏ ထွက်ချက်များအား ကျွန်ုပ်သည် လက်ရေးတိုဖြင့် တ်လဲ ရေးမှတ်ထားရလေ၏။ ရာမိကိုလည်း ဓာတ်ပုံရိုက်၍ယူ းလိုက်ပြီးနောက် ပြန်လွှတ်လိုက်၏။

"အိုင်ဆေး ကိုနှင်းမောင်. . . တော်တော်ကလေး နီးစပ် ပြီလား"

"သိပ်ပြီး ဝေးနေတယ်ဗျ"

"ဒီကောင်တွေ ရာမိကိုသာ မဟုတ်ဘဲ တခြားလူတွေကိုလဲ ပေးဆွဲထားပုံ ပေါ်တယ်ဗျ၊ ဒီအထဲမှာ ဓာတ်သိတွေလဲ ပါသိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဒါကြောင့် ကိုအေးမောင်ရဲ့ ဆိုပြီး မိန်းမနှစ်ယောက် ငိုတ
လို့ ရာမိက ပြောတယ် မဟုတ်လား၊ ဒါကြောင့် သူတို့ကောင်
အထဲက တစ်ယောက်ဟာ အေးမောင်ဆိုတာ ဖြစ်ရမယ်ဗျ၊ မဟု
ဘူးလား ကိုနှင်းမောင်"

ကိုနှင်းမောင်သည် စီးကရက်ကို တစ်လိပ်ပြီး တစ်ယ
သောက်ရင်း တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေလေ
သူသည် စဉ်းစားသည့်အခါ၌ အချိန်ယူသကဲ့သို့ အဖြေထုတ်သ
အခါ၌လည်း လိုက်၍ကြည့်သည့်အလား တိကျလှပေ၏၊ ရာမိအ
သေတ္တာထဲတွင် ထည့်၍ ခေါ်သွားရမည်ဟု ကိုနှင်းမောင်က ပြေ
ဆိုခဲ့ဖူးသည်။ ရာမိကို ယခု ပြန်လည်တွေ့သည့်အခါ၌လည်း
နှင်းမောင် ပြောသည့်အတိုင်းပင် ရာမိသည် သေတ္တာထဲတွင် ထ
၍ လူဆိုးတို့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရလေ၏။

ထို့ကြောင့် ကိုနှင်းမောင် သေသေချာချာ စဉ်းစားပြီ
လျှင် အဖြေမှာ တိကျမှန်ကန်သောအဖြေမျိုး ရတတ်သည်ချ
ဖြစ်သည့်အလျောက် ၎င်းအား အနှောင့်အယှက် မပေးလိုသ
ကျွန်ုပ်သည် ၎င်း၏အနီးမှ ထွက်ခဲ့လေ၏။

. . . ပြီးပါပြီ . . .





## ဆားပုလင်းနှင်းမောင်

နောက်တစ်နေ့ နံနက်(၇)နာရီခန့်တွင် ကိုနှင်းမောင်၏
အိမ်သို့ ကျွန်ုပ် သွားရောက်လေရာ လက်ဖွေ့အထိုးလေ့ကျင့်နေ
သော ကိုနှင်းမောင်ကို တွေ့ရလေ၏။

"မောနင်း. . . ကိုနှင်းမောင်၊ ဘယ်မှာများ လက်ဖွေ့သတ်
မလို့လဲဗျ၊ ကျင့်လှချေလား"

"လက်ဖွေ့သတ်စားတဲ့လူကမှ ဘယ်နေ့ ဘယ်အချိန်မှာ
ဘယ်သူနဲ့ ယှဉ်ပြီး ထိုးသတ်ရမယ်ဆိုတာကို ခန့်မှန်းလို့ရတဲ့အတွက်
သင့်ချင်တဲ့အခါမှ ထပြီးကျင့်လဲ ရတယ်ဗျ၊ ကျုပ်ကတော့ ဘယ်က
ပေါ်လာမယ်မှန်း မသိတဲ့ ရန်သူနဲ့ ယှဉ်ရတာမို့ ကိုယ့်အင်္ဂါက
အတတ်လုံကောင်းအောင် ပိုပြီးကျင့်ထားရတယ်"

"ပိတုန်းသုံးကောင် အမှုတုန်းက နန်းဝေရဲရည်းစား ဖော



www.burmeseclassic.com

www.burmeseclassic.com



မြန်နွယ် ပြောတဲ့စကား အမှတ်ရမိသေးတယ်ဗျာ"

"ဘယ်လိုတဲ့တုန်း"

"ဆားပုလင်းနှင်းမောင်ဟာ ပုလိပ်ထဲ မဝင်ဘဲ ဘိုင်စကုပ် မင်းသားလုပ်ရင် မင်းသား ဘတင့်တို့လို နာမည်ကျော်မယ် ဆိုတာ လေ၊ တကယ်ပဲဗျ၊ ခင်ဗျား ကိုယ်လုံးကိုယ်ပေါက်၊ ခင်ဗျားရုပ်ရည်နဲ့ စွန့်စားခန်းပါတဲ့ ဇာတ်ထုပ်တစ်ထုပ်လောက် ရိုက်လိုက်ရရင်တော့"

"မလုပ်ပါနဲ့ အိုင်ပီ၊ စွန့်စားခန်း ရိုက်တယ် ဆိုပေမယ့် ဇာတ်ထုပ်ဆိုတော့ မင်းသမီးတွေဘာတွေ ပါဦးမှာ၊ အဲဒီနေရာကျ ဒုက္ခတွေ့နေပါဦးမယ်"

"ဟုတ်သား၊ ခင်ဗျားမှာလဲ ရုပ်ရည်ရော၊ ယောကျ်ားပီသမှု ရော၊ ဉာဏ်ပညာရော ပြောစရာ မရှိပါဘဲလျက် အခုအထိ ယင်မ တောင် မသန်းသေးတာတော့ အံ့ဩမိပါရဲ့"

"ကျုပ်လို တကယ့် စုံထောက်မျိုး မပြောနဲ့၊ ဝတ္ထုတွေထဲက စာရေးဆရာ ဖန်ဆင်းထားတဲ့ ... စံထောက်ကူးယဉ် စုံထောက်မျိုးတောင် အိမ်ထောင်မပြုကြဘူးဗျ၊ စုံ ထောက် မောင်စံရှားဟာ လူပျိုကြီး မဟုတ်လား"

"အေးဗျ၊ မှုရင်းဝတ္ထုထဲက ရှားလော့ဟုမ်းဟာလဲ လူပျိုကြီး ပဲ၊ စာရေးဆရာက ဘာဖြစ်လို့ သူ့ဇာတ်လိုက်ကို အိမ်ထောင်ချ မပေးတာလဲ"

"စုံထောက်ဆိုတာမျိုးဟာ သက်စွန့်ဆံဖျား စွန့်စားရတဲ့ မဟုတ်လားဗျာ၊ ဒီတော့ အိမ်ထောင်နဲ့ဆိုရင် စွန့်စားမှုဟာ ဘာပဲ ဖြစ်ဖြစ် နောက်ဆံတင်းနေရမယ် မဟုတ်လား၊ ဒီတော့ စုံထောက် ဝတ္ထုထဲက ဇာတ်လိုက်တော်တော်များများဟာ လူပျိုကြီးတွေ ဖြစ် နေကြတာပေါ့၊ ဝတ္ထုထဲက စုံထောက်မျိုးတောင် နောက်ဆံတင်းမှာ စိုးလို့ သူ့ရဲ့စာရေးဆရာက မိန်းမ အယူမခိုင်းရင် ကျုပ်လို အ





ဘယ် စွန့်စားလုပ်ကိုင်နေတဲ့လူက ဘယ်မှာ မိန်းမယူသင့်မှာလဲ အိုင်ပီ"

"အိုင်ဆေး. . . ဒါက ခင်ဗျားပေးတဲ့ ဆင်ခြေပဲ"

"ဟုတ်ပါတယ်၊ တခြားအကြောင်းကလဲ မိန်းမဆိုတာ"

"ဆားပုလင်းနှင်းမောင် ရှိပါသလားခင်ဗျာ"

ဟု ဆိုကာ လူပုပု မည်းမည်းတစ်ယောက်သည် ကိုတ်မုန့် ... နှစ်ဘူး၊ လွယ်အိတ်တစ်လုံး၊ အခြား တောက်တိုမည်ရများ ... ထည့်ထားသော ခြင်းတောင်းတစ်လုံးကို ကိုင်လျက် ဝင်လာလေ၏။

"ကျုပ်ပါပဲ"

"ဟုတ်ကဲ့၊ အမှုအပ်ချင်လို့ပါ၊ အမှုကတော့ ခပ်ဆန်းဆန်း ... ပဲ၊ နာမည်တူများအသင်းရဲ့ ဥက္ကဋ္ဌကြီးတစ်ဦး ပျောက်ဆုံးနေတဲ့ အမှုပါပဲ"

"ဘာအသင်း"

ကျွန်ုပ်သည် မသဲမကွဲရှိသဖြင့် ကြားဖြတ်၍ မေးလိုက်၏။

"နာမည်တူများအသင်းပါ၊ ဒီလိုပါ၊ ကျွန်တော့်ဦးလေးဟာ ... ပေါမြို့ ဈေးမြောက်ပိုင်းမှာ နေတဲ့ ကုန်သည်ကြီးပါပဲ၊ နာမည်က ... တော့ ဦးစိန်လှမောင်လို့ ခေါ်ပါတယ်၊ မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ ... စိန်လှမောင်ဆိုသူတိုင်း ဝင်ခွင့်ရှိတဲ့ နာမည်တူများအသင်းရဲ့ ဥက္ကဋ္ဌ ပါ"

"ခပ်ဆန်းဆန်းပဲ ကိုနှင်းမောင်ရေ"

ကိုနှင်းမောင်သည် တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစား ... နောက်. . .

"ဒီလိုရှိပါတယ်၊ အကောင်းဆုံးကတော့ ဂါတ်ကို တိုင်ပါ ... ဂါတ်ကို တိုင်ရင် ဂါတ်က လူပျောက်မှုဖွင့်ပြီး စုံစမ်းပေးပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အမှုလာအပ်သူသည် ကိုနှင်းမောင်ကို ကြည့်၍ မကျေမ နပ် ဖြစ်သော အမူအရာနှင့်. . .

"ဂါတ်ကို မတိုင်ချင်လို့ ခင်ဗျားဆီ အမှုလာအပ်တာပေါ့ ဗျာ"

"ဒီလိုရှိပါတယ်၊ အလွတ်လာအပ်တဲ့ အမှုမျိုးကို လိုက်ခွင့် မရှိပါဘူး"

"ဒါဖြင့်ရင် တခြားအလွတ်စုံထောက်တစ်ဦးရဲ့ လိပ်စာ များ ခင်ဗျားမှာ မရှိဘူးလား"

"ဟား. . ဟား၊ ကျုပ်တို့မြန်မာပြည်မှာ အလွတ်စုံထောက် ဆိုတာ တစ်ယောက်မှ မရှိဘူးဗျ၊ ခင်ဗျား စိတ်ကူးယဉ် စုံထောက် ဝတ္ထုတွေဖတ်ပြီး အလွတ်စုံထောက် တကယ်ရှိတယ် ထင်နေတယ်"

"အလွတ်စုံထောက်ဆိုတာ မြန်မာပြည်မှာ မရှိဘူးလား"

"မရှိဘူး၊ တစ်ယောက်မှ မရှိဘူး၊ အမှုတစ်ခုမှာ အလွတ် စုံထောက်ဆိုပြီး ဝင်လိုက်လို့လဲ မရဘူး၊ လိုက်ရင်လဲ ဝတ္တရား နှောင့်ယှက်မှုနဲ့ အဖမ်းခံရမှာပဲ"

"ဒါဖြင့်ရင် ကျုပ် ဖတ်ခဲ့ရတဲ့ စုံထောက်ဝတ္ထုတွေထဲက အလွတ်စုံထောက် ဆိုတာတွေဟာ တကယ် မရှိဘူးပေါ့"

"ဘယ်ရှိမလဲဗျ၊ ဒီဝတ္ထုတွေထဲက ဇာတ်လိုက်တွေဟာ ဝတ္တရား နှောင့်ယှက်မှု ကျူးလွန်နေတဲ့ ဇာတ်လိုက်တွေချည်းပဲ"

"မသိပါဘူးဗျာ၊ ကဲ. . ကျုပ် သွားလိုက်ဦးမယ်" ဟု ဆို ကာ ထိုထုံထုံ အတတ လူသည် ရှက်ကိုးရှက်ကန်းနှင့် ထွက်သွား လေတော့၏။ ထိုလူ ထွက်သွားပြီးနောက် ကိုနှင်းမောင်သည် အ ဝတ်အစားများ လဲကာ ကျွန်ုပ်နှင့်အတူ လိုက်ခဲ့လေ၏။

မအူကုန်းထိပ်သို့ ရောက်လျှင် ကိုနှင်းမောင်က. . .





"အိုင်ပီ. . . ကျုပ်ကို ရွှေတိဂုံဘုရားကို ပို့စမ်းပါဗျာ"

"ဘာလုပ်မလို့လဲဗျ"

"ပစ္စည်းကလေးတစ်ခု ဝယ်စရာရှိလို့ပါ"

◈ ◈ ◈

ကျွန်ုပ်သည် ကားကို မောင်းရင်း ကိုနှင်းမောင်၏လက် ုင်းမှ ပစ္စည်းများအား ကြည့်လိုက်မိရာ တိရစ္ဆာန်တစ်ကောင် ောင်၏ သားရေပြားလိပ်တစ်ချပ်ဖြစ်ကြောင်း သိရလေ၏။ ဤ ှ အမှုအတွက် အရေးကြီးနေသော အချိန်အခါ၌ ဤသားရေလိပ် ဲ့ မည်သည့်အတွက် ဝယ်ယူ၍ မည်သို့မည်ပုံ ပြုလုပ်မည်ကို ဉ်းစား၍ မရသဖြင့် ကိုနှင်းမောင်အား မေးရလေတော့၏။

"အိုင်ဆေး ကိုနှင်းမောင်. . . ဘာသားရေကြီးလဲဗျ"

"သစ်နက်ရေလေဗျာ၊ ဈေးက မသေးဘူးဗျို့၊ ဆယ့်ငါး ုပ်တောင် ပေးခဲ့ရတာ"

"သစ်နက်ရေတော့ ဟုတ်ပါပြီ၊ ဘာလုပ်ဖို့လဲ"

"ဒီလိုဗျ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက စနေမောင် မောင်ဆိုတဲ့ လူထူးလူဆန်းတစ်ဦးနဲ့ ကျုပ်ဟာ လောင်းကြေးစား ကြေးတစ်ခု လုပ်ခဲ့ဖူးတယ်"

"ဘယ် စနေမောင်မောင်လဲဗျာ၊ အိန္ဒိယပြည်ထဲမှာ အစ္စ ာ ပရိုဖိုဖ်ရသေ့ရဲ့ သံခါးပတ်ကြီးကို သွားပြီးခိုးတယ်ဆိုတဲ့ စနေ မောင်မောင်လား"



www.burmeseclassic.com

www.burmeseclassic.com



"အစစ်ပေါ့ဗျာ"

"အဲဒီလူနဲ့ ဘယ်လိုများ အလောင်းအစား လုပ်ခဲ့ဖူးတာ ကိုနှင်းမောင်"

"ကျုပ်က သူ့ကို ပြောတယ်၊ စနေမောင်မောင် ခင်ဗျာ ဟာ လူတော်တစ်ယောက် ဆိုတာလဲ ကျုပ်လက်ခံပါတယ်၊ သူ သတ္တိနဲ့ ပြည့်စုံတဲ့လူဆိုတာလဲ ကျုပ် မငြင်းပါဘူး၊ ဒါပေမဲ့ ခင်ဗျားတစ်သက်မှာတော့ သူတစ်ပါးအတွက် မိမိအသက်ကို စွန့် လွှတ်ဝံ့တဲ့ အာဇာနည်တစ်ယောက် ဖြစ်လာဖို့တော့ မရှိဘူး ကျုပ်က ပြောဖူးလေတော့. . ."

"သူက ဘာပြန်ပြောသလဲ၊ ဆိုစမ်းပါဦး"

"သူက ဒီလိုဆိုတယ်၊ တကယ်လို့များ သူဟာ တခြား တစ်ယောက်အတွက် သူရဲ့အသက်ကို စွန့်နိုင်ခဲ့ရင် ကိုနှင်းမော လျော်ကြေး ပေးမလားလို့ မေးဖူးတယ်၊ ကျုပ်က ဘယ်လို လျော် ကြေးမျိုးလဲလို့ ပြန်ပြီးမေးတော့ ကျုပ်က ခင်ဗျား မဖြစ်နိုင် ဆိုတာကို လုပ်ပြနိုင်ခဲ့လို့ရှိရင် ကိုနှင်းမောင်က ရှုံးတဲ့သူ ဖြစ်တဲ့ တွက် လျော်ကြေးဆပ်တဲ့အနေနဲ့ သချိုင်းကုန်းတစ်ခုခုမှာ သစ်နေ ရေကို ခင်းထိုင်ပြီး တစ်လတိတိ ညသန်းခေါင်မှာ တရားထိုင်ရမ ဆိုပဲ၊ ကျုပ်ကလဲ စိန်လိုက်လို့ ဆိုခဲ့တယ်ဗျို့"

"နေပါဦး ကိုနှင်းမောင်၊ အခု စနေမောင်မောင်က ဘယ် လို ဖြစ်သွားလို့လဲ"

"ပြီးခဲ့တဲ့အပတ်က ဘင်္ဂလားက လာတဲ့ သင်္ဘော ဘင်္ဂလား ပင်လယ်ကွေ့မှာ လေမုန်တိုင်းမိပြီး မြုပ်သွားတယ် ဗျာ၊ အဲဒီသင်္ဘောမှာ စနေမောင်မောင်လဲ ပါသွားတယ်ဗျ၊ သူ အသက်ကယ်လှေပေါ် ရောက်တဲ့အခါမှာ ကလေးအမေ





ဘုလားမ တစ်ယောက်ကလဲ ကလေးတစ်ဖက်နဲ့ ရေကူးပြီး အဲဒီ အသက်ကယ်လှေကို တွယ်ပြီးတက်တယ်ဆိုပဲ၊ အဲဒီအသက်ကယ် လှေပေါ်မှာလဲ သေနတ်ကိုင် သင်္ဘောသားများ အပါအဝင် လူ ခြောက်ယောက် ပြည့်နေပြီဆိုပဲ၊ ဒီတော့ အသက်ကယ်လှေရဲ့ ဉီးကမ်းအရ လှေပေါ်မှာ ခြောက်ယောက်ထက် ပိုပြီးတက်ခွင့် မပေးနိုင်ဘူး"

"ဖွတ်တက်မယ်ဆိုရင်ကော"

"ဖွတ်တက်ခဲ့လို့ရှိရင် သင်္ဘောသားက သေနတ်နဲ့ ပစ် သတ်ခွင့် ရှိတယ်၊ ပစ်လဲ သတ်မှာပဲ"

"အင်း. . . ဆက်စမ်းပါဦး၊ စိတ်ဝင်စားစရာပဲ"

"အဲဒီအခါမှာ စနေမောင်မောင်က ကလေးတစ်ဖက်နဲ့ ရောက်နေတဲ့ မဂိုကုလားမလေးကို လှေပေါ် ဆွဲတင်ပြီး သူက ဆိုမလေးအစား ပင်လယ်ထဲကို ခုန်ပြီးဆင်းသွားရရှာတယ်ဆိုပဲဗျ"

"ဟာ. . . ဒါဖြင့် စနေမောင်မောင်တစ်ယောက် ဘင် လား ပင်လယ်အော်ထဲမှာ နစ်ပြီးသေရှာပြီပေါ့"

"ဟုတ်လိမ့်မယ် အိုင်ပီ၊ ဒါကြောင့် သူ့ကို ပေးထားတဲ့ ကတိအတိုင်း ဒီသတင်းကို မနေ့က ကျုပ် ကြားရတယ်ဆိုရင်ပဲ သချိုင်းကုန်းတစ်ခုမှာ တစ်လတိတိ တရားသွားထိုင်ဖို့ ချက်ချင်း စီစဉ်ရတာပဲဗျို့"

"ခင်ဗျား တရားထိုင်ထိုင် မထိုင်ထိုင် သူက သိတော့မှာမှ ဟုတ်ဘဲ ကိုနှင်းမောင်"

"သူ မသိသည်ဖြစ်စေ သိသည်ဖြစ်စေ ဒါက အကြောင်း မဟုတ်ဘဲ၊ ပေးထားတဲ့ကတိကို တည်အောင်လုပ်ဖို့သာ လိုတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ တရားထိုင်တဲ့အခါမှာ ဘာဖြစ်လို့ သစ်နက် ပေါ်မှာ ထိုင်ခိုင်းရတာလဲ"

"ဒီလိုရှိတယ် အိုင်ပီ၊ သစ်နက်ဆိုတဲ့ တိရစ္ဆာန်ဟာ တော် ဆန်းတယ်ဗျ၊ အစ်မနဲ့ တစ်ကြိမ်မိတ်လိုက်ပြီးရင် တစ်သ လုံး အမကို ရှောင်တော့တာပဲဗျ၊ ဒါကြောင့် အဲဒီအကောင် သားရေခင်းပြီး ထိုင်ခြင်းအားဖြင့် တိရစ္ဆာန်ဖြစ်တဲ့ သစ်နက်တော မှ ကာမဂုဏ်ကို ဤမျှ ထိတ်လန့်ပါကလားဆိုပြီး သံဝေဂ ရအော ပေါ့ဗျာ"

ကျွန်ုပ်သည် ကိုနှင်းမောင်နှင့် စနေမောင်မောင် လောင်းကြေးစားကြေး ပြုကြပုံကို လည်းကောင်း၊ ကိုနှင်းမောင် ကတိတည်ပုံကို လည်းကောင်း စဉ်းစားမိလေ၏။ သို့ရာတွင် ကျွ ၏စိတ်၌ မတင်မကျ ဖြစ်မိသည့် အချက်တစ်ခုတော့ ရှိလေ စနေမောင်မောင်က အသက်ကို စွန့်ရသည့်ကိစ္စ၌ ကိုနှင်းမောင် မြန်၍ လျော်ကြေးဆပ်သည့်အနေနှင့် သချိုင်းကုန်း၌ တရားထို မည် ဆိုခြင်းမှာ ကိုနှင်းမောင်ဘက်မှ အနည်းငယ် သက်သာ ရသကဲ့သို့ ဖြစ်လေ၏။

"အိုင်ဆေး ကိုနှင်းမောင်၊ စနေမောင်မောင်က အသ ကို စွန့်ပြရတဲ့ကိစ္စမှာ ခင်ဗျားက တရားထိုင်ရုံလောက် ထို မယ်ဆိုတော့ ခင်ဗျားအဖို့တော့ ဘာမှ မခက်ပေဘူးပေါ့"

"မထင်နဲ့ဗျို့၊ စနေမောင်မောင်ဆိုတဲ့လူကလဲ ခေ မဟုတ်ဘဲဗျာ၊ တရားထိုင်ရမယ်ဆိုတာကလဲ ကိုယ် ထိုင်ချင် ထိုင်ရမှာ မဟုတ်ဘူးဗျ၊ သူပြောခဲ့တဲ့စနစ်အတိုင်း ထိုင်ရမှ သေချင်သေနိုင်တယ်၊ တစ်ခါတည်း လောကကြီးကို စိတ်ကု အဆက်အသွယ် တစ်ခါတည်း ပြတ်ချင်လဲ ပြတ်သွားနိုင်





တော့ တခြားအန္တရာယ်တွေလဲ ရှိသေးတယ်ဗျ၊ မလွယ်လို့ ခိုင်း ပေါ့ဗျာ"

"ဒါဖြင့်ရင် ခင်ဗျားနဲ့ ကျုပ်ဟာ အဆင်မသင့်ရင် တစ်ခါ ည်း ကွဲသွားနိုင်တာပေါ့နော်"

"ဟုတ်တယ် အိုင်ပီ၊ ဒါပေမယ့် ခွင့်စာတော့ ရေးပြီးထားခဲ့ င် ခွင့်တစ်လ ယူမယ်ဗျာ၊ တစ်လကြာလို့မှ မလာရင်တော့ ခါတည်း အလုပ်က ထွက်ပြီပေါ့"

"ခွင့်ကို တစ်လထက် ပိုပြီး ရေးခဲ့ပေါ့၊ ခင်ဗျားကိစ္စက လ အတိအကျကြီး လုပ်လို့ဖြစ်တဲ့ကိစ္စမှ မဟုတ်ဘဲ"

"လောလောဆယ်တော့ တစ်လပဲ လိုတယ်၊ တကယ်လို့ လကြာလို့မှ ကျုပ် ပြန်မလာဘူးဆိုရင်တော့ ထွက်စာတင်လိုက် တော့ အိုင်ပီ"

ကိုနှင်းမောင်သည် ဤသို့ပြောလျက် အမှန်တကယ်ပင် စာတစ်စောင်ကို ရေးသားလျက် ရှိပေရာ ကျွန်ုပ်အနေနှင့် ားရန် တား၍လည်းမဖြစ်၊ တားလျှင်လည်း ရမည့်လူစားမျိုး တ်သဖြင့် စိတ်မကောင်း ဖြစ်ရလေ၏။

ကျွန်ုပ် စိတ်မကောင်း ဖြစ်ရခြင်း၌ အကြောင်းနှစ်ခုရှိ၏။ သောအကြောင်းမှာ လိုက်လက်စ ဖြစ်သော စိန်ဘောဂတိုက် တ်မှုကြီး မပြီးပြတ်သေးသည်က တစ်ကြောင်း၊ တခြားသော ကြောင်းတစ်ခုမှာ နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့သော ဆွေတစ်ဦးသည် အဆင်သင့်ပါမှ ပြန်တွေ့ရမည်ဖြစ်ပြီး အ မသင့်လျှင် တစ်သက်ပတ်လုံး ကွဲသွားနိုင်သည် ဖြစ်သော ကြောင့်ပင်။

ကိုနှင်းမောင်မှာမူ ခွင့်စာကို ကျွန်ုပ်လက်သို့ ကမ်း၍ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးလျှင် လွယ်အိတ်တွင်း၌ အကျီအပိုတစ်ထည်နှင့် လုံ
အပိုတစ်ထည်ကို ထည့်လေ၏။ ထို့နောက် ခြောက်လုံးပြူးကို ထု
၍ မောင်းများကိုစစ်ဆေးခြင်း၊ ပြောင်းကို သုတ်သင်တိုက်ချွတ်
များကိုလည်း ပြုလုပ်လေ၏။ ထို့နောက် ကျည်ဆန်များအား
နေရာနှင့်သူ ထည့်ကာ ချိုင်းအောက်၌ ဝှက်၍လွယ်သော သာ
သိုင်းကြိုးအား လွယ်လျက် အပေါ်မှ ကုတ်အကျီကို ထပ်၍
လေ၏။

"အိုင်ဆေး. . ကျုပ်တို့ လိုက်နေတဲ့ အမှုအခြေအနေ
ဘယ်လိုလဲ"

"အဲဒီအမှုဟာ မလွယ်ဘူးဗျ၊ ဒါပေမယ့် ခင်ဗျား စဉ်
နိုင်အောင်တော့ အမှုနဲ့ ပတ်သက်တဲ့ သဲလွန်စတွေကို ဆွေး
ခဲ့မယ်၊ ဒါပေမယ့် ခင်ဗျားတော့ မလိုက်လေနဲ့၊ တရားခံကို မိ
တယ်မလွယ်ဘူး"

"အဲဒီတော့ ဘယ်လိုလုပ်မလဲ ကိုနှင်းမောင်"

"ဒီလိုရှိတယ် အိုင်ပီ၊ အမှုမှန်ပေါ်တယ်ဆိုတာ အမှု
လွန်တဲ့ တရားခံထက် အမှုလိုက်တဲ့ စုံထောက်က ဉာဏ်သာ
ပေါ်တယ်၊ စုံထောက်က တရားခံထက် ညံ့နေရင် အမှုမှန် ပေ
နိုင်ဘူး၊ ဒီအမှုမှာ အရေးကြီးတဲ့ ကွင်းဆက်ကလေးတစ်ခု
အစရှာလို့ မရအောင် ဖြတ်နေတယ် အိုင်ပီ၊ တည့်တည့်ပြော
တရားခံဟာ ကျုပ်တို့ထက် သာနေတယ်"

"အမှုမှာ အရေးကြီးတဲ့ကွင်းဆက်ဆိုတာ ဘယ်ဟာ

"အစကနေ ပြန်ပြီးစဉ်းစားရအောင်၊ အလွန်ကြီးမား
နားတဲ့ စိန်ဘောဂဆိုတဲ့ တိုက်ကြီးတစ်လုံးထဲမှာ ခင်ခင်စိန်ဆို
လွန်စွာချောမောလှပတဲ့ မုဆိုးမလေးတစ်ဦး သတ်ခံရတယ်၊





းမကလေးဟာ ချမ်းသာပင် ချမ်းသာငြားသော်လည်း လော
ာဆယ်မှာတော့ အိမ်မှာ အိမ်ဖော်တစ်ယောက်မှ မရှိဘူး၊ ပြီး
ာ့ အသတ်ခံရတဲ့အခါတုန်းက စိန်နားကပ်၊ စိန်လက်စွပ် စတဲ့
ည်းတွေကို လူသတ်သမားဟာ ဖြုတ်ပြီး ယူမသွားဘူး"

"ဒါက ဘာသဘောလဲ"

"ပစ္စည်းတွေအတွက် သတ်တာမဟုတ်ဘူး ဆိုတဲ့အချက်
ဲ့ ပြီးတော့ ဗလက္ကာယ ပြုချင်လို့ သတ်တာလဲ မဖြစ်နိုင်ဘူး၊
ဖြစ်လို့လဲဆိုတော့ အဲဒီ ခင်ခင်စိန်ဟာ မသေမီ မိနစ်အနည်း
ပ်မှာ ယောကျာ်းတစ်ဦးနဲ့ သံဝါသ ပြုခဲ့တယ်လို့ ဆရာဝန်
ားစာမှာ ဖော်ပြထားပြန်တယ်"

"အင်း. . . ဟုတ်တယ်"

"ပြီးတော့ ခင်ခင်စိန်မှာ မောင်တစ်ယောက်ရှိတယ်၊ ရေ
င်လို့သေသွားတာ တစ်နှစ်ကျော်ကျော်လောက် ရှိသွားပြီဆိုတာ
ပြန်တယ်၊ ဒါကလဲ ကမလာဆိုတဲ့ နွားနို့ပို့တဲ့ ကုလားမလေးက
ာတာ၊ ဒါပေမယ့် သီလရှင်ကြီးကို သွားမေးတဲ့အခါမှာတော့
င်ခင်စိန်မှာ မောင်တစ်ယောက် ရှိတယ်ဆိုတာကို ထိမ်ချန်ပြီး
ာခဲ့တယ်"

"ဟုတ်တယ် ကိုနှင်းမောင်"

"ခင်ခင်စိန့်အိမ်မှာ ထမင်းချက် လုပ်ဖူးတဲ့ မောင်ဝိုင်းနဲ့
န်းရှင်ကတော့ ခင်ခင်စိန့် မောင်အကြောင်းကို တစ်လုံးမှ ပြောမ
းဘူး၊ ဗဟန်းဂါတ်က မောင်ဝိုင်းနဲ့ သူ့သူငယ်ချင်းကို တရားခံ
ဖြစ် ဖမ်းခဲ့ပြန်တယ်၊ ဒါပေမယ့် ခင်ခင်စိန့်မှာ တွေ့တဲ့ သဲလွန်
ာနဲ့ မောင်ဝိုင်းတို့ရဲ့ သက်သေကို တိုက်ဆိုင်စစ်ဆေးခဲ့ပြန်တယ်၊
ာ မတူတာကြောင့် ဒီကောင်တွေကို ပြန်လွှတ်လိုက်ရပြန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ မန္တလေးက ပန်းထိမ်ဆရာ ကိုမောင်မောင်
စဉ်းစားကြည့်ဦး၊ သူဟာ ခင်ခင်စိန်နဲ့ မောင်နှမ တော်တယ်သ
ဆိုရတယ်၊ တကယ်ကျတော့ ဘာမှ သွေးသား မတော်စပ်
ရေနစ်သေတဲ့လူဟာ ခင်ခင်စိန်ရဲ့ အလုပ်သမားလို့ ပြော
တယ်"

"ဟုတ်တယ် ကိုနှင်းမောင်"

"တစ်ခါ ရာမိဆိုတဲ့ ကုလားလေးဟာ ခင်ခင်စိန့်အိမ်
ခင်ခင်စိန် သေပြီးမှ ဝင်ခိုးတယ်မဟုတ်လား၊ အဲဒီမှာ သူ့တို
တစ်ယောက်က ဖမ်းပြီး သေတ္တာထဲ ထည့်ခေါ်သွားတယ်၊ ဒါ
မယ့် သူ လွတ်လာတဲ့အခါမှာ ဘယ်နေရာကို ရောက်ခဲ့တယ်
အတပ်မပြောနိုင်ပြန်ဘူး မဟုတ်လား"

"ဟုတ်တယ် ကိုနှင်းမောင်"

"ပြီးတော့ ဒီအမှုမှာ ရထားတဲ့ သဲလွန်စတွေဟာ တစ်
ခုစ်ခု ဆက်စပ်မှု မရှိဘဲ ဖြစ်နေတယ်၊ အရေးကြီးတဲ့ကွင်းဆ
တွေ ပြုတ်နေတယ် မဟုတ်လား အိုင်ပီ"

"အဲဒီတော့ ဘယ်လိုလုပ်မလဲ ကိုနှင်းမောင်"

"စောစောက ကျုပ်ပြောခဲ့ပါပကော၊ အခုချိန်ထိ လူသ
သမားဟာ ကျုပ်တို့ထက် ဉာဏ်သာနေသေးတယ်၊ ဒါကြောင့် ကျ
တို့ မဖော်နိုင်သေးတာပေါ့။ ကဲ. . . ကျုပ်လဲ ခရီးထွက်ရဦးမ
အိုင်ပီ၊ အမှုအကြောင်းကိုတော့ မစဉ်းစားပါနဲ့ဗျာ၊ ထားလိုက်
တော့၊ ကျုပ်မှာလဲ ကိုယ်ရေးကိုယ်တာကိစ္စက သိပ်ပြီးအရေးကြီး
တယ် မဟုတ်လား"

ကိုနှင်းမောင်သည် ပြောပြောဆိုဆို လွယ်အိတ်ကိုကော
၍ လွယ်ပြီးလျှင် ထလိုက်လေ၏။ ကျွန်ုပ်လည်း ရော၍ထလိုက်





ာက် ကိုနှင်းမောင်နှင့်အတူ အိမ်ပေါ်မှ ဆင်းလာခဲ့တော့၏။

"အိုင်ဆေး. . . ဘယ်ကို ပို့ပေးရမလဲ"

"ကွမ်းခြံဘူတာကို ပို့ပေးပါဗျာ"

ကျွန်ုပ်သည် ကားကို အရှိန်ပြင်းပြင်း မောင်းနှင်ခဲ့လေ၏။
င်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်၍ ရှိုက်ဖွာရင်း. . .

"မင်းသားဖိုးစိန်လဲ အကတော့ဖြင့် ကောင်းပါတယ်ဗျာ၊
ပေမယ့် ကျုပ်ကတော့ စိန်ကတုံးကို ပိုပြီးသဘောကျတယ်၊ စိန်
တုံးကလို့တောင် နာမည်တွင်ကျန်ရစ်အောင် အကဘက်မှာတော့
ချွန်ပါတယ်၊ အကတွေကလဲ ထိုင်းကို ကျုပ်တို့က အတုယူရတာ
ာ့ မှန်တာတော့မှန်တယ်ဗျ၊ ဒါပေမယ့် ကျုပ်တို့လူမျိုးရဲ့ကိုယ်ပိုင်
တနဲ့ ပေါင်းစပ်နိုင်မှ ပိုပြီးအဆင်ပြေတာ၊ ယောက်ျားတို့ တတ်
်တဲ့ ကာလအတတ် (၆၄)ပါးမှာ ကခုန်ခြင်းအတတ်ကို ထည့်
းတာဟာ ရှေးက ပညာရှိကြီးတွေရဲ့ အမြော်အမြင် ကြီးမားမှုပဲ
င်ပီ"

ကျွန်ုပ်သည် ကိုနှင်းမောင်ကို အံ့သြလွန်းသဖြင့် တစ်ချက်
လှည့်၍ကြည့်မိလေ၏။ အမှုနှင့်လည်း မပတ်သက်၊ လောလော
ယ် သူသွားရောက်ရမည့် ကိစ္စနှင့်လည်း မသက်ဆိုင်သော သ
င် ပညာအကြောင်းကို စိတ်ဝင်စားစွာ ပြောဆိုနေသည့်အတွက်
်သြဘဲ မနေနိုင်အောင် ရှိလေတော့၏။

ကျွန်ုပ်၏စိတ်၌ ဤသူကား မိမိလုပ်မည့်အလုပ်အတွက်
င်စော၍နေတတ်သော လူမျိုးမဟုတ်ဘဲ လုပ်စရာရှိသည့်အလုပ်
 လုပ်ရန်သင့်သောအချိန်၌သာ အကောင်းဆုံးဖြစ်အောင် လုပ်
်သော်လည်း ထိုအလုပ်ကို ခေါင်းထဲ၌ အစဉ်သဖြင့် ထည့်
းခြင်း မရှိကြောင်းကို စဉ်းစားမိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ကွမ်းခြံဘူတာကို ရောက်သည့်အချိန်၌ ရထ
တစ်စီးသည် စတင်ထွက်ခွာနေပြီ ဖြစ်သဖြင့် ကိုနှင်းမောင်သ
ကျွန်ုပ်အား "ရထားတောင် ထွက်နေပြီဗျို့၊ ပြေးမှပဲ" ဟု ဆို
ပြေးသွားလေ၏။ ကျွန်ုပ်၏စိတ်ထဲ၌ လက်မှတ်မဝယ်ဘဲ ဤ
တက်သွားခြင်းကို ပူပန်မိပြန်လေ၏။ သို့ရာတွင် ကိုနှင်းမောင်
ပြေးသွားရင်း၌ပင် အကျႌအိတ်တွင်းမှ လက်မှတ်ကို နှိုက်
ကျွန်ုပ်အား လှည့်မကြည့်ဘဲ ထောင်၍ပြသွားသဖြင့် "ဪ. .
လက်မှတ် ပါသားပဲ" ဟု စိတ်၌ သက်သာရာရသည့်အပြင် ကျွ
၏ စိတ်၌ မည်သည့်အရာများ တွေးတောနေသည်ကိုပင် ကို
မောင် အနေနှင့် သိရှိနေခြင်းကို အံ့သြရပြန်၏။

ရထားကြီးသည် တစ်စထက်တစ်စ အရှိန်ပြင်းစွာ
ထွက်ခွာသွားလေ၏။ ကိုနှင်းမောင်သည် မီးရထားတွဲတစ်တွဲပေါ်
ခုန်တက်ကာ ကျွန်ုပ်အား လက်ပြနှုတ်ဆက်သွား၏။ ကျွန်ုပ်၏
ကွင်း၌ ရထားကြီး လုံးဝမရှိတော့သည့်အခါ၌ ကျွန်ုပ်၏ရင်၌
တာတာကြီး ခံစားရလေတော့၏။ များစွာ အတူတကွ တွဲဖက်
ခဲ့၍ လွန်စွာ ရဲရင့်စွန့်စားတတ်သည့် 'လွန်စွာပေါင်းများစွာ
ချီးမွမ်းဖြစ်သော မိတ်ဆွေကြီး ကိုနှင်းမောင်သည် ကျွန်ုပ်
ခွဲခွာသွားခဲ့လေပြီ ဖြစ်၏။

အမှုကြီးတန်းလန်းနှင့် ခွင့်ယူခြင်း၊ ကျွန်ုပ်တစ်ယော
တည်း ထားခဲ့ခြင်းကိုလည်း သူသည် တစ်ကြိမ်တစ်ခါမျှ မရှိ
ပေ။ ယခုမူ အမှန်တကယ်ပင် ခွင့်ယူသွားခြင်းလော။

နောက်တစ်ချက်မှာလည်း ကိုနှင်းမောင်သည် မည်သ
အမှု၌ဖြစ်စေ (တရားခံက ဉာဏ်သာလို့ လက်မြှောက်ရပြီဗျို့)
တစ်ခါမျှ မပြောဖူးပါဘဲလျက် ယခုအမှု၌ အဘယ့်ကြောင့်





အားကို ပြောဆိုရပါသနည်း စသည်များကို စဉ်းစားရင်း ကျွန်ုပ်
ည် မော်တော်ကားဆီသို့ လေးကန်စွာဖြင့် လျှောက်၍လာခဲ့လေ
ာ့၏။

◈ ◈ ◈

ကိုနှင်းမောင် ထွက်သွားသည်မှာ နှစ်ပတ်ပင် ကျော်ခဲ့လေ
ဖြစ်၏။ ကျွန်ုပ်သည် စိတ်ပျက်ခြင်း၊ အားငယ်ခြင်းများ ဖြစ်ပေါ်
လေ၏။ စုံထောက်ဌာနမှ လုပ်ဖော်ကိုင်ဖက် စုံထောက်အရာရှိ
တလည်း "ဘယ်လိုလဲ. . . ဦးအောင်သင်၊ ဒီတစ်ခါတော့ ဆား
င်းနှင်းမောင်လဲ မတတ်နိုင်တော့ဘူး မဟုတ်လား" ဟူ၍လည်း
ရော်လေ၏။

ထို့ထက် ဆိုးရွားသည်မှာ နွားနို့ပို့သော ကုလားမလေး
ည် ကျွန်ုပ်ထံသို့ ရောက်ရှိလာပြီးလျှင် ဗဟန်းဂါတ်မှနေ၍ ၎င်း
ည်းစား ရာမီအား လူသတ်မှုအတွက် ဖမ်းဆီးလိုက်ပြီ ဖြစ်
ကြောင်း ငိုယို၍ ပြောပြခြင်းပင် ဖြစ်လေ၏။

ကျွန်ုပ်သည် ကမလာအား နှစ်သိမ့်စကား ပြောပြပြီး
ာက် ဗဟန်းဂါတ်သို့ သွားရောက်၍ ရာမီနှင့် တွေ့ဆုံရလေ၏။
မီသည် မြင်မကောင်းလောက်အောင် ရောင်ကိုင်းလျက်ရှိသော
ာ်နှာနှင့် သံတိုင်ကြားမှနေ၍ ကြည့်နေလေ၏။

သူ၏မျက်လုံးများသည် "ကယ်ပါဦး ခင်ဗျာ" ဟု ပြောနေ
ည် ဖြစ်ကြောင်းကို လည်းကောင်း၊ ပုလိပ်များသည် သူ့အား



www.burmeseclassic.com

www.burmeseclassic.com



ရိုက်နှက် နှိပ်စက်ပြီး စစ်ချက်ယူထားကြောင်းကို လည်းကော
ကျွန်ုပ် ကောင်းစွာ နားလည်လိုက်ပေသည်။

ကျွန်ုပ်သည် ပုလိပ်အရာရှိတစ်ဦး ဖြစ်သော်လည်း တရ
ခံကို ညှဉ်းပန်းနှိပ်စက်၍ အမှုစစ်ခြင်းကို လုံးဝလိုလားခြင်း မရှိ
ကျွန်ုပ် ထင်ပါသည်။ တရားခံပေါ်၌သာ ပါဝါပြခွင့်ရသဖြင့် ပါဝ
လိုသော ပုလိပ်သည် တစ်ဦးလျှင် တစ်ယောက်တော့ ရှိကောင်း
မည် ဖြစ်သော်လည်း များသောအားဖြင့် မနှိပ်စက် မညှဉ်းပန်း
သော ပုလိပ်များက ပို၍များပေလိမ့်မည်။

သို့ရာတွင် အချို့သော တရားခံများကား ဤသို့မျှ မရို
မနှက်ပြန်လျှင်လည်း အမှန်အတိုင်း မထွက်ဆိုသဖြင့် ပုလိပ်မျာ
သည် မရိုက်ချင်ဘဲလျက် ရိုက်နှက်နေရသည်ကို ပုလိပ်ဘဝ
အမှုထမ်းဖူးသူမှသာလျှင် ကိုယ်ချင်းစာတတ်ပေလိမ့်မည်။ ဤ
ဆိုသဖြင့် ကျွန်ုပ်အား ရိုက်နှက်ခြင်းကို အားပေးသည်ဟု မထ
မှတ်စေလိုပါ။

"ဆရာ. . . ဒီကောင်တော့ ဖြောင့်ချက်ပေးပြီ ဆရာ၊ ဒ
သတ်တာပါလို့ ဝန်ခံပြီ"

ရာဇဝတ်အုပ်ကလေးက ဂုဏ်ယူသကဲ့သို့ ကျွန်ုပ်အား
ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်က ရာမိဘက်သို့ လှည့်ကာ. . .

"ဟုတ်သလား ရာမိ၊ မင်း သတ်တာလား"

"ဟုတ်ပါတယ်၊ ကျွန်တော် သတ်တာပါ"

"အေးလေ. . . ဒီလိုဆိုလဲ ပြီးရောပေါ့ကွာ၊ ဒါပေမဲ့
တစ်ခုတော့ ရှိတယ်၊ ဂါတ်မှာထွက်တဲ့ ထွက်ချက်တွေဟာ တရား
ကျတော့ စက္ကူစုတ်တွေ ဖြစ်သွားတတ်သေးတယ် မောင်၊ ရိုက်





ညှဉ်းလို့ ထွက်ရတာပါ၊ တကယ်မဟုတ်ပါဘူးလို့ဆိုရင် တရားသူကြီး
က အဲဒီစကားကို လက်ခံလေ့ ရှိတယ်၊ ဒီတော့ တခြားခိုင်လုံတဲ့
အထောက်အထားတော့ တင်ပြနိုင်မှ ဖြစ်မယ်"

"ရှိတာပေါ့ ဆရာရယ်၊ ခင်ခင်စိန့်ရဲ့ ကုတင်တိုင်မှာ ဒီ
ကောင်ရဲ့ လက်ရာတစ်ခု ရတယ် ဆရာ"

"အဲဒါက ဘာဆိုင်လို့လဲ၊ ရာမိဟာ ခင်ခင်စိန် အသတ်ခံရ
ပြီးမှ ဒီအိမ်ထဲကို ခိုးဖို့ ဝင်ခဲ့တယ်ဆိုတာ ငါတို့ သိပြီးသားပဲ"

"ကျွန်တော်တို့ သိပြီးသားက တရားဝင်တာ မဟုတ်ဘူး
ဆရာ၊ ဥပဒေစကားနဲ့ ပြောရင် ဒီကောင် လွတ်မသွားနိုင်တော့
ဘူး"

"ကဲ. . . ထားပါတော့၊ ခင်ခင်စိန့်ဆီက တွေ့တဲ့ သုက်
သွေးကကော ရာမိနဲ့ တိုက်ဆိုင်စစ်ဆေးပြီးပြီလား"

"ဒါက မလိုပါဘူး ဆရာ"

"မလိုလို့ ဘယ်ဖြစ်မလဲ၊ ရာမိဘက်က ရှေ့နေက အ,အမှ
တ်ဘဲ၊ အဲဒီအချက်ကို မေးပြီး ရာမိ အမှုထဲက ပြန်ထွက်နိုင်
အောင် ချေပမှာပေါ့၊ အဲဒီလို ချေပလို့ တရားခံ လွတ်သွားရင်
မောင်ရင့်ကို သက်ဆိုင်ရာက ဒီတိုင်းထားမှာ မဟုတ်ဘူး၊ အဲဒါကိုလဲ
စဉ်းစားစမ်းပါဦး"

"ဒါတွေအတွက် ကျွန်တော် အားလုံး စီစဉ်ပြီးပါပြီ"

ကျွန်ုပ်သည် ဆောင့်ကြွားကြွားနိုင်လှသော ရာဇဝတ်အုပ်
နှင့် ဆက်လက်၍ စကားမပြောလိုတော့သဖြင့် အင်းစိန် စီအိုင်ဒီသို့
ပြန်ခဲ့လေ၏။ လမ်းတစ်လျှောက်လုံး၌ အမှုအကြောင်းကို စဉ်း
စားကောင်း၊ ကိုနှင်းမောင်နှင့် ပတ်သက်၍ လည်းကောင်း၊ အတွေးနှောင်
စဉ်းစားလာရာ ကမာရွတ် အဝိုင်းကြီးအနီးသို့ ရောက်လျှင် ထား



www.burmeseclassic.com

www.burmeseclassic.com



လမ်းသို့ ဖြတ်၍ပြေးလာသော ကလေးငယ်တစ်ဦးအား ကားဖြင့် တိုက်မိမည်ကဲ့သို့ ဖြစ်သေးသဖြင့် ကားမောင်းရင်း အလုပ်ကိစ္စကို စဉ်းစားခြင်း၏ အန္တရာယ် ကြီးမားပုံကို သတိရသဖြင့် ဖျောက်ဖျက် ပစ်သော်လည်း ကျွန်ုပ်၏စိတ်သည် ကိုနှင်းမောင်၏စိတ်ကဲ့သို့ ကျွန်ုပ် အလိုရှိသကဲ့သို့ မဖြစ်သည်ကို တွေ့ရသည့်အခါ၌ ကိုနှင်း မောင်အား တိုး၍ပင် လေးစားမိလေတော့၏။

စီအိုင်ဒီသို့ ရောက်ပြန်လျှင်လည်း မျက်နှာဖြူ စုံထောက် မင်းကြီးက ခေါ်ယူ၍ သူရိယသတင်းစာ အပါအဝင် အခြား သ တင်းစာ နှစ်စောင်ကို ပြသလေရာ သတင်းစာများမှ အယ်ဒီတာ များသည် ညှိ၍ရေးထားကြဘိသကဲ့သို့ ငါးထပ်ကြီးဘုရားအနီး လူ သတ်မှုမှာ ယခုအချိန်ထိ လက်သည်တရားခံ မပေါ်ပေါက်ခြင်း သည် ပုလိပ်များ ညံ့ဖျင်းလွန်းသောကြောင့် ဖြစ်သည်ဟု ပြစ်တင် ရှုတ်ချ၍ ရေးသားထားသော သတင်းစာ၏ (အက်ဒစ်တိုရီးယယ်) ခေါ် အယ်ဒီတာ၏ ထင်မြင်ချက်အခန်း၌ ရေးသားထားသည့် သတင်းကို ဖတ်ရလေ၏။

မျက်နှာဖြူမင်းကြီးအခန်းမှ ထွက်၍ လာပြန်တော့လည်း အိုင်ပီအောင်မြင့်က "ဘယ့်နှယ်လဲ. . စုံထောက်ကြီးရ၊ သတင်းစာ တွေကလဲ ဆော်နေပြီနော်" ဟု သူ၏ ပြာနှမ်းနှမ်း ရုတတအသံဖြင့် ခနဲ့တဲ့တဲ့ ပြောလေ၏။ ထိုသူသည် ဘုရားဈေး၌ စာအုပ်ဟောင်း များ ရောင်းနေရာမှ ပုလိပ်ဘက်သို့ ရောက်ရှိလာသည် ဖြစ်ရာ မိမိ၏ဘဝဟောင်းကို လွန်စွာမေ့လျော့သူ ဖြစ်သည့် အလျော့ ကျွန်ုပ်အပါအဝင် စီအိုင်ဒီရှိ စုံထောက် တော်တော်များများက မျက်စိနောက်၍နေသူ ဖြစ်သော်လည်း ကျွန်ုပ်သည် တစ်လုံးတစ် ဝမျှ ချေပပြောဆိုခြင်း မပြုဘဲ မကြားချင်ဟန်ဆောင်၍ ပြန်ခဲ့လေ





တော့၏။

အိမ်သို့ ရောက်ပြန်လျှင်လည်း အလိုက်ကမ်းဆိုး မသိ တတ်သော ကျွန်ုပ်၏ဇနီးက. . .

"ကိုကိုတို့ ပုလိပ်တွေကိုတော့ သတင်းစာတွေက ဝိုင်းပြီးချ နေပြီ၊ ဟဲ. . . ဟဲ. . . ဟုတ်လဲ ဟုတ်ပါရဲ့၊ ကိုကိုတို့ကလဲ ခုထိ တရားခံကို မဖော်နိုင်သေးဘူးလား၊ တင်တော့ အသတ်ခံရတဲ့ မု ဆိုးမလေး ခင်ခင်စိန်ကို ကြားရကတည်းက သနားနေတာ ကိုကို"

"အေး. . . သတင်းစာတွေက ဝိုင်းပြီးချလို့ ငါတို့ကို အသုံး မကျတဲ့ကောင်တွေဆိုပြီး အလုပ်ဖြုတ်ပစ်ရင်လဲ မင်းက အရင်ဆုံး ထိခိုက်မယ့်လူပဲ၊ ဒါကိုတော့ **မသိဘူး**၊ သတင်းစာက ရေးတာကို မင်းကပါ ဝင်ပြီးအားကျနေ"

"ကိုကိုရယ်. . . ဒေါသကြီးလှချေလား"

"ကြီးရမယ်ကွ. . ငါ့မှာ ဘယ်လိုဖြစ်နေတယ် မသိဘူး၊ မင်းကပါ အိမ်ကနေ ကောင်းကောင်းမနေဘူး၊ တရားခံ မမိတာကို ဝင်ပြီး သရော်နေရသေးတယ်၊ အလကား. . . မိန်းမ"

"အလကား မိန်းမလို့တော့ မပြောပါနဲ့ ကိုကို"

"ပြောရမယ်ကွ"

"ကိုကို့ကို အလကား ယောကျ်ားလို့ ပြောရင် ကိုကို ခံ နိုင်ပါ့မလား"

"ငါက အလကား ယောကျ်ားလို့ ပြောရအောင် ဘာများ လုပ်နေလို့လဲ"

"ဒီအမှုကလေး လိုက်ရတာများ ခက်ခက်ခဲခဲ လုပ်ပြီး အခုထိ မမိနိုင်သေးတာ အံ့ပါရဲ့၊ ဆားပုလင်းနှင်းမောင်ဆို မတတ် နိုင်တော့ဘူး မဟုတ်လား"

www.burmeseclassic.com



"ဟော့. . . တော်ကွာ. . . မင်းနဲ့ မဆိုင်တာတွေ ဝင်မပြော
စမ်းနဲ့"

"ပြောတယ်"

"တယ်. . . ဒီမိန်းမတော့. . . ဟင်း"

"ဘာလုပ်ချင်လို့လဲ. . . လာပါ"

ကျွန်ုပ်တို့လင်မယားသည် ရန်မဖြစ်စဖူး ဖြစ်ရလေတော့ ၏။ အိမ်နီးနားချင်းကသာ လာ၍မဖျဉ်လျှင် ထ၍ပင် သတ်ကြ မည်လား မပြောတတ်ပေ။ ငါးထပ်ကြီးဘုရားအနီး လူသတ်မှုက ကျွန်ုပ်အတွက် ဂြိုဟ်ဆိုးတစ်ခုကဲ့သို့ ဒုက္ခပေးလေတော့၏။ ကျွန်ုပ် သည် ဤအမှု၏ လက်သည်တရားခံကို ကြိုးစင်သို့ အမြန်ဆုံး ပို့ ချင်လှသည်ဆိုလျှင် ကျွန်ုပ်အား ရိုင်းစိုင်းလွန်းသည်ဟု အပြစ် မတင်ထိုက်ပေ။ အဘယ့်ကြောင့်ဆိုသော် အခင်ဆုံး မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်နှင့် မခွဲစဖူး ခွဲရသကဲ့သို့ အချစ်ဆုံး ဇနီး သည်နှင့်လည်း ရန်မဖြစ်စဖူး ဖြစ်ရသောကြောင့်တည်း။

. . . ၉၈၈၈ . . .





## ဆားပုလင်းနှင်းမောင် ပြန်လာပြီ

အထက်၌ ဆိုခဲ့သည့်အတိုင်း ကျွန်ုပ်သည် တရားခံမဖော် နိုင်သော ငါးထပ်ကြီးဘုရားအနီး စိန်ဘောဂတိုက် လူသတ်မှု အ တွက် လွန်စွာ စိတ်ညစ်ခဲ့ရလေ၏။ ကိုနှင်းမောင် ခွင့်ယူသွားသည် မှာလည်း တစ်လတိတိပင် ရှိပေပြီ။ တစ်လပြည့်လို့မှ မလာရင် ခင်ခါတည်း ထွက်စာတင်လိုက်ပေတော့ဟု ကိုနှင်းမောင်က မှာ၍ သွားသော်လည်း တစ်လတိတိ ပြည့်သောနေ့တွင် ပြန်ရောက်လာ လိမ့်မည်ဟုတော့ ကျွန်ုပ်သည် မထင်မှတ်ခဲ့ပေ။

နေ့လည်(၁)နာရီ ပတ်ဝန်းကျင်လောက်၌ ရာဇဝတ်အုပ် အောင်ဘိုးထော်နှင့် ဗဟန်းဂါတ်မှ တိုက်ပိုင်ကြီးသည် ကျွန်ုပ်ထံသို့ ရောက်၍လာ၏။ ၎င်းတို့နှင့်အတူ ရောက်လာသည်နှင့် တစ်ပြိုင်နက် သံပြာ အောင်မြင့်ဆိုသည့် စုံထောက်လည်း အလိုက်ကမ်းဆိုး



www.burmeseclassic.com

www.burmeseclassic.com



မသိ ကျွန်ုပ်၏ရုံးခန်းသို့ မဖိတ်ခေါ်ပါဘဲလျက် ရောက်လာလေ၏။ ရင်းတို့နှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဦးကိုကိုကြီး၊ ဆရာစိန် စသော ပုလိပ်အရာရှိများလည်း ရောက်လာကြလေ၏။

ထိုအထဲတွင် ပျော်ပျော်ပါးပါး နေတတ်သော ဦးကိုကိုကြီး က "ခင်ဗျားတို့ဥစ္စာ လူစုံလှချေလားဗျ၊ အစည်းအဝေးပွဲ ကျနေတာ ပဲ၊ ဦးအောင်သင်း. . . တခြားကိစ္စတွေ အသာထားပြီး လက်ဖက် ရည် အရင်မှာပြီး သောက်ကြရအောင်ဗျာ၊ မကောင်းဘူးလား" ဟု ပြောလေ၏။ ထိုအခါ၌ ဆရာစိန်က. . .

"ပြီးတော့ လက်ဖက်ရည်ဖိုးကို ဦးကိုကိုကြီး ရှင်းမှာလား"

"ဘယ်ဟုတ်မလဲဗျ၊ မင်းကြီးကို ရှင်းခိုင်းရမှာပေါ့၊ သူ့ ထောက်တွေ ဒီလို လူစုံတက်စုံ သူ တစ်ခါမှ မြင်ဖူးတာမှ မဟုတ် ဘဲ၊ ဟော. . . ပြောရင်းဆိုရင်း ကိုစိန်လှတစ်ယောက် ရောက်လာ ပြန်ပြီဗျို့"

ကိုစိန်လှဆိုသူလည်း စပ်ဖြဲဖြဲနှင့် ဝင်လာပြီးလျှင်. . .

"ကျွန်တော်လဲ လူစုစု မြင်တာနဲ့ ဝင်လာတာပဲ၊ ကင်တင်း ကိုတောင် လက်ဖက်ရည် ပို့လိုက်ဖို့ မှာခဲ့သေးတယ်"

"ပြီးတော့ လက်ဖက်ရည်ဖိုးက ခင်ဗျားက ပေးမှာလား"

ဟု ဦးကိုကိုကြီးက မေးလိုက်ရာ ကိုစိန်လှက မျက်လုံးပြူး ၍. .

"ဦးအောင်သင်း အခန်းမှာ သောက်တာ ဦးအောင်သင်း က ပေးရမှာပေါ့ဗျ"

"ဦးအောင်သင်းက မပေးတဲ့အပြင် လက်သီးနဲ့တောင် ထထိုးလိမ့်မယ်၊ ခင်ဗျားတို့ကို ဘယ်သူက လက်ဖက်ရည်သောက် ကြွပါလို့ ဖိတ်လို့လဲ၊ ရှုပ်မနေနဲ့၊ ခင်ဗျား မှာလာတာ ခင်ဗျား





ရှင်းပေတော့" ဟု ကျွန်ုပ်က ပြောလိုက်ရာ. . .

"ဟောဗျ. . . ကိုယ့်ရှူး ကိုယ်ပတ်ဆိုတာ ဒါမျိုးပဲ မှတ် ဘယ်" ဟု ကိုစိန်လှသည် သူ့နဖူးကို သူ၏လက်ဖြင့် ရိုက်တာ ညည်းညူလေတော့၏။

ထိုစဉ်၌ ကင်တင်းမှ သူငယ်ကလေးတစ်ဦးသည် လက် ဖက်ရည်ဗန်းကို မနိုင့်တနိုင်နှင့် သယ်ယူလာလေ၏။ အခန်းတွင်းရှိ သူများသည် စကားရော ဖောရောပြု၍ လက်ဖက်ရည်တစ်ခွက်စီ ဆွဲ၍သောက်ကြလေ၏။

"ပုလိပ်ဆိုတာ ငိုစားရယ်စားဆိုတာ အဲဒါကြောင့် ပြော တာပေါ့"

ကိုစိန်လှက မကျေမနပ်နှင့် ဦးကိုကိုကြီးအား လှမ်း၍ ပြောလိုက်၏။ ဦးကိုကိုကြီးက တဟဲဟဲ ရယ်ရင်း. . .

"အပိုတွေ ပြောမနေနဲ့ ဆရာ၊ Living on one Wit (မျက်ခုံးမွေးပေါ်မှာ စကြီလျှောက်တယ်)ဆိုတာ ဒီလိုပဲပေါ့ဗျာ"

ဦးကိုကိုကြီး၏စကားကို သဘောကျ၍ ဝိုင်းဝန်းရယ်မော ကြလေ၏။ ထို့နောက် အတော်ကြာ တိတ်ဆိတ်၍နေပြီးနောက်. .

"ကျုပ်တို့ အခု လာတာတော့ စိန်ဘောဂတိုက် လူသတ်မှု ကိစ္စအတွက်ပဲ ဦးအောင်သင်း"

ဗဟန်းဂါတ်မှ တိုက်ပိုင်ကြီး၏အသံ ထွက်ပေါ်လာသဖြင့် ကျွန်ုပ်အပါအဝင် အခန်းတွင်းရှိ မျက်လုံးများသည် တိုက်ပိုင်ကြီး ထံသို့ ရောက်ရှိကြကုန်၏။

"ကျုပ်တို့ဖမ်းထားတဲ့ တရားခံကိုလဲ မနက်ဖြန် စွဲချက်တင် ရလိမ့်မယ်"

"ရာမိလား" ဟု ကျွန်ုပ်က မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရာမိကိုပဲ တင်ရမှာပဲ"

"ရာမိကတော့ တရားခံ မဖြစ်နိုင်ပါဘူးဗျာ"

"အိုင်ဆေး. . . ဒီလို မဟုတ်ဘူး ဦးအောင်သင်း၊ ဥပဒေ စကား ပြောမှပေါ့၊ ရာမိ မဟုတ်ဘူးဆိုရင် တခြားတရားခံတ ယောက် ခင်ဗျားတို့က ပေးရမယ်"

"ဒီအမှုက 'ပင်ဒင်' ပဲဗျာ၊ ကိုနှင်းမောင်လဲ ခွင့်ယူထ တုန်းဆိုတော့ နည်းနည်းတော့ စောင့်စေချင်တယ်"

ကျွန်ုပ်က မေတ္တာရပ်ခံလိုက်ရာ ဗဟန်းဂါတ်မှ တိုက်ပိုင် ကြီးက အဖြေမပေးမီ၌ မိမိနှင့် လုံးဝပတ်သက်ခြင်းမရှိသော အသ ပြာ အောင်မြင့်ဆိုသူက ဝင်ရောက်၍. . .

"ခင်ဗျား ဆားပုလင်းနှင်းမောင် မလာတော့ပါဘူး ဒီအမှုမှာ တရားခံ မဖော်နိုင်လို့ ရှောင်သွားတာပါ၊ အပြောကြီး လူများ ဒီလိုပဲဗျ"

ကျွန်ုပ်သည် မျက်စိထဲသို့ သဲနှင့် ပက်လိုက်သကဲ့သို့ အခံရခက်လှတော့၏။ ထို့ကြောင့်. . .

"ဒီမယ်. . . ကိုအောင်မြင့်၊ ဒီကိစ္စဟာ ခင်ဗျားနဲ့ ဘာ မဆိုင်ဘူး၊ ခင်ဗျား ဝင်ပြောတာ သိပ်ပြီးလွန်နေပြီ"

"ဆိုင်တာပေါ့ဗျာ၊ စီအိုင်ဒီက စုံထောက်တွေက တရား ဖမ်းမပေးနိုင်ဘူးလို့ဆိုရင် ကျုပ်နဲ့လဲ ပတ်သက်နေတာပေါ့"

"ဟုတ်တော့ ဟုတ်တယ် ဆရာ၊ ဆားပုလင်းနှင်းမောင် နာမည်သာ ကြီးနေတာ၊ တကယ့်တကယ်တော့လဲ ဒါလောက်တေ လှတာ မဟုတ်ပါဘူး" ဟု ရာဇဝတ်အုပ်ကလေး မောင်ဘိုးထော် ပါ ဆားပုလင်းနှင်းမောင်ကို စော်ကားသော စကားများ ပြောလေ ၏။





"ထားပါတော့လေ၊ ခင်ဗျားတို့ တရားခံကို စွဲချက်တင်ချင် ယ် မဟုတ်လား၊ တင်ပေါ့ဗျာ၊ ကိုနှင်းမောင် တော်တယ် မတော် ူးဆိုတာ ခင်ဗျားတို့နဲ့ မပတ်သက်ပါဘူး"

ကျွန်ုပ်သည် ဤသို့ ပြတ်ပြတ်သားသား ပြောရလေတော့ ၏၊ ထိုစဉ်၌ ဦးကိုကိုကြီးက. . .

"ဟာ. . . ရိတမ်းအော့ဖ် ဆားပုလင်းနှင်းမောင် (ဆားပု င်းနှင်းမောင် ပြန်လာပြီ) ဆားပုလင်းနှင်းမောင်ဗျို့" ဟု ဝမ်းသာ ားရ အော်ဟစ်လိုက်သံနှင့်အတူ မော်တော်ကားတစ်စီး ကျွန်ုပ်၏ ခန်းရှေ့၌ စက်သတ်လိုက်သံကို ကြားရလေတော့၏။

အခန်းတွင်းရှိ လူများအားလုံးသည် ကိုနှင်းမောင်အား မျှော်၍ကြည့်နေကြ၏။ ကိုနှင်းမောင်သည် ဒရိုင်ဘာနှင့်အတူ ွန်းသေတ္တာကြီးတစ်လုံးကို မ,၍ အခန်းတွင်းသို့ ဝင်လာပြီးလျှင် ား ဒရိုင်ဘာအား ကားခပေးရင်း ကျေးဇူးတင်စကားများ ပြော ာ ပြန်၍လွှတ်လိုက်လေ၏။

ကိုနှင်းမောင်သည် ထိုင်စရာခုံ မရှိသဖြင့် ၎င်းယူလာ သော ကျွန်းသေတ္တာကြီးပေါ်၌ပင် ထိုင်ရလေ၏။

ကျွန်ုပ်သည် ကိုနှင်းမောင် ပြန်လည်ရောက်ရှိလာခြင်း အတွက် မည်မျှ ဝမ်းသာအားရ ဖြစ်နေသည်ကို အထူးဖော်ပြရန် လိုတော့ပါ။ သို့ရာတွင် အမှုကိစ္စကို မပြောလျှင် မဖြစ်သဖြင့်. .

"အိုင်ဆေး. . . ကိုနှင်းမောင်၊ ခရီးရောက်မဆိုက်ပဲ ဟော ဒီမှာ ဗဟန်းဂါတ်က တိုက်ပိုင်ကြီးနဲ့ ရာဇဝတ်အုပ်ကတော့ စိန် ဘာဂတိုက် လူသတ်မှုတရားခံအဖြစ်နဲ့ ရာမိကို နက်ဖြန်မှာ စွဲ ချက်တင်မယ့်အကြောင်း လာပြောနေပြီ"

"ရာမိဟာ ဒီအမှုနဲ့ ဘာမှမဆိုင်ဘူး၊ သူ့ကို လွှတ်လိုက်ဝါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုနှင်းမောင်သည် အေးအေးဆေးဆေးပင် အဖြေ လိုက်၏။ သို့ရာတွင် နဂိုကပင် ရန်လိုလျက်ရှိသော ရာဇဝတ် မောင်ဘိုးထော်က. . .

"ဒီမှာ. . . ဆားပုလင်းနှင်းမောင်၊ ခင်ဗျား အခုလို ကြီးကျယ်ကျယ် ပြောဖို့ အချိန်မဟုတ်ဘူး၊ ကျုပ်တို့ ဖမ်းထား တရားခံကို မဟုတ်ဘူးဆိုရင် ဟုတ်တဲ့တရားခံကို ခင်ဗျားက ပေးဖို့ လိုတယ်" ဟု ခပ်မာမာ ပြောလိုက်လေ၏။

အသံပြာ အောင်မြင့်ကလည်း မဆီမဆိုင် ဝင်၍. . .

"ဆားပုလင်းနှင်းမောင်က ကံစွပ်ပြီး အမှုကလေးတ တစ်လေ ပေါ်ရာကစပြီး နာမည်ကြီးသွားတာပါ၊ အခုအမှုကျ လက်မြောက်ရပြီ မဟုတ်လား၊ အခုလို အမှုလိုက်ရင်းတန်းလ ခွင့်ယူတယ်ဆိုတာ တကယ်တော့ တမင်ရှောင်တာပဲ မဟုတ်လာ

ကိုနှင်းမောင်တော့ မည်သို့ ခံစားရမည်မသိပေ၊ ကျွ သည်ပင်လျှင် အသားများ တဆတ်ဆတ် တုန်သည့်တိုင်အော ဒေါသထွက်လျက် ရှိလေတော့၏။

"ဟား. . . ဟား. . . ဟား. . ခင်ဗျားတို့ တော်တော် တဲ့ လူတွေပဲ၊ ဦးအောင်မြင့်ကတော့ ကျုပ်တို့ ဘယ်တုန်းက မုန်းနေသလဲ မသိဘူး၊ အခွင့်သာပြီဆိုပြီး ဝင်နှံလိုက်တာ၊ ဟား ဟား. . . ကျုပ် အစကတော့ ပုလိပ်ဘက်မှာ ကျုပ်ကို မျက်နှ တွေကတင် နှိမ်တယ်လို့ အောက်မေ့နေတာ၊ ခင်ဗျားလို မြ တစ်ယောက်က နှိမ်တာ တွေ့ရလို့ အံ့တော်ပဲ အံ့ဩမိတယ် ဟား. . . ဟား. . . ဟား. . နှင်းမောင်ဗျ. . နှင်းမောင်၊ နှင်းမော ကို ဒီလို လာနှိမ်ဖို့တော့ မကြိုးစားနဲ့၊ နှင်းမောင် လိုက်တဲ့အမှု တရားခံ မပေါ်ဘူးဆိုတာ ဘယ်တော့မှ မရှိဘူး၊ နားလည်ထ





ဆားပုလင်းနှင်းမောင်ကို ဒီနည်းနဲ့တော့ မစမ်းပါနဲ့၊ ဟောဒီမှာ ကြည့်. . ."

ဟု ဆိုကာ ထိုင်လျက်နေရာမှ ထလိုက်ပြီးလျှင် ကျွန်း သေတ္တာကြီး၏ သော့ခလောက်အား ဖနောင့်ဖြင့် ပေါက်၍ ချိုး လိုက်ရာ ဝုန်းခနဲ အသံမြည်လျက် သော့ခလောက်၏မောင်းသာ လျှင် မဟုတ်ဘဲ မျောက်လက်ပါ ကွာ၍သွားလေ၏။ ထိုအခါ၌ သေတ္တာအဖုံးအား ခြေထောက်ဖြင့်ပင် ဖွင့်လိုက်ပြီးနောက် သေတ္တာ ၏ နံဘေးသို့ 'ဗုန်း'ခနဲ ကန်လိုက်ပြီး. . .

"ဟေ့ကောင်. . . ထွက်" ဟု ငေါက်လိုက်လျှင် သေတ္တာအ တွင်းမှ လက်ပြန်ကြိုးတုပ်၍ထားသော ခေါင်းမှ ဆံပင်များ ဆွတ် ဆွတ်ဖြူလျက်ရှိသည့် လူတစ်ယောက်သည် တောရိုင်းတိရစ္ဆာန် တစ်ဦး၏ မျက်လုံးပမာ တောင်ကြည့် မြောက်ကြည့် လုပ်လျက် ထွက်လာလေ၏။

"စိန်ဘောဂတိုက်က ခင်ခင်စိန်ကို သတ်တဲ့ တရားခံ၊ ဆာမိကို ဖမ်းသွားပြီး သေတ္တာထဲ ထည့်ကာ ရထားပေါ် တင်လွှတ် လိုက်တဲ့ တရားခံ၊ 'မောင်ချစ်ဖွယ်' ဆိုတဲ့လူကို သတ်တဲ့ တရားခံ မြိုင်ရာဇာတာတေ' ဆိုတာ သူပဲ"

ကိုနှင်းမောင်၏အသံသည် ပင်ကိုကပင် အသံဩဇာ ကြီး သူ ဖြစ်ရာ တစ်ခန်းလုံး ငြိမ်နေသည့်အခိုက်၌ ဟိန်း၍သွားလေ ၏၊

"ဟုတ်တယ်၊ ကျုပ်ဟာ 'မြိုင်ရာဇာတာတေ' ပဲ ကျ သတ်တာပဲ"

သေတ္တာတွင်းမှ ထွက်၍လာသူကလည်း မျ တင်းတင်းဖြင့် ပြောလေ၏။ ထိုစဉ် စုံထောက်မင်းကြီးသည် မည်သို့



www.burmeseclassic.com

www.burmeseclassic.com



မည်ပုံ သတင်းရသွားသည် မသိပေ။ ကျွန်ုပ်တို့ထံသို့ ရောက်ရှိ
ပြီးလျှင် ဆားပုလင်းနှင်းမောင်၏ လက်အား ပြုတ်ထွက်လုမတ
ခါယမ်း၍ ကွန်ဂရက်ကျူလေးရှင်း (ဂုဏ်ယူပါတယ်) ဟု ဆို
နှုတ်ဆက်လေ၏။

ခါတ်ပုံဌာနမှလည်း ၎င်း 'မြိုင်ရာဇာတာတေ' အ
ခါတ်ပုံ လာရောက်ရိုက်ယူလေ၏။

"ဆားပုလင်းနှင်းမောင်အကြောင်း သိပြီမဟုတ်လား..
ကိုအောင်မြင့်ရ"

ဟု ကျွန်ုပ်က ကိုနှင်းမောင်ကိုယ်စား အသံပြာအောင်
၏ အရှိက်ကို ညာဖြောင့်လက်သီးဖြင့် ထိုးလိုက်သည့်အလား
ကြည်းနိုင်သော စကားလုံးဖြင့် ပြောလိုက်ရာ အသံပြာ အောင်
၏ ဦးခေါင်းသည် ငိုက်စိုက်ကျသွားလေတော့၏။

ဗဟန်းဂါတ်မှ ရာဇဝတ်အုပ် မောင်ဘိုးထော်တို့လည်း
အာစေးထည့်ထားသည့်အလား လုံးဝနှုတ်ဆိတ်နေလေ၏။

"ဘယ်လိုလဲ မြိုင်ရာဇာ ကိုတာတေ၊ ခင်ဗျား ဖြောင့်
ပြည့်ပြည့်စုံစုံ ပေးမယ် မဟုတ်လား"

"ပေးပါ့မယ်၊ ခင်ခင်စိန့်ကို ကျုပ်သတ်တာပဲ၊ ကျုပ် ဖြော
ချက် ပေးရမှာပေါ့၊ ပြည့်ပြည့်စုံစုံ ပြောပြမှလဲ ကျုပ် ဘာကြော
ဒီလိုသတ်ရတယ်ဆိုတာ ခင်ဗျားတို့ သိတော့မှာပေါ့"

"ကောင်းပါပြီ မြိုင်ရာဇာကိုတာတေ၊ ပြောပါတော့၊ ကျ
လိုက်ပြီးရေးမှတ်မယ်၊ ပြီးတော့ ဟောဒီ သက်သေတွေရှေ့မှာ
ဗျားရဲ့ ဖြောင့်ချက်စာကို ပြန်ပြီးဖတ်ပြမယ်၊ ပြီးတော့မှ ခင်ဗျ
လက်မှတ်ထိုးပေး၊ ဟုတ်လား"

မြိုင်ရာဇာတာတေသည် ခေါင်းညိတ်၍ ပြလိုက်ပြီးနော





အား ချည်နှောင်ထားသော ကြိုးများကို ဖြေပေးရန် ပြောလျှင်
နှင်းမောင်က ကြိုးများကို ဖြေပေးသော်လည်း ချိုင်းအောက်မှ
သေနတ်ကို ထုတ်၍ ချိန်ထားရလေ၏။

ကိုနှင်းမောင်အနေနှင့် မမိသေးသော တရားခံကိုပင်
သေနတ်ဖြင့် ချိန်သည်ဟု မရှိသလောက်ပင် ဖြစ်ရာ မြိုင်ရာဇာတာ
တေ ကျကာမှ စုံထောက်ဌာနချုပ်၏ ရုံးခန်းတွင်း ရောက်နေသည့်
ငါင်အောင် သေနတ်ထုတ်၍ ချိန်ထားရသည်ကို ထောက်ခြင်းဖြင့်
မြိုင်ရာဇာတာတေကား မည်သို့သော တရားခံမျိုးဖြစ်သည်ကို ရိပ်
မိသော ဦးကိုကိုကြီးကပါ ခါးတွင် ချိတ်ထားသော သေနတ်ကို
ထုတ်၍ ချိန်ထားလိုက်ပြန်၏။

ထိုအခါ ကိုစိန်လှ၊ ဆရာစိန်စသည်တို့ကလည်း အသီးသီး
သေနတ်များ ထုတ်၍ချိန်ကြလျှင် ကိုအောင်မြင့်နှင့် ဗဟန်းဂါတ်မှ
များကပါ ချိန်၍ထားကြပြန်လေ၏။

ကျွန်ုပ်တို့၏ စုံထောက်ရုံး ရာဇဝင်၌ ဤကဲ့သို့ စုံထောက်
များ သေနတ်ကိုယ်စီ ထုတ်၍ ဖြောင့်ချက်ယူရသော တရားခံများ
ထဲတွင် မြိုင်ရာဇာတာတေသည် ပထမဦးဆုံး ဖြစ်လေတော့၏။

မြိုင်ရာဇာတာတေသည် ဖြည်းဖြည်းချင်း စိတ်ပါလက်ပါ
ပြောပြလေ၏။ တစ်ခါတစ်ရံ၌ ကုလားအုတ်တံဆိပ် စီးကရက်ကို
ခွာရောင် စီးကရက်ဘူးကလေးမှ ထုတ်၍ စတိုင်ပါပါ သောက်နေ
သေး၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



မြိုင်ရာဇာတာတေသည် စီးကရက်သောက်ရင်း အနားယူ စဉ်၌ ကျွန်ုပ်က ကိုနှင်းမောင်အား သိလိုသမျှ အချက်အလက်များ ကို မေးမြန်းရလေ၏။

"ကိုနှင်းမောင် ဒီတရားခံကို ဘယ်က ဖမ်းလာတာလဲဗျ"

"တောင်ငူ နတ်ကြီး တဲတဲအနီးက သချိုင်းကလေ"

"တော်တော် စွန့်စားခဲ့ရတာပေါ့"

"သူ ပြောပြပါလိမ့်မယ်ဗျာ"

"ဒါထက် ခင်ဗျား ကျုပ်ကို ပြောသွားတော့ တရားသွား ထိုင်မယ်ဆိုဗျ"

"ခင်ဗျားကို ဖွင့်ပြောပြီးမှ သွားရင် ခင်ဗျား လိုက်လာမှာ စိုးလို့ဗျို့"

"ဒီတရားခံနာမည်က ဘာတဲ့"

"မြိုင်ရာဇာတာတေ"

"တယ်ကောင်းတဲ့ နာမည်ပါလား၊ ဟောဒီ အမှုတွဲဖိုင်ပေါ် မှာ 'ဆားပုလင်းနှင်းမောင်နှင့် မြိုင်ရာဇာတာတေ' လို့ ရေးထား လိုက်မယ်ဗျာ၊ အခု သူပြောတဲ့ ဖြောင့်ချက်တွေကိုလဲ ဒီမှာပဲ ထည့်ထားလိုက်မယ်"

"ကောင်းတော့ ကောင်းပါတယ်ဗျာ၊ ဖလင်သမားတွေ သိသွားရင် ဘိုင်စကုပ်ရိုက်ဖို့ လာပြီးတောင်းနေပါဦးမယ်"

"ခင်ဗျား အခု စွန့်စားခဲ့ရတာက ဘိုင်စကုပ် ရိုက်ရ လောက်အောင်ကို ကြွခဲ့ရလို့လား"

"ကျုပ်စွန့်စားတာက ဒါလောက် မဟုတ်ဘူးဗျ၊ မြိုင်ရာဇာ တာတေရဲ့အဖြစ်ကတော့ တကယ့်ကို ထူးထူးဆန်းဆန်း ဖြစ်လို့ ဘိုင်စကုပ်ပဲ ရိုက်ရိုက်၊ ဝတ္ထုရေးဆရာနဲ့ တွေ့ရင် ဝတ္ထုပဲ ရေးရေး





ရနိုင်တယ်"

ထိုအချိန်၌ မြိုင်ရာဇာတာတေလည်း စီးကရက်သောက် ပြီးသည်ဖြစ်၍ ဖြောင့်ချက်ကို ဆက်လက်၍ ပေးလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မြိုင်ရာဇာ တာတေ

www.burmeseclassic.com

www.burmeseclassic.com



မြိုင်ရာဇာတာတေ အမည်ခံ ကိုသံဟိတ်သည် မိမိ လွတ်င်တော့မည် မဟုတ်ကြောင်းကို ကောင်းစွာ သိရှိသွားသည့်အခါ၌စ်လုံးတစ်ပါဒမျှ ခြွင်းချန်ခြင်းမရှိဘဲ ဖြောင့်ချက်ပေးလေတော့၏၊ ကျွန်ုပ်သည် ၎င်း၏ဖြောင့်ချက်ကို လက်ရေးတိုဖြင့် လိုက်လံမှတ်၍ အလုံးစုံ ပြီးစီးသောအခါ၌ ရိုးရိုးစာဖြင့် ပြန်လည်ရေးားကာ ၎င်းအား ပြန်၍ဖတ်ပြပြီး ဖြည့်စွက်ရန် ထုတ်ပယ်ရန်ရှိ မေးမြန်းသည့်အခါ၌ ၎င်းက မရှိကြောင်း ဖြေဆိုသည်ဖြစ်ရား ဖြောင့်ဆိုချက်စာ၌ လက်မှတ် ရေးထိုးစေ၍ တရားရုံးသို့ာက်သည့်ကာလ၌ အသုံးပြုရန် သိမ်းဆည်းခဲ့ရလေ၏။

ထိုစာအတိုင်း ယခုဖော်ပြသည်ရှိသော် ရုံးသုံးဖြောင့်ချက်ကို ဖတ်ရသကဲ့သို့ ဖတ်၍ကောင်းနိုင်မည် မဟုတ်ရကား ကျွန်ုပ်ည် မူရင်းကို မပျက်စေဘဲ ဝတ္ထုသွားအတိုင်း ရေးသား၍တင်ပြပ်ပေသတည်း။

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



ပဲခူးမြို့ ဇိုင်းဂနိုင်းဟူသော ရပ်ကွက်၌ ဆန်စက်နှင့် ဆီ စက် ပိုင်ရှင်သူဌေး ဦးစိန်ခိုနှင့် သူဌေးကတော် ဒေါ်လှယဉ်တို့ ရှိခဲ့ဖူးသည်ဖြစ်ရာ ၎င်းတို့၌ သားသမီး လေးယောက်မျှ ဖွားမြင် သော်လည်း မွေးပြီး၍ မီးမထွက်မီကာလ၌ပင် သေဆုံးကြ၍ နောက်ဆုံး၌ မောင်သံဟိတ် အမည်ရှိသော ငါးယောက်မြောက် မွေးသော ကလေးတစ်ယောက်သာလျှင် အဖတ်တင်ခဲ့သည် ဖြစ် သောကြောင့် အမိအဘတို့သည် သားသမီးအားလုံးတို့အပေါ်၌ ချစ်ရမည့် မေတ္တာတို့ကို မောင်သံဟိတ် တစ်ဦးတည်း၌သာလျှင် စုပုံ၍ ချစ်ခင်ရသကဲ့သို့ မိဘနှစ်ဦးစလုံးတို့က အသက်တမျှမက ချစ်ခင်ယုယလျက် ရှိခဲ့ကြလေ၏။

သားသမီးအပေါ်၌ မည်မျှချစ်ခင်သော မိဘဖြစ်စေကာမူ ရှေးထုံးစဉ်လာအတိုင်း "မင်္ဂလာ(၁၂)ခန်း" နှင့်အညီ ပြုလုပ်ပေး နိုင်သော မိဘတို့သည် ယခုအခါ၌ (စီးပွားရေးအခြေအနေကြောင့် ဖြစ်စေ၊ အခြားသော အကြောင်းကြောင့်ဖြစ်စေ) မရှိသလောက် ရှားပါးနေပြီ ဖြစ်သော်လည်း ဦးစိန်ခိုနှင့် ဒေါ်လှယဉ်တို့သည် မောင်သံဟိတ်အား အောက်ပါအတိုင်း (၁၂)ခန်းသော မင်္ဂလာတို့ ကို ပြုလုပ်ပေးခဲ့လေ၏။

မောင်သံဟိတ်အား ဖွားမြင်သောနေ့ရက်၌ "ဝိဇာယ မင်္ဂ လာ" ဟူသော မွေးနေ့မင်္ဂလာကို အကျွေးအမွေးနှင့်လည်းကောင်း၊ သံဃာတော်များ ပင့်ဆောင်၍ ပရိတ်များ ရွတ်ဖတ်ခြင်းဖြင့် လည်း ကောင်း ခမ်းနားစွာ ပြုလုပ်လေ၏။

ဖွားမြင်ပြီး သုံးရက်မြောက်သော နေ့ရက်၌ "မူခဒဿန မင်္ဂလာ" ဟူသော ရတနာသုံးပါး ဘိုးဘွားဟူသော နိဗ္ဗိမုခတ်နတ် တို့အား ရှိခိုးပူဇော်စေခြင်း မင်္ဂလာကို လည်းကောင်း. . .





ဖွားမြင်ပြီး ခုနစ်ရက် မြောက်သောနေ့၌ "ကေသစ္ဆေဒ မင်္ဂလာ" ဟူသော ဆံရိတ်သော မင်္ဂလာကို လည်းကောင်း. . .

ကျွမ်းကျင်လိမ္မာသော ဟူးရားနက္ခတ်ဆရာတို့အား တွက် ချက်၍ အခါကောင်းတို့ကို ရွေးချယ်ကာ ပုခက်တင်သော "ဒေါလာ ရောဟဏမင်္ဂလာ" ကို လည်းကောင်း. . .

ဖွားမြင်ပြီး (၃၅)ရက် မြောက်သောနေ့၌ "တမ္ဗူလပတ္တ မင်္ဂလာ" ခေါ် ကွမ်းဦးခွံ့သော မင်္ဂလာကို လည်းကောင်း၊ (ကွမ်း ဦးခွံ့ မင်္ဂလာ ပြုရာ၌ အဘိုးဖြစ်သူ၏ကွမ်းကို ခွံ့ရလေ၏။)

ဖွားမြင်ပြီး သုံးလတိတိ ပြည့်သောနေ့၌ နေနှင့်လတို့ကို ဖူးမြင်အား ပြသ၍ ကြည့်ရှုစေရသော "ရဝိန္ဒုဒဿန မင်္ဂလာ" ကို လည်းကောင်း. . .

ဖွားမြင်ပြီး ရက်ပေါင်း(၁၀၀)တိတိ ပြည့်သောနေ့၌ အ သင့်သညာ မှည့်ခေါ်ခြင်းပြုသော နာမည်ပေး "နာမကရဏ မင်္ဂ လာ" ကို လည်းကောင်း. . .

ဖွားမြင်ပြီး ဆံပင်ထုံးဖွဲ့၍ရသောအရွယ်၌ ဆံထုံးဥဿျှောင် ထုံးဖွဲ့ရသော "ကေသဗန္ဓန မင်္ဂလာ" ကို လည်းကောင်း. . .

ကျွမ်းကျင်သော ဟူးရားဆရာနက္ခတ်ဆရာတို့က ကောင်း မြတ်သောအခါ ရွေးချယ်ပေးသည့်အခါ၌ "ကဏ္ဏဝိဇ္ဈန မင်္ဂလာ" ဟု ခေါ်သော နားထွင်းမင်္ဂလာကို လည်းကောင်း. . . .

ဖွားမြင်ပြီး အသက်(၇)နှစ် စေ့မြောက်သောနေ့၌ "သာ သနာနုဂ္ဂဟ မင်္ဂလာ" ဟု ခေါ်သော ရှင်ပြုခြင်းမင်္ဂလာကို လည်း ကောင်း ပြုလုပ်ပေးခဲ့လေသည်။ ပြုသမျှသော မင်္ဂလာ အခမ်းအ နားတို့၌လည်း ညှော်ပရိသတ်များ ဖိတ်ကြားလျက် အကျွေးအမွေး များနှင့် ခမ်းနားစွာ ပြုလုပ်သည်ချည်း ဖြစ်လေ၏။ ထိုမင်္ဂလာများ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ရာ၌ မောင်သံဟိတ်ဟူသော အမည်ကို တွင်စေသည့် "နာ[illegible] ကရဏ မင်္ဂလာ" ခေါ်သော နာမည်ပေး ကင်ပွန်းတပ် မင်္ဂလာ[illegible] ပြုလုပ်ရာ၌ နက္ခတ်ဆရာတို့သည် မောင်သံဟိတ်၏ဇာတာကို ဖွဲ့[illegible] ဥစ်ဘယ်နှစ်ချုပ်၊ ကသစ် ဘယ်နှစ်ပွင့် ရသဖြင့် လွန်စွာကောင်း[illegible] သော ဇာတာဖြစ်ကြောင်း၊ မောင်သံဟိတ်ဆိုသော အမည်သ[illegible] ဆန်းဂိုဏ်းဖွဲ့သည်ရှိသော် မည်သည့်ဂိုဏ်း၌ ပါဝင်ကြောင်း၊ နာ[illegible] နက္ခတ်စက်ဖွဲ့လျှင် ထိုအမည်သည် နက္ခတ်ဘယ်နှစ်လုံး၊ ဘယ်[illegible] ပါဒ်၊ ဘယ်ယမ္မိ ဖြစ်ကြောင်း၊ ထို့ကြောင့် လွန်စွာ မင်္ဂလာ ကျက်[illegible] ရေနှင့် ပြည့်စုံကြောင်းတို့ကို ရတုများ ရေးစပ်သီကုံးကာ အသံ[illegible] အသံထားနှင့် ရွတ်ဆိုကြသေး၏။

ထိုဆရာတို့အနက်တွင် အငယ်ဆုံး ဆရာကလေးတ[illegible] က "တခြား ဘာတွေမှ မစဉ်းစားပါနဲ့၊ မောင်သံဟိတ်ဆိုတဲ့နာ[illegible] ကို ပြောင်းပြန် ဆိုကြည့်ပါလား၊ မောင်သိပ်ဟန်လို့ ရတယ်မဟု[illegible] လား၊ သံဟိတ်. . . သိပ်ဟန်ပေါ့၊ အဲဒါဟာ ကောင်းတဲ့နိမိတ်[illegible] ဟူ၍ ကျမ်းအပြင်မှ စကားနှင့်ပင် ချီးကျူးလိုက်လေသေး၏။

ထို့ကြောင့် မောင်သံဟိတ်သည် မင်္ဂလာမျိုးမျိုးနှင့် လူ[illegible] လာရသည်ဖြစ်ရာ အခြားသော ကလေးများနှင့် မတူဘဲ တစ်[illegible] တစ်ဖုံ ထူးခြားသော မင်္ဂလာတုံး မင်္ဂလာခဲကလေးအဖြစ်နှင့် [illegible] ဘဝကို စတင်ခဲ့ရလေ၏။

မောင်သံဟိတ် အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက် [illegible] ကုန်မြို့ စိန့်ပေါအင်္ဂလိပ်ကျောင်း၌ ပညာသင်စေခဲ့ရာ ထိုကျော[illegible] ပင် (၁၀)တန်းကို အောင်မြင်သဖြင့် အိုင်အေ ဂျူနီယာသို့ ဆက်[illegible] တက်ခဲ့လေ၏။

မောင်သံဟိတ် အိုင်အေဂျူနီယာ အောင်မြင်၍ စိန့်[illegible]





[illegible]န်းသို့ ရောက်သည့်အချိန်၌ ၎င်း၏မိဘနှစ်ဦးစလုံးသည် ရွှေဆင့် [illegible]ကောက်ဆင့် ဆိုသလို အနိစ္စ ရောက်ကြလေတော့၏။ ထို့ကြောင့် [illegible]မောင်သံဟိတ်အား "အဝါဟ ဝိဝါဟ မင်္ဂလာ" ဟု ခေါ်သော [illegible]ဆင့်တော်လျှောက်ပတ်သော သတို့သမီးနှင့် ထိမ်းမြားခြင်း မင်္ဂလာ [illegible]မှု ၎င်းတို့ကိုယ်တိုင် ဦးစီး၍ ပြုလုပ်ပေးနိုင်ခြင်း မရှိတော့ပေ။

မောင်သံဟိတ်သည် မိဘများ ဆုံးပါးခဲ့သော်လည်း [illegible]မြောက်မြားစွာ ကျန်ရှိခဲ့သော အမွေပစ္စည်းများအား ဖခင် ဦးစိန်ခို [illegible] ညီဖြစ်သူ ဦးစိန်မှိုထံ၌ အမွေထိမ်းအဖြစ် အပ်နှံသွားသည် [illegible]င်ရာ ဘီအေတန်းကို အောင်မြင်သည်အထိ မကြောင့်မကြရဘဲ [illegible]ဆက် ကျောင်းတက်ခြင်း ပြုလုပ်နိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## မောင်သံဟိတ်နှင့် အဝါဟာ ဝိဝါဟာ မင်္ဂလာ

မောင်သံဟိတ်၏ ဦးလေး ဦးစိန်မှုံဆိုသူမှာ ရောဝတီမြစ် တစ်လျှောက်တွင် စပါးတင်းပေါင်း ငါးရာခန့် သယ်နိုင်သော ငါးရာပါ" လှေကြီးလေးစင်း၌ အထည်အဝတ်အစားမှစ၍ အပ် ချည်လုံးတိုင်အောင် ပစ္စည်းအမျိုးအစုံတင်လျက် မြို့တိုင်း ရွာ ိုင်းသို့ ဆိုက်ကပ်ကာ ဈေးရောင်းလေ့ ရှိလေ၏။

ဦးစိန်မှိုသည် စီးပွားအရှာကောင်းသကဲ့သို့ မယားငယ် ရှာလည်း ကောင်းသူဖြစ်လေရာ ရောဝတီမြစ်ရိုးတစ်လျှောက် ္ွင် ၎င်း၏မယားငယ် မရှိသောမြို့ဆို၍ ရှာမှရှားလေတော့၏။

၎င်းဦးစိန်မှိုသည် ဤသို့ လှည့်လည်ကုန်ကူးခြင်း ပြုနေရာ အစ်ကိုဖြစ်သူ စက်သူဌေး ဦးစိန်ခို ကွယ်လွန်သည့်အခါ၌ မြစ်ရိုးတစ်လျှောက် လှည့်လည်၍ ဈေးလှေကြီးများနှင့် ကုန်တူး



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ မယားငယ်ယူခြင်း အလုပ်တို့ကို ရပ်စဲပစ်ပြီးလျှင် အစ်
စက်များကို ဦးစီးဦးကိုင် ပြုလုပ်ရလေသည် ဖြစ်ရကား မ
ကာလ၌ပင် သူကြွယ်ကြီးတစ်ဦးအဖြစ်သို့ ရောက်လေတော့

မောင်သံဟိတ်၏ အမွေပစ္စည်းများကိုလည်း ထိန်း
ထားရလေ၏။ ဆန်စက်၊ ဆီစက်များကိုလည်း မိမိလုပ်ကိုင်
အခါ၌ ငှားရမ်းလုပ်ကိုင်သည့် သဘောအဖြစ် စက်ငှားခ
မောင်သံဟိတ်၏ အမွေပစ္စည်းများအတွင်း၌ သွတ်သွင်း
လယ်ထောက်ခများကိုလည်း ထိုနည်းအတိုင်း သွတ်သွင်း
အစ်ကိုဖြစ်သူ ဦးစိန်ခို ထားခဲ့သော ပစ္စည်းများထက်ပင် တိုး
လျက် ရှိလေတော့၏။

ဦးစိန်မှို၏ လက်ရှိဇနီးဖြစ်သူ ဒေါ်သာစည်၌ လွန်
တေသော အစ်ကိုတစ်ယောက် ရှိလေ၏။ ၎င်းအစ်ကိုမှာ
ဖြစ်၍ သမီးကလေးတစ်ယောက် ရှိလေ၏၊ ၎င်းသမီးက
အမည်မှာ ခင်ခင်စိန်ဟူ၍ ဖြစ်ပြီး ဆိုးတေသောဖခင်နှင့်
နွမ်းပါးစွာ နေထိုင်ရသဖြင့် ဒေါ်သာစည်က တောက်တို
လည်း ခိုင်းရစေ၊ ခင်ခင်စိန်အတွက်လည်း စားရေးဝတ်ရေး
လည်စေဟု သဘောထားကာ ခေါ်ယူထားလေ၏၊

မောင်သံဟိတ်သည် ဘီအေတန်းကို အောင်မြင်၍
သို့ ပြန်လာခဲ့ရာ မိမိ၏အိမ်၌ ဦးလေးနှင့်အဒေါ်များ နေထိုင်
သည်ကိုသာ သိရှိ၍ ခင်ခင်စိန် လာရောက်နေထိုင်ခြင်းကို မ
ကား ခင်ခင်စိန်ကို တွေ့လိုက်ရသည်၌ လွန်စွာထူးဆန်း၍
၏။

ဦးလေးနှင့်အဒေါ်တို့က မောင်သံဟိတ်အား ခင်ခင်
အကြောင်းကို ပြော၍ပြသည့်အခါ၌ မောင်သံဟိတ်သည်





ရကာ သက်မိလေတော့၏။ ခင်ခင်စိန်သည် မိန်းမတစ်ရာတွင်
စ်ယောက်ပင် မရှိနိုင်သော လှပသည့် ရုပ်သွင်းအင်္ဂါနှင့် ပြည့်စုံ
သ၏၊ ခင်ခင်စိန် လှပုံလှနည်းမှာလည်း မျက်နှာကလေး
တ်မျှသာ လှပသည် မဟုတ်ဘဲ အရပ်အမောင်းနှင့် ကိုယ်လုံး
ယ်ပေါက်တို့မှာလည်း (ရှိက်ဖိုကြီးငယ် အသွယ်သွယ်နှင့် နံနယ်စု
သိကြားထုသို့) ဟူ၍ သိကြားမင်းကိုယ်တိုင် ထုလုပ်ရော
ော အရုပ်ကဲ့သို့ အချိုးအစား ကျနလေ၏။

မောင်သံဟိတ်၏စိတ်၌ ဤသူငယ်မကား ထွန်းစွာလှနိုင်ပါ
၏ဟု ကျိတ်၍ချီးကျူးမိလေ၏။ သို့ရာတွင် ရှေးလူကြီးများသည်
းမတို့ လှခြင်း၌ မြင်းတစ်ပြေးအလှဟု ခေါ်သော မြင်းစီးလျက်
စ်ခဏမျှတွင်သာ လှသလိုလို ရှိသော အလှထက် ကွမ်းတစ်ယာ
တ်ခန့်တိုင်အောင် တစိမ့်စိမ့် ထိုင်၍ကြည့်သော်လည်း အကြည့်ခံ
သာ အလှမျိုးမှသာလျှင် တကယ့်အလှဟု ဆိုသည်ကို ဘမှတ်
၍ မောင်သံဟိတ်သည် ကွမ်းမစားတတ်ပါဘဲလျက် ကွမ်းကို
ယ်တိုင်ယာလျက် ပါးစပ်တွင်းသို့ သွင်းကာ စတင်၍ သည်မှ
တ်ညက်ကြေသည်အထိ သေချာစွာ ထိုင်၍ကြည့်သော်လည်း
လှ၍နေသည်ဖြစ်ရာ နောက်ထပ် ကွမ်းများကို တစ်ယာပြီး
စ်ယာ ဆက်လက်၍ဝါးရင်း ကြည့်ပြန်သော်လည်း ခင်ခင်စိန်၏
လှက မလျော့။ မိမိသာလျှင် ထုံးပေါက်ခြင်း၊ ပါးသြောင်းခြင်း
ကြောင့် ကွမ်းကို ဆက်၍မဝါးနိုင်တော့သဖြင့် ရပ်လိုက်ရပြီး ခင်
ခင်စိန်ကား ကွမ်းတစ်ယာညက်သာ လှသည်မဟုတ်။ ကွမ်းခြင်း
ကြီး တစ်ခြင်းလုံး ကုန်အောင်ယာ၍ စားသော်လည်း လှနေမည်
ကြောင်း မောင်သံဟိတ် ယုံကြည်၍ သွားလေတော့၏၊

ထို့ပြင် မိန်းမတို့၏အလှအပကို အကဲခတ်ရာ၌ အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ထ မျက်နှာမသစ်မီတွင် အကဲခတ်မှုသာလျှင် အလှအစစ်ကို
နိုင်မည်။ သို့မဟုတ်ပါက မိန်းမတို့သည် လှပအောင် ပြင်ဆင်
ခြင်း အတတ်မှာ မွေးရာပါအတတ် ဖြစ်သဖြင့် အခြားအချိန်
ခကဲခတ်ခြင်းဖြင့် အကျိုးမထူးဟူသော အချို့သော ကာလ
ကြီးများ၏ စကားကို အမှန်တကယ်ဟု ထင်မှတ်၍ ခင်
ခိပ်ရာမှ ထ၍ မျက်နှာမသစ်မီ အချိန်ကို အမိအရ စောင့်
ကြည့်ရှုပြန်ရာ အကျီလုံချည် လျော့လျော့ရဲရဲ ဆံပင်ဖိုးရိုးဖား
ဖြစ်နေသော်လည်း ကပိုကရိုကလေးနှင့် တစ်မျိုးလှ၍နေသ
မောင်သံဟိတ် တွေ့ရသည့်အခါ၌ ခင်ခင်စိန်ကား မျက်နှာမ
သာမဟုတ်၊ တရေးနိုး ထ၍ကြည့်လည်း လှ၍နေမည်ဖြစ်ကြော
မောင်သံဟိတ် ကောင်းစွာ လက်ခံသွားလေတော့၏။

ခါတိုင်းနှင့်မတူဘဲ မောင်သံဟိတ်သည် မိန်းမတို့၏
ခြင်းနှင့် ပတ်သက်သော သဘောတရားများကို လွန်စွာစိတ်ဝင်
လျက် ရှိပြီဖြစ်ရာ အမျိုးမျိုးအဖုံဖုံ လေ့လာလေတော့၏။ ၎င်
လာပုံမှာ သူဇာပျို့၊ ဥမ္မာဒန္တီပျို့ ကဲ့သို့သော ရှေးမြန်မာစာ
အလှဘွဲ့များသာ မဟုတ်ဘဲ အင်္ဂလိပ်ဘာသာဖြင့် ရေးသား
ဝေသော အလှဘွဲ့များကို ဖတ်ရှုသည့်အပြင် မြန်မာရုပ်ရှင်မ
သမီးပုံများ၊ အင်္ဂလိပ်ရုပ်ရှင်မင်းသမီးပုံများနှင့် စာစောင်၊ တ
လောက်တို့တွင် ပါရှိသမျှသော မိန်းမလှတို့၏ပုံများကို ညှပ်
အသီးသီးအား ဖူးစကတ်ဆိုက်(ခေါ်)လျှောက်လွှာစာရွက်အ
စာရွက်ဖြူတို့၌ တစ်ပုံစီ ကပ်ကာ ထားပြီးလျှင် ထိုဓာတ်ပုံ
သေချာစွာကြည့်၍ ဤပုံကား လှတော့လှ၏။ သို့ရာတွင် မျက်
မြင့်၏။ ပုံပါးလွန်း၏။ ဤပုံကား နှာခေါင်းချွန်လွန်း၏ ဟု
မှတ်ချက်များ ရေးသားကာ စစ်တမ်းထုတ်နေလ၏။





ထိုအချိန်တွင် မောင်သံဟိတ်ကို ကြည့်လျှင် ပါမောက္ခ
ဦး ကျမ်းပြုရန်အတွက် သုတေသန ပြုနေသကဲ့သို့ ရှိလေတော့

ယခင်က အနုစာပေကို စိတ်မဝင်စားခဲ့သော်လည်း ယခု
၌ (သိင်္ဂီရောင်ရွှန်း၊ ရွှေပုံသွန်းသို့၊ လန်းလန်းလက်လက်၊
ဖက်တင့်သော၊ မချောစရာ၊ ချောစရာလျှင်၊ ကေသာဆံလွ၊
နောက်စနှင့်၊ ချုပ်ညရီတွင်၊ ဖြူတ်ခြည်းမြင်သည်၊ ရှင်သာရခိုင်
ဆောင်လော) ဟူသော ကဗျာမျိုးကို လည်းကောင်း၊ (သံပရာ
ရွှေရွက်နားနှင့် ပြန့်ကားရွှေရေး၊ ရွှေလည်ရွေးနှင့် ရွှေကျေး
ည်ရစ်၊ ပေါ်စသစ်သို့) ဟူသော ပျို့ကဗျာကို လည်းကောင်း၊
သွတ်ရသည့်တိုင်အောင် ဖတ်ရှုနေလေတော့၏။

၎င်းမောင်သံဟိတ်သည် မိန်းမတို့ လှခြင်း၌ အချိန်ယူ၍
ပ်စွာ လေ့လာပြီးလျှင် စာရေးစက္ကူပေါ်၌ စကြဝဠာလုံးဆိုင်ရာ
တ္တိယသောဘဏ ပြဿနာ(ခေါ်)မိန်းမတို့၏လှခြင်းနှင့် ပတ်
တ်သော ကျမ်းငယ်တစ်စောင်ကိုပင် စတင်ရေးသားပြုစုလေ
တော့၏။

ထိုကျမ်း၌ ကျမ်းပြုဆရာ မောင်သံဟိတ်က လှပခြင်းတွင်
niversal Beauty) ခေါ် "တစ်လောကလုံးနှင့် သက်ဆိုင်သော
လှ" နှင့် (Individual Beauty) ခေါ် "တစ်ဦးတစ်ယောက်နှင့်
သက်ဆိုင်သော ပုဂ္ဂလိကအလှ" တို့ကို တင်ပြရေးသားထား
၏။

၎င်း၏ဆိုလိုချက်မှာ ကပ္ပလီတစ်ဦးက လွန်စွာလှပါပေ
ည်ဟု ချီးကျူးရသော ကပ္ပလီမ တစ်ဦးအား ကျွန်ုပ်တို့မြန်မာ
စ်ယောက်အဖို့ လှသည့်စာရင်းထဲတွင် မသွင်းနိုင်ရုံမျှမကဘဲ



www.burmeseclassic.com

www.burmeseclassic.com



အကျည်းတန်စာရင်း၌ ထားရှိလိမ့်မည်ဖြစ်ကြောင်း၊ ထိုကြော
ထိုကပ္ပလိမ၏ အလှသည် ကပ္ပလိယောကျ်ားတစ်ဦးနှင့်သာ ဖ
သက်နေသောကြောင့် ပုဂ္ဂလိက အလှစာရင်း၌သာ ပါဝင်ကြောင်း

စကြာဝဠာလုံးဆိုင်ရာအလှမှာ မည်သည့်လူမျိုး၊ မ
သည့် ဒေသမှာဖြစ်စေ၊ မြင်တွေ့လိုက်ရသည်နှင့် လှပါပေသည်
လက်ခံနိုင်သော အလှမျိုးဖြစ်ကြောင်း။

ထို့ပြင် လူမျိုးအလိုက် ပြင်သစ်၏အလှ၊ ပါရှင်းမတို့
အလှနှင့် လှပုံလှနည်းများကို လည်းကောင်း၊ တဒင်္ဂအလှနှင့် ထာ
ရ အလှကို လည်းကောင်း၊ နီးသောအလှနှင့် ဝေးသောအလှ
လည်းကောင်း၊ ပြုပြင်ဖန်တီးထားသောအလှနှင့် သဘာဝအလှ
လည်းကောင်း ကျမ်းပြုဆရာ မောင်သံဟိတ်သည် ခွဲခြမ်းစိတ်ဖြာ
ပြုစုရေးသားပြီးလျှင် မိဘများလက်ထက်ကပင် ကိုးကွယ်ခဲ့သော
စာပေပိဋကတ်တတ် ဆရာတော်အား ၎င်းကျမ်းကို သွားရော
ပြသလေရာ ဆရာတော်သည် ဖတ်ရှုပြီးနောက် "သံဟိတ်တဲ့. . . မင်း
ရေးတဲ့ကျမ်းဟာ သတ္တဝါတွေအတွက် အပါယ်လားစေမယ့် ကျမ်း
အသုဘတွေကို သုဘလို့ နဂိုကမှ အယူမှားနေရတဲ့အထဲ မင်း
ထပ်ပြီး ဒီကျမ်းကို ဖြန့်ဖြူးရင်တော့ တကျောနွံမှာ နစ်သည်ထ
နစ်ဖို့ပဲ ရှိတော့တာပေါ့" ဟု ပြစ်တင်ကြိမ်းမောင်းကာ ထိုကျမ်း
သိမ်းဆည်း၍ ထားလိုက်လေတော့၏။

မောင်သံဟိတ်လည်း မိမိတို့၏ ဘိုးစဉ်ဘောင်ဆက် ထို
ကွယ်ခဲ့သော ဆရာတော် ဖြစ်သည့်အားလျော်စွာ စာဒကမတ
ဝံ့တော့ဘဲ ငုံ့၍သာ နေရလေတော့၏။

ထိုမျှမကသေး၊ ဆရာတော်သည် မောင်သံဟိတ်၏ ဦး
လေး ဦးစိန်မှိုနှင့် အဒေါ် ဒေါ်သာစည်တို့အား ကျောင်းသို့ ခေါ်





တာ. .
"ဟဲ့. . . စိန်မှို၊ စိန်ခို မရှိရင် မင်းဟာ သံဟိတ်ရဲ့ အဖေပဲ
တ်လား" ဟု မေးရာ ဦးစိန်မှိုက. . .
"တင်ပါ့. . . ဘုရား" ဟု ပြန်၍ဖြေသော်လည်း ဆရာ
တ် တစ်လုံးတစ်ပါဒမျှ ဆက်လက်ပြောဆိုခြင်း မရှိသဖြင့် ဦးစိန်
ည်း ဆက်၍ မလျှောက်ထားဝံ့ဘဲ အချိန်အတော်ကြာမျှ ငုံ့လင့်
နေရလေ၏။
"နင့်တူ သံဟိတ်ဟာ မာတုကာမတွေရဲ့ လှပချောမွေ့ပုံ
ကြောင်းကို ကျမ်းပြုပြီး ငါ့ကို လာပြတယ်၊ အဲဒီကျမ်းကို ငါက
င်ခါတည်း သိမ်းဆည်းပစ်လိုက်ရတယ်ကွ၊ အဲဒါ မင်းတို့ သိ
အောင် ခေါ်ပြီးပြောတာ" ဟု ဆိုကာ ပြန်၍လွှတ်လိုက်လေ၏။
ဦးစိန်မှိုသည် နေရာဒေသအမျိုးမျိုးသို့ လှည့်လည်၍ အ
င်းအဝယ် ပြုလုပ်ခဲ့သောလူထဲတွင် လည်သည့် လူလည်ကြီး
စ်ဦး ဖြစ်သည့်အားလျော်စွာ ဆရာတော်ကား အာပတ်သင့်မှာ
၍ သံဟိတ်ကို အိမ်ထောင်ချပေးလိုက်တော့ဟူ၍ မပြောခဲ့သော်
ည်း စိန်ခို မရှိရင် မင်းဟာ သံဟိတ်အဖေပဲ မဟုတ်လားဟူသော
ားသည် မိဘတို့ ဝတ္တရားရှိသည့်အတိုင်း ပြုလုပ်ပါတော့လားဟု
ြာသည်နှင့် မခြားပေ။ ထို့ပြင် သံဟိတ်သည် မာတုကာမတို့၏
ပချောမွေ့ပုံအကြောင်းကို ကျမ်းပင် ပြုနေပြီဟု ဆိုသည်မှာ
်းမကိစ္စ၌ စိတ်ဝင်စားခြင်းအရာ၌ တစ်ဖက်ကမ်း ခပ်နေပြီဟု
ြာဆိုခြင်းပင် ဖြစ်တန်ရာသည်ဟု နားလည်သဘောပေါက်သွား
သတော့သဖြင့် မောင်သံဟိတ်အား အိမ်ထောင်ချထားရန်အတွက်
းသည်နှင့် တိုင်ပင် နှီးနှောကြရလေတော့၏။
ဇနီးမောင်နှံနှစ်ဦးတို့သည် အမျိုးမျိုးအဖုံဖုံ စဉ်းစားပါ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မောင်သံဟိတ်အား နေရာချထားရန်အတွက် အသ တော်ဆုံး မိန်းကလေးမှာ ခင်ခင်စိန်သာလျှင် ဖြစ်၍နေသဖြ မောင်သံဟိတ်အား ခေါ်၍ အောက်ပါအတိုင်း ပြောဆိုကြလေ၏

“ငါ့တူ. . . မင်းရဲ့မိဘများ မရှိတော့တဲ့အခါမှာ ဦးလေး အဒေါ်တို့ဟာ မင်းရဲ့မိဘတွေပဲ မဟုတ်လား”

“ဟုတ်ပါတယ် ဦးလေး”

“အေး. . အခုအခါမှာ မင်းမိဘများ ထားရစ်ခဲ့တဲ့ပစ္စည်း တွေကလဲ မနည်းဘူး၊ ပြီးတော့ မင်းမလဲ (ဘီအေ) အောင် ဆိုတော့ မင်းမိဘများ ရှိရင်လဲ ဒီအချိန်မှာ မင်းကို အိမ်ထောင်ချ ထားကြမှာပဲ”

“ဟုတ်ပါတယ်ခင်ဗျ”

“ဒီတော့ မင်းကို ဦးလေးတို့က အိမ်ထောင်ချထားပေးပြီး မင်းရဲ့အမွေတွေကို တစ်ခါတည်း လွှဲပေးလိုက်ချင်တယ်”

ထိုသို့ မောင်သံဟိတ်အား ဦးစိန်မှိုတို့ လင်မယားက ခေါ် ၍ စကားပြောလျက် ရှိသည်ကို ခင်ခင်စိန်သည် နောက်ကွယ် ခိုး၍နားထောင်နေလေ၏။

“ဦးလေးတို့ ကြိုက်သလို စီမံပါ ဦးလေး၊ ကျွန်တော် နာ ခံပါ့မယ်၊ ဘယ်သူဘယ်ဝါနှင့် ဆိုသည်ကိုသာ ကြိုပြီးသိထားချင် တယ်”

မောင်သံဟိတ်က စီမံသည့်အတိုင်း နာခံမည်ဟု က ပေးလိုက်သောအခါ၌ ဒေါ်သာစည်သည် လွန်စွာဝမ်းမြောက်၍ သွားလေ၏။ ဦးစိန်မှိုမှာလည်း ငါ့တူလေး ငါတို့စကားကို နား ထောင်သားပဲဟု ကျိတ်၍ချီးမွမ်းမိလေ၏။ ဝမ်းအသာဆုံးဖြစ်သူ ခင်ခင်စိန် ဖြစ်လေ၏။ ခင်ခင်စိန်အား ဒေါ်သာစည်က မောင်သံ





ဟိတ်နှင့် ပေးစားမည်ဖြစ်ကြောင်းကို ကြိုတင်၍ အသိပေးထားပြီး ဖြစ်သောကြောင့်ပင်။

“အေး. . . မင်းပြောတာ မှန်တယ်ကွယ့်၊ ဘယ်သူဘယ်ဝါ နဲ့လဲ ဆိုတော့ ဦးလေးတို့လဲ အမျိုးမျိုး စဉ်းစားပြီးပြီ၊ အသင့်တော် ဆုံးကတော့ ခင်ခင်စိန်နဲ့ပဲကွယ်၊ မင်းသဘော ဘယ့်နှယ်လဲ”

“ကျွန်တော် ပြောပြီးပါပကော၊ ဦးလေးတို့ စီမံရာကို နာခံ ပါ့မယ်လို့၊ ဒါပေမယ့် တစ်ခုတော့ စဉ်းစားပါဦး ဦးလေး၊ ခင်ခင် စိန်ဟာ သိပ်ပြီး ဆင်းရဲနွမ်းပါးရှာတယ်၊ အခုနေအခါမှာ ယူလိုက် ရင် ကျွန်တော်က ပစ္စည်းရော၊ ပညာရော သာတဲ့အတွက် သူက လေးမှာ အားငယ်စိတ်တွေ ဖြစ်နိုင်ပါတယ်”

ထိုစကားကို ကြားရသောအခါ၌ ဦးစိန်မှိုရော ဒေါ်သာ စည်ပါ ငြင်းများ ငြင်းလိုက်လေမည်လားဟူ၍ မောင်သံဟိတ်ကို ငြိမ်စွာနှင့် ကြည့်ကာနေလေ၏။ ငြင်းလိုက်လေမည်ကို အစိုးရိမ် ဆုံးသောသူမှာ ခိုး၍နားထောင်နေသူ ဖြစ်လေ၏။

မောင်သံဟိတ်က ဆက်၍ပြောပြန်သည်မှာ. . .

“ဒီတော့. . . ခင်ခင်စိန်အနေနဲ့ အားငယ်စိတ်တွေ မဖြစ် ရလေအောင် ဦးလေးနဲ့ အဒေါ်တို့က ခင်ခင်စိန့်ကို သမီးအဖြစ် အချုပ်စာတမ်းနဲ့ မွေးစားလိုက်ပါ၊ အဲဒီတော့ ခင်ခင်စိန်ဟာ သူ ဌေး ဦးစိန်မှို ဒေါ်သာစည်တို့ရဲ့ အမွေခံ တစ်ဦးတည်းသောသမီး ဖြစ်သွားရော မဟုတ်လား၊ အဲဒီအခါကျမှ ကျွန်တော်နဲ့ ထိမ်းမြား ပေးစားလိုက်ပါ”

ခိုး၍နားထောင်လျက်ရှိသော ခင်ခင်စိန်သည် မောင်သံ ဟိတ်၏ စကားကို ကြားရသည့်အခါ၌ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍သွားလေ၏။ ဦးစိန်မှိုတို့ လင်မယားသည် တစ်ဦးမျက်နှာတို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး ကြည့်လျက် "ဘယ်လိုလဲ" ဟု မျက်နှာနှင့်ပင် မေးမြန်းကြပြီးနောက် ဦးစိန်မှိုက...

"ငါ့တူပြောတာ ဟုတ်ပါတယ်၊ ဦးလေးတို့ရဲ့ ပစ္စည်းတွေဟာလဲ ဦးလေးတို့ မရှိတဲ့နောက် ငါ့တူပဲ ရမယ့်ပစ္စည်း ဖြစ်တော့ မင်း ပြောသလို ခင်ခင်စိန်ကို စာချုပ်စာတမ်းနဲ့ မွေးစားလိုက်တဲ့အခါမှာလဲ မင်းပဲ ရမှာပဲ မဟုတ်လား၊ ဒီတော့ မင်းပြောသလိုပဲ ဦးလေးတို့ စီစဉ်ပါ့မယ်"

ဟု အဖြေပေးပြီးလျှင် ရှေ့နေရှေ့ရပ်များကို ခေါ်ယူ၍ စာချုပ်စာတမ်းများ ပြုလုပ်ကာ ခင်ခင်စိန်အား အမွေစားအမွေခံ သမီးအဖြစ် မွေးစားလိုက်ကြလေတော့၏။

ထို့နောက် ကြီးကျယ်ခမ်းနားသော ထိမ်းမြားမင်္ဂလာကို ပြုလုပ်ကြလေ၏။ မင်္ဂလာရက် မတိုင်မီ (၇)ရက်(၇)လီ အကျွေးအမွေးနှင့် ဧည့်ခံခြင်း၊ (၇)ရက်လုံးလုံး အငြိမ့်ပွဲ ဇာတ်ပွဲများ သွင်းခြင်း အမျိုးရဲ့ မိန်းကလေး(၇)ဦးအား ရွှေဒင်္ဂါးတစ်ပြားစီ၊ မယ်ညိုတံဆိပ်ပဒုမာအင်္ကျီနှင့် ကြိုးကြိုးချိတ်ထဘီတစ်ထည်စီကို လည်းကောင်း လူပျိုရံ (၇)ဦးအား ချိတ်တောင်ရှည်၊ တရုတ်ပိုးရင်ဖုံးနှင့် ရွှေဒင်္ဂါး တစ်ပြားစီ လည်းကောင်း လက်ဆောင်အဖြစ် ပေးလေ၏၊

ကြွရောက်ချီးမြှင့်ကြသော ဧည့်ပရိသတ်အပေါင်းကိုလည်း ထောပတ်ထမင်း၊ ကော်ဖီ၊ ကိတ်မုန့်များနှင့် ဧည့်ခံကျွေးမွေးသည့်အပြင် ငါးဆင့်ချိုင့်တစ်လုံးစီ ပြန်၍ကမ်းသေး၏။

ပဲခူးမြို့ပေါ်တွင် နှစ်ပေါင်းသုံးဆယ်တိုင်တိုင် မောင်သံဟိတ်နှင့် ခင်ခင်စိန်တို့၏ မင်္ဂလာဆောင်လို အကုန်အကျများခြင်း အရာ၌ရော စည်ကားခြင်းအရာ၌ပါ မီသော မင်္ဂလာဆောင်ဟူ၍ မပေါ်ပေါက်ခဲ့တော့ပေ။





ဤသို့ဖြင့် မောင်သံဟိတ်သည် (၁၃)ခန်းသော မင်္ဂလာတို့ကို မိဘများက ပြုလုပ်ပေးခဲ့ပြီးလျှင် ကျန်ရှိသော အဝါဟ ဝိဝါဟ မင်္ဂလာကိုမူ ဦးလေးဖြစ်သူနှင့် အဒေါ်ဖြစ်သူတို့က စီစဉ်ပေးကြသည်ဖြစ်ရာ မင်္ဂလာ(၁၂)ခန်းစလုံး ပြည့်စုံသွားလေတော့၏။

...ပြီးပါပြီ...



www.burmeseclassic.com

www.burmeseclassic.com





# မောင်သံဟိတ်နှင့် စိန်ဘောဂ တိုက်အိမ်ကြီး

မောင်သံဟိတ်သည် ခင်ခင်စိန်အား လွန်စွာချစ်မြတ်နိုးသည်ကလည်း တစ်ကြောင်း၊ အိမ်ထောင်ကျပြီဖြစ်၍ တသီးတခြား အိမ်ခွဲကာ နေလိုသည်ကလည်း တစ်ကြောင်းကြောင့် ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရားအနီးရှိ စိန်ဘောဂဆိုသည့် တိုက်အိမ်ကြီးအား ဝယ်ယူခဲ့လေ၏။ ၎င်းအိမ်ကြီးမှာ သီပေါမင်း၏ ဆွေတော်မျိုးတော် တစ်ဦး၏အိမ် ဖြစ်ခဲ့သဖြင့် တစ်မျိုးတစ်ဖုံ ထီးဟန်နန်းမှုများ ပါလျက် ရှိလေ၏။

မောင်သံဟိတ်သည် စိန်ဘောဂ တိုက်အိမ်ကြီးကို ဝယ်ယူပြီးနောက် ပြန်လည်၍ မွမ်းမံလေ၏။ အိမ်ထောင်ပရိဘောဂများ ကိုလည်း ရိုးတိုက်နှင့် ဗိုက်တဝေးတိုက်တို့မှ အထူးမှာယူ၏၊ ဝန်းတန် ခွက်ယောက်တို့ကိုလည်း တရုတ်ပြည်ရှိ ကုမ္ပဏီသို့ တိုက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာယူခဲ့ရာ ပန်းကန်တိုင်း ခွက်တိုင်းတွင် စိန်ဘောဂဟူသော စာ
တန်းနှင့် မောင်သံဟိတ်နှင့် မခင်ခင်စိန်ဆိုသည့် စာတို့ကိုပါ ရိုက်
နှိပ်စေလေ၏။

ခင်ခင်စိန်က မော်တော်ကား မစီးချင်ဟု ဆိုသဖြင့် မြင်း
လေးကောင် ကသော ဒေါက်ကတ်တစ်စီး ဝယ်ယူ၍ထားရလေ၏
မောင်သံဟိတ်၏ ဒေါက်ကတ်အပြင် ရန်ကုန်မြို့၌ အကောင်းဆုံး
ဒေါက်ကတ် ပြပါဆိုလျှင် ရန်ကုန်အရေးပိုင် စီးသော ဒေါက်ကတ်
တစ်စီးသာ ရှိလေ၏။

စိန်ဘောဂ တိုက်အိမ်ကြီးသို့ ပြောင်းရွှေ့သည့်အခါ
လည်း အိမ်တက်မင်္ဂလာကို သံဃာတော် ကိုးဆယ့်ကိုးပါးနှင့် ပရိ
ျများ ရွတ်ဖတ်ကာ ခမ်းနားစွာ ပြုလုပ်ခဲ့လေ၏။

ခင်ခင်စိန်သည် နဂိုကပင် အလှသွေးကြွယ်သူဖြစ်သည်
အားလျော်စွာ မောင်သံဟိတ်နှင့် အကြောင်းပါ၍ မောင်သံဟိတ်
က အကောင်းဆုံးသော ပိုးဖဲကတ္တီပါ စသည့် အဝတ်အစားများသာ
မကဘဲ စိန်ရွှေရတနာတို့ကို ဆင်မြန်းစေလိုက်သောအခါ၌ ခင်ခင်
စိန် ဒေါက်ကတ်စီးသွားသည်ကို မြင်လိုက်ရသူတိုင်းသည် ရှေ့
ဆက်၍မလျှောက်နိုင်ဘဲ ခင်ခင်စိန်အား မျက်စိတစ်ဆုံး သငေး
လည်ပြန် ပြန်၍ကြည့်ရသည်ချည်း ဖြစ်လေတော့၏။

ဆုတောင်း ကောင်းပါပေသည်၊ လူကလည်းလှ၊ ပစ္စည်း
ကလည်း ရှိဆိုတော့ အဘယ်ဘဝကများ အဘယ်မည်သော ဘုရား
ထံ အဘယ်လှူဖွယ်တို့ကို လှူဒါန်း၍ ဆုတောင်းခဲ့ပါသနည်းဟု
တွေးထင်ယူရသည်အထိ ခင်ခင်စိန်၏ အခြေအနေတို့သည် မြင့်
မား၍ လာခဲ့လေတော့၏။

မောင်သံဟိတ်သည် ခင်ခင်စိန်အား ယုယကြင်နာခြင်း





## မောင်သံဟိတ်နှင့် သားကလေး မောင်သာနိုး

ခင်ခင်စိန်၌ ကိုယ်ဝန်ရပြီဆိုကတည်းက မောင်သံဟိတ်
သည် အထူးတလည် ခင်ခင်စိန်အပေါ်၌ ကြင်နာလေတော့၏။
ဆောက်တိုမည်ရ ကိစ္စများကိုလည်း ဒေါ်စိန်ဆိုသည့် အဒေါ်ကြီး
တစ်ဦးကို ပြုလုပ်စေ၍ ထမင်းချက်ခြင်း၊ ဈေးဝယ်ခြင်း အလုပ်အ
ကွက် မိန်းမနှစ်ယောက်ကိုလည်း ငှားရမ်းထားလေ၏။

ခင်ခင်စိန်သည် အမျိုးမျိုးသော ချင်ခြင်းကို တက်လေ၏။
ခွန်တီနင်တယ်က ကိတ်မုန့် စားချင်သည် ဟူ၍လည်းကောင်း၊
ဒေးရှင်းဟိုတယ်က ကြက်သားကပတ် စားချင်သည် ဟူ၍လည်း
ကောင်း၊ အလွယ်တကူ ဝယ်၍ရသော ပစ္စည်းများအပြင် အညာက
ဆန်းရေချို၊ နှမ်းဖတ်ချဉ်၊ မန္တလေးမှ ပိုးကောင်ကြော်၊ ရခိုင်မင်္ဂလာ
ဆောင်များတွင် ကျွေးလေ့ရှိသော ငါးပိပုံးပါမကျန် ပူဆာလေ၏၊



www.burmeseclassic.com

www.burmeseclassic.com



မောင်က ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘဉာဏ်၏အိမ်သို့ သွ
ချင်သည်ဆို၍ ရွှေတောင်တန်းရှိ ဦးဘဉာဏ်၏အိမ်သို့ လိုက်၍ပို့
ပြန်၏။ ထိုမှတဖန် ယူနီဘာစတီ ဓာတုဗေဒဌာနသို့ သွားလိုသည်
ဆိုပြန်သဖြင့် လိုက်၍ပို့ရပြန်လေ၏။ ထိုမှတဆင့် ညနေခင်း၌ ဂ
လီဟော၌ တရုတ်နပန်းသမား ဝမ်းပေါက်ချောင်ဆိုသူနှင့် မြန်
လက်ဝှေ့သမားများ ထိုးသတ်ကြမည်ဟု ဆိုကာ ကြည့်ချင်ပြန်သ
ဟု ဆို၍ လိုက်၍ပို့ရပြန်လေတော့၏။

...ဇာတ်သိမ်း...





# မောင်သံဟိတ်နှင့် သားကလေး မောင်သာနိုး

ခင်ခင်စိန်၌ ကိုယ်ဝန်ရပြီဆိုကတည်းက မောင်သံဟိတ်
ည် အထူးတလည် ခင်ခင်စိန့်အပေါ်၌ ကြင်နာလေတော့၏။
ာက်တိုမည်ရ ကိစ္စများကိုလည်း ဒေါ်စိန်ဆိုသည့် အဒေါ်ကြီး
စ်ဦးကို ပြုလုပ်စေ၍ ထမင်းချက်ခြင်း၊ ဈေးဝယ်ခြင်း အလုပ်အ
ွတ် မိန်းမနှစ်ယောက်ကိုလည်း ငှားရမ်းထားလေ၏။

ခင်ခင်စိန်သည် အမျိုးမျိုးသော ချင်ခြင်းကို တက်လေ၏။
န်တီနင်တယ်က ကိတ်မုန့် စားချင်သည် ဟူ၍လည်းကောင်း၊
ရှင်းဟိုတယ်က ကြက်သားကပတ် စားချင်သည် ဟူ၍လည်း
ာင်း၊ အလွယ်တကူ ဝယ်၍ရသော ပစ္စည်းများအပြင် အ...က
န်းရေချို၊ နှမ်းဖတ်ချဉ်၊ မန္တလေးမှ ပိုးတောင်ကြော်၊ ရ...မဂ်လာ
ာင်များတွင် ကျွေးလေ့ရှိသော ငါးပိပုံးပါမကျန် ...ဆာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သံဟိတ်ကလည်း ပူဆာသမျှကို စရိတ်စကများစွာ အကုန်
ကျခံကာ လူလွှတ်၍ ဝယ်ယူစေပြီးလျှင် ခင်ခင်စိန်၏ ရှာရှာ
ချင်ခြင်းများကို ဖြည့်စွက်လေ၏။

ဤသို့နှင့်ပင် ခင်ခင်စိန်သည် နေ့စေ့လစေ့ ကျ
သ ကာလ၌ သားယောကျ်ားကလေးတစ်ဦး ဖွားမြင်ခဲ့လေ
မောင်သံဟိတ်သည် သူကိုယ်တိုင်က မင်္ဂလာ(၁၂)ခန်းနှင့် ကြီး
လာခဲ့သူ ဖြစ်သည့်အလျောက် သူက မွေးသော မောင်သာနိုး
လည်း အမျိုးမျိုးသော မင်္ဂလာအခမ်းအနားများကို ပြုလုပ်
၏။

မင်္ဂလာတုံး မင်္ဂလာခဲ မောင်သံဟိတ်မှ မွေးသော သား
လေး မောင်သာနိုးသည် မင်္ဂလ မင်္ဂလာနှစ် ဖြစ်၍နေသည်
အထူးဖော်ပြရန် မလိုတော့ပေ။

မောင်သာနိုးကလေးသည် အခါလည်ကျော်ကျော်အ
တွင်ပင် စကားကို ကောင်းစွာ ပြောတတ်လေ၏၊ မောင်သံဟိ
သည် မယားကို ချစ်၍မျှ မဝမီတွင် ချစ်စရာကောင်းသော
ကလေးကို မွေးပေးသည်ဖြစ်ရာ ချစ်စရာနှစ်ယောက် ဖြစ်၍
လေတော့၏။ သို့ရာတွင် ခင်ခင်စိန့်အပေါ်၌ အချစ်လျော့၍
သည့်အပြင် သားကလေးကို မွေးပေးပေတကားဟုပင် ကျေးဇူး
လူသဖြင့် အရည်အသွေး ကောင်းသော ပတ္တမြားတစ်ဆင်စာ
စိန်တစ်ဆင်စာအား ဘိလပ်သို့ အတိုင်းအထွာနှင့်တကွ ပို့၍
ခင်စိန်အတွက် လက်ဝတ်လက်စားများ ပြုလုပ်ကာ လက်ဆော
ပေးခဲ့လေ၏။

မောင်သာနိုးကလေးအားလည်း နဝရတ်ကိုးပါး စီခြယ်
သော ဒေါင်းဘယက်ကြီးတစ်ခု လုပ်၍ ၎င်း၏ဘယက်ကြီးအပေါ်





ဘောဂ-မောင်သာနိုး" ဟူသော စာတန်းရေးထိုးကာ လည်၌
ပေးထားလေ၏။

မောင်သံဟိတ်သည် ညနေတိုင်း၌ ခင်ခင်စိန်နှင့် သားက
မောင်သာနိုးအား ခေါ်၍ ငါးထပ်ကြီးဘုရား၌ ပန်း ရေချမ်း
များ ကပ်လှူလေ့ရှိ၏။ ငါးထပ်ကြီးဘုရားမှာ အမြန့်လည်း
မဝေးသည့်အလျောက် မိသားစုသည် အညောင်းပြေ အ
ပြေလည်း လမ်းလျှောက်ရင်း ဘုရားလည်း ဖူးရင်း ဆိုသလို
မပြတ် ဘုရားပေါ်သို့ တက်ခဲ့ကြလေ၏။ တစ်ခါတစ်ရံ ခင်
က "ကိုကိုရယ်. . . သားကလေး မောပါတယ်၊ ခဏနားပါရ
" ဟု ဆိုလျှင် ငါးထပ်ကြီး ဘုရားကုန်းပေါ်သို့ မရောက်မီ
ကလေးတစ်ဆူ၌ နားတ ကြလေ၏။

ဘုရားက ပြန်လာပြီးနောက် ထမင်းစားလေ့ရှိကြ၏ ယ
ားပြီးလျှင် ခင်ခင်စိန်က ပိ နို တီး၍ သီချင်းဆို၏။ မောင်
ဟိတ်က စည်းနှင့်ဝါး လိုက်၍ပေးလေ၏။ ထိုအခါ၌ မောင်သာ
လေးမှာ အနီး၌ အိပ်ပျော်၍ နေတတ်လေ၏။ ခင်ခင်စိန်
စိန်ဘောဂတိုက်ကြီးသို့ ရောက်ပြီး များမကြာမီ၌ပင် ပီယာနို
လုံး ဝယ်၍ပေးပြီးလျှင် ဆရာတစ်ဦး ခေါ်၍ သင်ပေးစေခဲ့
ဖြစ်၏။


ဤသို့လျှင် မောင်သံဟိတ်၏ စိန်ဘောဂတိုက်ကြီးသည်
မြေပျော်ရွှင်ဖွယ်ရာအတိနှင့် ပြီးလေတော့၏။

... ပြီးပါ ...



www.burmeseclassic.com

www.burmeseclassic.com





## မောင်သံဟိတ်နှင့် တနင်္လာသား

မောင်သာနိုးကလေး သုံးနှစ်တိတိ ပြည့်မြောက်သောနေ့၌ ဖြစ်သူ မောင်သံဟိတ်က ကေသဝန္တန မင်္ဂလာ(ခေါ်)ဆံထုံး သော မင်္ဂလာကို ကြီးကျယ် ခမ်းနားစွာဖြင့် ကျင်းပပြုလုပ်၍ လေ၏။ ပုဏ္ဏားရှစ်ယောက်အား ပင့်ဖိတ်၍ ဩဘာစာ ရွတ် စေသည့်အပြင် အကောင်းဆုံး ရွတ်နိုင်သော ပုဏ္ဏားအား တစ်ပိုင်းနှင့် ရွှေဒင်္ဂါးတစ်ပြား ဆုချခဲ့လေ၏။

ထိုနေ့၌ မောင်သံဟိတ်သည် ပင့်ဖိတ်ထားသော သံဃာ များအား မိမိကိုယ်တိုင် ကျောင်းတိုက်များသို့ ပြန်၍ပို့ပေးပြီး ဗဟန်းဘက်မှ ဒေါက်ကတ်ဖြင့် ပြန်ခဲ့ရာတွင် ယာဉ်ရထား တို့ ဂရုပြုခြင်း မရှိဘဲ ခေါင်းငိုက်စိုက်နှင့် လမ်းကို ဖြတ်၍ကူး လူတစ်ယောက်အား မောင်သံဟိတ်သည် ဒေါက်ကတ်ပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



နေ၍ သတိပြုမိလေရာ ထိုသူအား ယခင်က မြင်ဖူးသလိုလို
နှင့် အရှိန်အနည်းငယ် လျှော့ခိုင်းကာ ထိုသူအား ထပ်မံ အ
ပြန်လေလျှင် မိမိနှင့်အတူ ကောလိပ်၌ တစ်တန်းတည်း တ
သော "မောင်ချစ်ဖွယ်" ဆိုသူ ဖြစ်ကြောင်း ကောင်းစွာ အ
တော့သဖြင့် "ဟလို. . . ကိုချစ်ဖွယ်" ဟု ကျယ်လောင်စွာ
ဆက်လိုက်ရာ ထိုသူသည် မောင်သံဟိတ်အား စိန်းစိန်းကြ
အံ့အားသင့်ကာ နေလေ၏။

"ဘယ်လိုလဲ ကိုချစ်ဖွယ်၊ ကျုပ်က ဒါလောက်
လှနေလို့ ခင်ဗျားက သေသေချာချာ ကြည့်နေရတာလား"

ထိုအခါမှ မောင်သံဟိတ်အား မည်သူမည်ဝါ ဖြစ်သ
မှတ်မိသွားသည်ဖြစ်ရာ. . . .

"ဟာ. . . ကိုသံဟိတ်ကြီးပါလား၊ ခင်ဗျား အရေး
ဆီမှာ အလုပ်လုပ်နေသလား" ဟူ၍ ထိုသူက မောင်သံ
တစ်လှည့် ဒေါက်ကတ်ကိုတစ်လှည့် ကြည့်ကာ မေးလေ၏

"ဘယ်ကလာ၊ အရေးပိုင်မင်းဆီမှာ အလုပ်လုပ်ရမှာ
ဗျ။ ကျုပ်တို့မိဘ ဘိုးဘွားတွေရဲ့ လက်ငုတ်လက်ရင်း ကု
အလုပ်ကိုပဲ လုပ်နေပါတယ်"

"အခု ခင်ဗျား စီးလာတာ အရေးပိုင်မင်းရဲ့ ဒေါ
ကြီး မဟုတ်လား"

"တော်စမ်းပါ၊ ကျုပ် ဒေါက်ကတ်ပါဗျ၊ ဘယ်က အ
မင်းကို ခင်ဗျားက လာပြီး လောကွတ်ချော်နေရပြန်တာတုန်း

"ရန်ကုန်မှာ ဒါလောက်ကောင်းတဲ့ ဒေါက်ကတ်
အရေးပိုင်မင်းတစ်ဦးပဲ စီးတာ ကျုပ်က တွေ့ဖူးတာကို

"အေးအေးဆေးဆေး စကားပြောရအောင်ဗျာ၊





ဒေါက်ကတ်ကို ဟောဟို အရိပ်အောက်မှာ ရပ်ခိုင်းလိုက်မယ်ဗျာ"

ဟု ဆိုကာ မောင်သံဟိတ်သည် ကျောင်းနေဖက် သူငယ်
ချင်းအား စကားပြောချင်လှသဖြင့် ဒေါက်ကတ်ကို အရိပ်၌ ရပ်
စေ၍ အားစေတာ ကပျာကသီ ဆင်း၍လာပြီးလျှင် ထိုမောင်ချစ်ဖွယ်
ဆိုသူအား သိမ်းကျုံးကာ ဖက်လျက်. . . .

"ကိုချစ်ဖွယ် ခင်ဗျားကို ကြည့်ရတာ အတိဒုက္ခ ရောက်
နေပုံပဲ ကျုပ်ပြောတဲ့အတိုင်း မဟုတ်ရင်တော့ စိတ်မရှိပါနဲ့"

"စိတ်မရှိပါဘူး ကိုသံဟိတ်ရယ်၊ ခင်ဗျားပြောတဲ့အတိုင်းပါ
ပဲ ကျုပ်လောက် အတိဒုက္ခရောက်တဲ့လူ ရှိမယ်တောင် မထင်မိပါ
ဘူးဗျာ"

BURMESE CLASSIC .com

"နေစမ်းပါဦးဗျ၊ ကျုပ်ကတော့ ကိုချစ်ဖွယ်တစ်ယောက်
လှည်းကူးဘက်မှာ မြို့ပိုင် ဖြစ်သွားသလိုလို ကြားမိခဲ့တာ"

"ဟုတ်ပါတယ်၊ လှည်းကူးမြို့မှာ မြို့ပိုင်ဖြစ်ပြီး အခု
ထောင်က ထွက်လာခဲ့တာပေါ့"

"ဘယ့်နှယ့်တွေ လျှောက်ပြောနေတာလဲ၊ မြို့ပိုင်လဲ ဖြစ်
တယ် ပြောသေး၊ ထောင်ကလဲ အခု ထွက်လာခဲ့တယ်ဆိုတော့
ကျုပ်ဖြင့် နားမလည်ပေါင်ဗျာ"

"ဒီလိုဗျို့၊ ကျုပ်က လှည်းကူးမြို့ပိုင် ဖြစ်တာ သုံးနှစ်
လောက် ရှိပြီး ပြီးခဲ့တဲ့ ခြောက်လလောက်က အလံကာဘိုဆိုတဲ့ရွာက
ကုလားလူရှုပ် စိုးပိုင်ဆိုတဲ့ကောင်က ကျုပ်အတွက် လာဘ်စားဖို့
ငွေတစ်ခု ယူလာတယ်ဗျို့၊ တိုတိုပြောရရင် ကျုပ်ကလဲ ဘာမှ
လုပ်နိုင်ဘူးဆိုပြီး အဲဒီလို စိုးပိုင်နဲ့ နှစ်ယောက်ပေါင်းပြီး စားလိုက်
တာပဲဗျို့၊ အဲဒါ ကျုပ်ထင်သလို ဖြစ်မလာဘဲ တစ်ဖက်အမှုသည်
ဆိုးမကြီးက ဟိုတိုင်ဒီတိုင် တိုင်ပါလေရော့ဗျာ၊ အဲဒီတော့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အမှုကို ဒီစီကိုယ်တိုင် ဆင်းပြီးစစ်တာ၊ ကျူပ် လာဘ်စား
ပေါ်သွားတဲ့အတွက် အလုပ်ပြုတ်တဲ့အပြင် ထောင်လဲ လေးလ
ရတယ်ဗျ၊ အခုမနက်ပဲ ထောင်က လွတ်လာတာ"

"ခင်ဗျားက ဘယ်လောက်များ စားမိလို့လဲ"

"ကျူပ် (၁၅)ကျပ်၊ စိုးပိုင် (၁၅)ကျပ်လေဗျာ"

"ဟာဗျာ. . . (၁၅)ကျပ်နဲ့များ ထောင်လဲကျ၊ အလုပ်
ပြုတ်အောင် ခင်ဗျားမို့ စားတတ်ပါလေ့ ကိုချစ်ဖွယ်ရယ်"

"ဒီလိုလေဗျာ၊ တစ်ဖက်က မုဆိုးမကြီးဆိုတော့ ကျူပ်
ဘယ်လိုလုပ်လုပ်၊ ကျေနပ်နပ်မနပ်နပ် ဘာမှမလုပ်ဝံ့ဘူးဆိုပြီး
မိတာပေါ့ဗျာ၊ ဒါပေမယ့် အဲဒီမုဆိုးမကြီးကလဲ ဒီအမှုမှာ
မတရား ဆုံးဖြတ်တယ်ဆိုတာ သိပေမယ့်လို့ ဘာမှ လုပ်လဲမ
တတ်၊ လုပ်လဲ မလုပ်ဝံ့ဘူးဗျ၊ ဒါပေမယ့် အဖိတ်နေ့ ဥပုသ်နေ့
ရွှေတိဂုံဘုရား လာပြီး ဥပုသ်စောင့်ရင်း ဘုရားကို အကျယ်
ရှိခိုး၊ ရှိခိုးပြီးတာနဲ့ အမျှပါဝေ၊ အဲဒီလို ဝေပြီးတာနဲ့ (လောကပ
နတ်မင်းကြီးအပေါင်းတို့. . . ကျွန်တော်မ မုဆိုးမရဲ့ လယ်ကို
ရားသဖြင့် အမှုဆုံးဖြတ်ထားပါတယ်၊ ကျွန်တော်မ ပို့သသော
တ္တာနှင့် ပေးဝေသော ကုသိုလ်အမျှများကို ရရှိပါက အ
ပေါ်အောင် ကူညီကြပါကုန်) လို့ ဆုတောင်းတာကိုးဗျ"

မောင်သံဟိတ်သည် မောင်ချစ်ဖွယ်ဆိုသူ၏ စကား
လွန်စွာ စိတ်ဝင်စားလျက် ရှိနေသည်ဖြစ်ရာ. . .

"အင်း. . . လုပ်စမ်းပါဦးဗျ၊ ခင်ဗျားဥစ္စာ စိတ်ဝင်စား
ပါကပဲလား" ဟု ထောက်ခံ ပြောဆိုလေ၏။ ထိုအခါ၌ မောင်
ဖွယ်က ဆက်၍. . .

"တစ်နေ့တော့ ဒီစီကလဲ ဘုရားဖူးအလာ အဲဒီမိန်း





လဲ အဲဒီလို ဆုတောင်း၊ သွားပြီး ကြုံကြိုက်ပါလေရော့ဗျာ၊
ဘာပြောကောင်းမလဲ၊ ဒီစီက အဘွားကြီးကို မြီးတာနဲ့ တစ်ပြိုင်နက်
အကျအန မေးမြန်းပြီး ဒီအတိုင်းသာ ဟုတ်ရင်တော့ အမေကြီး
ယ် ပြန်ရပါစေ့မယ်လို့ ကတိပေးပြီး ကိုယ်တိုင် ဆင်းစစ်တော့
ာပဲ"

"ဟုတ်တယ် ကိုချစ်ဖွယ်၊ တရားကို နတ်စောင့်တယ်ဆိုတာ
မှန်ပဲဗျို့၊ တရားဥပဒေနဲ့ အလုပ်လုပ်ကြတဲ့အခါမှာ မှန်မှန်ကန်
န် လုပ်ဖို့ရာ လိုတယ်ခင်ဗျ၊ အဂတိ လိုက်စားမိရင် ခင်ဗျား
ခုဖြစ်သလို လက်ငင်းဒီဠမှာ ဒုက္ခမဖြစ်ဖူးဘဲ ထားဦး၊ သံသရာ
ာတော့ ခံရမှာပါပဲဗျာ၊ အခုလဲ တရားကို ခင်ဗျားက အဂတိလိုက်
းပြီး ဆုံးဖြတ်ပေးခဲ့တဲ့အတွက် လောကကြီးကို စောင့်ရှောက်တဲ့
လောကပါလနတ်တွေက ခင်ဗျားရဲ့အကြီးအကဲ ဒီစီကို တစ်နည်း
စ်ဖုံ ဒီအဒေါ်ကြီးနဲ့ တွေ့အောင် ဖန်တီးပေးလိုက်တာ ဖြစ်ချင်
စ်မှာပေါ့ဗျာ"

"ဟုတ်ပါတယ် ကိုသံဟိတ်ရယ်၊ ကျူပ်လဲ အခု နောင်တရ
ါပြီဗျာ၊ ဒါကြောင့် ရွှေတိဂုံဘုရားကို သွားပြီး ဘုရားဖူးရင်း
လောကပါလနတ်တွေကို တိုင်တည်မလို့ပါ"

"ဘယ်လိုများ တိုင်တည်မလို့လဲဗျ"

"ကျွန်တော်သည် အဂတိ လိုက်စားမိတဲ့အတွက် အပြစ်
ဏ်ကို ခံခဲ့ရသည့်အပြင် ယခုအခါ၌ နောင်တရနေပြီ ဖြစ်ပါ၍
ျွန်တော့်အား အစာငတ်ရေငတ် ဘဝမျိုးဖြင့် မသေရလေအောင်
ူညီကြပါကုန်လို့ တိုင်တည်မလို့ပါဗျာ"

မောင်ချစ်ဖွယ်၏စကားကို ကြားရသည့်အခါ၌ မောင်သံ
ဟိတ်သည် လွန်စွာ သနားမိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို နောင်တရတာကိုတော့ ကျုပ် ဝမ်းသာလှ တယ်၊ ဝေါ်တော်ပြတ်ပြတ် မဖြစ်ရအောင်လဲ ကျုပ် ကျွေးမွေးထား မယ်၊ ကဲ. . . တက်ပေတော့၊ ဘုရားကို လိုက်ပို့ပေးမယ်၊ ပြီးရင် ကျုပ်အိမ်ကို တစ်ခါတည်း လိုက်ခဲ့ပေတော့"

"တကယ်ပြောနေတာလား ကိုသံဟိတ်"

"တကယ်ပေါ့ဗျာ၊ တက်မှာ တက်စမ်းပါ ကိုချစ်ဖွယ်"

"အလို. . . အခုလဲ လောကပါလနတ်တွေက ကိုသံဟိတ် ကို ကျုပ်နဲ့ တွေ့အောင် စီမံပေးလိုက်တာ ဖြစ်ချင်ဖြစ်နေမှာနော်"

မောင်ချစ်ဖွယ်သည် စကားပြောရင်းပင် ဒေါက်ကတ်ပေါ် သို့ တက်လေ၏။

မောင်သံဟိတ်သည် မောင်ချစ်ဖွယ်အား ရွှေတိဂုံဘုရား သို့ ပို့ပေးပြီးနောက် အိမ်သို့ ခေါ်ယူခဲ့လေ၏။ မောင်ချစ်ဖွယ်သည် မောင်သံဟိတ်၏ စိန်ဘောဂ တိုက်ကြီးကို မြင်လိုက်သည်နှင့် ထိတ် ပြိုင်နက် မောင်သံဟိတ်၏ ကြီးကျယ်ခမ်းနားခြင်းတို့ကို အံ့ဩမိလေ တော့၏။ အိမ်ထဲ ရောက်ပြန်တော့လည်း လွန်စွာအဖိုးတန်သော ကော်ဇောကြီးများ၊ အိမ်ထောင်ပရိဘောဂပစ္စည်းများကို တွေ့မြင်ရ လေရာ နိပါတ်တော်၌ ပါရှိသော ဇောတိကသူဌေး ဆိုသည်မှာ လည်း မောင်သံဟိတ်တို့လိုပင် ရှိပေမည်ဟု မှတ်ထင်မိသည့်တိုင် အောင် မောင်သံဟိတ်၏ ပစ္စည်းဥစ္စာများအပေါ်၌ လွန်စွာအထင် ကြီးခြင်းကို ဖြစ်လေတော့၏။

ထို့ထက် လွန်စွာလှပသော မောင်သံဟိတ်၏မိန်းမ ခင် ခင်စိန်ကို မြင်သော ကာလ၌ မောင်သံဟိတ်ကား ဆုတော် ကောင်းပေသည်တကားဟု အောက်မေ့မိလေတော့၏။

"ကဲ. . . ကိုချစ်ဖွယ်၊ ဒီအိမ်မှာတော့ ဘာမှ အားနာစရာ





မရှိဘူး၊ ခင်ဗျား စိတ်ချမ်းသာသလို နေနိုင်တယ် စားနိုင်တယ်" ဟု မောင်သံဟိတ်က ပြော၍ ခင်ခင်စိန်နှင့် မိတ်ဆက်ပေးလေ၏။

မောင်သံဟိတ်သည် အဝတ်အစားလဲရန် အခန်းတွင်းသို့ ဝင်သွားသည့်အခါ၌ ခင်ခင်စိန် လိုက်လာပြီးလျှင်. . .

"ကိုကို. . ဒီစုတ်စုတ်ပြတ်ပြတ်နဲ့လူက ဘယ်ကလဲဟင်"

ဟု မေးလေတော့၏။

"ကိုကိုနဲ့ ကျောင်းနေဖက် သူငယ်ချင်းပါ"

"ကိုကိုနဲ့ ကျောင်းနေဖက် သူငယ်ချင်းသာ ဆိုတယ်၊ စုတ် နုတ်လိုက်တာကလဲ လွန်ပါရော့"

"ဒီလိုကွယ့်. . . အလုပ်ပြုတ်ပြီး ထောင်ကျသွားတာ၊ ဒီက နေ့ မနက်ကမှ လွတ်လာတာဆိုတော့ ဒီလိုပဲပေါ့ကွယ်"

"ကိုကိုရယ်. . . သူက ဒီမှာ နေမှာလား၊ ဖြစ်ပါ့မလား ကိုကို"

"ဘာဖြစ်လို့လဲကွယ့်"

"ထောင်ကျတယ်ဆိုကတည်းက ကျက်သရေရှိတဲ့လူလို့ ဆို နိုင်ပါ့မလား၊ ကိုကိုတို့ ကျွန်မတို့အိမ်က မင်္ဂလာ အမျိုးမျိုး၊ ကျက်သ ရေ အမျိုးမျိုး ရှိတယ်မဟုတ်လား၊ ဒီလိုမင်္ဂလာမရှိတဲ့လူကို အိမ်မှာ ဘင်ထားလို့ တော်ပါ့မလား"

"ဒီလိုလဲ ဘယ်ဟုတ်မလဲကွယ်၊ လွန်ခဲ့တဲ့ ငါးလလောက် အထိတော့ သူဟာ မြို့ပိုင်မင်းတစ်ယောက် ဖြစ်ခဲ့ပါတယ်ကွယ် သိပ်ပြီးနိမ့်ကျတဲ့လူတော့ မဟုတ်ပါဘူး၊ ပြီးတော့ ဘုရားက ဟော ကာနဥ္စ သင်္ဂဟော - မိတ်ဆွေ သူငယ်ချင်း၊ ဆွေမျိုးတွေတို့ကို ထောက်ပံ့ရခြင်းဟာ မင်္ဂလာဖြစ်တယ်လို့ ဟောထားတယ် မဟုတ် လား၊ ဘုရားဟောတဲ့ မင်္ဂလာမှ တကယ့်မင်္ဂလာ မဟုတ်ပါလား



www.burmeseclassic.com

www.burmeseclassic.com



ကွယ်”

“အို. . ဒါတွေ ကျွန်မ မသိဘူး၊ ထမင်းကျွေးရင်တော့ သူ့ကို သတ်သတ်ကျွေးပါ၊ ကျွန်မ သူနဲ့အတူစားဖို့ရာ မသတ်ိပါဘူး ကိုကိုရယ်”

“အေးပါကွယ်. . ကိုကို ကြည့်ပြီး စီမံပါ့မယ်”

ဟု ဆိုကာ မောင်သံဟိတ်သည် ခင်ခင်စိန်အား ချော့မြှူ လိုသောသဘောနှင့် ခင်ခင်စိန်အား မိမိရင်ခွင်အတွင်းသို့ ဆွဲယူကာ နဖူးဆံစကလေးများကို နမ်းရှုပ်လေ၏၊

မောင်သံဟိတ်သည် မောင်ချစ်ဖွယ်အတွက် အဝတ်အစားများ ဝယ်ယူရန် မောင်ချစ်ဖွယ်အား ခေါ်ယူ၍ ဝိုက်တဓေ တိုက်သို့ သွားပြီးလျှင် အဝတ်အစားများကို ရွေးချယ်ဝယ်ယူစေလေ၏၊ မောင်ချစ်ဖွယ်က အားနာလွန်းသဖြင့် ‘တော်ပါပြီ သူငယ်ချင်းရ၊ ဒါလောက်ဆိုရင် လုံလောက်ပါပြီ’ ဟု ကန့်ကွက်ပြောဆိုသည့်ကြားမှပင် မောင်သံဟိတ်က သုံးနှစ်ဝတ်လျှင်ပင် မကုန်နိုင်လောက်သော အဝတ်အစားများကို ဝယ်ယူပေးခဲ့လေ၏၊

အိမ်သို့ ပြန်၍ရောက်သည့်အခါ၌လည်း တရော်ကင်ပွန်း အမွှေးနံ့သာများအပြင် သံဃာတော် ကိုးဆယ့်ကိုးပါး ရွတ်ဖတ်သရဇ္ဈာယ်ထားသည့် ပရိတ်ရေနှင့်ပါ ဦးခေါင်းကို ဆေးလျှော်ခြင်း ရေချိုးခြင်းများ ပြုလုပ်စေ၍ “သူငယ်ချင်း ကိုချစ်ဖွယ်. . ဒီနေ့တစပြီး လူသစ်စိတ်သစ်ပေါ့ဗျာ၊ ရော့. . . ရော့. . ဟောဒီ အင်္ကျီအသစ်နဲ့ လုံချည်အသစ်ကလေးကိုပါ ဝတ်လိုက်ပါဦး” ဟု ဆိုကာ ဆင်ယင်ပေးလေ၏၊ ‘ဟောဒီမှာ ခေါင်းဖြီးဖို့ ဘီးနဲ့ ကော့စမစ်တစ်’ ဟု ဆိုကာ ခေါင်းလိမ်းဆီ၊ ကော့စမစ်တစ်၊ ရေမွှေးပေါင်ဒါတို့ပါ မကျန် ပေးလေ၏၊ မောင်ချစ်ဖွယ်အတွက် ခုတင်၊ အိပ်ရာ၊ ခြင်ထောင်နှင့် အခန်းတစ်ခုကိုလည်း သီးသန့်ပေးထားလေ၏၊





ဤနေရာ၌ မောင်ချစ်ဖွယ်၏ ဥပဓိရုပ်နှင့် အမြုအမူ အနေအထိုင် အပြောအဆိုကို အနည်းငယ် ဖော်ပြလိုပေသည်၊

မောင်ချစ်ဖွယ်ဆိုသူကား အရုပ်ပုံ၌ လက်ပြင်ကုန်း၏၊ အသားအရောင်မှာလည်း သပိတ်ရောင်တမျှ မည်းနက်သည့်တိုင်အောင် ကောက်လှိုင်းတီမုန့်ကဲ့သို့ ပြာနှမ်းနှမ်းရှိ၏။ ခြေသည်းလက်သည်းတို့မှာလည်း ညိုပုပ်လျက် ရှိသည့်အပြင် မျက်လုံးများမှာသည်း ပုဇွန်မျက်စိကဲ့သို့ သေး၍ အပြင်သို့ ထွက်ကာ ပြူးလေ၏၊ ငင်းစကားပြောသည့်အသံမှာလည်း အင်္ဂလိပ်ဘာသာဖြင့် (Teasing Tone) တီးဆင်းတုံးဟု ဆိုလေ့ရှိသော တစ်ဖက်သား၏နား၌ အရော်သလိုလို ဖြစ်စေသည့် အသံမျိုး ဖြစ်လေ၏။

နားကိုဖြစ်စေ၊ ပါးစပ်ကိုဖြစ်စေ၊ နှာခေါင်းကိုဖြစ်စေ၊ အခြေသဖြင့် ကလိနေတတ်၏။ သို့တည်းမဟုတ်ပါက နှပ်ချေးခြောက်တို့ ခွာ၍ လက်ညှိုးနှင့်လက်မအကြား၌ ဆေးလုံးလုံးသကဲ့သို့ လုံး၍နေတတ်၏၊ အစားအသောက် စားသည့်အခါ၌လည်း ခွေးများစားသကဲ့သို့ “ပျတ်. . . ပျတ်” ဟု အသံမြည်သည့်အပြင် အစဉ်သဖြင့် ဝတ်နေသကဲ့သို့ ပလုတ်ပလောင်း စားတတ်လေ၏။ ထိုသို့စားသဖြင့် ဟင်းစဟင်းနနှင့် ထမင်းလုံးများမှာ လက်ဖျားထိပ်၌သာ တွတ်ဘဲ လက်ခုံများသို့ တိုင်အောင် ပေကျံ၍ နေလေ၏၊

ဝေသန္တရာဇာတ်တော်မှ ဇူဇကာပုဏ္ဏားသွင်ရှိသော လူယုတ်မာကွန်ကာ တော်တော်များများသည် ရှင်းမောင်ချစ်ဖွယ်ထံ၌ရှိသည်ဖြစ်ရာ ဤလူကား ဘီအေအောင်ခဲ့ပါသည်။ မြို့ပိုင်မင်းဖြစ်ခဲ့ပါသည်ဟု ပြောဆိုလျှင် ကျမ်းကို ရွက်၍ပြောသည့်တိုင်အောင် ယုံကြည်နိုင်ရန် ခဲယဉ်းလေတော့၏၊



www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်ပဲဖိုးမျှ ဟန်ကျလျှင် တစ်ကျပ်ဖိုးလောက် ဟန်ကျနေသူဟု သူများထင်အောင် နေထိုင်ပြောဆိုတတ်သည့် အပြင် တစ်ပါးသူက တစ်ရာဖိုးလောက် မိမိအား ကူညီသည့်တိုင် အောင် ထိုကျေးဇူးအား တစ်ပဲဖိုးမျှလောက်သာ ထင်မှတ်ရန် ဝန် လေးသူ ဖြစ်လေ၏။ ဤမျှဖော်ပြရုံနှင့်ပင် မောင်ချစ်ဖွယ်ဆိုသူကား ဘယ်လိုလူစားမျိုးဟု ရိပ်စားမိနိုင်ပေသည်။

မောင်သံဟိတ် ဝယ်ပေးသော အင်္ကျီအဝတ်အစားများတို့ ဝတ်ဆင်ပြီးလျှင်. . .

"ကိုသံဟိတ်ရဲ့ ကျေးဇူးကတော့ဖြင့် ကျုပ်အပေါ်မှာ ကြီး မားပါပေတယ်ဗျား၊ ဘယ်လိုများ ပြန်ပြီးဆပ်ရမယ်ဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့တောင် မရတော့ပါဘူး၊ ကိုသံဟိတ်တို့ကတော့ မိဘ ဘိုးဘွားများက ပစ္စည်းအမြောက်အမြား ထားခဲ့လေတော့ ကိုယ် တိုင်က ဘာမျှ လုပ်ဖို့မလိုဘဲ ချမ်းသာကြပေတာကိုး" ဟု ပြောလေ ၏။

၎င်း၏စကား၌ "ခင်ဗျား ချမ်းသာတာ ခင်ဗျားအစွမ်း မဟုတ်ပါဘူးဗျာ" ဟူသော သဘောမျိုး ပါဝင်နေလေသည်။ သို့ရာ တွင် မောင်သံဟိတ်က ဤသို့ထင်ခြင်း မရှိခဲ့ပေ။

"ကျေးဇူးမဟုတ်ပါဘူးဗျာ၊ ကျောင်းနေဖက် သူငယ်ချင်း ဟာပဲ၊ ဒါလောက်တော့ ကူညီရမှာပေါ့" ဟုသာ ခပ်လွယ်လွယ် ပြောဆိုခဲ့လေ၏။

ခင်ခင်စိန်သည် ထမင်းချက် အကူအညီ မနီဆိုသော မိန်းကလေးအား မောင်ချစ်ဖွယ် စားသောက်သော ပန်းကန်၊ ခွက် စသည်တို့ကို တခြားပစ္စည်းများနှင့် မရောစေဘဲ သီးသန့်ထား သည့်အပြင် ဧည့်သည်ဖြစ်၍ ဦးစားပေးသကဲ့သို့သဘောဖြင့် မောင်





ချစ်ဖွယ်အား တစ်ယောက်တည်းသတ်သတ် စောစီးစွာ ထမင်းမြင် ၍ ကျွေးခိုင်းလေ့ ရှိလေ၏။ လက်ဖက်ရည် ကော်ဖီများ တိုက်ကျွေး ၍လည်း ထိုနည်းတူစွာ ဖြစ်လေ၏။

မောင်ချစ်ဖွယ်သည် ထောင်တွင်း၌ အစားဆင်းရဲခြင်း အနေဆင်းရဲခြင်း ခံရသမျှအား အတိုးချ၍ စား၏။ အတိုးချ၍ အိပ်၏။ အမွှေးနံ့သာများ လိမ်း၍ အဝတ်သစ် အစားသစ်များ အဝဝဖြင့် လဲလှယ်ကာ အေးချမ်း ဇိမ်ရှိစွာဖြင့် နေလေတော့၏။

တစ်လနှစ်လ ကြာသည်အထိ မောင်သံဟိတ်သည် မောင် ချစ်ဖွယ်အား တစ်စုံတစ်ရာ ခိုင်းစေခြင်းမပြုဘဲ ထိုကဲ့သို့ပင် အေး ချမ်းစွာ နေထိုင်စေခဲ့ရာ မောင်ချစ်ဖွယ်အဖို့ အလုပ်မလုပ်ရသဖြင့် ငွေရှိပြီးငွေ့သောဒုက္ခကို စတင်ခံစားရလေတော့၏။ ထို့ကြောင့် မောင်သံဟိတ်အား မောင်ချစ်ဖွယ်က. . .

"ကိုသံဟိတ် ကျွေးထားလို့ ကျုပ်ကတော့ဖြင့် မပူမပင် စားသောက်နေရပါတယ်ဗျား၊ ဒါပေမယ့် ဒီလိုနေရတာ ပျင်းလှ တယ်ဗျား၊ ကျုပ်ကို အလုပ်ကလေးများ ရှာပေးစမ်းပါဦး" ဟု ပူ ဆာသဖြင့်. .

"ဒီလိုလုပ်ဗျာ၊ ကျုပ်ရဲ့ ဆန်စက်နဲ့ဆီစက်မှာ ခင်ဗျားကို မန်နေဂျာအဖြစ် ခန့်မယ်၊ လခ တစ်လကို (၁၀၀)ပေးမယ်၊ မ ကောင်းဘူးလား"

"ကောင်းတာပေါ့ဗျာ၊ ခင်ဗျားကျေးဇူးတွေတော့ဖြင့် ကျုပ် အပေါ် တစ်ခုပြီးတစ်ခု တက်နေပါပြီ"

"ကျေးဇူး မဟုတ်ပါဘူးဗျာ၊ ကျုပ်လဲ မန်နေဂျာတစ် ယောက် လိုနေတာပဲ၊ ခန့်လဲ ဘီအေအောင်ပြီးလူကို ခန့်မယ့်တူတူ ဆော့ တခြားလူ ခန့်ရမယ့်အစား ခင်ဗျားကို အခန့်ထင့် ရတာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ဝမ်းသာလှပါပြီ ကိုချစ်ဖွယ်ရဲ့"

ဤသို့နှင့်ပင် မောင်ချစ်ဖွယ်သည် မန်နေဂျာ ဖြစ်လေ တော့၏။ ပဲခူးနှင့် ရန်ကုန်ကို ကူးနေရသဖြင့် မော်တော်ကား မှ သင့်တော်မည်ဟု မောင်ချစ်ဖွယ်က အကြံပေးသောကြောင့် မော်တော်ကားတစ်စီး ဝယ်၍ထားလေရာ ထိုကားမှာ မောင်း ဟိတ် စီးရသည် မရှိဘဲ မောင်ချစ်ဖွယ်သာလျှင် စီးလျက် နေလေ တော့၏။

မောင်ချစ်ဖွယ်၏ကံတရားသည်လည်း တစ်မျိုးတစ်ဖုံ ထူး ခြားပါပေ၏။ ထောင်မှ ထွက်သည့်နေ့၌ပင် လွန်စွာခမ်းနားသော အိမ်ကြီးအား မိမိပိုင်အိမ်နှင့်မခြား သဘောထားကာ တက်၍နေ ၏။ နှစ်လမျှအကြာတွင် ဆန်စက်၊ ဆီစက်နှင့် လယ်ဧက ထောင်လောက်ကို မန်နေဂျာအဖြစ်နှင့် လုပ်ကိုင်ရသည်ဖြစ် လခအားဖြင့်(၁၀၀)သာ ရသည်ဆိုသော်လည်း လုပ်ငန်းအရ ထိ တွယ်ရသောငွေများမှာ သောင်းနှင့်သိန်းနှင့် ချီ၍နေပေရာ စိတ်ကြိုက် ထုတ်ယူသုံးစွဲနိုင်ခွင့် ရှိနေသည့်အပြင် ကိုယ်ပိုင်မော် တော်ကားကိုပင် တဝီဝီ စီးနေရသည်ဖြစ်ရာ ယခင်က လုပ် ကိုင်ဖက်ဖြစ်ခဲ့သော မြို့အုပ်များ၊ ဝန်ထောက်များနှင့် တွေ့လျှင် မောင်ချစ်ဖွယ်က သာနေသည် ဖြစ်သဖြင့် အလုပ်ပြုတ် ထောင် ခဲ့ခြင်းကိုပင် ကျေးဇူးတင်ရတော့မလိုလို ရှိလေတော့၏။

တစ်နေ့သ၌ မောင်ချစ်ဖွယ် ကားကို မောင်းလျက် ပဲခူး သွားရာ အလံကဘိုရွာအနီး ကားလမ်းပေါ်တွင် မိမိအား ငွေ ငါးကျပ် လာဘ်စားမှုဖြင့် အလုပ်ပြုတ်စေခဲ့သော အဒေါ်ကြီး ငှက်ပျောခိုင်ကြီး ရွက်လျက် လမ်းလျှောက်လာသည်ကို တွေ့ ဖြင့် ထိုအဒေါ်ကြီးအနီးသို့ ရောက်လျှင် ကားကို ရပ်လိုက်ပြီး...





"အဒေါ်ကြီး. . . ခင်ဗျား ကျုပ်ကို မှတ်မိလား"

"မမှတ်မိပါဘူး. . . သူဌေးမင်းရယ်"

"ခင်ဗျားတို့အမှုမှာ ကျုပ်ကို လာဘ်စားတယ်လို့ ခင်ဗျား တိုင်လိုက်လို့ အလုပ်ပြုတ်သွားတဲ့ မြို့ပိုင်မင်း မောင်ချစ်ဖွယ်လေ၊ အခု ကျုပ် ဘာဖြစ်နေပြီ မှတ်သလဲ"

"မသိပါဘူး မြို့ပိုင်မင်းရယ်"

"ကျုပ် မြို့ပိုင်မင်း မဟုတ်တော့ဘူး၊ အရေးပိုင်မင်းကြီး ဖြစ်နေပြီ၊ ခင်ဗျားကို ပြန်ပြီး ဒုက္ခပေးရဦးမယ်"

"မလုပ်ပါနဲ့ မင်းကြီးရယ်၊ ရှိကြီးခိုးပါရဲ့"

"ဒီငှက်ပျောသီးခိုင်ကြီး ဘယ်ကို သွားဆက်ပြီး ဘယ်သူ့ ကို ချောက်တွန်းဦးမလို့လဲ"

"မဟုတ်ရပါဘူး မင်းကြီးရယ်၊ ဆရာတော်ဆီကို သွားလှူ မလို့ပါ"

"ကျုပ်ကို ပေးလိုက်"

"ရ. . . ရ. . . ရပါတယ် မင်းကြီး" ဟု ဆိုကာ ထိုအဒေါ် ကြီးက ငှက်ပျောခိုင်ကြီးအား ကားထဲသို့ ကြောက်ကြောက်လန့်လန့် နှင့် ထည့်ပေးပြီးနောက် မောင်ချစ်ဖွယ်အား ထိုင်၍ကန်တော့လေ ၏၊ မောင်ချစ်ဖွယ်သည် ငှက်ပျောသီးတစ်လုံးကို ဖြုတ်ယူ၍ ဝ တုတ်ပလောင်း စားပြီးလျှင် ကားကို မောင်းထွက်သွားခဲ့လေ၏၊

. . . ပြီးပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com





# မောင်သံဟိတ် အနိုစ္စရောက်ခြင်း

တစ်နေ့သ၌ မောင်သံဟိတ်သည် မိမိသားမယားများ
ား အပျင်းပြေစေခြင်းငှာ တောင်ငူရွှေဆံတော်ဘုရားပွဲသို့ သွား
ာက်ရန် စီမံလေ၏။ မောင်ချစ်ဖွယ်အား လိုက်ရန် ခေါ်သည့်
ါ၌ မောင်ချစ်ဖွယ်က မိမိမှာ စက်ရုံအလုပ်များကို ကြပ်မတ်ရန်
ှခဲ့မည်ဟု အတန်တန် ငြင်းဆန်သော်လည်း မောင်သံဟိတ်က
ိုချစ်ဖွယ်. . . ခင်ဗျားမှာလဲ အလုပ်လုပ်ရတာ ပင်ပန်းလှပြီ၊
ားယူတဲ့သဘောနဲ့တော့ လိုက်မှဖြစ်မယ်၊ ခင်ဗျား မလိုက်ဘူး
ရင်တော့ ဒီအစီအစဉ်ကို ကျုပ် ဖျက်ပစ်ရမှာပဲ၊ လိုက်မှ ဖြစ်မယ်
" ဟု အတင်းခေါ်ယူမှသာလျှင် လိုက်လေ၏။ တောက်တိုမည်ရ
ိုင်းရန်အတွက် ခေါ်ထားသော ဒေါ်စိန်ကတော့ လိုက်ပါရန်
ဘောတူသော်လည်း ထမင်းချက်သော မိန်းကလေးနှင့် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ချက်အကူ မိန်းကလေးမှာမူ မိမိတို့ မလိုက်လိုကြောင်း၊ ထိုရ တွင်း၌ မိမိတို့၏ နေရွာသို့ ခေတ္တပြန်လိုကြောင်း ခွင့်တောင်းသ ထိုမိန်းကလေး နှစ်ယောက်အား မောင်သံဟိတ်က ငွေ(၅၀)ကျ နှင့် အဝတ်အစားများကို လုပ်ခအပြင် ဆုအဖြစ် ပေး၍ ပြန်လွှ ခဲ့လေ၏။

မောင်သံဟိတ်၊ ခင်ခင်စိန်၊ သားကလေး မောင်သာ ဒေါ်စိန်နှင့် မောင်ချစ်ဖွယ်တို့သည် မော်တော်ကားဖြင့် တော ရွှေဆံတော်ဘုရားသို့ ထွက်ခဲ့ကြလေ၏။ တောင်ငူသို့ ရောက် လျှင် မော်တော်ကားအား ဘုရားကုန်းတော်အောက်၌ ထား ဘုရားပေါ်ရှိ ဇရပ်တစ်လုံး၌ တည်းခိုကာ ချက်ပြုတ်စားသော ကြလေ၏။ ထိုသို့ တည်းခိုလျက်ရှိကြရာမှ တစ်ဖန် ဒေါ်စိန် ဇရပ်၌ အစောင့်အဖြစ် ထားခဲ့ပြီးလျှင် သံတောင် ပသီချောင်း သွားရောက်၍ ရေချိုးကြလေ၏။

ထိုနှစ်၌ ဘုရားပွဲသည် အခါတိုင်းနှစ်ထက် လွှမ်းကဲ၍ ကားလေ၏၊ မောင်သံဟိတ်တို့သည် ပသီချောင်းမှ ပြန်လာပြီး တောင်ငူ ရွှေဆံတော်ဘုရားပွဲ၌ ပျော်ပါးစွာ လည်ပတ်ကြလေ လွှန်စွာအကျည်းတန်သော မောင်ချစ်ဖွယ်မှာလည်း အဝတ်အ များ အမျိုးမျိုး လဲလှယ်ကာ ဂိုက်ထုတ်လျက် ရှိလေ၏၊

ထိုသို့ ပျော်ပါးစွာ လည်ပတ်နေကြရာ သုံးရက်မြော သောနေ့၌ မောင်သံဟိတ်သည် ပွဲခင်းမှ မိမိတည်းခိုသောဇရပ် ပြန်၍လာရာ ဇရပ်တစ်လုံး၌ လူများ ကျွတ်စီကျွတ်စီ ဖြစ်နေသ ဝင်ရောက်ကြည့်မိရာ ယောကျာ်းတစ်ဦးနှင့် မိန်းမတစ်ဦး ပိုင်းမှ စ၍ဖြစ်သော ဝမ်းရောဂါကြောင့် ပြိုင်တူအသက် နေကြသည်ကို တွေ့ရသဖြင့် မောင်သံဟိတ်က လူများကို





သွားပြီးလျှင် တစ်စုံတစ်ခု အကူအညီပေးရန် ပြင်ဆင်လေ၏။ ဉ်ပင် အသက်ငင်လျက်ရှိသော ယောကျာ်းနှင့် မိန်းမတို့သည် သက်ထွက်၍ သွားလေတော့၏။

ထိုအခါ၌ မိန်းမကြီးတစ်ဦးသည် ငိုယိုပြီးလျှင် အလောင်း ပေါ်သို့ လဲကျကာ ဆို့တက်၍ သွားသဖြင့် မောင်သံဟိတ်က မိန်းမကြီးအား ခြေမများ ချိုး၍ပေးခြင်း၊ ပေါင်တွင်းကြောကို တ်၍ပေးခြင်း၊ ပထဝီကြောကို နှိပ်ပေးခြင်းများ ပြုလုပ်ရာ ထိုမိန်း ပြီးသည် အတတ်ရပ်၍ သတိပြန်လည်၍ ရရှိလာတော့၏။

ထိုသို့ သတိရသည့်ကာလ၌ ကျန်လူများက အလောင်းကို ဘာကသိ ဖျာလိပ်နှင့်ပတ်၍ သယ်ယူ၍ သွားကြရလေတော့၏။ င်သံဟိတ်သည် အလောင်းများအား ထိမိကိုင်မိသဖြင့် မိမိ ပ်သို့ တန်း၍ပြန်သွားပါက မိမိမိန်းမနှင့် ကလေးများကို ဝမ်း ဝါပိုးများ ကူးစက်မည်ကို စိုးရိမ်သဖြင့် ရေတွင်းတစ်တွင်း၌ ရောက် ရေချိုးပြီးလျှင် ဇရပ်သို့ ပြန်လာခဲ့ရာ ခြေထောက် တ်သားများ တောင့်တင်းလာကာ မျက်စိလည်း ပြာလျက် သုံး ် သုံးခါတိတိ လမ်း၌ လဲကျခဲ့လေ၏။

ဇရပ်သို့ ရောက်သည်နှင့် ဝမ်းရောဂါ စတင်ဖြစ်ပွားပြီး င် သတိရတစ်ချက် မရတစ်ချက်ဖြင့် အပြင်းအထန် ဝေဒနာ းရလေတော့၏။ နှစ်နာရီကျော်ကျော် သုံးနာရီမျှ အပြင်းအ န် ဝေဒနာ ခံစားပြီးလျှင် လွှန်စွာချစ်သော ဇနီးခင်ခင်စိန်နှင့် းကလေး မောင်သာနိုးတို့အား ထားခဲ့၍ မောင်သံဟိတ်ကား များ ရဟန္တာများသော်မှ လွှန်ဆန်ခြင်းငှာ မတတ်နိုင်သော ဓမ္မတရားအတိုင်း ကွယ်လွန်အနိစ္စ ရောက်ရလေတော့သတည်း။

ထိုအခါ၌ ခင်ခင်စိန်နှင့် မောင်ချစ်ဖွယ်တို့သည် မောင်သံ



www.burmeseclassic.com

www.burmeseclassic.com



ဟိတ်၏ အလောင်းကို လူများ ငှားရမ်း၍ ဖျာလိပ်ဖြင့် ရစ်ပတ်၍ သင်္ချိုင်းသို့ အမြန်ဆုံး ပို့လိုက်ကြရလေ၏။

မောင်သာနိုးကလေးမှာ "ဖေဖေ့ကို ဖျာကြီးနဲ့ မပတ်နဲ့ ဖျာကြီးနဲ့ မပတ်နဲ့၊ ဖေဖေ မအိပ်ရဘူး" ဟု သည်းထန်စွာ ငိုကြွေး လေ၏။

ခင်ခင်စိန်နှင့် ဒေါ်စိန်တို့မှာလည်း မောင်သံဟိတ်၏ မည်ကို ခေါ်လျက် ငိုကြွေးကြလေ၏။

"မခင်ခင်စိန်. . ဒီအတိုင်း ဆက်ပြီးနေလို့ မဖြစ်ဘူး၊ တော်တို့ ပြန်ကြမှဖြစ်မယ်၊ နို့မဟုတ်ရင် အားလုံးကို ကူးကူး မယ်" ဟု မောင်ချစ်ဖွယ်က ပြောလေရာ ဒေါ်စိန်နှင့် ခင်ခင်စိန် က ဟုတ်မှန်ကြောင်း၊ သို့ရာတွင် မောင်သံဟိတ်၏ အလောင်း သင်္ချိုင်းမှာ ဘယ်လိုဘယ်ပုံ မြှုပ်နှံကြောင်းကို သွားရောက်ကြ လိုကြောင်း ပြန်၍ပြောကြရာ မောင်ချစ်ဖွယ်က. .

"ဘယ်လို မြှုပ်ရမှာလဲဗျာ၊ ကျင်းတူးပြီး မြှုပ်ရမှာ သင်္ချိုင်းမှာက သူ့တစ်ယောက်တည်း မဟုတ်ဘူး၊ အလောင်းတွေ ပုံနေတာ၊ တော်တော်နဲ့ မြှုပ်နိုင်ဦးမှာ မဟုတ်ဘူး၊ သွားကြည့် အလကား ရောဂါကူးကူးမယ်" ဟု ပြောဆိုလေ၏။

မောင်သံဟိတ်၏ အလောင်းအား အခကြေးငွေ ထမ်းပိုးရသောသူများကလည်း အနီးသို့ ပြန်လည်၍ ရောက် ကြပြီ ဖြစ်ရာ သူတို့ကပါ ဝင်ရောက်၍ ခင်ခင်စိန်တို့ စိတ်သက် ရာ ရစေခြင်းအလို့ငှာ. . .

"စိတ်ချပါ ခင်ဗျာ၊ တွင်းတူးတဲ့လူကိုလဲ ကျွန်တော် ပိုက်ဆံပေးပြီး သေသေချာချာ နက်နက်ကလေးတူးဖို့ မှာခဲ့ပါ အလောင်းတွေက များတော့ သူ့အလှည့် ရောက်ဖို့ရာက





ည်း လိုပါသေးတယ် ခင်ဗျာ၊ အဲဒါ ကျွန်တော်တို့ ဇရပ်ထဲမှာ ထားခဲ့ပါတယ်" ဟု ဝင်ရောက်ပြောဆိုလေ၏။

ခင်ခင်စိန်သည် ထိုလူများအား ပိုက်ဆံများ ပေး၍ပြီး သည်နှင့် ချစ်ဖွယ်က မော်တော်ကားသေးလေးကို လက်ညှိုးတွင် ချိတ်လှည့်ရင်း. . .

"ကဲ. . မခင်ခင်စိန်. . သွားကြရအောင်ဗျာ၊ ဒေါ်စိန်. . . ယူလာတဲ့ ဖျာတွေ၊ ပန်းကန်ခွက်ယောက်တွေကို ဘာတစ်ခုမှ မယူ တော့၊ ဝမ်းရောဂါဆိုတာက ပိုးက ဖြစ်တာဗျ၊ အဲဒီမှာ ပိုးတွေ ကပ်ရှိနေမယ်၊ ဒီအတိုင်းသာ ထားခဲ့ပေတော့" ဟု လောဆော်သ ဖြင့် ပြန်ခဲ့ကြရလေတော့၏။ လမ်းတစ်လျှောက်လုံးတွင် မောင်သာ နိုးကလေးသည် "ဖေဖေ ကျန်ခဲ့ပြီ၊ ဖေဖေ့ကို စောင့်ပါဦး" စသည် ဖြင့် တစာစာ ငိုကြွေးလာခဲ့ရာ ဒေါ်စိန်ရော၊ ခင်ခင်စိန်ပါ မျက် ရည်များ ကျလျက် တရှုံ့ရှုံ့ ငိုကြွေးကာ လိုက်ပါခဲ့ကြလေတော့ သတည်း။



www.burmeseclassic.com

www.burmeseclassic.com





# မောင်သံပတိတ်နှင့် သုဘရာဇာဆိတ်ဖွား

သချိုင်းကုန်းသည် တောင်ငူမြို့အစွန် နတ်ကြီးတံတား အနီး၌ ရှိလေ၏။ ထိုသချိုင်းကုန်း၌ ဆိတ်ဖွားဟု ခေါ်သည့် သုဘ ရာဇာတစ်ဦး ရှိလေ၏၊ ၎င်းအား လူအများက သုဘရာဇာ ဆိတ် ဖွားဟုပင် ရှည်လျားစွာ ခေါ်ဝေါ်လေ့ရှိ၏။

ထိုသုဘရာဇာ ဆိတ်ဖွားသည် သူ၏တစ်သက်၌ အပင် ပန်းဆုံး အချိန်အခါ ဖြစ်လေတော့၏။ တွင်းများမှာ တစ်တွင်းပြီး တစ်တွင်း တူးနေရသဖြင့် မနိုင်နိုင်အောင်ပင် ရှိလေ၏။ မမြှုပ်ရ သေးသော အလောင်းများမှာလည်း ဖျာလိပ်ဖြင့် တစ်မျိုး၊ ခေါင်း ခြင့်တစ်ဖုံ စုပုံလျက် ရှိလေတော့၏။

"သုဘရာဇာများ အလုပ်အကိုင် ကောင်းပြီဆိုရင် လူတွေ ဒုက္ခဖြစ်ပြီ၊ အင်း. . . လူတွေ ကြပ်ကြပ်ဒုက္ခတွေ့ပြီဆိုရင် သုဘရာ


www.burmeseclassic.com

www.burmeseclassic.com



ဇာတွေ ကောင်းစားပြီ” ဟု၍ ညည်းညူရင်း ဇရပ်ပေါ်သို့ သွားရောက် ထိုင်ကာ အမောအပန်းဖြေရင်း ဆေးတံကျိုးကလေးအား ဆေးထည့်၍ ရှိုက်ဖွာပြီးလျှင် ဟိုနားသည်နားတွင် ဖျာလိပ်များဖြင့် ပတ်ထားသော အလောင်းများကို ကြည့်ကာ သံဝေဂ ရလျက် ရှိလေ၏။ သူ၏ဘယ်ဘက်တွင် ကပ်လျက်ရှိသော အလောင်းမှာ မောင်သံဟိတ်၏အလောင်း ဖြစ်လေ၏။

သုဘရာဇာဆိတ်ဖွားသည် မောင်သံဟိတ်၏အလောင်းကို ကြည့်ကာ. . .

“အောင်မာ. . . ဒီမသာက လူပါးဝလို့၊ အားလုံး ဟိုမှာချထားကြတယ်၊ သူက တစ်လောင်းတည်း ဇရပ်ပေါ် တက်နေတယ်” ဟု တစ်ဦးတည်း ရေရွတ်ကာ အလောင်းပေါ်တွင် ပတ်ထားသော ဖျာလိပ်၏ထောင့်စွန်းကို လှန်၍ကြည့်လိုက်ပြီးနောက်. . .

“အင်းပေါ့လေ. . . မသာချင်းတူတူ လူပါးဝမယ်ဆိုရင်ထဲ ဝင်စရာပေပဲပေါ့၊ ဖျာကလဲ နှစ်ဖက်ချောနဲ့ကို”

တစ်ဖန် ခြေရင်းဘက်ရှိ ဖျာစကို လှန်၍ကြည့်ပြန်ရာ အတွင်း၌ ကော်ဇောအသစ်တစ်ချပ်ကို တွေ့ရပေရာ. . .

“ဟ. . . ကော်ဇောအသစ်ကြီးပါလား၊ နေရာကျပေါ့ကွာ အေး. . . မင်းဟာ မသာထဲမှာတောင် လူပါးဝမယ်ဆိုရင်လဲ ဝ ထိုက်ပါပေ့တယ်ကွာ၊ ဘာပဲဖြစ်ဖြစ် မင်းဆီက နှစ်ဖက်ချောရ ရယ်၊ ကော်ဇောအသစ်ရယ် ရမယ်ဆိုတော့ မင်းကိုလဲ ငါက ပြန် ပြီး ကျေးဇူးတင်တဲ့အနေနဲ့ တွင်းကို နက်နက်တူးပေးပါ့မယ်ကွာ ဘွာ. . . ဘွာ၊ မင်းက အသက် ငါ့ထက် ကြီးသလား ငယ်သလား မသိရဘဲ မင်း ငါနဲ့ ပြောတာကိုတော့ ဝန္ဒာမိပဲနော်”

သုဘရာဇာ ဆိတ်ဖွားသည် ဆေးတံကို နောက်ထပ်ဆေး





ဘစ်ဆုံထည့်ပြီးလျှင် သောက်ပြန်လေ၏။ ပြီးလျှင် တစ်စုံတစ်ခုကို သတိရသဖြင့် မောင်သံဟိတ်၏ အလောင်းအား ခြေထောက်ဘက်ခြမ်း ဖျာကို အနည်းငယ် ဖြဲ၍ကြည့်ပြီးလျှင်. . . .

“ဟာ. . . ဟ. . ဘန်ကောက်လုံချည် ရေညှိရောင်အသစ်နဲ့ပါလား၊ ဒီနှစ်အတွင်း လာတဲ့မသာတွေထဲမှာတော့ ကိုယ့်လူဟာ အချမ်းသာဆုံးပဲ ထင်ပါရဲ့ကွာ၊ ချမ်းသာပါလျက်နဲ့ ငါ့ဆီကို ဖျာလိပ်နဲ့ လာရတယ်ဆိုတော့ ကေန္တ ဘုရားဖူးညွှန့်သည်ထဲက ဖြစ်ရမယ်၊ ကိုယ့်အိမ် ကိုယ့်ရာမှာများ အခုလို မြုန်းစားကြီး မဟုတ်ဘဲနဲ့ အေးအေးဆေးဆေး သေရရင်တော့ ဘယ်လောက်များ ခမ်းခမ်းနားနား သင်္ဂြိုလ်မလဲ မဆိုနိုင်ပါဘူး”

သုဘရာဇာ ဆိတ်ဖွားသည် ဤသို့ ပြောကာ ဆေးတံသောက်ပြီးနောက် တွင်းများကို ဆက်လက်၍ တူးလေ၏။ တူးပြီးလျှင် အလောင်းများကို တစ်လောင်းပြီးတစ်လောင်း မြှုပ်နှံလေ၏။ အလောင်းများကို မမြှုပ်နှံမီတွင် အဝတ်အစားကောင်းများပါလျှင် ချွတ်၍ယူထားလိုက်သေး၏။

ဤသို့ဖြင့် အလုပ်လုပ်နေခဲ့ရာ မိုးစုပ်စုပ်ချုပ်မှပင် အလုပ်ကို ရပ်နား၍ ဇရပ်နှင့် အတော်ကလေး လှမ်းသောနေရာတွင် ရှိသည့် သူ၏တဲကလေး၌ အပန်းဖြေခြင်း၊ ညစာ စားသောက်ခြင်း၊ အိပ်စက်ခြင်းတို့ကို သူ့အစီအစဉ်နှင့်သူ ပြုလုပ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ည(၈)နာရီကျော်ကျော်လောက်တွင် ဖျာလိပ်အတွင်းမှ မောင်သံဟိတ်သည် မျက်စိကို ဖွင့်၍ကြည့်မိလေ၏။ အမှန်စင်စစ်အားဖြင့် မောင်သံဟိတ်သည် သေဆုံးသည် မဟုတ်ဘဲ နစ်မျောသွားခဲ့ခြင်းသာလျှင် ဖြစ်လေ၏။ နစ်မျောရာမှ လည်လာသဖြင့် မျက်စိကို ဖွင့်၍ကြည့်လိုက်ခြင်း ဖြစ်ပေ၏။ သို့ရာတွင် မှောင်အတိဖြစ်လျက်ရှိသည်ကို တွေ့မြင်ရလေသည့်အပြင် မိမိတစ်ကိုယ်လုံးအားလည်း တင်းကျပ်စွာ တုပ်နှောင်ထားခြင်း ခံထားရသည်ကို သတိပြုမိလေ၏။

ထို့ပြင် မိမိ၏ခံတွင်း၌လည်း မာကျောသော အဝိုင်းငယ်ကလေးတစ်ခုကို လျှာဖြင့် စမ်းမိသဖြင့် ထွေး၍ထုတ်လိုက်ရာ ဝေးဝေးသို့ မရောက်ဘဲ ရင်ဘတ်ပေါ်၌သာလျှင် ထိုအရာသည် ကျရောက်လေ၏။

ထို့နောက် လက်ခြေတို့ကို ပြင်မည်ဟု ပြုလုပ်သည့်အခါ၌လည်း မိမိ၏လက်မနှင့်ခြေမများအား ကြိုးများဖြင့် ချည်နှောင်လျက် ရှိသည်ကို တွေ့ရှိလေရကား မောင်သံဟိတ်သည် ပြင်းစွာ တုန်လှုပ်လျက် လက်ခြေတို့ကို အတင်းရုန်း၍ ဆန့်တန်းလိုက်ရာ မိမိအား မလွန့်သာအောင် ကာရံလျက် ရှိသည်ကို တွေ့ရှိရသောလျှင် “ငါ့ကို သေပြီဆိုပြီး ခြေမကြိုး လက်မကြိုးတွေ ချည်ပြီး ဖျာလိပ်နဲ့ ပတ်ထားပါကလား၊ ပါးစပ်ထဲက အဝိုင်းကလေးဟာ ကူးတို့ခအဖြစ် ထည့်လိုက်တဲ့ မတ်စေ့ကလေးပါလား” ဟု ရုတ်တရက် သိရှိနားလည်၍ သွားသည့်အခါ၌ ဆီးကင်းခန့်မျှ ရှိသော ဇောချွေးများသည် ယိုစိမ့်လျက် လွန်မင်းစွာ ကြောက်ရွံ့တုန်လှုပ်ရှာလေ၏။

ထို့ကြောင့် ငယ်သံပါအောင် အသံကုန် အော်ဟစ်၍





စောင့်ဆိုင်းနားထောင်လျက်ရှိရာ မည်သည့်အသံကိုမျှ မကြားရဘဲ တိတ်ဆိတ် ငြိမ်သက်လျက်သာလျှင် ရှိလေ၏။

ထိုအခြင်းအရာကို ထောက်၍ ခင်ခင်စိန်တို့၊ ဒေါ်စိန်တို့ကိုချစ်ဖွယ်တို့ ငါ့အနီး၌ ရှိလျှင် ခုနက အော်ဟစ်သံသည် ကြားလောက်ပေပြီ၊ မကြားပုံ ထောက်လျှင် သူတို့ ငါ့အနီးမှာ မရှိကြတော့ပါလား၊ ငါ သင်္ချိုင်းကုန်းကို ရောက်နေပါကောလားဟု၍ တွေးမိပြန်ရာ စောစောကထက်ပင် ချောက်ချားတုန်လှုပ်လေတော့၏။

ဤသို့ ချောက်ချားပြီးလျှင် စဉ်းစားမိပြန်သည်မှာ သင်္ချိုင်းရောက်သည်ဖြစ်စေ၊ သူတို့နှင့်အတူရှိသည်ဖြစ်စေ၊ ငါ၏အလုပ်ကား ငါ့ကို ပတ်ချည်ထားသော ဖျာလိပ်နှင့်ကြိုးများကို ဖြုတ်တောက်၍ ထွက်ရန်သာ ရှိပေသည်ဟု သဘောထားကာ အရိုးများ ဖျစ်ဖျစ်မြည်သည့်တိုင်အောင် အားကုန်ညှစ်၍ ဆန့်လိုက်ရာ ဖျာလိပ်ကို ချည်ထားသောကြိုးကို လည်းကောင်း၊ လက်မ ခြေမတို့ကို ချည်၍ထားသော ကြိုးတို့သည် လည်းကောင်း ပြုတ်တောက်၍ ဖျာလိပ်လည်း ဖြန်းခနဲ ပွင့်ထွက်သွားလေတော့၏။

ထိုသို့ ပွင့်ထွက်သွားသည်နှင့် တစ်ပြိုင်နက် ငုတ်တုတ်ထ၍ ထိုင်ကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ သုံးဖက်သုံးတန်သည် မှောင်အတိ ပြီးလျက်ရှိပြီး တစ်ဖက်သော နေရာမှသာလျှင် လရောင် လင်းလျက်ရှိသည်ကို တွေ့ရလေ၏။ မိမိအား မည်သည့်အရပ်သို့ ပို့ထားသည်ကို သိရှိစေရန် ထိုင်ရာမှထ၍ ကြည့်ရှုစုံစမ်းလေရာ ဥပုသ်သည်တို့ ကမ္မဋ္ဌာန်း စီးဖြန်းရန် ပြုလုပ်ထားသော တစ်ဖက်ဖွင့် အုတ်ဇရပ်အတွင်း၌ ပို့ထားသည့်အဖြစ်ကို သိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မောင်သံဟိတ်သည် လရောင်ရှိရာ အပေါက်ဘက်သို့ သွား၍ အပေါက်မှ ထွက်မည်ဟု လာခဲ့ရာ လမ်းတွင် ခေါင်းကြီးတစ်လုံးကို ခလုတ်တိုက်မိ၍ ကျွမ်းပြန်ကာ လဲကျလေတော့၏။

အနည်းငယ် ဖူးရောင်ပွန်းပဲ့ခြင်း ဖြစ်သော်လည်း ထရောင် ဝင်ရာအပေါက်သို့ သွားပြန်လေရာ အပေါက်၌ ရှိသော သံတံခါးအား အပြင်မှနေ၍ သော့ခတ်ထားကြောင်း တွေ့ရလေ၏။

ဤသို့ သော့ခတ်ထားကြောင်း တွေ့ရလျှင် တစ်ကိုယ်လုံး နွမ်းနယ်၍သွားသည့်တိုင်အောင် စိတ်ပျက်အားငယ်ခြင်း ဖြစ်မိလေတော့၏။

မောင်သံဟိတ်သည် သားမယားတို့အား မိမိမသေသည့်အဖြစ်ကို ဝမ်းသာအားရ ပြောချင်၍ သားငယ် မောင်သာနိုးအား လည်းကောင်း၊ မိမိ၏ဇနီး ခင်ခင်စိန်အား လည်းကောင်း ပြေး၍ အကြိမ်ကြိမ် ဖက်ရမ်းနမ်းရှုပ်မည်ဟု အားခဲပြီး တံခါးပေါက်သို့ လာကာမှ သော့ခတ်ထားခြင်းကို တွေ့ရလေရာ အဘယ်မျှလောက် စိတ်ပျက်ခြင်း၊ အားငယ်ခြင်း မဖြစ်ဘဲ နေပါအံ့နည်း။

ဇရပ်အပြင်ရှိ သစ်ကိုင်းပေါ်မှ ဇီးကွက်ဖိုမနှင့် ဇီးကွက်အပေါင်းတို့သည် 'ဇီးကွက်. . . ဇီးကွက်' ဟု အော်မြည်ကာ လွှားလပ်စွာဖြင့် လရောင်အောက်တွင် ပျံသန်းလျက် ရှိကြသည်ကို တွေ့မြင်ရသောအခါ မိမိသည် သေပြီဟု ဖျာလိပ်နှင့် ပတ်၍ အပစ်ခံရသည့်ပြင် မသေ၍ ပြန်လည်ထပြန်တော့လည်း အချုပ်ခံ ငှက်နှောင် တျသကဲ့သို့ ဖြစ်၍နေပြန်သည်ကို တွေ့မြင်ရပေရာ မောင်သံဟိတ်သည် ဝမ်းနည်း၍ မျက်ရည်များပင် စို့၍လာလေ၏။

ထိုသို့ မျက်ရည်စို့၍လာရာမှ ဝမ်းနည်းလွန်းမတ ဝမ်းနည်းသည့်အဆုံး၌ သည်းထန်စွာ ငိုကြွေးလိုက်လေတော့၏။

လူတို့သည် အပူတစ်ခုနှင့် တွေ့ကြုံပြီးသည်နှင့် တစ်ပြိုင်နက် အအေးဓာတ်ကလေး အံနည်းငယ် ရရှိတတ်မြဲ ဖြစ်သည့်အတိုင်း ပူဆွေး ငိုကြွေးပြီးနောက် မောင်သံဟိတ်သည် အနည်းငယ် စိတ်၏သက်သာခြင်းကို ရရှိလေ၏။

စိတ်သက်သာရာ ရသည်နှင့် တစ်ပြိုင်နက် မိမိအဖြစ်ကို ကောင်းစွာ တွေးတောနိုင်လေတော့၏။

"ငါ့ကို သေပြီဆိုပြီး သင်္ချိုင်းနားက ဇရပ်တစ်ခုကို ပို့ပြီး ထားတာပဲ၊ အခုအချိန်လောက်ဆိုရင် ကိုးနာရီလောက်ရှိသေးတယ်၊ မိုးလင်းဖို့ အများကြီး လိုသေးပါကလား" ဟု တွေးတောမိလေရာ အမြန်ဆုံး ထွက်နိုင်မည့် နည်းလမ်းတို့ကို ဆင်ခြင်တွေးတောမိလေ၏။

ထိုအခါ၌ ဝမ်းရောဂါ ဖြစ်သောသူတို့၏ ထုံးစံအတိုင်း ပြင်းစွာရေငတ်ခြင်း ဖြစ်လာလေတော့၏။

စောစောကမူ ကြောက်စိတ်များ မွှန်၍ ရေငတ်ခြင်းကို ရေမစိုက်နိုင်သော်လည်း ယခုအခါ၌ ကြောက်စိတ်များ လျော့ပါးသွားပြီဖြစ်ရာ ရေငတ်ခြင်းသည် ပြင်းထန်စွာ နှိပ်စက်ပြန်လေ၏။

ထို့ကြောင့် အလင်းရောင် ရှိသော တံခါးပေါက်ကို စွန့်ခွာ၍ ဇရပ်အတွင်းဘက် အမှောင်ပိုင်းသို့ ပြန်၍ဝင်ရပြန်လေ၏။

ထိုသို့ ဝင်ရာ၌လည်း စောစောက ခလုတ်တိုက်မိသော ခေါင်းကြီးကို မတိုက်မိစေခြင်း အလို့ငှာ လွန်စွာဂရုစိုက်၍ ဝင်ရလေ၏။

ဤသို့ ဝင်သွားရာ ဇရပ်၏အတွင်းပိုင်း ထောင့်တစ်ခုအနီး







www.burmeseclassic.com

www.burmeseclassic.com



ကွပ်ပျစ်တစ်ခုပေါ်၌ ဖျာခင်း၍ထားသည်ကို တွေ့ရလေ၏။ ထိုကွပ်ပျစ်ပေါ်၌ ရေအိုး ရှိလိုရှိငြား စမ်းသပ်ရာ သစ်သားမီးခြစ်က… တစ်ခုကို ဝမ်းသာဖွယ်ရာ တွေ့ရှိလေတော့၏။

ထိုမီးခြစ်ကလေး တွေ့ခြင်းသည် မောင်သံဟိတ်အဖို့ … ယာလန့်ထိ ပေါက်သည်ထက်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်၍သွား… လေ၏။

မောင်သံဟိတ်သည် မီးခြစ်ဆံများကို စမ်းသပ်ကြည့်… အတွင်း၌ မီးခြစ်ဆံ သုံးဆံသာလျှင် ရှိသည်ကို တွေ့ရလေ…

ထို့ကြောင့် မီးခြစ်ဆံတစ်ဆံ၏ တန်ဖိုးကို လွန်စွာသိတ… စွာနှင့် ခြစ်၍ကြည့်ရှုရာ ဖယောင်းတိုင်တိုကလေးတစ်ခုကို တွေ့… သဖြင့် ထွန်းညှိလိုက်ရာ ဇရပ်တစ်ခုလုံးကို သဲကွဲစွာ မြင်ရ… တော့၏။

ထို့ကြောင့် ဇရပ်၏ ထောင့်တွင်ရှိသော ရေအိုးတစ်လုံး… သဲကွဲစွာ မြင်ရပြန်လျှင် ရွှေအိုးကို တွေ့ရသည့်အလား အားရ… သာ ပြေး၍သွားပြီး သောက်ရန် ရေမှုတ် မရှိသည်ဖြစ်၍ ရေအိုး… မနိုင့်တနိုင်နှင့် မယူကာ သောက်ရလေ၏။ ပြီးလျှင် မျက်နှာ… ခြင်း၊ ဖက်ပိုးများကို ရေဆွတ်၍ ရိုက်ခြင်းများ ပြုလုပ်လေ…

မောင်သံဟိတ်၏ တစ်သက်တွင် ထိုအကြိမ် ရေသော… ခြင်းသည် သောက်၍ အရသာအရှိဆုံး အကောင်းဆုံးဟု ဆို… ဖြစ်လေတော့၏။

အနည်းငယ် လန်းဆန်းခြင်း ရှိလာသည်နှင့် မော… အခြားသော အပေါက်များ ရှိလေမည်လောဟု ဖယောင်းတို… ဖြင့် လှည့်လည် ကြည့်ရှုရာ စောစောက ခလုတ်တိုက်၍ လဲ… သော ခေါင်းကြီးအား တွေ့ရပြန်သဖြင့် ခေါင်းအတွင်းသို့ …





…ကြောက်နှင့် ကြည့်မိလေ၏။

သို့ရာတွင် ခေါင်းမှာ ခေါင်းလွတ်ကြီးတစ်လုံး ဖြစ်နေသ…င့် စိတ်၏သက်သာခြင်း အနည်းငယ် ရရှိတော့၏။ သို့ရာတွင် …ယောင်းတိုင်မီးမှာ တံခါးနှင့် နီးသောနေရာ ဖြစ်သဖြင့် လေတစ်…က် ဟပ်လိုက်သည်နှင့် ငြိမ်း၍သွားလေတော့၏။

မောင်သံဟိတ်သည် အလင်းရောင်ဖြင့် နေရာမှ တစ်ဖန် …မှောင်အတိ ကျသွားပြန်လေရာ ကြောက်စိတ် ပြန်၍ဝင်လာပြန် …လေ၏။ ထို့ကြောင့် မီးခြစ်ကို ထပ်၍ခြစ်မည်ဟု အားခဲ၍ အိတ် …င်းသို့ မီးခြစ်ကို စမ်းကြည့်ရာ မီးခြစ်သည် ကွပ်ပျစ်ပေါ်၌ …ားခဲ့မိကြောင်း သတိရသဖြင့် ကွပ်ပျစ်ဆီသို့ ပြန်၍သွားရပြန် …သည်။

မောင်သံဟိတ်ကား သရဲတစ္ဆေ ကြောက်တတ်သော လူ…းမျိုး မဟုတ်လင့်ကစား ယခုကဲ့သို့ သင်္ချိုင်းကုန်းတွင် တစ်…ယောက်တည်း နေရသောအခါ၌ အားငယ်ခြင်း၊ စိမ့်၍ကြောက်…င်း ဖြစ်လေ၏။

ကွပ်ပျစ်ဆီ ရောက်၍ မီးခြစ်ကို စမ်းသပ်ရှာဖွေရာ အ…တော်အတန် ရှာဖွေပြီးနောက် မီးခြစ်ကို တွေ့လေ၏။ ထို့ကြောင့် …ယောင်းတိုင်မီး ပြန်၍ထွန်းပြီးလျှင် လေကွယ်ရာ၌ စိုက်လျက် …ခန်းအား ထွက်ပေါက်ရှိမရှိ လှည့်လာပြန်ရာ ဇရပ်၏ ပတ်ပတ် …ည်မှာ အုတ်နံရံများသာ ဖြစ်ပြီးလျှင် အတွင်းဆုံးအပိုင်း နံရံ၌ …ကွင်းတစ်ခု တွဲလောင်းကျလျက် ရှိသည်ကို တွေ့မြင်ရလေသည်။

မောင်သံဟိတ်သည် ဤသံကွင်းကား မည်သည့်အဓိပ္ပာယ် …င် မည်သို့ အသုံးချရန် ဤနံရံ၌ ချိတ်ဆွဲထားပေသနည်းဟု …စားကြည့်မိသော်လည်း အဖြေမပေါ်သဖြင့် အချိန်မဖြုန်းလိုဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုသံကွင်းအား လက်နှင့် ဆွဲ၍ကြည့်လေ၏။

ထိုသို့ လက်နှင့်ဆွဲကြည့်ရာ သံကွင်းသည် လိုက်ပါလာခြင်း မရှိသော်လည်း သံကွင်း၏ အထက်နား၌ လက်တစ်နှိုက်စာ အ ပေါက်ငယ်ကလေးတစ်ခု ရှိသည်ကို တွေ့ရသဖြင့် ထိုအပေါက် လက်နှင့် နှိုက်စမ်းကြည့်ရာ မည်သည့်အရာကိုမျှ စမ်း၍မမိသ ဤနေရာကို ထွင်းဖောက်လိုက်လျှင် ထွက်ပေါက်ရမည်ဟု လင့်ကာ သံကွင်းကိုသာ တအားဆောင့်၍ဆောင့်၍ဆွဲလေတော့

မောပန်းလာသည်အထိ ဆွဲပြီးနောက် ခေတ္တမျှ အမော ဖြေ၍နေစဉ် အကြံတစ်ခု ပေါ်လာပြန်၏။ မိမိ ခလုတ်တိုက် သော ခေါင်းကြီး၏အဖုံးနှင့် ဆောင့်ရလျှင် ကောင်းလေစွဟု ဘောထားကာ အမောပြေသည်နှင့် တစ်ပြိုင်နက် ခေါင်းဖုံးကြီး မ၍ သံကွင်းအား တဒုန်းဒုန်းနှင့် ဆောင့်ပြန်လေ၏။ အတော် ဆောင့်မိလျှင် သံကွင်းဘေး တစ်တောင်ပတ်လည်ခန့် လေးထောင့်စပ်စပ် အင်္ဂတေများ ကြွ၍လာသည်ကို မြင်သ အားတက်သရော အနည်းငယ် ထပ်၍ဆောင့်ပြီးနောက် ခေါင်း ကို ချ၍ နံရံအား ခြေကန်ကာ သံကွင်းကို တအားဆောင့်၍ လိုက်ရာ နံရံအတွင်းမှ အလျားနှစ်တောင်၊ အနံနှစ်တောင်၊ အ နှစ်တောင်ခန့် ရှိသော ကျွန်းသေတ္တာဟောင်းကြီးတစ်လုံး ထွ လာလေ၏။ ထိုသေတ္တာကြီးအား အောက်သို့ တအားဆောင့်၍ လိုက်ရာ သေတ္တာကြီးသည် ဆွေးမြေ့နေပြီ ဖြစ်သည့်အလျော ဗွမ်းခနဲ ကွဲကျသွားလေတော့၏။ သို့ရာတွင် သေတ္တာကြီး ကျသ လေဟပ်သွားသည်ဖြစ်ရာ ဖယောင်းတိုင်မီးသည် ထပ်၍ငြိမ်း ပြန်လေသည်။

မောင်သံဟိတ်သည် မီးထပ်၍ မထွန်းသေးဘဲ ယော





ာင်း ဖြစ်သွားသော အပေါက်ကြီးအား စမ်းသပ်ကြည့်ရာ ထွက် ပေါက် မဟုတ်ဘဲ ဥမင်လိုဏ်ခေါင်းကြီးသဖွယ် ဖြစ်၍နေသည်ကို ု့မြင်ရလေတော့၏။

ထို့ကြောင့် ကြိုးစားခဲ့ရသမျှသော ခွန်အားတို့သည် မ ာင်မြင်သည့်အခါ၌ လွန်စွာကုန်ခမ်း၍ ခြေပန်းလက်ပန်း ကျ တ်မြ ဖြစ်သည့်အတိုင်း မောင်သံဟိတ်အဖို့ လွန်စွာမောဟိုက် းလေ၏။

သို့ရာတွင် မီးခြစ်ဆံတစ်ဆံ ကျန်ရှိသေးသည်ဖြစ်ရာ ဖ ာင်းတိုင်ကို ထွန်းညှိ၍ ကွဲသွားသော သေတ္တာကြီးကို ကြည့်ပြန် ကြမ်းပြင်ပေါ်၌ အရောင်တဖိတ်ဖိတ်ဖြင့် ပြန့်ကျဲလျက်ရှိသော ာက်သံပတ္တမြားများ၊ ရွှေစလွယ်များ၊ ရှေးအခါက မိဖုရားများ ဆင်သည့် အဖိုးတန် ကျောက်မျက်ရတနာများဖြင့် စီခြယ်ထား ည့် လက်ဝတ်လက်စားများကို အံ့သြဖွယ်ရာ တွေ့မြင်ရလေ ာ့၏။

ထိုအခါ၌ မောင်သံဟိတ်သည် မိမိ၏အတွင်းခံ စွပ်ကျယ် ချွတ်၍ ထိုပစ္စည်းများကို ထုပ်ယူလေ၏။ ထိုသို့ ထုပ်နေစဉ်၌ပင် င် မျက်နှာသို့ တစ်စုံတစ်ယောက်သည် လာ၍ရိုက်သကဲ့သို့ ခံ ရပြီးနောက် မျက်စိများမှာ မီးပွင့်၍သွားလေ၏။ ဖယောင်းတိုင် သည်း ထိုသို့ အရိုက်ခံရသည့်အခါ၌ လေဟပ်၍ ငြိမ်းသွားလေ ာ့၏။ မောင်သံဟိတ်သည် ကြောက်လွန်း၍ ဒူးများပင် တ တ်ဆတ် တုန်လျက်ရှိလေတော့၏။

ထိုအချိန်၌ ဇရပ်၏ ဟိုနေရာ သည်နေရာမှ ကျိ . . အသံများမြည်လေ၏။ မောင်သံဟိတ်သည် ချွေးသီးချွေးပေါက် များ ကျသည့်တိုင်အောင် ကြောက်လန့်လေ၏။ ထို ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လန့်ဖြားသော်လည်း အသံမြည်ရာဆီသို့ လိုက်၍ကြည့်မိသေ ...သည်။ မည်သို့ကြည့်သည်ဖြစ်စေ မှောင်မည်း၍နေသည် ဖြစ်သည့် လျော်စွာ မည်သည့်အရာကိုမျှ မြင်တွေ့နိုင်ခြင်းမရှိပေ။

နောက်ဆုံး၌ ထိုအသံသည် မိမိ၏ဦးခေါင်းပေါ်တည့် ... မှ ကျို့ . . . ကျို့ . . . ကျို့ . . ဟု မြည်လိုက်လေရာ မောင်သံဟိတ် ... အကြီးအကျယ် ချောက်ချားတုန်လှုပ်၍ သွားလေ၏။ သို့ရာ ... လူတို့၏မမွတာအတိုင်း ကြောက်သောအရာကိုမှ ကြည့်လို ... ဖြစ်ရာ အသံလာရာဆီသို့ မော့၍ကြည့်လိုက်ရာ အမိုးသွ ... တစ်ချပ် ထောင့်တစ်နေရာ၌ သံကျွတ်ရုံမျှမက အနည်းငယ် ... ထောင်၍နေပြီးလျှင် ထိုနေရာ၌ လရောင်အနည်းငယ်ကို ... လေ၏၊ သွပ်ပြားမှာ လသာရာဘက်သို့ ထောင်၍လိပ်နေသ ... အလင်းရောင် မရခြင်းအဖြစ်ကိုလည်း တွေ့ရသည့်အပြင် ... စောက တကျိုကျိုနှင့် မိမိအား ကြောက်လန့်စေခဲ့သောအ ... လည်း လင်းနို့တစ်ကောင် ဖြစ်ကြောင်း သိရှိရသောအခါ၌ လွ ... ဝမ်းမြောက်လေတော့၏။

အမိုးပေါ်သို့ မိမိ မော့၍မကြည့်ခဲ့မိခြင်းကိုလည်း အ ... တင်မိ၏၊ သို့ရာတွင် ဤသို့သာ မော့၍မကြည့်မိခဲ့သဖြင့်သာ ... ရတနာပစ္စည်းများ ရရှိသည်ဖြစ်ရာ မိမိ၏ကံတရားသာလျှင် ... ပေ၏ဟု မိမိကိုယ်ကို ခွင့်လွှတ်ပြန်လေ၏။

မောင်သံဟိတ်သည် အနည်းငယ် အမောဖြေပြီးနေ ... ရတနာထုပ်အား ချိုင်း၌ လွယ်ကာ စောစောက သေတ္တာ ထွ ... လာသော ဟောင်းလောင်းပေါက်ကြီးအား နင်း၍ ဇရပ်၏ ... ပေါ်သို့ ကုတ်ကပ်၍တက်ပြီး လန်လျက်ရှိသော သွပ်ပြားမှ လ ... အပြင်သို့ ထွက်လိုက်ရာ ဇရပ်၏အမိုးပေါ်သို့ ရောက်ရှိသွ ...





...သည်။

ဇရပ်အမိုးပေါ်သို့ ရောက်၍ တောင်းစွာ ထိုင်မိသည်နှင့် ...ပြိုင်နက် ထိန်ထိန်သာလျက်ရှိသော လကြီးကို လည်းကောင်း ...အရှေ့မှ မှတ်တိုင်များ၊ မြေပုံ ငုတ်စုစုများနှင့် သချိုင်းတို ...ည်းကောင်း၊ ဖျာလိပ်များဖြင့် ပတ်၍ မိမိကဲ့သို့ အပစ်ခံထားရ ...ာ ဝမ်းရောဂါဖြင့် သေဆုံးသည့် အလောင်းများကို လည်း ...ာင်း တွေ့မြင်ရလေ၏။ ထို့ပြင် ဇရပ်၏နောက်ကို ကြည့်လိုက် ...ရာ ဇရပ်အမိုးနှင့် ရွယ်တူခန့် မြင့်သော တောင်ကုန်းတစ်ခုနှင့် ...ာ်စပ်နေသည့်အဖြစ်ကို တွေ့မြင်ရလေရာ မိမိသည် ထိုတောင် ...ဘက်သို့ ထွက်ပေါက်ရှိသည့်အထင်နှင့် ကြိုးစားခဲ့ရပုံကို ဝမ်း ...စွာဖြင့် သတိရမိလေ၏။ တစ်ဖန် သချိုင်းကုန်း၏ တစ်ဖက်သို့ ...၍ကြည့်လိုက်ပြန်ရာ ခပ်လှမ်းလှမ်းတွင် ထန်းပင်နှစ်ပင် အ ...၌ တဲကလေးတစ်လုံးကို တွေ့မြင်ရလေရာ သုဘရာဇာ၏တဲ ...ယိမ့်မည်ဟု ခန့်မှန်းမိလေ၏။

မောင်သံဟိတ်သည် အနှောင်အဖွဲ့မှ လွတ်မြောက်၍ အ ...လကို ရှူရှိုက်ကာ လွတ်လပ်မှု၏အရသာကို ခံစားပြီးနောက် ...အမိုးပေါ်မှ တဆင့် တောင်ကုန်းဘက်သို့ သွားရောက်ကာ ...က်သို့ ဆင်းသက်၍ လာခဲ့လေတော့၏။

မောင်သံဟိတ် တစ်ခုစဉ်းစားမိသည်မှာ ရတနာပစ္စည်း ...ကို ယခုအခါ၌ တစ်ပါတည်း ယူဆောင်၍သွားရန်မသင့်ဟု ...သဖြင့် သချိုင်းကုန်းမှ မှတ်တိုင်တစ်ခုကို နှုတ်၍ယူကာ ...င်ကုန်းပေါ်သို့ ပြန်တက်လာပြီးလျှင် တောင်ကုန်းပေါ်ရှိ တစ် ...ာ ခုံအောက်၌ မှတ်တိုင်ဖြင့် တဖြည်းဖြည်း တူးဆွကာ ကျင်း ...း တစ်ခု ပြုလုပ်ပြီးလျှင် ရတနာထုပ်ကို မြှုပ်၍ ထိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းပေါ်မှ အပြီးတိုင် ဆင်းသက်လာခဲ့လေ၏။
မောင်သံဟိတ်သည် သုဘရာဇာ၏တဲဟု ခန့်မှန်း
တဲဆီသို့ လျှောက်သွားခဲ့ရာ တဲဝသို့ ရောက်လျှင် တဲအ
ကွပ်ပျစ်တစ်ခုပေါ်၌ လူတစ်ယောက် အိပ်၍နေသည်ကို လ
ဖြင့် တွေ့ရလေ၏။ ထိုလူ၏ ခြေထောက်အား ကိုင်လှုပ်၍ နှိုး
ရာ ထိုသူသည် မီးခြစ်ကိုခြစ်၍ ရေနံဆီမီးခွက်ကလေးကို ထွ
ကာ မောင်သံဟိတ်အား ထူးဆန်းသလို ကြည့်ပြီးလျှင် မော
ဟိတ်ထက် မောင်သံဟိတ် ဝတ်ဆင်ထားသော ဘန်ကောက်ထုံ
ကိုသာလျှင် ပို၍စိတ်ဝင်စားသည့်အလား သေချာစွာ ကြည့်
၏။ မကျေနပ်သည့်အဆုံး၌ မီးခွက်ကို လက်တစ်ဖက်ဖြင့်
မြှောက်လျက် အခြားလက်တစ်ဖက်ဖြင့် မောင်သံဟိတ်၏ ထုံ
ကို ကိုင်ကြည့်ပြီးလျှင်. . .

"နေစမ်းပါဦး. . . ခင်ဗျား ဇရပ်ပေါ်မှာ ထားတဲ့ အ
ကောင် မဟုတ်လား" ဟု မေးလိုက်ရာ မောင်သံဟိတ်သည်
သီးများ ထသွားလေ၏။

အမှန်စင်စစ်အားဖြင့် ဇရပ်ပေါ်မှ လူသေအလော
တစ်လောင်းသည် မိမိအား နှိုး၍ မိမိခြေရင်း၌ လာပြီးရပ်
ကို လန့်ဖျပ်ကာ အသက်ပင် ထွက်သွားနိုင်လောက်ပါလျှက်
က အေးဆေးစွာဖြင့် ပြန်၍ ဇရပ်ပေါ်မှာ ထားတဲ့ အသေ
မဟုတ်လားဟု မေးမြန်းလိုက်ရာ အမေးခံရသော မောင်
သည်ပင်လျှင် လန့်၍သွားရတော့၏။

"အသေကောင် မဟုတ်လို့ ခင်ဗျားနဲ့ လာပြီး စကား
နိုင်တာပေါ့ဗျာ"

"ဟုတ်ပါတယ်လေ၊ အခုတော့ အသေကောင်





တော့ဘူးပေါ့။ ဒါပေမယ့် ခင်ဗျားကို သေပြီဆိုပြီး ကျုပ်ဆီ လာအပ်
ထားတာ မဟုတ်လား၊ ဒီတော့ အသေကောင်လို့ခေါ်တာ ရှိုင်းတယ်
လို့ မဆိုနိုင်ပါဘူး၊ ကျုပ်က ဒီလုံချည်ကို ခင်ဗျားကို မြှုပ်တဲ့အခါမှာ
ချွတ်ပြီးယူထားမလို့ဗျ"

ထိုသုဘရာဇာ၏ စကားကြောင့် မောင်သံဟိတ်သည်
ကြက်သီးများ ထပြီးရင်းထရင်း ဖြစ်ရလေတော့၏။ တစ်ဖန် သူက
ဆက်၍ပြောပြန်သည်မှာ. . .

"ခင်ဗျားကို နှစ်ဖက်ချောဖျာနဲ့ ပတ်ထားတဲ့အပြင် ခေါ်
မှာ အသစ်တစ်ချပ်လဲ ပါသေးတယ်ဗျ"

မောင်သံဟိတ်၏စိတ်၌ ဤသူကား လူတစ်ယောက်လုံး
သရာက ပြန်၍ရှင်လာသည်ကို စိတ်ဝင်စားခြင်းမရှိဘဲ ပုဆိုး
ကောင် ပစ္စည်းများ၌သာလျှင် တပ်မက်စွာ ပြောဆိုနေပေသည်
စကားဟု အောက်မေ့မိလေသည်။

"ခင်ဗျား အမိုးပေါ်ကနေ ထွက်လာတယ် မှတ်တယ်၊
တာဂလူပဲ. . . လာ. . . လာ. . . ထိုင်ပါ" ဟု ဆိုကာ မှောက်၍
ထားသော ခေါင်းလွတ်တစ်လုံးပေါ်၌ ထိုင်ရန် ညွှန်ပြလေ၏။
မောင်သံဟိတ်၏စိတ်၌ အနည်းငယ် မသတီသကဲ့သို့ ရှိသော်လည်း
ထိုင်၍ထိုင်မိလေ၏။ ထိုင်မိသည့်အခါမှပင် ထိုသူ အိပ်၍နေသော
နေရာမှာ ကွပ်ပျစ် မဟုတ်ဘဲ ခေါင်းလွတ်နှစ်လုံးအား မှောက်လျက်
ဆက်ကာ အပေါ်၌ အိပ်၍နေခြင်းဖြစ်ကြောင်း သိရလေတော့၏။

"အင်း. . . ခင်ဗျားကလဲ သေရာက ထလာတာဆိုတော့
ဆာရှာမှာပဲ၊ ငှက်ပျောသီးတော့ ရှိတယ်ဗျို့၊ ရော့. . . ရော့. . .
စားမနေနဲ့၊ စားစမ်းပါဗျ" ဟု ဆိုကာ တောင်းတစ်လုံးအတွင်းမှ
ငှက်ပျောသီးများကို သံပန်းကန်အစုတ်တစ်ခုတွင် ထည့်၍ပေးလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ မောင်သံဟိတ် ငှက်ပျောသီးများကို ကြည့်၍ အနည်းငယ် ထူးဆန်းသလို ရှိနေ၏။ အဖီးလိုက်လည်း မဟုတ်၊ အဖီးလိုက် မဟုတ်၍ အကြွေဆိုလျှင်လည်း တစ်လုံးစီ ဖြစ်နေရမည့်အစား ငှက်ပျောသီးများမှာ နှစ်လုံးစီ နှစ်လုံးစီ တွဲလျက် ရှိနေသည်ကို တွေ့ရလေ၏။

"စားစမ်းပါဗျ" ဟု ထပ်မံတိုက်တွန်းသဖြင့် မိမိမှာလည်း လွန်စွာ ဆာလောင်လှသည်ဖြစ်ရာ ငှက်ပျောသီးတစ်တွဲအား ယူ၍ တစ်လုံးကို ဖြုတ်၍ စားသောက်လိုက်လေတော့၏။

"အသုဘတွေနဲ့ ပါလာတဲ့ စားမြိန်စာထုပ်က ငှက်ပျောသီး တွေလေဗျာ၊ ထမင်းတွေကတော့ သိုးကုန်ပါပြီ၊ ဆေးလိပ်လဲ ထ လိပ်စီ ပါလာတာ၊ စုလိုက်တော့ မနည်းဘူးဗျို့၊ သောက်တတ်တ မဟုတ်လား၊ ရှိတယ်. . . ရှိတယ်" ဟု ဆိုကာ စားမြိန်စာထု (ခေါ်)မသာအတွက် ထုပ်၍ အလောင်းပေါ်၌ တင်ပေးလေ့ရှိသော ထမင်းထုပ်နှင့် အတူပါလာသည့် ဆေးပေါ့လိပ်ကြီးများကို မီး နှင့်တကွ ထုတ်၍ မောင်သံဟိတ်အား တည်ခင်းဧည့်ခံလေ

မောင်သံဟိတ်သည် မိမိ စားမိသော ငှက်ပျောသီး လည်း မသာထမင်းထုပ်အတွက် ထည့်ပေးလိုက်သော ငှက် သီးဟု သိရသောအခါ၌ ဆက်၍မစားဝံ့တော့ပေ။ ခံတွင်းချဉ် သော်လည်း မသာဆေးလိပ်များဟု သိသဖြင့် ဆေးလိပ်ကိုလ မသောက်တော့ပေ။

"စားပါဗျ. . . အားမနာပါနဲ့၊ စားစမ်းပါ" ဟု ထိုသူ တိုက်တွန်းသော်လည်း လုံးဝ မစားတော့ပေ။ မစားရုံမျှမက မိမိ ဖြစ်ကို တွေးမိ၍ ဝမ်းနည်းသလို ဖြစ်လာလေ၏။ ငါသည် မွေး တည်းကပင် မင်္ဂလာအမျိုးမျိုး ယူ၍ မွေးလာပါလျက် အဘ





ကြောင့် ယခုကဲ့သို့ မင်္ဂလာ မရှိသော သချိုင်းသို့ ရောက်ရ သ ချိုင်းမှ ရေတိုသောက်ရ၊ မသာထမင်းထုပ်က ငှက်ပျောသီးတို စားရနဲ့ ဘယ်လိုများ ဖြစ်ရတာပါလိမ့်ဟု စဉ်းစားရင်း မျက်ရည် များ လည်၍လာလေတော့၏။

ထိုအခါ သူက တစ်ဖန်. . .

"အေးဗျာ. . . ကျုပ်တစ်ယောက်တည်း နေရတာ ပျင်းသ လိုလို ရှိနေတုန်း ခင်ဗျား ရောက်လာတာ အတော်ပါပဲ၊ မနက်ကျ တော့ ခုန ခင်ဗျား နေခဲ့တဲ့ ဇရပ်ထဲမှာ ခေါင်းလွတ်တစ်လုံး ရှိ တယ် မဟုတ်လား၊ အဲဒါကို ယူပြီး ဒီခေါင်းနဲ့ ဆက်လိုက်ရင် ခင်ဗျားအတွက် အိပ်ဖို့ရာ ရတာပေါ့ဗျာ" ဟု ပြောလိုက်လေရာ မောင်သံဟိတ်မှာ သည်းမခံနိုင်တော့ဘဲ ဆတ်ခနဲ ထ၍. . .

"ဩော်. . . ကျက်သရေ မရှိတာတွေ ကျုပ်ကို မပြောနဲ့၊ ခင်ဗျားလို သုဘရာဇာများ အောက်မေ့နေသလား၊ ကျုပ်ဟာ စိန် ဘောဂဆိုတဲ့ တိုက်ကြီးရယ်၊ ဆီစက်၊ ဆန်စက်နဲ့ လယ်ကေပေါင်း (၄၀၀)နီးပါး ပိုင်ဆိုင်တဲ့ သူဌေးကြီးဗျ. . ခင်ဗျား နားလည်ရဲ့လား၊ ကျုပ်က ဘာကြောင့် ခင်ဗျားနဲ့ နေရမှာလဲ" ဟု စားတော့ဝါးတော့ ခည်ကဲ့သို့ ကြိမ်းမောင်းပြောဆိုလေရာ ထိုသုဘရာဇာက စိတ်ဆိုး ခြင်း၊ ကြောက်လန့်ခြင်း မရှိဘဲ အေးဆေးစွာနှင့် မသာဆေးလိပ် တစ်လိပ်ကို ကောက်ယူ၍ မီးညှိကာ ဖွာလိုက်ပြီးလျှင်. . .

"ဒီလို ကိုယ့်လူရဲ့၊ ဒီပုံဒီနည်းနဲ့ သချိုင်းကို ရောက်လာပြီး ရင် ခင်ဗျားလို သူဌေးဆိုတာလောက်ကို မပြောနဲ့၊ ရှင်ဘုရင် တောင် ပြန်ခွင့်မရှိဘူးဗျ၊ သာဓကတွေကတော့ အများကြီးပေါ့ဗျာ ခင်ဗျား သိလောက်တဲ့အထဲက တစ်ခုကို ပြောလိုက်မယ်၊ ရှင်မွေး လွန်းဟာ ဘုရင့်သမီး မဟုတ်လား၊ ဒါပေမယ့် သူ့အမေ နတ်ရွာစံ

www.burmeseclassic.com

www.burmeseclassic.com



လို့ သချိုင်းအရောက်မှာ ဗိုက်ခွဲပြီး မွေးရတယ် မဟုတ်လား ဘယ်မှာ ပြန်ရလို့လဲ၊ သချိုင်းမှာပဲ နေရရှာတယ် ကိုယ့်လူ”

“အလကား စကားတွေ ပြောမနေနဲ့၊ ကျုပ်သွားမယ်”

“နေပါဦး. . . ကိုယ့်လူရ၊ ဘယ်ကို သွားမှာလဲ”

“ကျုပ်မိန်းမနဲ့ ကလေးရော ကျုပ်အိမ်မှာ ခိုင်းတဲ့ မိန်းမ ကြီးရော ကျုပ်ရဲ့မန်နေဂျာရော ဘုရားပေါ်မှာ ရှိတယ်”

“ဒီလိုလုပ်ပါဗျာ. . . ကျုပ်ပြောတာကို မယုံလို့ ခင်ဗျား ပြန်ချင်လဲ ပြန်ပါ၊ ဒါပေမယ့် ဘုရားပေါ်မှာတော့ လူတစ်ယောက်မှ မရှိတော့ဘူး၊ ဘုရားပွဲ သိမ်းပစ်လိုက်ပြီဗျာ၊ ခင်ဗျားက ဘယ်မြို့က လဲ”

(မောင်သံဟိတ် အနည်းငယ် စိတ်ဆိုးပြေ၍သွားပြီ ဖြစ် ရာ)

“ရန်ကုန်ကပါ”

“ရန်ကုန်ဆိုရင် အခု (၁၂)နာရီထိုးပြီးပြီ၊ ရထားလဲ မရှိ တော့ဘူး၊ မနက်(၆)နာရီမှာတော့ ဈေးနားက ဘတ်စ်ကားတစ်စီး ထွက်လေ့ရှိတယ်၊ အဲဒီကားနဲ့ လိုက်သွားပေါ့ဗျာ. . . ခင်ဗျား အခု လို မှောင်ကြီးမည်းကြီး မြို့ထဲကို သွားရမှာ မကြောက်ဘူးလားဗျာ”

“သချိုင်းထက် မြို့ထဲက ကြောက်စရာကောင်းလို့လား”

“အင်း. . ဟုတ်တယ်၊ ကျုပ်ကတော့ သချိုင်းမှာ နေတဲ့လူ ဆိုတော့ မှောင်ရင် မြို့ထဲကို သွားရမှာ ကြောက်တယ်ဗျို့၊ သချိုင်း မှာကတော့ ဘာအန္တရာယ်မှ မရှိဘူး၊ အားလုံးဟာ ကိုယ်လုပ်သာ ခံရမယ့် အသေကောင်တွေချည်းပဲ၊ မြို့ထဲမှာကတော့ လူဆိုးလူမိုက် အမူးသမား စုံလို့ဗျာ၊ ကိုယ့်ကို ရန်ရှာနိုင်တဲ့လူတွေချည်းပဲ၊ မြို့ထဲက လူတွေကလဲ ကျုပ်တို့ကို တွေ့ရင် အဝတ်အစား စုတ်နုတ်ထ





တစ်ခုတည်းနဲ့ သူခိုးထင်ပြီး ပုလိပ်လက်ကို ပို့နိုင်တယ်ဗျာ၊ ဘယ် လောက် အန္တရာယ် များသလဲ၊ သချိုင်းမှာကတော့ အေးချမ်းလို့ ဘာအန္တရာယ်မှ မရှိဘူး. . ကိုယ့်လူရ”

မောင်သံဟိတ်သည် ထိုသူ၏စကားကို နားထောင်ရသည် ကိုပင် ရယ်ချင်သလိုလို ရှိလေတော့၏။ သို့ရာတွင် မရယ်နိုင်ပါ။

“စားပါဦးဗျ. . . ကိုယ့်လူရ၊ ငှက်ပျောသီးတွေ ရှိပါသေး တယ်၊ ဆေးလိပ်လဲ သောက်ပါဦး”

သုဘရာဇာက ကျွေးသော်လည်း မောင်သံဟိတ်က ထပ် ၍မစား၊ ဆေးလိပ်လည်း မသောက်ဘဲ ထိုင်မြဲထိုင်နေ၏။ ထိုအ ခြင်းအရာကို သုဘရာဇာက ရိပ်မိသွားသဖြင့်. . .

“ကိုယ့်လူက သုဘရာဇာရဲ့ပစ္စည်း သိမ်ဖျင်းတယ်လို့ မှတ် နေတယ် ထင်တယ်၊ အမြတ်ဆုံးဖြစ်တဲ့ ဘုရားတောင် သုံးဆောင် တော်မူတယ်ဗျ၊ ဒါတင် မကသေးဘူး၊ ကျုပ်တို့ဆီက ရတဲ့အခွန် တော်တွေဟာ တခြားတိုင်းပြည်က လာတဲ့ သံကြီးတမန်ကြီးတွေကို ညှော်ခံတဲ့ စရိတ်အဖြစ်တောင် သတ်သတ်ဖယ်ထားပြီး အစိုးရမင်း များက အသုံးပြုရတယ်ဗျ”

မောင်သံဟိတ်က နှုတ်ခမ်းလှုပ်ရုံမျှကလေး ပြုံးလိုက်၏။

“ကိုယ့်လူက မယုံဘူးလား. . . စန္ဒာလငါး၊ အစိုးများက ရခြားတစ်မည်၊ အခွန်သည်ကား၊ တစ်ပြည်တစ်စံ၊ တစ်နိုင်ငံက သံကို ကျွေးမွေး၊ ပေးကမ်းဖို့ရန်၊ အရွတ်ဝန်သို့ မကျန်စေငှာ၊ အပ်ထားရာ၏လို့ ပုတ္တောဝါဒခန်းမှာ ရေးထားတယ်ဗျ၊ စန္ဒာလငါး ဆိုတာကတော့ လောင်တိုက်လုပ်တဲ့ စပ်သမားရယ်၊ အမှိုက်ကျုံးတဲ့ အလောင်းစင် ပြင်တဲ့လူရယ်၊ သူကောင်ထမင်းရယ်၊ ကွင်းတူးရယ်၊ သူသေကိုင်ရယ်လို့ ငါးမျိုးရှိတယ်ဗျ၊ ဒီလူတွေကထဲ အစိုးရကို အ



www.burmeseclassic.com

www.burmeseclassic.com



ခွန် ထမ်းဆောင်ရလေတော့ ဒီလူတွေဆီက ရတဲ့ အခွန်တော်ငွေကို အရွှတ်ဝန်က သတ်သတ်ဖယ်ထားပြီး နိုင်ငံခြားက သံတမန်တွေကို ဧည့်ခံကျွေးမွေးတဲ့စရိတ်၊ လက်ဆောင်ပေးတဲ့ စရိတ်မှာ အသုံးပြုရတယ်"

မောင်သံဟိတ်ကတော့ မည်သို့ပင် ပြောသည် ဖြစ်စေ၊ ဆက်၍ မစားတော့ပေ။ သုဘရာဇာသည် ငါးနာရီထိုးသည်အထိ မောင်သံဟိတ်နှင့် ထိုင်လျက် စကားပြောနေ၏။ ပြောသည့်စကားတိုင်း၌ ကျမ်းကိုးကျမ်းကားများ မလွတ်ရအောင် ပြောသည်ချည်း ဖြစ်လေ၏။ ထို့ကြောင့် မောင်သံဟိတ်၏စိတ်၌ သုဘရာဇာထဲမှာ ပညာရှိ ရွေးရင်တော့ သည်လူကို ပထမ နေရာမှာ ထားရမှာပဲဟု ပင် အောက်မေ့မိလေ၏။ လင်းကြက်တွန်သံ ကြားရသည့်အခါ၌ သုဘရာဇာက. . . .

"ကဲ. . . ကိုယ့်လူ၊ သွားဖို့တော်ပြီ၊ ခင်ဗျား ဈေးကို ရောက်[illegible]သိပ်ကြာမှာ မဟုတ်ဘူး၊ ဘတ်စ်ကားက ထွက်မှာဗျ. . . မှောင်နေတော့ ခင်ဗျား လမ်းသိမှာ မဟုတ်ဘူး၊ ကျုပ်လိုက်ပြီးပို့ပါမယ်"

ဟု ဆိုသဖြင့် မောင်သံဟိတ်က ဆိတ်ဆိတ်နေလိုက်သည် ဖြစ်ရာ သဘောတူကြောင်း ဝန်ခံလိုက်သည့်သဘော ဖြစ်သဖြင့် သုဘရာဇာသည် ဝါးဘူးတောင်းကြီးတစ်ခုမှ ပိုက်ဆံအကြွေများကို အိပ်ရာပေါ်သို့ သွန်၍ချပြီးမှ တစ်ဖန်ပြန်၍ထည့်ကာ. . .

"ဒီအကြွေတွေကို ပေးရင် ကိုယ့်လူက မသာပါးစပ်ထဲက ကူးတို့ခပိုက်ဆံတွေလို့ ထင်ပြီး သုံးဖို့ရာ သတိမှာမဟုတ်ဘူး၊ အမှန်ကတော့လဲ ဒီပိုက်ဆံမျိုးနဲ့ ကင်းတယ်လို့ ဘယ်မှာရှိမှာလဲဗျာ၊ ဒါပေမယ့် ကိုယ့်လူကိုတော့ စက္ကူကိုပဲ ပေးမှာပါ"

ဟု ဆိုကာ အဝတ်ထုပ်တစ်ထုပ်ကို ဖြေ၍ ငွေစက္ကူ အ





မြောက်အများအနက်မှ ဆယ်တန်တစ်ရွက်ကို ထုတ်ယူကာ. . .

"ရော့. . . ငွေတစ်ဆယ် ယူသွား၊ ဈေးနားမှာ ဝတ်ခြေထောက် စွပ်ပြုတ်နဲ့ နံပြား ရတယ်၊ လက်ဖက်ရည်လဲ ရတယ်၊ ကိုယ့်လူ ဆာနေပြီ ဟုတ်လား၊ ဘတ်စ်ကားခလဲ ဒီထဲကပဲ သုံးပေါ့"

မောင်သံဟိတ်က မယူဘဲ အင်တင်တင် လုပ်၍နေ၏။

"ယူပါ ကိုယ့်လူရ၊ ငွေတစ်ဆယ်ဟာ တစ်ဆယ်ပါပဲ၊ ကျုပ်လို သုဘရာဇာဆီကပဲဖြစ်ဖြစ်၊ ရှင်ဘုရင်ဆီကပဲ ဖြစ်ဖြစ် တန်ဖိုးက ဘာမှ မခြားနားပါဘူး၊ ကိုယ့်လူ ဒုံးဝေးနေသေးလို့ပါ၊ သဘောသိသွားရင် ဟား. . . ဟား. . . ဘာမှမဟုတ်တဲ့ လောကကြီးဆိုတာ နားလည်သွားမှာပါ၊ ဟား. . . ဟား. . . ယူပါဗျ"

ဟု၍ သုဘရာဇာက ရယ်မောလျက် ပေးလေ၏။ သူ၏ ရယ်သံမှာ ဘာမျှ နားမလည်သော ကလေးတစ်ယောက်၏ အပြုအမူကို သဘောကျသော လူကြီးတစ်ဦး၏ ရယ်သံမျိုးဖြစ်၍နေ၏။

"ဘာလဲ. . . ကိုယ့်လူက သူဌေးကြီးက သုဘရာဇာ ဆိတ်ဖွားဆီက ငွေကို လက်ဝါးဖြန့်ပြီး ယူရမှာ သိမ်ငယ်တယ်လို့ ထင်နေလို့လား၊ ယူသွား ကိုယ့်လူ၊ ဘတ်စ်ကားသမားက ပိုက်ဆံမပါရင် တင်မှာ မဟုတ်ဘူး၊ ကျုပ် အခုပဲ သေရာက ထလာလို့ ပိုက်ဆံတော့ မပါဘူးဗျာဆိုရင် ကိုယ့်လူကို ပြန်ပြီးသေလိုက်ပါလားလို့ ပြောမှာပဲ၊ အလကားတော့ တင်မှာမဟုတ်ဘူး၊ ဟား. . . ဟား လက်ဖက်ရည်ဆိုင်က တရုတ်ကလဲ ဒီအတိုင်းပဲ၊ အလကား ကျွေးမှာ မဟုတ်ဘူး၊ ကုန်ကုန်ပြောမယ်၊ ကိုယ့်လူ မိန်းမကတောင် ကိုယ့်လူမှာ ပိုက်ဆံတွေ ရှိနေလို့၊ မရှိရင်လား၊ ဟား. . ဟား. . အကယ်ပြောတာ ကိုယ့်လူ၊ ဘာကိုမှ အလကားမရဘူး၊ သုဘရာဇာ ဆိတ်ဖွားတစ်ယောက်ပဲ အလကား ပေးနေရတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မောင်သံဟိတ်သည် ဆိတ်ဖွားဆိုသောအမည်ကို ကြားလိုက်ရသည့်တစ်ခဏ၌ ထိုအမည်ကို ကြားဖူးသလိုလိုတော့ ရှိ၏၊ မည်သည့်နေရာ၌ ကြားဖူးခဲ့သည်ကိုတော့ မှတ်မိခြင်း မရှိပေ၊

သုဘရာဇာထံမှ ငွေတစ်ဆယ်ကို လှမ်း၍ယူလိုက်၏၊

"ကိုယ့်လူ ဒုံးသိပ်မဝေးချင်တော့ဘူး၊ ဟား..ဟား"

"နေပါဦး...ခင်ဗျားနာမည်က...."

"ကျုပ်နာမည် ဆိတ်ဖွားလေ၊ ဘာဖြစ်လို့လဲ"

"ဒီနာမည်ကို ကျုပ် ကြားဖူးသလိုလိုပဲ"

"ဘယ်တလာ မကြားဖူးဘဲ ရှိပါ့မလဲဗျာ၊ ခင်ဗျား လူမှန်း မသိခင်လောက်ကတည်းက ခင်ဗျားအမေက ခင်ဗျားကို ကျုပ်နာမည် ခဏခဏ ပြောပြနေတဲ့ဥစ္စာပဲ"

"ဘယ်လိုဗျ၊ ကျုပ်အမေက ခင်ဗျားနာမည်ကို ပြောတယ် ဟုတ်လား"

"ကိုယ့်လူအမေသာ မဟုတ်ဘူး၊ အမေတိုင်း အမေတိုင်းက ပြောတာ၊ ကိုယ့်လူ ဒုံးဝေးနေပြန်ပြီ ထင်တယ်၊ ဟား...ဟား ကိုယ့်လူ ငယ်ငယ်တုန်းက ဟပ်ချိုးဆိုပြီး နှာချေရင် ကိုယ့်လူအမေက ဘာပြောသလဲ"

"ဟပ်ချိုး...ဆိတ်ဖွား၊ အသက်တစ်ရာ အနာမရှိ ပြော ဟုတ်တယ်...ဟုတ်တယ်...ခင်ဗျားနာမည်"

"ကိုယ့်လူ ဒုံးမဝေးတော့ဘူး၊ မှတ်ထား...ဆိတ်ဖွားဆိုတာ အသက်တစ်ရာ အနာမရှိဆိုတဲ့စကားနဲ့ အတူတူပဲ၊ အသက်တစ်ရာ အနာမရှိတဲ့ လူမျိုးမှလဲ သင်္ချိုင်းမှာ သုဘရာဇာလုပ် အရည်အချင်း ရှိတာဗျ၊ ချူချာတဲ့လူသာဆိုရင်ဗျာ ရောဂါတွေကူး သေတာကြာလှပြီ၊ ဟား...ဟား...ကဲ...လာ...သွားမယ်





အချိန်မရှိတော့ဘူး" ဟု ဆိုကာ သုဘရာဇာဆိတ်ဖွားသည် ထိုင်ရာမှ ထ၍ တဲအပြင်သို့ ထွက်လေ၏။ အပြင်တွင် ကောင်းစွာ အလင်းရောင် မရသဲ မှောင်လျက်ပင် ရှိသေး၏၊ မောင်သံဟိတ်သည်၊ သူ၏နောက်မှ လိုက်လာကာ တဲအပြင်သို့ ထွက်၍လာလေ၏၊ သုဘရာဇာ ဆိတ်ဖွားကား ရှေ့သို့ ဆက်၍ မသွားသေးဘဲ ဘောင်းကင်သို့ လည်းကောင်း၊ တဲ၏ပတ်ဝန်းကျင်သို့လည်းကောင်း၊ ကြည့်ရှုလေ့လာပြီးမှ ရှေ့ဆက်၍သွားလေ၏။ မှုန်တိမှုန်ဝါး အလင်းရောင်ကလေးကို အားပြု၍ နှစ်ယောက်သား လျှောက်၍လာကြလေ၏။

"ကိုယ့်လူ ကြည့်ရတာ သေရာက ထလာရုံ မကသေးဘူး၊ တနာတွင်း တွေ့လာတဲ့လူနဲ့ပါ တူနေတယ်"

"ဗျာ..."

မောင်သံဟိတ်သည် သုဘရာဇာ ဆိတ်ဖွား၏ စကားကြောင့် တုန်လှုပ်၍သွားကာ "ဗျာ" ဟုသာ တစ်ခွန်းတည်း ရေရွတ်နိုင်၏၊ မိမိ ရတနာများ ရထားသည့်အဖြစ်ကို သူ သိ၍သွားပြီလားဟု စိုးရိမ်မကင်း ဖြစ်သည့်အလျောက် စူးစမ်းလိုသဖြင့် ဆက်၍...

"ဘယ်လိုကြောင့်လဲ ကိုဆိတ်ဖွားရ"

"ကိုယ့်လူက ဒုံးဝေးသေးတာကိုးဗျ၊ လူမှာ လေမျိုး(၈၀) ရှိတာ ရှိတယ်မဟုတ်လား၊ အဲဒီလေမျိုး(၈၀)ထဲမှာ ဘဝင်ဥန္မရိုဝါ ဆိုတဲ့လေဟာ လူကို ဘဝင်မြင့်စေတယ်ဗျ၊ အခု ခင်ဗျားကို ကြည့်ရတာ အသေကောင်အဖြစ် သင်္ချိုင်းမှာ အပစ်ခံရတာ ရိ င်းအတွင်းပဲ ရှိသေးတယ်၊ တကယ်ဆိုရင် သိပ်ပြီးဝမ်းနည်းနေရ ခင်ဗျားဟာ ဘယ်လောက်မှ ဝမ်းနည်းတာကို မတွေ့ရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ခုနက ကျုပ်ပြောတဲ့ ဘဝင်္ဂဥန္ဓရိဝါဟ လေက ဆောင်ထား
လို့ပဲ၊ ဒီလိုလေမျိုး ဆောင်ထားတဲ့လူဟာ တစ်ခုခု အောင်မြင်
အခါမှာ ဖြစ်တတ်တဲ့သဘောပဲ၊ သချိုင်းကုန်းမှာတော့ ကိုယ့်
ဘာမှ အောင်မြင်စရာကိစ္စ မရှိပါဘူးနော်"

"တောက်တီးတောက်တဲ့ဗျာ"

မောင်သံဟိတ်သည် တောက်တီးတောက်တဲ့ဗျာဟု ပြော
သော်လည်း ဤသုဘရာဇာဆိတ်ဖွားဆိုသူကား ခေသူမဟုတ်
ညာရှိပေတကားဟု အောက်မေ့မိရုံမျှမက မိမိ၏ရတနာများ
တွက်ပါ စိုးရိမ်ပူပန်မိလေတော့၏။ ထို့ကြောင့် ယနေ့ ခင်ခင်စိန်
သားကလေး မောင်သာနိုးကို တွေ့ပြီးသည်နှင့် တစ်ပြိုင်နက်
မော်တော်ကားကို မိုင်ကုန်ဖွင့်၍ မောင်းနှင်ကာ ရတနာပစ္စည်း
အမြန်ဆုံး သယ်ယူမှ နေရာကျမည့်အရေးကို တွေးမိလေတော့၏

သုဘရာဇာ ဆိတ်ဖွားသည် ချိုင့်ခွက်ကလေးတစ်လုံး
လက်တွင် ကိုင်၍လာသည်ဖြစ်ရာ မောင်သံဟိတ်က. . .

"ချိုင့်က ဘာလုပ်ဖို့လဲဗျ"

"လက်ဖက်ရည် သောက်မယ်လေဗျာ"

"အပြန်မှာ လက်ဖက်ရည် ဝယ်ပြီးလာဖို့လား"

"မဟုတ်ဘူး၊ ဟိုမှာ သောက်မှာ"

"ဟိုမှာ သောက်မှာပဲ၊ မလိုပါဘူး၊ ဆိုင်က ပန်းတ
သောက်ပေါ့ဗျာ"

"မသောက်ချင်ပါဘူးဗျာ၊ ဆိုင်က ပန်းကန်တွေက ထို
သောက် ဒီလူသောက်နဲ့"

"အောင်မယ်. . . ခင်ဗျားကများ၊ ဒီပြင်လူတွေကို ဖြ
ရွံနေရသေးလား"





"ကိုယ့်လူက တယ်ပြီး ဒုံးဝေးသေးတာကိုးဗျ၊ ရွံလို့မဟုတ်
ဘူးဗျ၊ ဆိုင်က ပန်းကန်နဲ့ ဝင်ပြီးသောက်တာကို လူတွေ မြင်သွား
ရင် ဒီဆိုင်မှာ သုဘရာဇာ သောက်တယ်ဆိုပြီး ဘယ်သူမှ လာပြီး
သောက်ကြတော့မှာ မဟုတ်ဘူး၊ တစ်ခါတည်း ဆိုင်ပြုတ်သွားမ
ကိုယ့်ကြောင့် သူတစ်ပါး မနစ်နာစေသင့်ဘူး မဟုတ်လား"

မောင်သံဟိတ်၏စိတ်၌ ဤသုဘရာဇာကား လွန်စ
ဆန်းပေသည်တကား၊ စိတ်ထားလည်း မြင့်မြတ်လှ၏။ ပည
ရှိပေ၏။ အဘယ်သို့သော သုဘရာဇာမျိုးပေနည်းဟု ဒ
အဖုံဖုံ စဉ်းစား၍လာခဲ့လေ၏။

"ကိုဆိတ်ဖွားက ဒီအလုပ်ဟာ မျိုးရိုးနဲ့ လုပ်လာတာလ

"ဒါပေါ့ဗျာ၊ မိဘဘိုးဘွား ဆင်းသက်လာတဲ့အလုပ်ပေါ့
ကျုပ် အရွယ်ရောက်တော့ ကျုပ်အဖေက ကျုပ်ကို ပေါက်တူးတစ်
လက် အမွေပေးခဲ့တယ်လေဗျာ၊ အရင်က ဒီမှာ မဟုတ်ဘူးဗျာ၊
အညာမှာ နေတာ၊ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းလာရင်း
ဒီရောက်လာတာပေါ့ဗျာ"

"နေစမ်းပါဦး၊ ခင်ဗျား စာလဲ တတ်ရဲ့မဟုတ်လား"

"လောကုတ္တရာစာပေတော့ တတ်ပါတယ်ဗျာ၊ ပိဋကတ်
စာပေတော့ ဆရာတော်ရဲ့ကျေးဇူးကြောင့် နှံ့စပ်ခဲ့ပါတယ်၊ ဆေး
ကျမ်း ဓာတ်ကျမ်း စတာတွေကတော့ ကမ္မဋ္ဌာန်းဆရာကြီးတစ်ဦးထံ
မှာ ဆည်းပူးခဲ့ဖူးပါတယ်၊ လုပ်စားဖို့ မဟုတ်ပါဘူး၊ ဝါသနာပါလို့ပါ၊
အင်္ဂလိပ်-နာဂရီလဲ အထိုက်အလျောက်တော့ လေ့လာဖူးပါတယ်၊
ငယ်ငယ်ကတော့ဗျာ. . . ဟိုပညာနဲ့တွေ့ ဟိုပညာကို ဝါသနာပါ
သွားလိုက်၊ ဒီပညာနဲ့တွေ့ ဒီပညာကို ဝါသနာပါသွားလိုက်နဲ့ ပညာ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးကို သင်ခဲ့တာပေါ့ဗျာ"

"နေပါဦး ကိုဆိတ်ဖွားရဲ့ ခင်ဗျားက ဘယ်ဆရာတွေဆီ သွားပြီးသင်ရတာလဲ"

"ဒီလိုဗျ၊ ကျုပ် ငယ်ငယ်တုန်းက ဒီသုသာန်မှာ မထား ... တခြားသုသာန်တစ်ခုမှာ နေတာ၊ အဲဒီမှာ သုသာန်ဆ... ဘ်တစ်ပါး ရှိတယ်ဗျ၊ သူက စာသင်ပေးတာ၊ တခြားပညာ... ကာ့ ဒီသုသာန်ကျမှပဲ တတ်တာခင်ဗျ အခုနေခဲ့တဲ့ ကမ္မဋ္ဌာ... သော်... ဘလေးမှာ ကမ္မဋ္ဌာန်း လာလာပြီး ထိုင်ကြတဲ့ တရားသ... ညာရှိ ... က လူစုံပဲဗျ၊ သူတို့ ကမ္မဋ္ဌာန်းထိုင်နေရင် ယပ်ခတ်ပေး၊ ... တ ဘာတွေ ပေကျံလာရင် ခြေဆေးရေခပ်ပေး၊ ကျုပ်က လုပ်ပေး... ကျုပ်နဲ့ ခင်သွားရော ဆိုပါတော့ဗျာ၊ အဲဒီလို ခင်သွားရင်း သူတို့... ကြောင်းကို ကျုပ်က မေး၊ ဆေးဆရာဆိုရင်လဲ ဆေးသင်လိုက်တ... ပဲ၊ မာတ်ဆရာဆိုရင်လဲ မာတ်သင်လိုက်တာပဲ၊ တစ်ခါတစ်ခါ ... လာထိုင်ရင် (၁၀)လ (၉)လ ထိုင်ကြတာပဲ မဟုတ်လားဗျ၊ တချို့... ရင် နှစ်နဲ့ချီပြီး လာထိုင်တာဗျ၊ ဒီတော့ ပညာရပ်တစ်ခုကို သ... မခက်ဖူးပေါ့ဗျာ၊ ရယ်စရာ ပြောရဦးမယ်ဗျို့၊ တစ်ခါတော့ လက်... သမားဟောင်းကြီးတစ်ယောက် အသက်အရွယ် ကြီးလာတော့ ... ကျွတ်တရားရပြီး ကမ္မဋ္ဌာန်း လာထိုင်တာ၊ သူက နာမည်ကြီးပဲ... မိုးလုံးကျော်ဆိုတာ၊ ကျုပ်ကလဲ စောစောက ပြောသလိုပေါ့၊ လ... ဝှေ့သမားနဲ့ တွေ့တော့ လက်ဝှေ့ ဝါသနာပါသွားပြန်ရော၊ အဲ... လက်ဝှေ့သင်ခိုင်းပြီး မြွန်တံဆာဘက်မှာ လက်ဝှေ့ပွဲ ရှိတယ်... တော့ ကျုပ်ပညာကို စမ်းသပ်ချင်တဲ့သဘောနဲ့ လက်ဝှေ့ တက်... တာဗျို့၊ ကျုပ် နိုင်တာပေါ့ဗျာ၊ ငါးပွဲလောက် ထိုးဖူးပါတယ်၊ တ... နိုင်ခဲ့တာချည်းပဲဗျ၊ ဒါပေမယ့် ဘယ်လိုကနေ ဘယ်လို ကျုပ်...





...ဘရာဇာမှန်း သိသွားသလဲ မဆိုနိုင်ပါဘူးဗျာ၊ လက်မခံကြတော့ ...ဗျို့၊ ဟား. . . ဟား"

ဝှင်းက ရယ်စရာဟု ပြောသော်လည်း မောင်သံဟိတ် ...သည် မရယ်ရက်၍ ရယ်မောခြင်း မပြုပါ။ ပညာရပ်၌ ထူးချွန်ပါ ...သော်လည်း သုဘရာဇာ ဖြစ်နေ၍ ဆက်လက်ယှဉ်ပြိုင်ခွင့် မရ ...သော အဖြစ်ကို ကရုဏာသက်မိလေတော့၏။

ဤသို့နှင့်ပင် ဈေးအနီးသို့ ရောက်ရှိလာကြလေတော့၏။

"ဟိုမှာဘတ်စ်ကားတော့ မထွက်သေးဘူး ကိုယ့်လူ၊ ဟော ...ဆိုင်ထဲမှာ ဝက်ခြေထောက်စွပ်ပြုတ်နဲ့ နံပြား ဝင်စားပေတော့"

...ဆိုသဖြင့် မောင်သံဟိတ်သည် ဝက်ခြေထောက်စွပ်ပြုတ်နှင့် ...ပြား လက်ဖက်ရည်တို့ကို မှာယူ၍ မြိန်ရှက်စွာ စားသောက်လေ ...၊ သုဘရာဇာ ဆိတ်ဖွားထံမှ စားခဲ့ရသော ငှက်ပျောသီး၊ ...ပ်လုံး ...လွဲ၍ မည်သည့်အစာမျှ မစားခဲ့ရသည်ဖြစ်ရာ လွန်စွာ ဆာ ...လောင် မွတ်သိပ်လျက်ရှိပြီး စား၍မဝနိုင်အောင် ရှိလေတော့၏။ ...ပ်ပြုတ်နှင့် နံပြားများကို စားသောက်ပြီးနောက် မောင်သံဟိတ် ...ည် လက်ဖက်ရည်ကို သောက်လေ၏။ လက်ဖက်ရည်ကိုသောက် ...င်း သုဘရာဇာ ဆိတ်ဖွားကို မျက်စိကစားရင်း ကြည့်လိုက်ရာ ...င်တံစက်မြိတ် အပြင်ဘက်၌ ဆောင့်ကြောင့်ကလေးထိုင်၍ သူ၏ ...ငုံ့စုတ်ကလေးဖြင့် လက်ဖက်ရည် သောက်နေပုံ မြင်ရသောအခါ ... မောင်သံဟိတ်သည် များစွာ စိတ်မကောင်းဖြစ်၍ သွားလေ၏။ ...တစောက မတူမတန်သလို ပြောဆိုဆက်ဆံခဲ့သည်များကိုပင် ...တ်ထဲ၌ မကောင်းသလို ဖြစ်၍လာ၏။ ဝှင်းသုဘရာဇာ ဆိတ်ဖွား ...ား သွားရောက်၍ ဖက်ကာ ဆိုင်တွင်းသို့ ခေါ်လာချင်သောစိတ် ...ားသည် တဖွားဖွား ပေါ်ပေါက်၍ လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် လက်ဖက်ရည်ကို စိတ်မကောင်းစွာနှင့်သော
၍ ဆိုင်တွင်းမှ ထွက်ခဲ့ပြီးနောက် သုဘရာဇာဆိတ်ဖွားအနီး
သွားရောက်လေ၏။ ထိုအချိန်၌ သုဘရာဇာ ဆိတ်ဖွားသည်ထ
လက်ဖက်ရည် သောက်၍ပြီးလေပြီဖြစ်ရာ ထိုင်ရာမှ ထ၍

"ကိုယ့်လူ ဆင်တဲဆိပ် စီးကရက်တစ်ဘူးနဲ့ မီးခြစ်တစ်
တော့ ဝယ်ပြီးထည့်သွားဦးလေဗျာ၊ လမ်းမှာ ခင်ဗျား ခံတွင်း
လိမ့်မယ်" ဟု ဆိုကာ ၎င်းကိုယ်တိုင်လည်း မည်သည့်အခါ
ဝယ်ထားသည် မသိသော ပိုလိုစီးကရက်တစ်လိပ်ကို ထုတ်၍ မီး
ကာ ဖွာရှိုက်လေတော့၏။ မောင်သံဟိတ်သည် ၎င်းပြောသည့်
တိုင်း ဆင်တဲဆိပ် စီးကရက်တစ်ဘူးနှင့် သစ်သားမီးခြစ်တစ်ဘူး
ဝယ်ယူ၍ စီးကရက်တစ်လိပ်ကို ရှိုက်ဖွာမိလေရာ ဆေးလိပ်
သောက်ရသည်မှာ နာရီအတော်ကြာပြီ ဖြစ်ရကား သော
လွန်စွာ အရသာရှိလေတော့၏။

ကားထွက်သွားသည်အထိ ကားအနီး၌ သုဘရာဇာဆိတ်
ဖွားသည် လာ၍ရပ်နေလေ၏။ ကားထွက်သွားမှပင် မောင်
ဟိတ်ကို နှုတ်ဆက်ကာ ထွက်၍သွားလေတော့၏။

မောင်သံဟိတ်သည် ကားပေါ်၌ တစ်ခါတစ်ရံ ဟိုသ
စဉ်းစားလိုက်၊ တစ်ခါတစ်ရံ အိပ်ငိုက်လိုက်နှင့် လိုက်ပါ၍
လေတော့၏။ ၎င်း၏စိတ်အာရုံ၌ မိမိမသေဘဲ ပြန်လာသည်
တွေ့ရလျှင် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမည့် ခင်ခ
၏ လှပသော မျက်နှာကလေးကို လည်းကောင်း၊ တွတ်တီး
တာ ပြောဆိုမည့် သားကလေး မောင်သာနိုး၏ မျက်နှာကို
ကောင်း၊ လွန်စွာ အံ့အားသင့်သွားမည့် မိမိ၏သူငယ်ချင်း
ချစ်ဖွယ်၏ မျက်နှာကို လည်းကောင်း မြင်ယောင်လျက်





တော့၏။ အမှန်တကယ်အားဖြင့် မိမိ ဤသို့ဖြစ်ရခြင်းသည်ပင်
ကောင်းသေး၏။ အများသူငါ ပြောကြသကဲ့သို့ သေမည့်ဘေးမှ
န်းကျေခြင်းတစ်မျိုးပင် ဖြစ်၏ဟု ယူဆလေ၏။

မိမိသေပြီဟု ခင်ခင်စိန်သည် ယခုရက်ပိုင်း၌ ငို၍ကောင်း
း ရှိပေလိမ့်မည်ဟု တွေးထင်မိသည့်အလျောက် ကရုဏာသက်
လေ၏။ ထို့ကြောင့် မိမိမသေကြောင်း အမြန်ဆုံး ပြောချင်သည်
ရာ မိုင်(၄၀)နှုန်းခန့် မောင်းနှင်လျက်ရှိသော ကားကိုပင် နှေး
သွားသည်ဟု ယူဆမိလေ၏။

လောက၌ အရင်လိုလျှင် အနှေးဖြစ်တတ်သည့်သဘော
တိုင်း မောင်သံဟိတ်က အလျင်စလို ရောက်စေချင်သည့်အခါမှ
ကညွတ်ကွင်းအရောက်တွင် မော်တော်ကား ပျက်လေတော့၏။
သမားသာလျှင် မဟုတ်ဘဲ မော်တော်ကားအကြောင်း အ
တ်အလျောက် နားလည်သော မောင်သံဟိတ်ကပါ ဝင်ရောက်၍
သို့ကာ ပြုပြင်ပေးလေ၏။ ထို့ကြောင့် တစ်နာရီကျော်ကျော်ခန့်
၍ပြီးသည့်နောက် မော်တော်ကား ဆက်၍ထွက်လာခဲ့ပြန်၏။

ကားထွက်သည်နှင့်တစ်ပြိုင်နက် မောင်သံဟိတ်သည် ခင်
စိန်နှင့် တွေ့ရမည့်အရေးကို တွေးတော၍ လာပြန်လေ၏။
င်တဲဆိပ် စီးကရက်ကိုလည်း တစ်လိပ်ပြီးတစ်လိပ် သောက်၍
ခဲ့ရာ ကုန်ပြီဖြစ်၍ ပဲခွယ်ကုန်း၌ ခေတ္တရပ်စဉ် နောက်ထပ်
ဘူး ဆင်း၍ဝယ်မည်ဟု စိတ်ကူး၍လာခဲ့ရာ ပဲခွယ်ကုန်း အ
ရောက်တွင် စီးကရက် ဝယ်ရန်အတွက်သာ မဟုတ်ဘဲ ကားဘီး
ပေါက်သဖြင့် ခရီးသည်အားလုံး အောက်သို့ ဆင်းပေးရပြန်၏။
သို မပါသဖြင့် ပဲခွယ်ကုန်းရှိ ကားပိုင်ရှင်တစ်ဦးထံ၌ ဘီးတစ်လုံး
းရောက်ငှားခြင်း၊ ဘီးဖြုတ်ခြင်း၊ တပ်ခြင်းများကို ပြုလုပ်ရပေ



www.burmeseclassic.com

www.burmeseclassic.com



ရာ စုစုပေါင်း အချိန်တစ်နာရီထက်မနည်း ကြန့်ကြာ၍ သွားပြန်လေ၏။

ထို့ကြောင့် ညနေ (၃)နာရီခန့်တွင် ရန်ကုန်သို့ ရောက်ရှိမည့်အစား ညနေ(၆)နာရီနီးပါးကျမှပင် ရောက်ရှိလေတော့၏။ မော်တော်ကားသည် ရန်ကုန်မြို့သို့ ဝင်ခဲ့ရာ ချာချီလမ်းသို့ ရောက်၍ မောင်သံဟိတ်သည် ကားကို ရပ်စေ၍ ဆင်းခဲ့ပြီးလျှင် ငါးထပ်ကြီးဘက်သို့ သွားရန် ရထားလုံးကို ခေါ်ရပြန်လေ၏။ (၆)နာရီကျော်ကျော်လောက်တွင်မှ လူအလွတ် မောင်း၍လာသော ရထားလုံးတစ်စီးကို တွေ့ရသဖြင့် ရထားလုံးပေါ်သို့ တက်၍ ငါးထပ်ကြီး ဘုရားဘက်သို့ မောင်းစေခဲ့လေ၏။

ရထားသည် ငါးထပ်ကြီးဘုရားအနီးသို့ ရောက်သည့်အခါ၌ ဘုရားသို့ သွားသော စကြံလမ်းထိပ် မီးတိုင်အောက်၌ လူနှစ်ယောက် မတ်တတ်ရပ်လျက် စကားပြောနေသည်ကို တွေ့သဖြင့် ရှုစိုက်၍ ကြည့်မိရာ တစ်ဦးသောသူမှာ ဘုရားစောင်းတန်းများ၌ ရေးဆွဲလေ့ရှိသော ဝေသန္တရာဇာတ်ထုပ်မှ ဇူဇကာပုဏ္ဏားကဲ့သို့ အသားမည်းမည်း ဗိုက်ရွဲရွဲ ဖြစ်ပြီး ကျန်တစ်ယောက်မှာမူ ကောင်းမွန်စွာ ဝတ်စားထားသည့် သူငယ်ချင်း မောင်ချစ်ဖွယ်ဆိုသူ ဖြစ်နေကြောင်းကို တွေ့မြင်ရလေ၏။

မောင်သံဟိတ်သည် လှမ်း၍ ခေါ်မည် လုပ်ပြီးနောက် မောင်ချစ်ဖွယ်၏ စကားပြောဆိုနေပုံကို အနည်းငယ် မသင်္ကာသလို ရှိသွားသဖြင့် မခေါ်ဖြစ်သည့်အပြင် ရထားလုံး၌ တပ်ဆင်ထားသော တရုတ်ကပ်တံခါးကိုပင် ချ၍ပိတ်လိုက်ပြီးနောက် ၎င်းတို့အား အနီးကပ်၍ အကဲခတ်နိုင်ရန် တရုတ်ကပ်များကို အထက်သို့ အနည်းငယ် လှန်၍ထားလိုက်လေ၏။





ရထားလုံးသည် ၎င်းတို့အနီးသို့ ဖြတ်၍သွားသည့်အခါ၌ "ရက် ကြုံတော့ မုတ်ဆိတ်ပျားစွဲဆိုတာ ဒါမျိုးပေါ့ ကိုစိုးပိုင်ရယ်) သော မောင်ချစ်ဖွယ်၏အသံကိုလည်းကောင်း၊ လက်မ ထောင်၍ ပြောဆိုနေပုံကို လည်းကောင်း တွေ့မြင်နေရသောအခါ၌ မောင်သံဟိတ်သည် တိုး၍ သင်္ကာမကင်း ဖြစ်လေတော့၏။ ထို့ကြောင့် ရထားလုံးကို ၎င်းတို့နှင့် အတော်အတန် လှမ်းသောနေရာကျမှပင် ရပ်ခိုင်း၍ ဆင်းလေ၏။ ထို့နောက် အိမ်သို့ မသွားသေးဘဲ ည(၈) နာရီကျော်ကျော်လောက်ကျမှပင် သွား၍ အိမ်ရှေ့မှ မဝင်ဘဲ အိမ်နောက်ဖေးမှ ဝင်ကာ အိမ်ကို အကဲခတ်လျှင် အိမ်ခန်း၌သာ မီး မီးထွန်းထားသည်ကို တွေ့ရပြီး ကျန်သောနေရာများ၌ မီးရောင် မတွေ့ခြင်းကြောင့် အိပ်ခန်း ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော မန်ကျည်းပင်ပေါ်သို့ တက်ကာ ပြတင်းပေါက် ဖွင့်၍ထားသည် ဖြစ်သဖြင့် အိပ်ခန်းတစ်ခန်းလုံးကို တွေ့မြင်ရလေ၏။

မောင်ချစ်ဖွယ်သည် ခုတင်ပေါ်၌ ပက်လက်လှန်လျက် အိပ်နေ၏။ ခင်ခင်စိန်မှာ ၎င်း၏ရင်ဘတ်ပေါ်၌ မှောက်လျက်သား ခေါင်းလျက်ရှိနေပြီးလျှင် မောင်ချစ်ဖွယ်၏ မျက်နှာမည်းမည်းကြီးအား သူ၏ ဖြူဖြူသွယ်သွယ် လက်ချောင်းကလေးများဖြင့် ပွတ်သပ်ကာ နှုတ်ခမ်းရင်း တွတ်တီးတွတ်တာ ပြော၍နေသည်ကို မောင်သံဟိတ်သည် တွေ့မြင်ရလေတော့၏။

ထိုစဉ်၌ ၎င်း၏သားကလေး မောင်သာနိုးက "မေမေ" ဟု ခေါ်လိုက်ရာ ခင်ခင်စိန်က "ဘာလဲ . . ဒီကောင်ကလေးက နိုးပါတော့လား" ဟု ငေါက်လိုက်လေ၏။

"ဖေဖေ. . . . ဘယ်မှာလဲ၊ ဖေဖေနဲ့ အိပ်ချင်တယ်"

ဟု မောင်သာနိုးကလေးက ငို၍ပြောလိုက်ရာ မောင်ချစ်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်က အိပ်နေရာမှ ဆတ်ခနဲ ထ၍ "နင့်အမေနဲ့ အိပ်ချင်ရင်
သချိုင်းကုန်းကို လိုက်သွားပေတော့ သေချင်းဆိုးလေး၊ သူပါ ဝမ်း
ရောဂါနဲ့ တစ်ခါတည်း ပါသွားရင် ကောင်းသား" ဟု ပြောဆိုလေ
ရာ မောင်သံဟိတ်သည် ရင်တွင်း၌ အလုံးကြီး ဆို့တက်၍ လာလေ
တော့၏။ မောင်သာနိုးကလေးမှာမူ ၎င်းအား မွေးသည့်မိခင်
ချော့မော့ မြှောက်စားလာခဲ့ရာမှ ယခုမှ ဆူပူကြိမ်းမောင်းခြင်း
ခံရသည်ဖြစ်ရာ ဆူသည်ကို ဆူသည်မှန်း မသိဘဲ ထပ်၍ "မေမေ
ဖေဖေ့ကို ခေါ်ပေးပါ၊ ဟိုလူကြီးက ဘာလို့ သားသားတို့ အိပ်ရာထဲ
မှာ လာအိပ်တာလဲ" ဟု အော်ဟစ်ငိုယိုလေရာ ခင်ခင်စိန်သည်
ကျားသစ်မကဲ့သို့ ဟိန်းဟောက်မဲ့ရွဲ့ကာ ခုတင်ပေါ်မှ ဆင်းသက်ပြီး
လျှင် မောင်သာနိုး၏ တင်ပါးကို တဖြန်းဖြန်းနှင့် ရိုက်နှက်လေ
တော့၏။

ထိုအဖြစ်အပျက်ကို မြင်တွေ့ရသော မောင်သံဟိတ်သည်
ရင်တွင်းမှ ဆို့၍တက်လာပြီးလျှင် မျက်ရည်များ ဖြိုင်ဖြိုင်စီးကျလာ
လေတော့၏။ အပူလုံး ကြွသောစိတ်ကြောင့် တစ်ကိုယ်လုံး ချစ်ချစ်
တောက် ပူ၍လာလေတော့၏။ ထို့ကြောင့် ပြတင်းပေါက်မှ ဝင်
ရောက်ကာ နှစ်ယောက်စလုံးအား အပြီးအပိုင် သတ်ပစ်ရန် စိတ်
ကူးလေတော့၏။ ပြတင်းပေါက်မှ အတွင်းသို့ ရောက်သည်နှင့်
တစ်ပြိုင်နက် ခုတင်ဘေးမှ ကြွေပန်းအိုးဖြင့် မောင်ချစ်ဖွယ်၏
ဦးခေါင်းကို ထုချမည်။ ပြီးတော့ ခင်ခင်စိန်၏ခေါင်းကို ထုချလိုက်
မည်ဟု ကြံတင်၍ စိတ်ကူးလိုက်၏။ ထိုအချိန်၌ ခင်ခင်စိန်သည်
ခုတင်ပေါ်သို့ ပြန်၍တက်ကာ မောင်ချစ်ဖွယ်အား ယခင်ကကဲ့သို့
ပင် ပြန်၍ဖက်ထားပြန်၏။ မောင်ချစ်ဖွယ်သည်လည်း ခင်ခင်စိန်
၏ တစ်ကိုယ်လုံးကို ကြားလေမျှ မသွေးရအောင် ပြန်၍ဖက်ထား





လိုက်ပြန်၏။

ထို့ကြောင့် မောင်သံဟိတ်၏စိတ်၌ သူတို့နှစ်ဦးအား ပန်း
အိုးဖြင့် ထုသတ်ခြင်းက လွယ်ကူသည်မှာ မှန်၏။ သို့ရာတွင် သူ
တို့နှစ်ဦးသည် သူတို့ကျူးလွန်သော အပြစ်များကြောင့် အသတ်ခံရ
သည်ကို မသိဘဲ သေရုံမျှ သေ၍သွားကြလျှင် မကောင်းသေးပေ။
သူတို့နှစ်ဦးစလုံးသည် သေရုံသက်သက် အပြစ်လောက်နှင့် လုံ
လောက်သူများ မဟုတ်ဘဲ မသေမီ၌ပင် မိမိကျူးလွန်ခဲ့သောအပြစ်
ကို ပြန်လည်သတိရခြင်း၊ ဒုက္ခဝေဒနာအမျိုးမျိုး ခံစားရခြင်းများကို
ခံစားရပြီးမှသာလျှင် သေသင့်လေသည်ဟု ဆုံးဖြတ်သည့် အ
လျောက် နောက်မှ အေးအေးဆေးဆေး အချိန်ယူ၍ လက်စားချေ
မည်ဟု ဆုံးဖြတ်ကာ စိတ်ကို ထိန်း၍ သစ်ပင်ပေါ်မှ ဆင်းသက်
လာခဲ့လေ၏။

သစ်ပင်အောက်သို့ ရောက်သည့်အခါ၌ မောင်သံဟိတ်
သည် စိန်ဘောဂ တိုက်ကြီးကို မော့၍ကြည့်ကာ ဝမ်းနည်းမိသေး
တော့သည်။ မိမိသည် သချိုင်းသို့ ရောက်ပြီးကာမှ တစ်ဖန် သေကံ
မရောက်၍ မြေမြှုပ်မည့်ဆဲဆဲ၌ အသက်ပြန်၍ ရှင်လာခြားသော်
လည်း ဤစိန်ဘောဂ တိုက်ကြီးကိုလည်းကောင်း၊ လွန်စွာချစ်သော
ခင်ခင်စိန်ဆိုသည့် ဇနီးချောကလေးကို လည်းကောင်း၊ သားက
လေး မောင်သာနိုးကို လည်းကောင်း ပြန်၍ပိုင်ဆိုင်ခွင့်မရှိတော့ဘဲ
ပြန်၍ထွက်သွားရပေတော့မည်။ တစ်ဖန် မိမိသည် သေစာရင်း
တွင် သွင်းထားပြီး ဖြစ်သည့်အတိုင်း ပြန်လည်ရှင်လာသည့် အ
ကြောင်းကို လူတွေအား အသိမပေးဘဲ နေထိုင်သွားရမည်ဖြစ်ရာ
အများသူငါ ပြောဆိုကြသကဲ့သို့ အချို့သောသူများမှာ သေပြီး
နောက် တစ္ဆေဖြစ်ကာ လမ်းပေါ်၌ လျှောက်၍သွားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိအိမ်သို့ ပြန်လာခွင့် မရှိ။ ပြန်၍လာလျှင်လည်း ဇနီးသားမယားများက လာမှန်းပင် မသိဟူသော စကားအတိုင်းပင် တစ္ဆေ တကယ် မဖြစ်ပါဘဲလျက် တစ္ဆေကဲ့သို့ နေထိုင်ရပေတော့မည် ဖြစ်ရာ ဝမ်းနည်းလေတော့၏။

ထိုသို့ ဝမ်းနည်းသဖြင့် ခင်ခင်စိန်တို့ အိပ်ခန်းရှိ ပြတင်းပေါက် တည့်တည့်အောက်တွင် ရပ်လျက် သည်းထန်စွာ ငိုကြွေးမိပြန်လေ၏။ ထို့နောက် စိတ်သက်သာရာ အကြောင်းတစ်ခုကို သတိရပြန်လေ၏။ ထိုအရာကား မောင်သံဟိတ်သည် ဆယ်သက်မျှ ထိုင်၍စားသည့်တိုင်အောင် မကုန်နိုင်သည့် ရွှေဟောင်း ရွှေငွေ ကျောက်မျက်ရတနာများကို ရရှိထားပြီးဖြစ်ရာ အေးချမ်းစွာ ဇိမ်နှင့် နေ၍ အချိန်ယူပြီး လက်စားချေနိုင်သည့် အခွင့်အရေးရှိခြင်းကို တွေးမိပြန်လေ၏။ ထို့ကြောင့် ဝမ်းနည်းခြင်းမျှမက ဝမ်းနည်းမှု၏ အထွတ်အထိပ်သို့ ရောက်ရှိသွားပြီးလျှင် ဝမ်းသာဖွယ်ရာများကို တွေးမိပြန်ရာ မီးဖိုတွင်းသို့ ထည့်လိုက်၊ တစ်ဖန် ချက်ချင်းထုတ်၍ ရေခဲသေတ္တာတွင်း သွင်းလိုက် ပြုလုပ်ဘိသကဲ့သို့ တစ်ခုနှင့်တစ်ခု လွန်စွာ ဆန့်ကျင်ဖက် ဖြစ်သော ဝေဒနာနှစ်ခုကို တစ်ပြိုင်နက် တည်းလောက်နီးနီး ခံစားရသဖြင့် မောင်သံဟိတ်သည် ရယ်ချင်၍ လာပြန်လေရာ နောက်ဆုံး၌ မအောင့်နိုင်တော့ဘဲ. . .

"ဟား. . . ဟား. . . ဟား" ဟု အသံနက်ကြီးနှင့် ရယ်မောလိုက်မိလေတော့၏။

မောင်သံဟိတ်၏ ရယ်သံကြီးကြောင့် ချစ်တင်းနှီးနှော လျက် ရှိသော ခင်ခင်စိန်နှင့် မောင်ချစ်ဖွယ်တို့သည် ကြက်သီးမွေးညင်းများ ထ၍ ခေါင်းနားပန်း ကြီးသွားကြလေ၏။ မောင်သံဟိတ်မှာမူ မိမိ သတိလစ်၍ ရယ်မိသောအဖြစ်ကို သတိရကာ ချက်ချင်း





-င် မှောင်ရိပ်ခို၍ ပုန်းကွယ်လိုက်လေ၏။

တစ်အောင့်မျှ ကြာလျှင် မောင်ချစ်ဖွယ်နှင့် ခင်ခင့်စိန် သည် ပြတင်းပေါက်မှ ပေါ်ထွက်လာပြီးလျှင် အောက်ဖက်သို့ ငုံ့ ကြည့်ကြသော်လည်း တစ်စုံတစ်ရာ မတွေ့ရသဖြင့် မောင်ချစ်ဖွယ် က. . .

"မကြောက်ပါနဲ့ ခင်ရယ်၊ ဟိုခွေးမသား အစိမ်းသေ လာ ပြီး ခြောက်တာ ဖြစ်မှာပေါ့၊ မောင်တစ်ယောက်လုံး ရှိနေမှပဲ၊ မှု ရာ မလိုပါဘူး" ဟု ဆိုကာ ပြတင်းပေါက်ကို ပိတ်လိုက်လေ၏။

ထိုအခါမှ မောင်သံဟိတ်သည် မှောင်ရိပ်မှ ထွက်ကာ မိမိ ပြုစုပြင်ဆင်လာသော စိန်ဘောဂ တိုက်ကြီးနှင့်တကွ လွန်စွာ လှပ၍ လွန်စွာ အကျင့်ဆိုးသော မိမိ၏ချစ်ဇနီး ခင်ခင်စိန်တို့အား အပြီးအပိုင် ကျောခိုင်းခဲ့လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com





# မြိုင်ရာဇာတာတော

မောင်သံဟိတ်သည် စိန်ဘောဂ တိုက်ကြီးမှ ထွက်၍လာပြီးနောက် ရတနာပစ္စည်းများကို ယူရန်အတွက် သုဘရာဇာ ဆိတ်ဖွား ရှိရာ သင်္ချိုင်းကုန်းသို့ ပြန်၍လာခဲ့လေ၏။ ချာချိုလမ်းအထိ ခြေကျင် လျှောက်ခဲ့သော်လည်း ချာချိုလမ်းအရောက်တွင် တောင်ငူသို့ သစ်တင်ရန် သွားသော သစ်တောဌာနမှ လော်ရီကားကြီးတစ်စီးကို အခန့်သင့် တွေ့ရသဖြင့် ၎င်းကားနှင့် လိုက်ပါခဲ့လေ၏။

၎င်းလော်ရီကား၌ ဒရိုင်ဘာ၊ စပယ်ယာနှင့် သစ်တောရုံးမှ မင်းစေတစ်ယောက် ပါရှိလေ၏။ ထိုသူတို့သည် ပဲခူးသို့ ရောက်သည့်အခါ၌ ခေတ္တရပ်၍ လက်ဖက်ရည် သောက်နေစဉ် မောင်သံဟိတ်သည် ထမင်းဆိုင်သို့ သုတ်သုတ်ဝင်၍ သုတ်သုတ်စားပြီးလျှင် စီးကရက်နှင့် မီးခြစ်ကိုပါ ဝယ်ယူ၍ ဆက်လက်လိုက်ပါခဲ့ရာ နံ


www.burmeseclassic.com

www.burmeseclassic.com



နက် မိုးလင်းခါနီး၌ တောင်ငူမြို့သို့ ရောက်လေ၏။

တောင်ငူသို့ ရောက်လျှင် သချိုင်းကုန်းသို့ သွားကာ ရတ နာ မြှုပ်ထားရာသို့ မြန်နိုင်သမျှ မြန်အောင် သွားရောက်လေ၏။ စိတ်တွင်း၌လည်း သုဘရာဇာဆိတ်ဖွားများ ထိုရတနာများကို တွေ့ ၍ သွားပါမည်လားဟု စိုးရိမ်မိလေ၏။

ကမ္မဋ္ဌာန်း ဇရပ်ကလေးနှင့် ဆက်လျက်ရှိသော တော ကုန်းကလေးပေါ်သို့ ပြေး၍တက်သွားပြီးလျှင် ချုံပုတ်အောက်သို့ ဝင်၍ ကျင်းပေါ်၌ ဖိ၍ထားခဲ့သော ကျောက်တုံးများကို ဖယ်လှ မြေကြီးများကို ယက်လိုက်ရာ ရတနာထုပ်ကို စမ်းမိလေ၏။ သို့ရာ တွင် အတွင်း၌ ရတနာများ အမှန်တကယ် ရှိသေး၏လောဟု၍ သံသယ ဖြစ်၍ အထုပ်ကို ကမန်းကတန်း ဖြေကြည့်ပြန်ရာ ရတ နာ ပစ္စည်းများမှာ မိမိထားခဲ့သည့်အတိုင်း ခြေရာမပျက် လက်ရာ မပျက် တွေ့မြင်ရမှပင် "ဟင်း" ခနဲ သက်ပြင်းချနိုင်လေတော့၏။

မောင်သံဟိတ်သည် ရတနာထုပ်ကို ပြန်၍ထုပ်ပြီးလျှင် ဆင်တံဆိပ် စီးကရက်ကို ထုတ်၍ အားပါးတရ ရှိုက်ဖွာလျက် တောင်ကုန်းပေါ်မှ ဆင်းသက်ခဲ့ပြီးလျှင် သုဘရာဇာ ဆိတ်ဖွားထံသို့ သွားရောက်လေ၏။

မောင်သံဟိတ်သည် တဲအတွင်းသို့ ခေါင်းငုံ့၍ ဝင်လိုက် ရာ အိပ်ရာထက်၌ တင်ပျဉ်ခွေချိတ်လျက် မျက်စိမှိတ်ထားပြီး ကမ္မ ဋ္ဌာန်း ထိုင်လျက်ရှိသော သုဘရာဇာဆိတ်ဖွားကို အံ့ဩဖွယ်ရာ တွေ့မြင်ရလေ၏။

မောင်သံဟိတ်သည် အနှောင့်အယှက် မပြုလိုသဖြင့် ၎င်း ၏နောက်၌ ငြိမ်သက်စွာ ဝင်၍ထိုင်နေလေ၏။ ထိုသို့ထိုင်၍ (၁ မိနစ်ခန့်အကြာတွင် သုဘရာဇာဆိတ်ဖွားက...





"ကိုယ့်လူ ပြန်ရောက်လာပြီလား" ဟု လှည့်၍မကြည့်ဘဲ မေးလိုက်သဖြင့် မောင်သံဟိတ်က...

"ကျုပ်မှန်း ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ ကိုဆိတ် ဖွား" ဟု ပြန်၍မေးလိုက်ရာ သုဘရာဇာဆိတ်ဖွားက...

"ဟား...ဟား...ကျုပ်သိတာပေါ့ဗျာ၊ ပြီးတော့ ကျုပ် ဆီကို တခြားဧည့်သည် လာစရာ ရှိတာမှ မဟုတ်ဘဲ"

"အေးဗျာ...ကိုဆိတ်ဖွား ခင်ဗျား သိပ်ပြီးတော်တဲ့လူပဲ၊ ကျုပ်ကိစ္စကိုတော့ ခင်ဗျားကို တိုင်ပင်ရမှာပဲ၊ အကြံကောင်း ဉာဏ် ကောင်းလေးများ ပေးစမ်းပါဗျာ"

"ကိုယ့်လူက ကျုပ်ကို ပညာရှိများ မှတ်နေပြီလား၊ ဆိုစမ်း ပါဦး၊ ဘယ်လိုကိစ္စများလဲ"

"အခု ကျုပ်မှာ နေစရာ မရှိတော့ဘူးဗျ"

"ဒါနဲ့ ခင်ဗျားမှာ စိန်ဘောဂတိုက်ဆိုတာ ရှိတယ်ဆို"

"ဒီလိုဗျ၊ ညက ကျုပ် အိမ်ကို ပြန်ရောက်တော့ ကျုပ်မိန်း မနဲ့ ကျုပ်သူငယ်ချင်း ဖောက်ပြားနေတာကို တွေ့ခဲ့ရတယ်၊ အဲဒါ တို့ကို လက်စားချေချင်တာနဲ့ အသိမပေးဘဲ ဒီကိုပြန်လာတာ ဆိတ်ဖွားရဲ့"

"နေစမ်းပါဦး၊ ခင်ဗျားမိန်းမနဲ့ ဖောက်ပြားတယ်ဆိုတဲ့ ဗျား သူငယ်ချင်းဆိုတာက ဒုက္ခရောက်လို့ ခင်ဗျားက ကယ် ယ်ထားတဲ့လူ မဟုတ်လား"

"ဟုတ်တယ်ဗျို့၊ ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ ကို တ်ဖွားရ"

"ကျေးဇူးအပြုခံရတဲ့လူဟာ ကျေးဇူးရှင်ကို ဒုက္ခပြန်ပြီးပေး တ်တဲ့ သဘောရှိတယ် မဟုတ်လား ကိုယ့်လူရ၊ ဒီကောင်ကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ကလိယုဂ်ခေတ်လို့ ခေါ်တယ်၊ သူတော်ကောင်းက တစ်ပုံတည်း
ရှိတယ်၊ သူယုတ်မာက သုံးပုံတောင် ရှိတယ် မဟုတ်လား၊ ဒီတော့
ကျေးဇူးသိတတ်တဲ့လူဆိုတာက ရှာမှရှားပေါ့ဗျာ၊ ပြီးတော့ ခင်ဗျား
က သူဌေးကြီးဆိုတော့ ခင်ဗျား သူငယ်ချင်း ဆိုတာဟာ ခင်ဗျား
ကူညီထားရတဲ့လူပဲ ဖြစ်ရမှာပေါ့"

"ဟုတ်ပါတယ်၊ ကျုပ် ကူညီထားတဲ့လူပါပဲ၊ အဲဒါ ဘယ်
လုပ်ရရင် ကောင်းမလဲ၊ ကျုပ် သားကလေးကိုလဲ နှိပ်စက်လိုက်
ဗျာ၊ ကျုပ် မျက်ရည်တောင် ကျမိတယ် ကိုဆိတ်ဖွားရယ်"

"ဒီလိုဆိုရင် ကိုယ့်လူကို မေးမယ်၊ သေသေချာချာ
နော်"

"တစ်. . . ကိုယ့်လူ မိန်းမအပေါ်မှာ မထိမဲ့မြင် စိမ်း
ကားကား လုပ်ဖူးသလား"

"တစ်ခါမှ မလုပ်ဖူးပါဘူးဗျာ"

"နှစ်. . . မူး ပဲ ပိုင်ကစပြီး ရသမျှ ပစ္စည်းဥစ္စာကို ကိုယ်
မိန်းမကို အပ်ရဲ့လား"

"အကုန်လုံး အပ်ပါတယ်ဗျာ၊ ဘဏ်က ငွေတွေလဲ သူ
မည်နဲ့ပဲ ထားတာပါ"

"သုံး. . . တခြားမိန်းမတွေ ဘာတွေနဲ့ ကိုယ့်လူ ရှုပ်
ယှက်ယှက် လုပ်ဖူးသလား"

"တောက်တီးတောက်တဲ့ဗျာ"

"လေး. . ကိုယ့်လူ မိန်းမအတွက် အဝတ်အစားကအ
လက်ဝတ်ရတနာအထိ သင့်တော်သလို ဆင်မြန်းပေးရဲ့လား"

"လိုလေသေး မရှိပါဘူးဗျာ"

"ငါး. . . ကိုယ့်လူ မိန်းမအပေါ်မှာကော ကိုယ့်လူက





တ်နိုးနိုး ရှိရဲ့လား"

"ငုံပြီးထားမတတ် ချစ်ပါတယ်ဗျာ"

"ဒါဖြင့်ရင် ကိုယ့်လူက လင့်ဝတ္တရားငါးပါးနဲ့အညီ ပြုမူ
ားပဲ၊ ထားလိုက်ဦး၊ ကိုယ့်လူ သူငယ်ချင်းကိစ္စ မေးရဦးမယ်"

"မေးပါဗျာ. . . ကိုဆိတ်ဖွား၊ မေးပါ၊ ကျုပ် အမှန်အတိုင်း
ဖြေပါ့မယ်"

"တစ်. . ကိုယ့်လူက မိတ်ဆွေကို ပေးကမ်းချီးမြှင့်ရဲ့လား"

"ပေးလဲ ပေးကမ်းပါတယ်၊ မန်နေဂျာတောင် ခန့်ထားပါ
းတယ်ဗျာ"

"နှစ်. . . ကိုယ်နဲ့ တန်းတူထားရဲ့လား"

"ထားတာပေါ့ ကိုဆိတ်ဖွားရယ်. . . မော်တော်ကားဆိုရင်
ပ်တောင် မသုံးဘူး၊ သူ့ပဲ ပေးထားတဲ့ဥစ္စာဗျာ"

"သုံး. . သူ့အတွက် ကောင်းကျိုး ဆောင်ရွက်ပေးရဲ့လား"

"ဆောင်ရွက်ပါပြီလား"

"လေး. . . စကားပြောတဲ့အခါကော ငေါက်ငမ်း ပြောဖူး
လား"

"မဟုတ်တာဗျာ၊ တစ်ခါမှ မပြောဖူးပါဘူး"

"ငါး. . . သူ့အပေါ်မှာ သစ္စာဖောက်ဖူးသလား"

"မဖောက်ဖူးပါဘူးဗျာ၊ သူကသာ ကျုပ်အပေါ် အခု
သစ္စာဖောက်နေပြီဗျ"

"ဒီလိုဆိုတော့ ကိုယ့်လူက မိတ်ဆွေဝတ္တရားနဲ့လဲ ညီညွတ်
ားပဲဗျာ၊ ဒီတော့. . ."

ထိုနေရာ၌ ဆိတ်ဖွားသည် ခေတ္တရပ်၍ ဆေးလိပ်ကို
လိုက်လေ၏။ ထို့ကြောင့် မောင်သံဟိတ်က သိချင်ဇောဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဘာဖြစ်သလဲ ကိုဆိတ်ဖွား"

"သူတို့ နှစ်ယောက်စလုံးကို သတ်ပစ်ရမယ်၊ သထ် ကောင်းမှာ၊ လောကထဲမှာ နေပြီး လောကသားတို့ လိုက်နာရ စည်းကမ်းကို မလိုက်နာတဲ့အတွက် လောကထဲက သူတို့ ယောက်ကို ထုတ်ပစ်ရမှာပဲ ကိုယ့်လူ၊ မဟုတ်ဘူးလား၊ ကိုယ့်လူ သချိုင်းမှာ အပစ်ခံရတယ်၊ မသေလို့ အိမ်ပြန်သွားပြန်တော့ မယားက မျှောက်မ ထားနေတာ၊ သားကလေးကို နှိပ်စက်နေ တွေ့ရတော့ ဘယ်လောက်များ ကိုယ့်လူရဲ့ရင်ထဲမှာ အပူမီးတော လောင်လိုက်မလဲဆိုတာ ကျုပ် ကိုယ်ချင်းစာမိတယ်"

မောင်သံဟိတ်သည် ဆိတ်ဖွား၏စကားကြောင့် ဆိတ် အား လွန်စွာ လေးစားမိလေ၏။

"ကိုယ့်လူရဲ့ ခေါင်းတစ်ခုလုံးကို ကြည့်စမ်း. . . ရော့. . ဟောဒီမှာ မှန်ကွဲကလေးတစ်ချပ် ရှိတယ်" ဟု ဆိုကာ မှန်ကွဲ လေးတစ်ချပ်ကို ပေးသဖြင့် မောင်သံဟိတ်သည် မှန်၌ ကြည့်လို ရာ သူ၏ နက်မှောင်လှသောဆံပင်တို့မှာ ဖျိုင်းတောင်ကဲ့သို့ ခေါင်းလုံး ဆွတ်ဆွတ်ဖြူ၍ နေသည်ကို တုန်လှုပ်ဖွယ်ရာ တွေ့ လေတော့၏။ ထို့ကြောင့် မျက်ရည်များ စီး၍ကျလာလေ၏။

"နာမ်ရဲ့အပူတွေဟာ ရုပ်ကို နှိပ်စက်တဲ့ သဘော တေဇောရဲ့လက္ခဏာပဲပေါ့"

"ကျုပ် ဘယ်လို လုပ်ရမလဲ ကိုဆိတ်ဖွားရယ်"

မောင်သံဟိတ်သည် ငိုသံပါကြီးနှင့် ဆိတ်ဖွားအား လိုက်လေ၏။

"ကိုယ့်လူ နာမည်က ဘယ်သူ၊ သူ့ဒွေး ဘယ်သူတုံ"

"သံဟိတ်ပါ"





"ကိုသံဟိတ်ပေါ့. . . ဟုတ်လား"

"ဟုတ်ပါတယ် ကိုဆိတ်ဖွား"

"ကိုသံဟိတ်ဟာ ဝမ်းရောဂါနဲ့ သေသွားပြီဗျ၊ မသေလဲ သပြီလို့ သဘောထားရတော့မယ်၊ ကိုယ့်အိမ် ကိုယ့်ရာ ကိုယ့်သား ယ့်မယားအနားကိုမှ ကိုယ် ပြန်ပြီးကပ်လို့မရတော့ဘဲ ချော်လဲ ထိုင်ဆိုတာလိုမျိုး ကံဆိုးတဲ့ သံဟိတ်ကို တစ်ခါတည်း သေစာ သွင်းလိုက်ရမယ် ကိုယ့်လူရ၊ ပြီးတော့ လူသစ်စိတ်သစ် နာ သစ်နဲ့ နေရမယ်၊ အဲဒီလိုနေပြီးတော့မှ သူတို့နှစ်ယောက်ကို န်ယူပြီး အဝီစိကိုပို့ရမယ်၊ ဒီတော့ သူတို့ကို သတ်တဲ့တရားခံကို ပါက သိကြားမင်း ဆင်းလာပြီး ပုလိပ်ထဲ ဝင်လို့ စုံထောက်ရင် ာင် ပေါ်နိုင်စရာ အကြောင်းမရှိတော့ဘူး ကိုယ့်လူရ"

မောင်သံဟိတ်သည် ဆိတ်ဖွား၏အကြံကို လွန်စွာ သ ာကျ၍ သွားလေ၏။

"ဟုတ်ပါတယ် ကိုဆိတ်ဖွားရယ်. . . ခင်ဗျား ပြောသလို ကျုပ်အဖြစ်ဟာ တစ္ဆေမှင်စာလို ကိုယ့်အိမ်ရှိလျက်နဲ့ အိမ်ပြန် မရဘဲ ရှိလျက်နဲ့ မတွေ့ရ၊ မယားရှိလျက်နဲ့ မပေါင်းရတော့တဲ့ စ်ပါဗျာ၊ သင်းတို့ကို ကျုပ် အရှင်မထားဘူး၊ ခင်ဗျားရဲ့အကြံအ လုပ်မယ် ကိုဆိတ်ဖွား၊ ပို့မယ့်ပို့ ကူးတို့ထိအောင် ပို့ဆိုတာလို ကြံပေးမယ့်ပေးလဲ အဆုံးထိအောင် ပေးစမ်းပါဗျာ"

"ကျုပ်ပြောပါရော ကိုယ့်လူ၊ စိတ်သစ်လူသစ်နာမည်သစ် ရမယ်လို့၊ တယ်ဒုံးဝေးသေးတာကိုး"

"ကဲဗျာ. . . နာမည်သစ်က ဘယ်လိုလဲ"

"နာမည်ဆိုတာက ဒီလို အရမ်းပေးလို့ ဘယ်ဖြစ်မလဲ သို့လူ၊ နာမကရဏာမင်္ဂလာ ခေါ်တဲ့ နာမည်ပေး ဝင်ပွန်းတပ်



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာလုပ်ပြီး မှည့်မှကောင်းတာ"

"ခင်ဗျားကလဲ. . . သချိုင်းကုန်းမှာ ဘယ်လိုလုပ်ပြီး ကင်ပွန်းတပ် မင်္ဂလာ လုပ်ရမှာလဲ၊ လုပ်တယ်ပဲ ထားဦး၊ ဘယ် တွေက လာမှာလဲ"

"ကိုယ့်လူရယ် ကျုပ်ရယ် နှစ်ယောက် ရှိတယ်လေ၊ နှ ယောက်နဲ့ပဲ လုပ်ကြတာပေါ့၊ ခဏနေဦးဗျာ. . . ကျုပ် ဆာထ လက်ဖက်ရည်နဲ့မုန့် သွားဝယ်လိုက်ဦးမယ်"

"ဈေးထိအောင် သွားရမလား"

"မသွားရပါဘူးဗျာ၊ ဟောဟိုနားမှာ ကုလားဆိုင်ထ ရှိတယ်ဗျာ၊ မကြာပါဘူးဗျာ"

ဟု ဆိုကာ ဆိတ်ဖွားသည် ချိုင့်စုတ်ကလေးတစ်လုံး ထွက်သွားလေ၏။ ဆိတ်ဖွား ထွက်၍သွားသည့်အခါ၌ မော ဟိတ်၏ စိတ်၌ သုဘရာဇာဆိတ်ဖွားဆိုသူကား ခင်မင်ဖို့လ ကောင်း၏။ လေးစားဖို့လည်း ကောင်း၏၊ သနားစရာလ ကောင်း၏၊ ထို့ကြောင့် မိမိရရှိထားသော ရတနာများအန အချို့တစ်ဝက်ကို သူ့အား ပေးရန် သင့်သည်ဟု ဆုံးဖြတ်မိသေ ထို့ပြင် မိမိမှာ ယခင်ကလို အမျိုးမြင့်ခြင်း၊ နိမ့်ခြင်းကို စဉ်းစာ ရန် မလိုတော့။ ဘဝတစ်ခုသို့ ကူးပြောင်းသွားသူကဲ့သို့ ယခ ပြုမူကျင့်ကြံခဲ့သည်များနှင့် ယခုပြုမူနေထိုင်ရမည်များ တစ် တစ်ဘာသာစီ ဖြစ်၍နေပြီဖြစ်ရာ မသတီခြင်း၊ ရွံခြင်း စသည် များ မလိုတော့ဟုလည်း တွေးတောမိလေ၏။

များမကြာမီ၌ပင် ဆိတ်ဖွား ပြန်၍ရောက်လာ၏၊ ' ဒီမှာ လက်ဖက်ရည် နှစ်ခွက်၊ အီကြာကွေးတ နှစ်ချောင်း၊ စီးထ က တစ်ဘူး' ဟု ဆိုကာ ကြွေရည်ကွာလျက် ရှိသော သံဇလုံအ





လေး နှစ်လုံးအတွင်းသို့ လက်ဖက်ရည် မျှ၍ထည့်ပြီးလျှင်. . .

"ကိုယ်လူ သောက်လိုက သောက်၊ မသောက်လိုက နေနိုင် ယ်၊ ဒီဥစ္စာ ကိုယ့်လူရဲ့ ကင်ပွန်းတပ်မင်္ဂလာပဲ၊ ဟဲ. . . ဟဲ. . ဟဲ င်ပွန်းတပ်မင်္ဂလာမှာ ကျုပ်က ဩဘာစာဖတ်ရတဲ့ ဘိသိက်ဆရာ ရာက လုပ်ရမှာပဲဗျာ၊ ကိုယ့်လူ လက်ခံတယ်နော်၊ လက်မခံလို့လဲ ရဘူး ကိုယ့်လူ၊ ကျုပ်ပဲ ရှိတဲ့ဥစ္စာ၊ ဟား. . . ဟား. . . ခဏနေဦး၊ ကျုပ် လက်ဖက်ရည် သောက်လိုက်ဦးမယ်" ဟု ဆိုကာ လက်ဖက် ည် သောက်လေ၏။

မောင်သံဟိတ်လည်း ဆိတ်ဖွားနှင့် တစ်သွေးတည်း တစ် ားတည်း နေမည်ဟု သဘောထားသည့်အလျောက် လက်ဖက် ည်ကို သောက်ရန် စိတ်ကူးလိုက်သော်လည်း ရွံ၍ ပျို့တက်လာမိ လေ၏။ အို. . . လူလူချင်းပဲ၊ ဘာရွံစရာရှိသလဲဟု ဆိုကာ သောက် ည်ဟု စိတ်ကူးကြည့်လိုက်ပြန်၏။ မသတီသဖြင့် မသောက်ဝံ့ဘဲ ွန့်၍သွားပြန်၏၊ ဤသို့ဖြင့် အကြိမ်ကြိမ် စိတ်တွင်း၌ ရှေ့တိုး နောက်ဆုတ် လုပ်နေရာ နောက်ဆုံး၌ ဆိတ်ဖွားဆိုသူကား ဘာပဲ ်ဖြစ် ယခုအခါ၌ ငါ၏မိတ်ဆွေဆိုလည်း ဟုတ်၏။ ဆရာဆို ည်း ဟုတ်၏။

မိတ်ဆွေဆိုလျှင်လည်း မိတ်ဆွေ၏ဝတ္တရားအတိုင်း တန်း ူ ရည်တူ ဆက်ဆံရန် လို၏။ ဆရာဆိုလျှင်လည်း ထိုနည်းတူစွာ င် မိမိက တပည့်ဝတ္တရားအတိုင်း ဆက်ဆံရပေမည်။ ဤသည်မှာ လောကတွင် နေထိုင်သော လောကသားတို့ လိုက်နာရန် စည်း မ်း ဖြစ်၏၊ ဤသို့ မလိုက်နာလျှင် မိမိသည် ခင်ခင်စိန်နှင့် မောင်ချစ်ဖွယ်တို့ကဲ့သို့ပင် မိတ်ဆွေကို မိတ်ဆွေမှန်း မသိ၊ ကျေး ရှင်ကို ကျေးဇူးရှင်မှန်း မသိသော လူယုတ်မာ စာရင်း၌သာလျှင်



www.burmeseclassic.com

www.burmeseclassic.com



သွင်းရန်ရှိတော့သည်ဟု စဉ်းစားမိသည့်ကာလ၌ ရွှံရှာသောစိတ်
သည် ပျောက်လွင့်ကုန်လေ၏။ လူတို့သည် အမှန်စင်စစ်အား
၎င်းကိုယ်တိုင် ယုံကြည်လက်ခံထားသော အဘိဓမ္မာအတိုင်း
လျှင် ပြုမူလှုပ်ရှားရစမြဲ ဖြစ်ပေရာ မောင်သံဟိတ်သည် သံ
အစုတ်ကလေးတွင် ဆိတ်ဖွား ထည့်၍ပေးထားသော လက်
ရည်ကို မိမိအိမ်၌ ကောင်းမွန်စွာ ဖျော်၍ စိန်ဘောဂ တံဆိပ်
ရိုက်နှိပ်ထားသည့် တရုတ်ပြည်သို့ အထူးမှာယူသော လက်
ရည်ပန်းကန်၌ ထည့်ကာ သောက်သကဲ့သို့ပင် ကောင်းမွန်
သောက်လိုက်လေတော့၏။ အီကြာကွေးကိုလည်း မြိန်ရှက်စွာ
ဖဲ့၍စားလေ၏။ မောင်သံဟိတ်၏ အပြုအမူကို ကြည့်ကာ ဆိ
ဖွားက နှစ်ခြိုက်စွာ ပြုံးလျက်. . .

"ကိုယ့်လူ ဒုံးမဝေးတော့ဘူး၊ ဟား. . . ဟား. . . စော
က ဒီလို ဒုံးမဝေးခဲ့ရင် ကိုယ့်လူမိန်းမလဲ လင်ငယ်နေမှာ မဟုတ်
ဘူး၊ ကိုယ့်လူ သူငယ်ချင်း မောင်ချစ်ဖွယ်ဆိုတာလဲ ကိုယ့်လူအ
မှာ အခုလို သစ္စာဖောက်နိုင်မှာ မဟုတ်ဘူး၊ ပျက်အစဉ် မြင်ခ
ပေါ့ ကိုယ့်လူရာ၊ လူသစ် စိတ်သစ် နာမည်သစ်ပေါ့ ဟုတ်ဘူးလား
ကဲ. . . ကဲ. . . နာမည်ပေး ကင်ပွန်းတပ် နာမကရဏမင်္ဂလာ
ကျင်းပတော့မယ်၊ နားထောင်ပါ၊ နာမည်မှည့်ခြင်း လေးမျိုးလော
စား ရှိတယ်. . .

တစ်. . မဟာဩသဓ နတ်ဆေးတောင့်ကို အမိဝမ်းတွင်
ကပင် ကိုင်၍ ဖွားမြင်လာတဲ့အတွက် မဟော်သဓာလို့ အမည်တွင်
တယ်၊ အဲဒါမျိုးက အနွတ္တ အမည်လို့ ခေါ်တယ်၊ အကြောင်းတရား
ပေါ် မူတည်ပြီး မှည့်ခေါ်တဲ့ အမည်မျိုး. . .

နှစ်. . . မြင့်စေချင် မြတ်စေချင်လို့ မောင်မြင့်မြတ်





ခေါ်တာမျိုး၊ အောင်မြင်စေချင် ထွန်းကားစေချင်လို့ မောင်အောင်
ထွန်းလို့ ခေါ်တာမျိုးက ရုဒ္ဓိအမည်လို့ ခေါ်တယ်၊ အကျိုးတရား
ပေါ်မှာ မူတည်ပြီး ခေါ်တဲ့အမည်မျိုး. . .

သုံး. . . မောင်သော်၊ မောင်ဇင်၊ မောင်ဘဒင် စတဲ့ အ
မည်မျိုးက လူရယ်လို့ ဖြစ်လာရင် နာမည်တော့ ရှိစမြဲမို့ ခေါ်လို့ရရုံ
မှည့်တဲ့ အမည်မျိုး၊ အဲဒါကို သညာအမည်လို့ ခေါ်တယ်၊ အ
ကြောင်းတရားလဲ မပါ၊ အကျိုးတရားလဲ မပါဘဲ မှည့်တာမျိုးပေါ့၊

လေး. . အဲဒါကတော့ အဆိုးဆုံးပဲ၊ ခွေးပု၊ ခွေးမ၊ ဝက်ပု၊
ကြွက်စုတ် စတဲ့ လူကို နှာမ်နှိမ်ပြီး မှည့်တဲ့အမည်မျိုး၊ အဲဒါက
ညီအမည်လို့ ခေါ်တယ်၊ ဒီနာမည်မျိုးကတော့ မမှည့်အပ်ဘူး၊
နာမည်မျိုးနဲ့ အထွတ်အထိပ် ဘယ်တော့မှ မရောက်နိုင်ဘူး၊
န်းရင်းဝန် ဦးခွေးဆိုတာမျိုး၊ မင်းတိုင်ပင်အမတ် ဦးကြွက်စုတ်
ဆိုတာမျိုး ဘယ်တော့မှ မရှိဘူး၊ ခင်ဗျားကော ဒီနာမည်နဲ့ အကြီး
အကဲ တက်ပြီးဖြစ်တဲ့လူကို တွေ့ဖူးသလား ကိုယ့်လူ" ဟု မောင်သံ
ဟိတ်ကို မေးလိုက်ရာ မောင်သံဟိတ်က. . .

"ဟင့်အင်း. . . မကြားဖူးပါဘူးဗျာ၊ ဒီလိုနာမည်မျိုးနဲ့ အ
ကြီးအကဲ တက်ပြီးမဖြစ်နိုင်ဘူးဆိုတာလဲ ကျုပ်ဖြင့် မစဉ်းစားမိပါ
ဘူး၊ အခု ခင်ဗျားပြောမှပဲ သိတော့တယ်"

"တစ်ခုတော့ ရှိတယ်၊ ရာဇဝင်မှာတော့ စလေက ငခွေး
ဆိုတဲ့ လှေထိုးသားနဲ့ မင်းခွေးခြေးဆိုတဲ့ မင်းသားတစ်ပါးဟာ
ဆိုရင် တက်ပြီးဖြစ်ဖူးတယ်ဗျ၊ ဒါပေမယ့် နန်းသက်တော့ မရှည်ပါ
ဘူး၊ ရာဇဝင်တစ်ခုလုံးမှာ ဒီနှစ်ယောက်တည်း ဖြစ်ဖူးတာဆိုတော့
ဒီအမည်မျိုး မမှည့်အပ်ဘူးဆိုတာ ထင်ရှားလှတယ်"

"ဟုတ်ပါတယ် ကိုဆိတ်ဖွား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ကိုယ့်လူကိုလဲ အနွတ္တအမည်ပဲ ပေးရမှာပဲ၊ ခင်ဗျား အဖြစ်ဆိုးလိုက်တာကလဲ တကယ့်ကို တာတေလံနေတာ မဟုတ်လား၊ ဒါကြောင့် ကိုယ့်လူကို 'တာတေ' လို့ ကင်ပွန်းတပ်မယ်၊ ခင်ဗျားက သောကြာသား မဟုတ်လား၊ စနေနှစ်လုံးဆင့် ပေးထားတာ၊ အညွန့်ကြိုက်တွေချည်းပဲ၊ ဒါပေမယ့် သောကြာ စနေကတော့ ရန်ဓာတ်ဖြစ်တယ်၊ ဒါက ကိစ္စမရှိဘူး၊ သရော ကျမ်းအလိုအားဖြင့် တာတေဆိုတဲ့ အမည်ဟာ ဥတ္တရ နက္ခ နဝင်းကလဲ စနေ၊ ကြင်းကလဲ စနေ၊ ရာသီက မကာရ ဆိုတော ကိုယ့်လူ ကျော်ပေရော့၊ တစ်တိုင်း တစ်ပြည်လုံးကကို သိရစေ အမည်ပဲ၊ ကြံစည်ထားတာလဲ အောင်မြင်ရပေမယ်၊ ကိုယ့်လူ လည်မှာ မဟုတ်လို့ ဆန်းဂိုဏ်းတွေဘာတွေနဲ့တော့ ရှင်းမပြတော့ ဘူး၊ ကိုယ့်လူ ကြိုက်ရဲ့လား"

"ကြိုက်ပါတယ် ကိုဆိတ်ဖွား"

"ဟဲ. . . ဟဲ. . . ကိုယ့်လူ ဒုံးမဝေးတော့ဘူး၊ ဟုတ်လား ရိုးရိုးအမည်တော့ ပြီးသွားပြီ၊ တကယ့်ကို ရည်ရွယ်ချက် ကြီးကြီး မားနဲ့ အလုပ်လုပ်တဲ့လူဆိုတာ ဝိသေသအမည်လဲ ဆက်ပေးရမ ဒါမှ လူထဲမှာ ဝိသေသ ထူးမှာမဟုတ်လား၊ ဥပမာဗျာ. . ဘိုးသ တွေတော့ အများကြီးပဲ ရှိတာပေါ့၊ 'ဆာ'လို့ ဆိုလိုက်တော့ တခြ ဘိုးသာတွေနဲ့ ကွဲသွားရော မဟုတ်လား၊ ဘိုးစိန်တွေလဲ အများကြီး ပေါ့၊ ဂရိုတ်ဘိုးစိန်ဆိုတော့ ထူးသွားရော မဟုတ်လား"

"ဟုတ်တယ် ကိုဆိတ်ဖွားရေ. . . ခင်ဗျား တော်တော လေ့လာထားတဲ့လူပဲဗျာ၊ ဟဲ. . . ဟဲ. . . ကျုပ်ရဲ့ ဝိသေသအမ ကို ဘယ်လိုပေးမလဲ၊ လုပ်စမ်းပါဦး၊ ကျုပ်တော့ ခင်ဗျားကို တော တော် စိတ်ဝင်စားလာပြီဗျာ၊ လေးလဲ လေးစားပါတယ်ဗျာ"





"ဟဲ. . . ဟဲ. . . ကိုယ့်လူ ဒုံးမဝေးတော့ဘူး၊ ဒီလိုဗျ. . . ခင်ဗျား ချမ်းတော့ချမ်းသာတယ်၊ ဘယ်နေရာရောက်ရောက် ခင်ဗျားဟာ ကိုကြိုတက် ချမ်းသာမှာပဲ၊ ဒါပေမယ့် ဩဇာကတော့ မရှိဘူး၊ လူနှစ်မျိုးရှိတယ်၊ ဓနရုပ် ရတဲ့လူနဲ့ ရာဇရုပ် ရတဲ့လူရယ်လို့ နှစ်မျိုးရှိတယ်ဗျ၊ ခင်ဗျားဟာ ဓနရုပ်တော့ ရှိတယ်၊ ရာဇရုပ်တော့ မရှိရှာဘူး၊ ဒါကြောင့် ဝိသေသအမည်မှာ ရာဇရုပ် ရအောင်မှည့်ရမယ်၊ ဒါပေမယ့် ခင်ဗျားဟာ ထင်ထင်ရှားရှား နေဝံ့တဲ့လူ မဟုတ်တဲ့အတွက် ရာဇရုပ် ဖြည့်ပေးရင်လဲ တောပုန်းပြီး နေရတဲ့လူလို ဖြစ်နေတာမို့ တောဆိုတဲ့သဘောလဲ ပါစေ၊ ရာဇာဆိုတဲ့သဘောလဲ ပါစေဆိုတဲ့သဘောနဲ့. . ."

"မြိုင်ရာဇာတာတေလို့ ခေါ်ရမယ်"

"မြိုင်ရာဇာတာတေ"

"မြိုင်ရာဇာတာတေ"

"မြိုင်ရာဇာတာတေ"

"ဟား. . . ဟား. . . ဟား. . ဟား. . . ဟား. ."

ဆိတ်ဖွားက မြိုင်ရာဇာတာတေဟု ကင်ပွန်းတပ်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုအမည်၌ မည်မျှ အင်အားကောင်းသော ဓာတ်သက်များ ပါဝင်နေသည် မသိပေ။ မောင်သံဟိတ်သည် ကြက်သီးမွေးညင်းများ ထ၍ ရင်တွင်း၌လည်း "မြိုင်ရာဇာတာတေ" ဟူသော အသံများသည် ဂယက်ထ၍ မရပ်မနား အော်ဟစ်လျက်ရှိသည်ဟု ထူးခြားသော ခံစားမှုကို ခံစားရလေတော့၏။ ဆိတ်ဖွားမှာလည်း သူ့ဘာသာ သဘောကျလျက် တဟားဟား ရယ်မော၍ နေလေတော့၏။

"ဒီတော့မှ သုဘရာဇာ ဆိတ်ဖွားနဲ့ မြိုင်ရာဇာတာတေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ရာဇာချင်း ဖြစ်သွားရောပေါ့ ကိုယ့်လူ. . . ဟုတ်ဘူးလား"

မောင်သံဟိတ်သည် ရရှိထားသော ရတနာပစ္စည်းများ အနက်မှ ဆိတ်ဖွားအား အချို့အဝက်ကို ခွဲဝေပေးရန် စဉ်းစားထားသည့်အတိုင်း. . .

"ကိုဆိတ်ဖွား"

"ဗျို့. . ."

"ကျုပ်တော့ ရတနာပစ္စည်းတွေ ရထားတယ်၊ အဲဒီအထဲက ခင်ဗျားကို ကျုပ် ခွဲပေးမယ်ဗျာ" ဟု ဆိုကာ ရတနာထုပ်ကို ဖြေလေ၏။ ဆိတ်ဖွားသည် ရတနာပစ္စည်းများကို ကြည့်ပြီးလျှင် စိတ်မဝင်စားဘဲ ဆေးလိပ်တစ်လိပ်ကိုသာ သောက်နေလေ၏။

"ကိုတာတေ. . . ခင်ဗျားဟာတွေ ပြန်ပြီးထုပ်ထားစမ်းပါဗျာ၊ ကျုပ် မလိုချင်ပါဘူး"

"မလိုချင်ဘူး ဟုတ်လား"

"ဟုတ်ပါတယ်. . . မလိုချင်ပါဘူး"

"ရတနာကို မမက်တဲ့လူ ခင်ဗျား တစ်ယောက်တည်းပဲ ကျုပ်တော့ တွေ့ဖူးသေးတယ်၊ အဆန်းပဲဗျာ"

"ကိုတာတေ. . . ခင်ဗျားဟာ ဒုံးဝေးသေးတာပဲ၊ ရတနာဆိုတာ လူတိုင်းနဲ့ တည့်တာမဟုတ်ဘူးဗျ၊ ခင်ဗျား စဉ်းစားကြည့်လေ၊ ကျုပ်ဟာ ဒီသချိုင်းနဲ့ ဒီကမ္ဘောဇ်ဇရပ်ကလေးမှာ နေတာကြာလှပြီ၊ ဒီပစ္စည်းတွေ ကမ္ဘောဇ်ဇရပ်နံရံမှာ ရှိတယ်ဆိုတာ မသိခဲ့ဘူး၊ ခင်ဗျားဟာ အဲဒီညက ဇရပ်ထဲက ထွက်ဖို့ကြံရင်းကနေ ဒီရတနာတွေကို ရခဲ့တယ်၊ ပြီးတော့ မြေပုံတစ်ခုက မှတ်တိုင်ကို ဖြုတ်ယူပြီး ဇရပ်နောက်က တောင်ကုန်းပေါ်မှာ ကျင်းတူးပြီး မြှုပ်ထားခဲ့တယ် မဟုတ်လား"





တာတေသည် လွန်စွာ အံ့ဩ၍ သွားလေ၏။

"ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ ကိုဆိတ်ဖွား"

"ကိုယ့်လူ ဒုံးဝေးသေးတာပဲကိုး"

ဆိတ်ဖွားသည် သူ၏ လက်သုံးစကားအား ထပ်သုံးပြန်၏။

"ကိုယ့်လူ ပြန်သွားတော့ ဇရပ်ထဲကို ကျုပ်ရောက်တာပေါ့၊ နံရံမှာ ဟောင်းလောင်းကြီး ဖြစ်နေတယ်၊ ရှေးဟောင်းသေတ္တာကြီး တစ်လုံးလဲ ပျက်နေတယ်၊ ပြီးတော့ ဒီသချိုင်းက ကိုပွင့်လင်း အသက် (၄၃)နှစ်ဆိုတဲ့ မှတ်တိုင်တစ်ခုလဲ ပျောက်နေတာကို ဆက်စပ်ပြီး တွေးလိုက်ရင် အဖြေရတာပေါ့ဗျာ၊ ကိုယ့်လူ ရတနာတွေ မြှုပ်တဲ့နားကနေပြီး မှတ်တိုင်ကိုတောင် ကျုပ် ပြန်ကောက်ပြီး သူ့နေရာနဲ့သူ စိုက်ထားခဲ့သေးတယ် ကိုယ့်လူ၊ ရတနာတွေကို မလိုချင်လို့ မယူတာပဲ"

တာတေ၏စိတ်၌ ဆိတ်ဖွား၏ လောဘသတ်နိုင်ပုံကို မချီးကျူးဘဲ မအံ့ဩဘဲ မနေနိုင်အောင် ရှိလေတော့၏။ အမှန်တကယ် ပင် ထူးပါပေသည်။ ပညာရှိပါပေသည်ဟုလည်း လေးစားမိလေ၏။

"ကိုဆိတ်ဖွား. . . လောလောဆယ်တော့ ကျုပ် ခင်ဗျားနဲ့ ခနေရမှာပဲ၊ တခြားကို သွားလဲ သွားခဏ လာခဏပဲ၊ ဒီတော့ ဒီ ပစ္စည်းတွေကို ဝှက်ထားဖို့လဲ ခင်ဗျားပဲ စီစဉ်ပေးပါ၊ ဒီတော့ ဒီ ပစ္စည်းတွေ ခွဲပေးတာကိုတော့ လက်မခံချင် နေပါ၊ ကျုပ်က ပြုစု ည့်ခံတာ ဝယ်ပေးတာများကိုတော့ လက်ခံပါဗျာ. . . ခင်ဗျားက သာ ငြင်းလိုက်ရင်တော့ ကျုပ်ဟာ တကယ့်ကို အားကိုးရာမဲ့တဲ့ သူတစ်ယောက် ဖြစ်သွားပါမယ်ဗျာ၊ အခုတော့ ဘာပဲဖြစ်ဖြစ် ကျုပ် မှာ မိတ်ဆွေကောင်း တစ်ယောက် ရှိလေရဲ့ဆိုပြီး တော်တော်ပဲ



www.burmeseclassic.com

www.burmeseclassic.com



အားရှိနေတာဗျ”

“ကိုယ့်လူ ဒုံးမဝေးတော့ဘူး၊ စိတ်ချစမ်းပါဗျာ၊ ရာဇာ အချင်းချင်းပဲ၊ ခင်ဗျားကို ပစ်မထားပါဘူး”

“နေစမ်းပါဦး. . . ကိုဆိတ်ဖွားရဲ့၊ မနက်က ကျုပ် လာတုန်းက ခင်ဗျားက ကမ္ဘဋ္ဌာန်း ထိုင်နေတယ် မဟုတ်လား၊ ကျုပ် ကြားဖူးတာကတော့ တရားသမားတွေဟာ လူတစ်ဖက်သားကို သတ်ဖို့ဖြတ်ဖို့ မတိုက်တွန်းကြပါဘူး”

“ဟား. . . ဟား. . ကိုယ့်လူ ဒုံးဝေးသေးတာပဲ”

“လာပြန်ပြီလား ဒီဒုံး”

“ကျုပ် ထိုင်နေတာက တရားရဖို့အတွက် မဟုတ်ပါဘူး ကျုပ်ရဲ့စိတ်ကလေး တည်ငြိမ်ရုံ လေ့ကျင့်နေတာပါဗျာ”

ထို့နောက် ထိုသချိုင်းအတွင်း၌ပင် အုတ်ဂူတစ်ခုကို ပြုလုပ်လေ၏။ ထိုဂူ၌ မောင်သံဟိတ် အသက်(၂၉)နှစ်ဟူသောစာကိုလည်း ရေးထွင်းထားလေ၏။ ထိုဂူအတွင်း၌ မြိုင်ရာဇာတာတေ အမည်ခံ မောင်သံဟိတ်၏ ရတနာများကို ထည့်သွင်းထားလေ၏။ သို့ရာတွင် အလွယ်တကူ ထုတ်ယူခြင်း၊ ပြန်၍ထည့်နိုင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်ရန်လည်း လျှို့ဝှက်စွာ စီစဉ်ထားလေ၏။ ထိုညကမှာ ဆိတ်ဖွား၏ညကဖြစ်ကြောင်းကို အထူးဖော်ပြရန် မလိုတော့ပါ။

. . . ဇာတ်သိမ်း . . .





# မြိုင်ရာဇာတာတေနှင့် သားကလေး မောင်သာမိုး

တစ်နေ့သ၌ ရန်ကုန်မြို့၏ တစ်ခုသော ဟိုတယ်ကြီး၌ ခမ်းနားသပ်ရပ်စွာ ဝတ်စားဆင်ယင်ထားသည့် တရုတ်နှစ်ယောက်တို့သည် ရောက်ရှိကာ တည်းခိုနေလေ၏၊ တရုတ်တစ်ယောက်၏ အမည်မှာ မစ္စတာရှင်လျှံ ဟူ၍ဖြစ်ပြီး တခြားတစ်ယောက်၏ အမည်မှာ မစ္စတာရှုပ် ဟူ၍ဖြစ်လေ၏။

မစ္စတာရှင်လျှံဆိုသူမှာ သချိုင်းသို့ သေပြီဟုဆို၍ ရောက်ခဲ့ပြီးလျှင် သချိုင်း၌ အသက်ပြန်၍ရှင်လာသည်နှင့်အမျှ ပစ္စည်းများ ပြည့်လျှံစွာ ချမ်းသာကြွယ်ဝပြန်သဖြင့် ရှင်လျှံဟု ခေါ်ဝေါ်ကြောင်း၊ မစ္စတာရှုပ်ဆိုသူမှာလည်း သူဘရာဇာတစ်ဦးသာလျှင်ဖြစ်ပြီး သူတစ်ပါး၏ကိစ္စအတွင်း၌ ဝင်၍ရှုပ်ရသောကြောင့် မစ္စတာရှုပ်ဟု ခေါ်ဝေါ်ကြောင်းကို ၎င်းတရုတ်နှစ်ဦးမှလွဲ၍ မည်သူ


www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတစ်ယောက်မျှ ရိုင်းစားမိခြင်း မရှိကြပေ။

ဟိုတယ် အလုပ်သမားများသည် ထိုတရုတ်နှစ်ဦးအား လုပ်ပေးစရာရှိသည်များကို သူလုပ်မည် ငါလုပ်မည်ဟု ငြင်းခုံကြရသည်အထိ ထိုတရုတ်နှစ်ဦးတို့၏ အမှုကိစ္စများကို လုပ်ကိုင်ပေးလိုကြပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုတရုတ်နှစ်ဦးသည် စေသန္တရာနှင့် မည်သို့ တော်စပ်ကြသည်မသိ။ ပေးကမ်းစွန့်ကြဲသောအရာ၌ လွန်စွာ ရက်ရောကြသောကြောင့် ဖြစ်လေ၏။

"ကိုတာတေရေ. . ဒီဟိုတယ်ကြီးမှာ နေရတာက ကောင်းတော့ ကောင်းပါတယ်ဗျာ"

မစ္စတာရှုပ် အမည်ခံ ဆိတ်ဖွားက တိုးတိုးသက်သာ စကား စလိုက်လေ၏။

"ကောင်းတော့ ကောင်းပါတယ်ဆိုပြီး ဘာက ဘယ်လိုဖြစ်ပြန်လို့လဲ ကိုဆိတ်ဖွား"

"ကိုယ့်လူကို ပြောရင် ယုံမလား မဆိုနိုင်ဘူး၊ ညတ အိပ်မပျော်ဘူးဗျ၊ ဟိုက ယားသလိုလို ဒီက ယားသလိုလိုနဲ့၊ ကျုပ်ဖြင့် ဒီဟိုတယ်ကို သိပ်ပြီး မသတီဘူးဗျာ"

"ရန်ကုန်မြို့မှာ အသန့်ပြန့်ဆုံး၊ ဈေးအကြီးဆုံး ဟိုတယ်ကြီးကိုများ ခင်ဗျားက မသတီဘူးရယ်လို့ ရှိရသေးလားဗျာ"

"ဟုတ်တယ်ဗျ. . . စားရသောက်ရတာလဲ ဇွန်း ခက်ရင်းနဲ့ဆိုတော့ ပိုပြီးဆိုးသေးတယ်၊ ဒီဇွန်းခက်ရင်းဆိုတာတွေက လူပေါင်းစုံ အသုံးပြုထားတဲ့ပစ္စည်းတွေ မဟုတ်လားဗျာ၊ ဘယ်လောက်ပဲ ပြောင်အောင်ဆေးဆေး ကျုပ်နှာခေါင်းထဲမှာတော့ အနံ့အသက်ရနေသလိုပဲဗျ"

"ခင်ဗျား ထင်လို့ပါဗျာ"





"မဟုတ်ဘူးဗျ၊ မျိုးမသန့်တဲ့လူတွေနဲ့ ထိမိခိုက်မိရင် ကျုပ်က သိပ်ယားတယ်ဗျ"

"ဟား. . . ဟား. . . မစ္စတာရှုပ် ကြည့်လဲလုပ်ပါဦး၊ ခင်ဗျား စကား ဟုတ်သေးရဲ့လား"

"ဟုတ်တာပေါ့ဗျ၊ မျိုးမသန့်ဘူးဆိုတာ ကိုယ့်လူ နားမှ မလည်တဲ့ဥစ္စာ၊ ကိုယ့်လူက ဒုံးဝေးသေးတာကိုး"

"လုပ်စမ်းပါဦး"

"ဒီလိုဗျ၊ သူခိုးဆိုပါတော့ဗျာ. . . သူခိုးရဲ့အလုပ်ဟာ ခိုးရန်ပဲပေါ့၊ ဒီတော့ ခိုးတော့ခိုးပါ၊ ဒါပေမယ့် အိမ်ရှင်နိုးရင်တော့ ထွက်ပြေးပေါ့၊ အိမ်ရှင်နိုးရင်လဲ မပြေးဘဲ အိမ်ရှင်ကို ဓားနဲ့တော့ပြီး ခါးပြပါ တိုက်မယ်ဆိုရင် သူခိုး မဟုတ်တော့ဘူး၊ သူခိုးမပီသတော့ဘူး၊ မျိုးပျက်သွားပြီ၊ တရားသူကြီးလဲ ဒီလိုပဲ၊ အမှုကို မှန်မှန်ကန်ကန် စစ်ဆေးဆုံးဖြတ်ပေးရင် တရားသူကြီးအစစ်ပဲ၊ ဒီလိုမှမဟုတ်ဘဲ လာဘ်စားပြီး မဟုတ်မမှန် ဆုံးဖြတ်ရင်တော့ တရားသူကြီးလဲ မျိုးပျက်ပြီ၊ မျိုးမသန့်တော့ဘူး၊ အဲဒီလူတွေဟာ မူလမျိုးရိုးကနေ သုတ်လျော့သွားတဲ့အတွက် အမျိုးယုတ်လို့ ခေါ်နိုင်တယ်"

"ကိုဆိတ်ဖွား. . . ဒီလိုဆိုရင်တော့ ခင်ဗျား အမြဲတမ်း ယားနေရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားပြောတဲ့ အမျိုးယုတ်တွေက များနေပြီဗျ"

ထိုသူနှစ်ဦးသည် လွတ်လပ်စွာ ဟိုတယ်၌ တည်းခို၍ ဘိုင်စကုတ် ကြည့်ခြင်း၊ နဝမည်ကြီးကလပ်များသို့ ဝင်၍ အရက်သောက်ခြင်း၊ ရေကူးခြင်း၊ ပျော်ပွဲစားခြင်း၊ ဘိလိယက်ထိုးခြင်းသည့် သုဘာရာဇာတို့ မလုပ်သော အလုပ်ဟူသမျှကို လုပ်ကိုင်လျက် ရှိကြလေ၏၊ ၎င်းတို့အား အခြားသူများက မြန်မာရည်လည်



www.burmeseclassic.com

www.burmeseclassic.com



သော တရုတ်ကုန်သည်ကြီး နှစ်ဦးဟုသာ ထင်မှတ်ကြလေ၏။

အရက်သောက်ခြင်းဆိုရာ၌ မြိုင်ရာဇာ တာတေသာလျှင် သောက်၏။ သုဘရာဇာ ဆိတ်ဖွားက လုံးဝမသောက်ပေ။ လောင်းကစားခြင်း အလုပ်များ၌လည်း ထိုနည်းတူစွာပင် ဆိတ်ဖွားသည် လောင်းကစားမှုကို လုံးဝမပြုလုပ်ခဲ့ပေ။

ရန်ကုန်သို့ မရောက်မီ သူတို့သည် ရှမ်းပြည်နယ်သို့ တက်၍ စော်ဘွားတစ်ဦးထံ၌ ရတနာပစ္စည်းတစ်ခုအား သွားရောက် ရောင်းချခဲ့ကြလေ၏။ ရှမ်းပြည်နယ်တွင် (၃၆)ကောင် ကစားဝိုင်းသည် လွန်စွာ ခေတ်စားသည်ဖြစ်ရာ တာတေက လောင်းကစား လုပ်လိုသည်ဆို၍ ကစားဝိုင်းသို့ ရောက်ခဲ့လေ၏။

ကစားဝိုင်းဒိုင်က အောက်ပါ အတိတ်စိမ်းကို ပေးလေ၏။

(နဖူးကမောက်၊ ဖင်ကကောက်၊ လင်ရပေါက်တော့ ဝေးလေပြီ)။

၎င်းအတိတ်စိမ်းကို တာတေက သေချာစွာ စဉ်းစားပြီးလျှင်. .

"ကိုဆိတ်ဖွားရေ. . လင်ရပေါက် ဝေးပြီဆိုရင်တော့ မထ... သီလရှင်ဝတ်ဖို့ပဲ ရှိတော့တာပေါ့ဗျာ၊ ကျုပ်တော့ မယ်သီလရှင်မှာ... ကို တစ်ရာဖိုး လောင်းလိုက်ချင်တယ်"

"မဟုတ်ဘူးဗျ၊ မြင်းကို ထိုးရမယ်"

"ဘာဆိုင်လို့လဲဗျ"

"ဆိုင်တဲ့အကြောင်းကို သိချင်ရင် ထိုးကြည့်စမ်းပါဗျ၊ တ... ရာဖိုး မလုပ်နဲ့၊ လေးရာဖိုးလောက် ထိုးကြည့်" ဟု ဆိုသဖြင့် တာတေသည် မြင်းကို လေးရာဖိုး ထိုးကြည့်ရာ အလျော်ရလေ၏... ဒိုင်၏ ရှင်းပြချက်မှာ "လင်ရပေါက်တော့ ဝေးလေပြီ" ဆိုခြင်း... ...ကြောင့် လင်ရပေါက် ဝေးသော မိန်းမသည် ကမြင်းရန် လိုသည် ...၍ မြင်းကို ဖွင့်သည်ဆို၏၊ နောက်တစ်ခါ၌လည်း. . .

(ခေါင်းကိုလည်းကုပ်၊ စာချုပ်ချုပ်၊ ဘိုးတုတ် အရကော် ...သ)။

ဟု အတိတ်စိမ်း ပေးသောကြောင့် တာတေက. . .

"ကိုဆိတ်ဖွား. . . စာချုပ်ချုပ်တယ်ဆိုတာ မယုံကြည်လို့ ...ကြည်အောင် ချုပ်တာ မဟုတ်လားဗျ၊ ကျုပ်တော့ ယုန်ကို ...စ်ရာဖိုးလောက် လောင်းချင်တယ်ဗျာ"

"ကိုယ့်လူက ဒုံးဝေးသေးတာကိုး၊ လိပ်ကို ငါးရာဖိုးလောက် ...ုးရမယ်ဗျ" ဟု ဆိုသဖြင့် လိပ်ငါးရာဖိုး ထိုးလိုက်ရာ အလျော်ရ ...န်လေ၏။

"ကိုဆိတ်ဖွား. . . အဲဒီအတိတ်စိမ်းနဲ့ လိပ်ရုပ်နဲ့က ဘယ် ...ိုး ဆိုင်လို့လဲဗျ"

"စာချုပ်ဆိုတာနဲ့ ယုန်ကိုတော့ စဉ်းစားမိကြမှာပဲ၊ ဒါကို ...ိုင်က သိတယ်ဗျ၊ စာချုပ်ဆိုတာ လိပ်ပြီးထားလေ့ရှိတယ် မဟုတ် ...ား ကိုယ့်လူ"

"ဟာ. . . ဟုတ်တယ်ဗျာ"

"ဟုတ်ရင် တော်တော့၊ သုံးသောင်းနှစ်ထောင့်လေးရာ ...ာင် ရနေပြီ မဟုတ်လား"

"ခင်ဗျားနဲ့သာ လောင်းကစား လုပ်ရရင်တော့ အပွပဲဗျို့"

"မလုပ်ပါနဲ့ ကိုယ့်လူရယ်"

ထိုသို့ ဆိတ်ဖွားသည် လွန်စွာကောက်ကျစ်စဉ်းလဲလှသော ...၆)ကောင်ဒိုင်၏ အတိတ်စိမ်းကိုပင် ဖော်ယူနိုင်သော်လည်း ၎င်း ...ဆန္ဒအလျောက် လောင်းကစား ပြုလုပ်သည်ဟူ၍ မရှိပေ။ ယခု







www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရောက်သည့်အခါ၌လည်း တာတေကသာလျှင် အမျိုးမျိုး ဖုံသော လောင်းကစားခြင်းများကို ပြုလုပ်သော်လည်း ဆိတ်ဖွ သည် လုံးဝမပြုလုပ်တော့ပေ။

မူလက ကြံစည်၍လာသော အစီအစဉ်အတိုင်း ဆိတ်ဖွ က လွန်စွာကောင်းသော မော်တော်ကားကြီးတစ်စီးကို ငှား လျက် စိန်ဘောဂတိုက်ကြီးသို့ သွားလေ၏။ ညွှန်ခန်းရှိ ဆိုဖာ တွင် ခင်ခင်စိန်နှင့် မောင်ချစ်ဖွယ်တို့သည် တစ်ဦးနှင့်တစ်ဦးဖ ထားကြရာမှ မိမိတို့ တိုက်ရှေ့သို့ မော်တော်ကားကြီးတစ်စီး လ ရပ်သဖြင့် ထကြည့်လေရာ ဘောင်းဘီအဖြူ၊ ကုတ်အကျီအ ဖိနပ်အဖြူ၊ ဦးထုပ်အဖြူတို့ကို ဝတ်ဆင်လျက် ရွှေကိုင်းမျက် တပ်၍ထားသော တရုတ်ကြီးတစ်ဦးသည် ကားထဲမှထွက်၍ မြ သို့ ဝင်လာသဖြင့် ခင်ခင်စိန်တို့သည် အံ့ဩစွာ ကြည့်နေကြ ထိုတရုတ်ကြီးသည် တိုက်တံခါးကို ခေါက်လေတော့၏။

"မစ္စတာ ဆံဟိတ်အိမ် မဟုတ်လား" ဟု ဆိတ်ဖွာ လက်ထဲတွင် ပိုက်၍ထားသော ဖိုင်တွဲကြီးကို ကြည့်၍ မေ ခင်ခင်စိန်သည် နားမလည်သဖြင့်. . .

"ဘယ်သူ့ တွေ့ချင်လို့ပါလဲရှင်"

"မစ္စတာဆံဟိတ်. . . မစ္စတာဆံဟိတ်၊ ဩော်. . ဦး ဟိတ်အိမ် မဟုတ်လား"

"ဩော်. . . ဦးသံဟိတ်လား၊ ဟုတ်ပါတယ်. . . ဟု တယ်၊ ဒါ ဦးသံဟိတ်အိမ်ပါပဲ၊ ဝင်ပါ. . . ဝင်ပါ" ဟု ဆိုကာ ခါးကို ဖွင့်၍ပေးလေ၏။

ဆိတ်ဖွားသည် ဟန်ပါပါနှင့် ဆိုဖာတစ်လုံးပေါ်တွင် ရောက် ထိုင်ပြီးနောက် ဖိုင်တွဲတစ်ခုကို ထုတ်၍ ခင်ခင်စိန်၏





ချပေးလေ၏။ ထိုဖိုင်တွဲ၏အဖုံး၌ အင်္ဂလိပ်၊ မြန်မာ၊ တရုတ် သုံး ဘာသာဖြင့် အစုရှယ်ယာဝင် မစ္စတာသံဟိတ်၊ မြန်မာပြည်၊ ရန် ကုန်မြို့၊ ငါးထပ်ကြီးဘုရားအနီး၊ ချာချီလမ်းဟု ရေးထားသည်ကို တွေ့ရလေ၏။

ဆိတ်ဖွားသည် ဖိုင်တွဲကြီးကို လှန်၍ပြလိုက်ရာ မြောက် များစွာသော စာချုပ်စာတမ်းများကို တွေ့ရလေ၏။

"ဦးဆံဟိတ်. . . ဟောင်ကောင်မှာ အစုရှယ်ယာတွေ အ များကြီး ဝင်ထားတာ အခုလေးလရှိပြီ၊ သူ ကုမ္ပဏီကို စာမရေးဘူး၊ အဲဒါ ကျုပ်တို့ကုမ္ပဏီက မြန်မာပြည်ကို တခြားကိစ္စနဲ့ လာရင်း ဦးဆံဟိတ်ကို ဝင်တွေ့ပါဆိုလို့"

ခင်ခင်စိန်နှင့် မောင်ချစ်ဖွယ်တို့သည် တစ်ဦးမျက်နှာကို တစ်ဦး လှမ်းကြည့်ကြပြီး တစ်ဦးကိုတစ်ဦး အကြံဉာဏ်တောင်း လျက် ရှိကြလေ၏။ ဤကိစ္စမှာ လွယ်လွယ်နှင့် အဖြေပေးရန်မဖြစ် ။ မောင်သံဟိတ်သည် ဟောင်ကောင် ကုမ္ပဏီများ၌ အစုရှယ် ာများ ဝင်ထားသည်ကို ယခင်က မသိရှိခဲ့ဘဲ ယခု မောင်သံ ိတ် မရှိသည့်အခါမှ ကုမ္ပဏီက လိုက်၍လာသည့်ကိစ္စ ဖြစ်ရာ ငွေအမြောက်အမြား ရဖွယ်ရာ ရှိသည်ကို ခင်ခင်စိန်ထက် မောင် ချစ်ဖွယ်က သွားရည်ကျလျက် ရှိလေတော့၏။ မည်သို့မည်ပုံ အဖြေ ပေးရမည်ကို မကြံတတ်အောင် ရှိနေစဉ်၌ ခင်ခင်စိန်သည် မိန်းမ ပီပီ ရှိသော မွေးရာပါ ဖြတ်ထိုးဉာဏ်ဖြင့်. . .

"အေးအေးဆေးဆေး စကားပြောတာပေါ့ ထောင်ကဲကြီး၊ ...န်မ ကော်ဖီသွားဖျော်လိုက်ပါဦးမယ်" ဟု ဆိုကာ အတွင်းသို့ ...၍သွားပြီးလျှင် မောင်ချစ်ဖွယ်ကိုပါ လိုက်ခဲ့ရန် မျက်ရိပ်ပြခေါ် ...သွားလေတော့၏။ ထို့ကြောင့် ခင်ခင်စိန် ဝင်သွားပြီး မှားမကြာ

www.burmeseclassic.com



မိန်းပင် မောင်ချစ်ဖွယ်ပါ မယောင်မလည်နှင့် ခင်ခင်စိန်၏နောက် သို့ လိုက်၍ဝင်သွားရာ မီးဖိုတွင်းသို့ ရောက်သည့်အခါ၌. . .

"ဒီလိုနဲ့ တူတယ်၊ ဟိုလူ ရှယ်ယာဝင်ခဲ့တဲ့ ကုမ္ပဏီ ကိုယ်စားလှယ် တရုတ်ကြီးရဲ့ စာချုပ်တွေကလည်း အများကြီး တော့ ဘယ်လောက်ဖိုးများ ဝင်ထားသလဲ မသိဘူး၊ ခင်တို့ တာပဲ"

"ကော်တာ ဟုတ်ပြီ၊ အခုလာတဲ့ တရုတ်စုတ်က ဟိုနေ့ သား သံဟိတ်ကို မေးနေတာ မဟုတ်လား၊ အဲဒါကြောင့် ဘယ် ဖြေရမလဲဆိုတာ အရင်စဉ်းစားပါဦး"

"ကိုကိုချစ်က ဟိုလူ့နေရာ ဝင်နေလိုက်ပေါ့"

"ဒီလို ဘယ်ရမလဲ ခင်ရယ်၊ ဒါလောက် ကုမ္ပဏီကြီး တော့ မှတ်ပုံတွေဘာတွေ ယူထားမှာပေါ့၊ ကိုကိုချစ် အစားဝင် ဘယ်ရမလဲ၊ ကိုကိုချစ် အစားဝင်လို့ရတဲ့နေရာ တစ်နေရာပဲ တယ်၊ ဟဲ. . . ဟဲ"

"လုပ်ပြီ၊ ဒီက အကောင်းပြောတာ၊ သူက ဖောက်ပြန် ဟု ဆိုကာ ခင်ခင်စိန်သည် မောင်ချစ်ဖွယ်၏ဗိုက်ကို ဆွဲ၍ဆိတ် ၏။ ထိုအခါ၌ အပြင်တွင် ကျန်ရစ်ခဲ့သော ဆိတ်ဖွားက. . .

"အဟမ်း. . . အဟမ်း" ဟု ချောင်းသံပေးလိုက်လေ ခင်ခင်စိန်က. . .

"ကဲပါ. . . တရုတ်ကြီးကို ဘယ်လို အဖြေပေးမှာလဲ၊ မြန် စဉ်းစားစမ်းပါ ကိုကိုချစ်ရဲ့"

"အမှန်အတိုင်း ပြောရမှာပေါ့၊ ဟိုကောင် သေပြီဆို ဖွင့်ပြောရမှာပေါ့ ခင်ရယ်၊ နောင်ကိုစွတော့ နောက်မှ ကြည့်ပြီး ကြတာပေါ့"





"ကဲ. . . ဟုတ်ပြီ၊ ကိုကိုချစ် ထွက်တော့၊ ဟိုတရုတ်ကြီးကို ထွက်ပြီး စကားပြောချေပါဦး၊ ခင် ကော်ဖီဖျော်လိုက်ဦးမယ်" ဟု ဆိုကာ မောင်ချစ်ဖွယ်အား တွန်း၍လွှတ်လိုက်လျှင် မောင်ချစ်ဖွယ် သည် ခင်ခင်စိန်၏ တင်ပါးကို ဆွဲ၍လိမ်ကာ မျက်နှာပိုးသတ်၍ ထွက်ခဲ့လေ၏။ တစ်အောင့်မျှကြာလျှင် ခင်ခင်စိန်သည် ကော်ဖီ ခွက်ကလေးဖြင့် ထွက်လာပြီးနောက် ဆိတ်ဖွားအား ကော်ဖီပန်း ကန် ချ၍ပေးရင်း "ကော်ဖီလေး သောက်လိုက်ပါဦး ထောင်ကဲ ကြီး" ဟု ညှို့ဝတ်ပြုလေ၏။

"ဦးဆံဟိတ် ဘယ်မှာလဲ၊ သူနဲ့ တွေ့ချင်တယ်"

"ဒီလိုပါရှင်၊ ဦးသံဟိတ် ဆုံးတာ လေးလလောက် ရှိပါပြီ"

"ဘာဆုံးတာလဲ"

"သေတာကို ပြောတာပါ ထောင်ကဲကြီး"

"ဩော်. . . သေပြီလား၊ ဘာလို့ အကြောင်းမကြားသလဲ၊ ခင်ဗျားက ဦးဆံဟိတ်နဲ့ ဘာတော်သလဲ"

"ကျွန်မ ဦးသံဟိတ်ရဲ့ မိန်းမပါ"

"ဒီလိုဆိုရင် သူ့ကိုယ်စား ခင်ဗျားနာမည်ကို ပြောင်းရ မယ်၊ ဒါမှ နောက်ကို ငွေတွေ လွှဲပေးရင် ခင်ဗျားကို လွှဲပေးရမှာ၊ ပေမယ့် ခင်ဗျား ယောကျ်ားမယူမှ ရမှာ၊ ကုမ္ပဏီမှာ ဥပဒေ ရှိတယ်၊ နေဦး. . . နေဦး၊ ဦးဆံဟိတ် မိန်းမဆိုတော့ (ဖိုင်တွဲကို လှန်၍ကြည့်ပြီးနောက်) ခင်ခင်စိန် ဆိုတာပေါ့"

"ဟုတ်ပါတယ်"

"ခင်ဗျား. . ယောကျ်ား ထပ်ပြီးမယူသေးဘူး မဟုတ်လား"

"ထောင်ကဲကြီးရယ်. . . မေးရက်ပလေ၊ ယောကျ်ား သေ တာမှ လေးလလောက်ပဲ ရှိသေးတယ်၊ ကျွန်မမှာ ကိုသံဟိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



လွမ်းလို့မှ အားမရသေးပါဘူးရှင်” ဟု ဆိုကာ မျက်ရည်များ ကျလေ၏။ ဆိတ်ဖွားသည် ခင်ခင်စိန်က ဤသို့ မျက်ရည်များ ကျလျက် ဟန်အမူအရာ လုပ်သည်ကို ရယ်ချင်သော်လည်း မျိုသိပ်လျက်. . .

“ကျုပ်က ဥပဒေကို ပြောတာပါ၊ ဟုတ်တာပေါ့၊ ဦးသံဟိတ်ကို လွမ်းနေမှာပေါ့၊ ဒီလူက ဘာတော်သလဲ” ဟု မောင်ချစ်ဖွယ်ကို လက်ညှိုးထိုး၍ မေးလိုက်ရာ ခင်ခင်စိန်နှင့် မောင်ချစ်ဖွယ်တို့သည် မျက်စိမျက်နှာ ပျက်ကုန်ကြလေ၏။

“ဒါ ကျွန်မရဲ့မောင်ပါ၊ ကိုချစ်ဖွယ်လို့ ခေါ်တယ်” ဟု ခင်ခင်စိန်က ကန္ဒြေဆည်၍ ဖြေလိုက်ရတော့၏။

“ကဲ. . . ဟောဒီမှာ ပုံစံစာရွက်တစ်ရွက် ထားခဲ့မယ်၊ ခင်ဗျားယောကျ်ား သေပြီဖြစ်တဲ့အတွက် ခင်ဗျားကို ဆက်ပြီး အသိအမှတ်ပြုဖို့ ဒီပုံစံမှာ ဖြည့်စရာရှိတာတွေ ဖြည့်ပေတော့၊ ကျုပ် ပြန်မယ်၊ လေးရက်ကြာရင် ပြန်လာမယ်၊ အဲဒီအခါမှာ ကျုပ် ပြန်ယူသွားပြီး ဟောင်ကောင်ကို ပို့လိုက်ရမယ်” ဟု ဆိုကာ ဆိတ်ဖွားသည် ပြန်ခဲ့လေ၏။

ခင်ခင်စိန်သည် မောင်သံဟိတ် သေဆုံးပြီးနောက် တောသို့ ပြန်သွားသော ထမင်းချက်နှင့် ထမင်းချက်အကူ မိန်းကလေးနှစ်ဦးအားလည်း တောမှ ပြန်ရောက်သည့်နေ့ကပင် အလုပ်ဖြုတ်၍ ပစ်လိုက်လေ၏။

တောက်တိုမည်ရ ခိုင်းစေသော ဒေါ်စိန်ဆိုသည့်မိန်းမကြီးကိုမူ ပဲခူးမြို့ပေါ်ရှိ ဆန်စက်နှင့်ဆီစက်တွင် မောင်ချစ်ဖွယ် သွားရောက်ရသည့်ကာလများ၌ ထမင်းချက်ပြုတ်ရန်ဟု အကြောင်းပြကာ ပဲခူးသို့ ပို့ထားပြီးလျှင် ၎င်းတို့နှစ်ဦးမှာမူ လွတ်လပ်ပျော်ရွှင်စွာ





ထိုင်ကြလေ၏။

မောင်သာနိုးကလေးအားလည်း လုံးဝ ဂရုစိုက်ခြင်း မရှိည့်အပြင် အနားသို့ လာသည်နှင့် ခင်ခင်စိန်ကရော မောင်ချစ်ယ်ကပါ ဆူလိုက်၊ ငေါက်လိုက်၊ အော်လိုက်၊ ထိုးလိုက်၊ ခေါက်လိုက်ပ်သဖြင့် ကလေးသည် ၎င်းတို့အနီးသို့ မကပ်ဘဲ လှေကားရင်း၌င်စေ၊ အခန်းထောင့်ကလေးနား၌ ဖြစ်စေ ကုပ်၍ ထိုင်နေတတ်သ၏။

◈ ◈ ◈

ခင်ခင်စိန်တို့အိမ်သို့ ဆိတ်ဖွား ရောက်ပြီး နောက်တစ်ပတ်၌ တာတေသည် သားကလေးကို ကြည့်ချင်၍ တရုတ်တစ်ဦးသို့ ဝတ်ဆင်ကာ ငါးထပ်ကြီးဘုရားသို့ လာရောက်၍ မောင်သာကလေး၏ အရိပ်အခြည်ကို ကြည့်လေ၏။

ညနေပိုင်းသို့ ရောက်လျှင် မောင်သာနိုးကလေးသည် ခြံင်းမှ ပန်းကလေးများ ခူးကာ ငါးထပ်ကြီးဘုရားသို့ လာလေ့ရှိလျှင် တာတေသည် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းများ ဖြစ်မိသတော့၏။

သုံးနှစ်အရွယ်မျှသာ ရှိသေးသော မိမိသားကလေးသည်သို့ ဘုရားတရား သိတတ်ခြင်းအတွက် ဝမ်းသာခြင်း ဖြစ်မိသော်ည်း ယခင်က မိခင်ဖခင်တို့နှင့်အတူ ဘုရားပေါ်သို့ လာလေ့ရှိသာ ကလေးသည် ယခုအခါ၌ အဖော်မပါ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



လာရသည်ကို မြင်တွေ့ရလျှင် တာတေသည် ဆို့၍သွားလေ
မျက်ရည်များလည်း တသွင်သွင် စီးကျလေတော့၏။

ကလေးသည် ဘုရားပေါ်သို့ ရောက်လျှင် ပန်းအိုးကြီး
အတွင်းသို့ ခူးလာသော ပန်းများကို ထိုးစိုက်၍ ဆောင့်ကြောင့်
လေး ထိုင်ကာ ဘုရားရှိခိုးပြီးနောက် ပြန်၍ဆင်းသွားမည်အပြု
တာတေက. .

"ဟေ့. . . ကလေး. . . ခဏနေပါဦး၊ မင်းက အာ
လိမ္မာတာပဲ၊ ဘုရားကို ပန်းတွေ လာပြီးလှူတာကို သဘောတ
ကွယ်၊ ဒီမှာ ထိုင်ပါဦး"

အစတွင် ကလေးသည် အနည်းငယ် ရွံ့သလိုလို ကြော
သလိုလို ရှိသော်လည်း မိမိအား အန္တရာယ်ပေးမည့်သူ မဟု
ကြောင်း သိရှိသွားသောအခါ၌ အနည်းငယ် ရဲတင်း၍လာသ
တာတေ၏အနီး၌ ထိုင်လေ၏။

"မင်းနာမည် ဘယ်လို ခေါ်သလဲကွယ့်"

"ကျွန်တော့်နာမည် မောင်သာနိုးလို့ ခေါ်ပါတယ်ခင်
"တယ်ပြီး စကားတတ်တာပဲကွယ်၊ မင်း ဘယ်သူနဲ့ နေ
လဲကွယ်"

"မေမေနဲ့ နေပါတယ်"

"မင်းမေမေက မင်းကို ချစ်ရဲ့လား"

"ဟိုး. . . အရင်က ချစ်ပါတယ်၊ အခုတော့ ခဏ
ရိုက်တယ်၊ ဟိုလူကြီးကလဲ ရိုက်တာပဲ"

"ဘယ်လူကြီးကလဲကွယ့်"

"ဦးချစ်ဖွယ်ကို ပြောတာပါ၊ ကျွန်တော့်ဖေဖေ မရှိ
ဘူး၊ ဖေဖေက ဘယ်သွားသလဲ မသိပါဘူး၊ ဖေဖေ့ကို





မေမေကလဲ ရိုက်တယ်၊ ဦးချစ်ဖွယ်ကလဲ ရိုက်တယ်"

တာတေသည် ရင်၌ ဆို့၍ မျက်ရည်များ ကျလာသော်
လည်း ကလေး မမြင်အောင် မျက်ရည်များကို သုတ်၍ပစ်ရလေ၏။

"ဦးဦးက ဘယ်သူလဲ"

"ဦးဦးက မင်းလိုပဲ ဘုရားလာဖူးတာပါကွယ်၊ ဒါပေမယ့်
ဦးဦးနဲ့ ဘုရားပေါ်မှာ တွေ့တယ်လို့တော့ မင်းမေမေနဲ့ ဟိုလူကြီးကို
မပြောနဲ့ကွ၊ မင်း အရိုက်ခံနေရဦးမယ်"

"မပြောပါဘူး ခင်ဗျ"

"ရော့. . . ရော့. . ဟောဒီ ချော့ကလက်ကလေး ယူသွား၊
မင်းအိမ်က လူကြီးတွေ မတွေ့အောင် ဝှက်ပြီးစားနော်"

"ဟုတ်ကဲ့"

"ကဲ. . . ကဲ. . သွားပေတော့"

ကလေးသည် တာတေ ပေးလိုက်သော ချော့ကလက်က
လေးများကို အကျႌအောက်၌ ဝှက်၍ ပြန်သွားလေ၏။

ဤသို့လျှင် တာတေသည် ၎င်း၏သားကလေးနှင့် မကြာခ
ဏ သွား၍တွေ့လေ၏။

◈ ◈ ◈

ခင်ခင်စိန်နှင့် မောင်ချစ်ဖွယ်တို့သည် ဆိတ်ဖွား ရောက်ရှိ
ပြီးနောက် ရွှေ၌ ပြုလုပ်ရမည့် အစီအစဉ်များကို ဆွေးနွေးတိုင်ပင်
ကြရလေ၏။

"ကိုကိုချစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုန်း. . . စိန်"

"ကိုကိုချစ်နဲ့ စိန်နဲ့ ပြောင်လက်ထပ်လို့ မရသေးဘူး ထင်တယ်"

"ဟုတ်တယ် စိန်၊ ကိုကိုချစ်တို့ လက်ထပ်လိုက်ရင် ဟောင်ကောင်က ရှယ်ယာတွေအတွက် တစ်ပြားမှ ရမှာ မဟုတ်တော့ဘူး၊ ဒီတော့ အခုလိုပဲ တိတ်တိတ်ပုန်း နေကြရဦးမယ်"

"တိတ်တိတ်ပဲ ချစ်ရချစ်ရ၊ ပြောင်ပဲ ချစ်ရချစ်ရ၊ ကိုကိုချစ်ကို ချစ်နေရရင် ကျေနပ်ပါပြီ"

"ဒါတွေ ထားလိုက်ပါဦး၊ ကိုကိုချစ်မှာ အကြံတစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ကိုကိုချစ်နဲ့ စိန့်ရဲ့ အတွင်းရေးကို ဒေါ်စိန်ကြီးက သိနိုင်တယ်၊ အဲဒါကြောင့် ဒေါ်စိန်ကြီးကို အိမ်က အလုပ်ဖြုတ်ပစ်ရမယ်ကွယ့်"

"သူက ပဲခူးကစက်မှာ နေတာပဲ ကိုကိုချစ်ရယ်"

"စိန် နားမလည်ပါဘူး၊ ဒီမိန်းမကြီးက သိပ်ပြီးစပ်စုတတ်တယ်၊ သူကနေတစ်ဆင့် အလုပ်သမားတွေပါ သိသွားနိုင်တယ်"

"ကိုကိုချစ် သဘောပဲလေ"

"ပြီးတော့. . ."

"ပြီးတော့ ဘာဖြစ်သလဲ ကိုကိုချစ်"

"ဆန်စက်ရော ဆီစက်ရော လယ်တွေရောကို တစ်ခါတည်း ရောင်းပစ်ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒါတွေက ဟိုကောင် လုပ်သွားတဲ့ လက်ငုတ်လက်ရင်းတွေဆိုတော့ သူ့ကို လိုလားပြီး ကိုကိုချစ်ကို မုန်းတဲ့လူတွေချည်းပဲ၊ အဲဒီတော့ ကိုကိုချစ် အဲဒီလုပ်ငန်းတွေ မလုပ်ချင်ဘူး၊ အဲဒါတွေ ဖြုတ်ပြီး တခြားလုပ်ငန်းတွေ လုပ်ချင်တယ် စိန်"





ခင်ခင်စိန်သည် ခပ်တွေတွေ ဖြစ်ပြီး အဖြေမပေးနိုင်မီမှာပင် မောင်ချစ်ဖွယ်က. . .

"ဘာလဲ၊ စိန်က ဟိုကောင် တည်ထောင်ခဲ့တဲ့ လုပ်ငန်းတွေမို့ ဖြုတ်မပစ်ချင်ဘူးပေါ့. . . ဟုတ်လား၊ သိပါတယ်၊ ကိုကိုချစ်ဟိုကတော့ နောက်မှ ပေါက်တဲ့ ရွှေကြာပင် မဟုတ်လား" ဟု ခင်ခင်စိန်အနေဖြင့် ခံရခက်သော စကားကို တမင်ပြောလိုက်ပြီးနောက် ဝမ်းနည်းပန်းနည်း ဖြစ်သည့် အမူအရာကို လုပ်၍နေလိုက်ရာ ခင်ခင်စိန်က ပျာပျာသလဲ. . .

"ကိုကိုချစ်ရယ်. . စိန့်ကိုတော့ ဒီလိုစကားမျိုး မပြောပါနဲ့၊ ကိုကိုချစ် လုပ်ချင်တာဆိုရင် စိန် ဘယ်တုန်းက ကန့်ကွက်ဖူးလို့လဲ၊ အခုဟာမှာလဲ ကိုကိုချစ် သဘောပါပဲ၊ ရောင်းချင်လဲ ရောင်းပစ်လိုက်လေ"

"ဒါမှ ကိုကို့မိန်းမကွ"

မောင်ချစ်ဖွယ်သည် ခင်ခင်စိန်၏ သေးသွယ်သော ခါးကလေးအား သိမ်းကျုံးပွေ့ဖက်၍ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် နမ်းရှုပ်လေတော့၏။

ခင်ခင်စိန်သည် မောင်ချစ်ဖွယ်က ဤသို့ ခပ်ကြမ်းကြမ်းတလေး နမ်းရှုပ်ခြင်းကို လွန်စွာ နှစ်ခြိုက်လျက် တခစ်ခစ်နှင့်ရယ်မောလေ၏။

မောင်ချစ်ဖွယ်ကဲ့သို့ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ချစ်တတ်သော ယောကျာ်းအား အသည်းလိုက်အူလှိုက် ချစ်ခင်တွယ်တာခြင်း ဖြစ်လေတော့၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



တာတေသည် မကြာခဏ ဆိုသလို ငါးထပ်ကြီးဘုရား၌ မောင်သာနိုးကလေးနှင့် တွေ့ဆုံလေ၏။

ခင်ခင်စိန်သည် သားကလေး မောင်သာနိုးအား ရှိသည် ဟုပင် သဘောမထားဘဲ မောင်ချစ်ဖွယ်နှင့်သာလျှင် ချစ်ကျီစယ်၍ နေလေ၏။ ဘိုင်စကုပ် စသည်တို့ကိုလည်း မောင်ချစ်ဖွယ်နှင့် ခင်ခင်စိန်တို့သည် နှစ်ယောက်တည်းသာလျှင် သွားလေ့ ရှိလေ၏။

မောင်ချစ်ဖွယ်၏ အလိုကျ ဆန်စက်၊ ဆီစက်နှင့်လယ်မြေ များကို ရောင်းချခဲ့ပြီး ဖြစ်လေ၏။ မောင်ချစ်ဖွယ်သည် မည်သည့် လုပ်ငန်းကိုမျှ မည်မည်ရရ လုပ်ကိုင်ခြင်း မရှိသေးဘဲ ဖြုန်းလျက် သာလျှင် နေလေ၏။

မောင်သာနိုးကလေးသည် ယုယမည့်သူ မရှိဘဲ အိမ်ကြီး အတွင်း၌ တမှိုင်မှိုင် တတွေတွေနှင့်သာလျှင် နေရလေ၏။

မိခင်မေတ္တာကို မရရှိမှုမက မိခင်၏ ဆူပူကြိမ်းမောင်း ခြင်းကိုပင် မကြာခဏ ခံနေရသည် ဖြစ်လေရာ တစ်နေ့တစ်ခြား ပိန်ချုံး၍ လာလေ၏။

တစ်ခါတွင် ခင်ခင်စိန်က မောင်ချစ်ဖွယ်အား...

"ခုတလော ကောင်လေး တော်တော်ပိန်လာတယ် ကိုထူး ချစ်" ဟု ပြောလိုက်ရာ မောင်ချစ်ဖွယ်က...

"သူ့အဖေနောက် လိုက်ချင်လို့ နေမှာပေါ့ စိန်ရယ်" ဟု နောက်သလိုလို အတည်လိုလို ပြောလိုက်ရာ ခင်ခင်စိန်သည် အ နည်းငယ် မျက်နှာပျက်၍ သွားလေ၏။

ထိုအခါ၌ မောင်ချစ်ဖွယ်က မိမိစကား လွန်သွားသည့် အဖြစ်ကို ရိပ်မိသဖြင့် ခင်ခင်စိန်အား ပွေ့ဖက်ကာ "ကိုကိုချစ်က နောက်တာပါကွာ၊ စိန်က စိတ်မကောင်း ဖြစ်သွားသလား" ဟု ပြောကာ ခင်ခင်စိန်၏ပါးကို ကြက်အစာကောက်သကဲ့သို့ တဆတ် ဆတ်နှင့် နမ်းလိုက်လေတော့ရာ ခင်ခင်စိန်ကလည်း မောင်ချစ် ဖွယ်၏ နမ်းရှုပ်ခြင်းကို လွန်စွာ နှစ်သက်လေသည် ဖြစ်သဖြင့် စောစောက စိတ်မကောင်း ဖြစ်ခဲ့မိခြင်းကို လုံးဝမေ့လျော့သွားလေ တော့၏။

တစ်နေ့သ၌ တာတေသည် မည်သည့်လောင်းကစားဝိုင်း တို့မျှ သွားလိုစိတ် မရှိသဖြင့် ဟိုတယ်တည်းခိုခန်းအတွင်း၌ တစ် ကိုယ်တည်း ထိုင်၍စဉ်းစားနေမိရာ ၎င်း၏ ထူးဆန်းစွာ ပြောင်းလဲ ခဲ့ရသော ဘဝအဖြစ်အပျက်ကို တွေးမိသဖြင့် စိတ်မကောင်း ဖြစ်မိ လေ၏။

ထိုအချိန် ဆိတ်ဖွားသည် တောင်ငူမြို့ရှိ သုသာန်သို့ ခေတ္တ ပြန်၍နေရသည်ဖြစ်ရာ အခါတိုင်းထက်ပင် ပျင်းရိငြီးငွေ့ နေသည် ဖြစ်၏။ ပျင်းရိသဖြင့် စိတ်ကူးပြန်တော့လည်း မိမိ၏ စိတ်မကောင်းဖွယ်ရာ ဘဝဆိုးကို စဉ်းစားမိပြန်ရာ စိတ်ကူးခြင်းကို ရပ်ဆိုင်း၍ တစ်စုံတစ်ခု အပျင်းပြေစေရန်အတွက် အပျော်လုပ် ငန်း တစ်ခု လုပ်မည်ဟု ဟိုတယ်၏ အရက်သောက်ရာ အခန်းကြီး အတွင်းသို့ သွားရောက်၍ အကောင်းစား ပျားအုံတံဆိပ် အမြဲဒီ နှင့် ချိ(စ်) ခေါ် ဒိန်ခဲကို အမြည်းအဖြစ် စားသောက်ကာ အရက် သောက်နေစဉ်၌ နောက်တည့်တည့် အခန်းဆီး ပိတ်ကလေးသာ







www.burmeseclassic.com

www.burmeseclassic.com



ခြားသည့်နေရာမှ အရက်သမားနှစ်ဦးတို့၏အသံကို ကြားရသဖြင့် အရက်သောက်ရင်း နားစွင့်မိရာ. . . .

"ဆရာ ကိုချစ်ဖွယ်. . . အခု တော်တော်ကလေး ပိုင်နေပြီလား"

"စိုးပိုင်ရာ. . မင်းကလဲ ငါ့ကို လူညံ့များ မှတ်နေလား ပိုင်တာမှ ပိုင်. . . ပိုင်လို့တောင် မြည်နေသေးတယ် မောင်"

"ခင်ခင်စိန်ကကော ဆရာ့ကို တော်တော်ကလေး စွဲရဲ့လား"

"စွဲတာပေါ့ဟ၊ ဒါပေမယ့် ငါကတော့ မင်း သိတဲ့အတိုင်းပဲ တခြား ပျော်လို့ပါးလို့ ရတာလေးတွေနဲ့ ပျော်ချင်သေးတာပေါ့ကွာ ဒါပေမယ့် သူက ငါ့ကို အပျောက်မခံဘူးကွ၊ လစ်တဲ့အချိန်ကလေး ထွက်တွက်ပြီး ပွေရတာပေါ့၊ ရှိတဲ့ပစ္စည်းတွေ ငါ့လက်ထဲ အကုန်ရောက်ရင်တော့ သူ့ကို ငါက ခွာရမှာပဲ"

"ဘယ်လိုနည်းနဲ့ ဆရာ့လက်ထဲ ရောက်မှာလဲ ဆရာရဲ့"

"သူနဲ့ငါ ပြောင်ယူလို့ ရတဲ့နေ့ဟာ ဒီပစ္စည်းတွေ ငါ့ပစ္စည်း အကုန်ဖြစ်ပြီပေါ့ကွာ"

"ဒါဖြင့် ဆရာက ဘာဖြစ်လို့ မယူသေးတာလဲ"

"ဒီလိုကွ၊ ဟိုခွေးမသားက ဟောင်ကောင်က ကုမ္ပဏီမှာ ရှယ်ယာဝင်ခဲ့တယ်ကွ၊ အဲဒီကုမ္ပဏီက ကိုယ်စားလှယ်တွေ လိုက်လာတယ်၊ အခုနေ ခင်ခင်စိန်အနေနဲ့ ယောကျ်ားယူလိုက်ရင် အဲဒီ ရှယ်ယာတွေ အဆုံးဆိုပဲ"

"ကုမ္ပဏီထုံးစံမှာ ဒီလိုမရှိပါဘူး ဆရာရဲ့"

"ကုမ္ပဏီ တစ်ခုနဲ့တစ်ခု ဥပဒေချင်း မတူဘူးကွ၊ ရှယ်ယာ စည်းကမ်းက တစ်မျိုးစီ"





"ဒီလိုဆိုတော့ ရှယ်ယာငွေတွေ ထုတ်ပြီးရင်တော့ ယူမယ်ပေါ့"

"အေးပေါ့ကွ"

"ဒါပေမယ့် ကောင်လေးကတော့ တစ်ချိန်မှာ အမွေကိစ္စ စကားပြောရမယ် ထင်တယ်"

"ဒီမသာကလေးအကြောင်း ထည့်ပြီးမစဉ်းစားပါနဲ့ စိုးပိုင်ရာ၊ ဒီမသာကလေး သူ့အဖေနောက်ကို မကြာခင် လိုက်တော့မှာပါ၊ အခုတောင် တပိန်ပိန် တလိမ်လိမ်နဲ့ ဖြစ်နေတဲ့ဥစ္စာ၊ သူ့ဟာသူ မသေလဲ တစ်နည်းနည်းနဲ့ သူ့အဖေဆီ ပို့ရမှာပဲကွ"

အထက်ပါ စကားများကို ကြားရသည် ဖြစ်လေရာ တာတေသည် အသားများ တဆတ်ဆတ်တုန်လျက် မခံမရပ်ရှိနေရာမှ ဖြုန်းခနဲ ဒေါသအိုးကြီး ပေါက်ကွဲလေတော့ရာ ချိုင်းအောက်တွင် ၀ှက်၍ယူဆောင်ထားသော ခြောက်လုံးပြူးဖြင့် လိုက်ကာ၏ တစ်ဖက်မှ နေ၍ မောင်ချစ်ဖွယ်၏နဖူးသို့ ချိန်လိုက်လေ၏၊ မောင်ချစ်ဖွယ်နှင့် စိုးပိုင်ဆိုသူမှာ စကားပြောလိုက်၊ ရယ်လိုက်မောလိုက် လုပ်နေကြသည်ဖြစ်ရာ တာတေအဖို့ တော်တော်နှင့် ချိန်သား မကိုက်ဘဲ ဖြစ်နေ၏။

ထိုအချိန်၌ တာတေ၏ လက်ကောက်ဝတ်အား တစ်စုံတစ်ယောက်က ညှစ်လိုက်ပြီးလျှင် သေနတ်ကို ဆွဲလုလိုက်လေ၏။

"ကျုပ် အချိန်မီ ရောက်လာပေလို့သာပေါ့ ကိုတာတေရယ်"

"ဟာ. . . ကိုဆိတ်ဖွား"

"ကဲ. . . ကဲ. . . . ထိုင်စမ်းပါဦး"

ဆိတ်ဖွားသည် တာတေအား စားပွဲ၌ ပြန်၍ထိုင်နိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင်းကိုယ်တိုင်လည်း ထိုင်ပြီးနောက်. . .

"ဘယ်လိုဖြစ်တာလဲ ကိုတာတေ"

"ဟိုလူပေါ့ဗျာ. . ကျုပ်နားမှာ မခံနိုင်တဲ့စကားတွေ ပြောနေလို့"

"ခင်ဗျား ဒီလို သေနတ်နဲ့ ပစ်လိုက်ရင် အစီအစဉ်ပျက်ကုန်တော့မှာပေါ့ဗျာ၊ ကျုပ်တို့ အစီအစဉ်က သေသေချာချာ လတ်စားချေချင်တာ မဟုတ်လား၊ သူတို့ဟာ သေခါနီးမှာ သူတို့ ကျူးလွန်ခဲ့တဲ့ အပြစ်တွေကြောင့် အပြစ်ပေးခံရတယ်ဆိုတာလဲ သိသွားကြရအောင် လုပ်ရမယ် မဟုတ်လား၊ သတ်ရုံသောက် သတ်တာတတော့ လွယ်တာပေါ့ဗျာ"

"ကိုဆိတ်ဖွားရယ်. . . ကျုပ် . မခံနိုင်လွန်းလို့ပါဗျာ"

"ခင်ဗျား သေသေချာချာ စဉ်းစားပြီး နားထောင်ပါ တို့ဗျာတေ၊ အခုလို ရန်ငြိုးဖွဲ့ပြီး တစ်စုံတစ်ယောက်ကို လုပ်ကြံသတ်ဖြတ်မယ်ဆိုရင် ခင်ဗျား ခံရမယ့်အပြစ်ကတော့ (တစ်) နောင်တစ လွန်ဘဝမှာ လူတွေရဲ့ မုန်းတီးခြင်းကို ခံရမယ်၊ (နှစ်) ကိုယ်ရော စိတ်ပါ မလန်းမဆန်း ဖြစ်မယ်၊ (သုံး) ဘေးရန်များမယ်၊ (လေး) တွေဝေစွာနဲ့ သေရမယ်၊ (ငါး) သေရင်လဲ အပါယ်ငရဲကို ရောက်မယ်၊ အဲဒါ အကုသိုလ်သုတ်၊ မဇ္ဈိမဂုတ္တရအင်္ဂုတ္တရသဝဂ်မှာ လာတဲ့အတိုင်း ပြောတာ"

"ဆက်ပြောပြပါဦး ကိုဆိတ်ဖွား"

"အဲဒီလို အပြစ်ဒဏ်ငါးချက် ခံရမယ်ဆိုတာ ခင်ဗျား သိထားပါ၊ ဒီတော့ အပြစ်ဒဏ် ရမှာချင်းအတူတူ ဘာထူးသေးသလဲဗျ၊ ဒီလို သတ်မယ့်အစား သေသေချာချာ ကိုယ့်စိတ်ကြိုက် သတ်တော့မှာပေါ့၊ သေသာ သွားရတယ်၊ သေတဲ့သူက တို့အ





လက်စားချေတာကို သိတောင် မသွားရတာမျိုးက အရသာမရှိပါဘူးဗျာ"

"အင်း. . . ဟုတ်တယ်"

"ပြီးတော့ လူဆိုတာ မိမိကိုယ်ကို ရှိသေရတယ်ဗျ"

"ဘယ်နည်းဘယ်ပုံ ရှိသေရမှာတုံး ကိုဆိတ်ဖွားရဲ့၊ ကျုပ်ကြားဖူးတာကတော့ ကြီးသူကို ရှိသေရမယ်လို့ပဲ ကြားဖူးတယ်ဗျ"

"ဒီလိုဗျ၊ အတ္တဓိပတေယျ-မိမိကိုယ်ကို ရှိသေရမယ်လို့ သဂီသုတ်၊ အဌကထာမှာ ဆိုထားလေရဲ့၊ ဒီတော့ ကိုယ်လုပ်မယ်ဆိုတဲ့အလုပ်ကို ဖြစ်အောင် လုပ်ရမယ်၊ ကိုယ် ချမှတ်ထားတဲ့ စည်းမျဉ်းကို ကိုယ်ကိုယ်တိုင် လေးစားရမယ်၊ အခုလဲ ခင်ခင်စိန်နဲ့ ချစ်ဖွယ်ကို ကျကျနန လက်စားချေပြီးမှ သတ်မယ်လို့ ခင်ဗျား ဆုံးဖြတ်ထားတယ် မဟုတ်လား၊ ဒီတော့ မိမိကိုယ်ကို ရှိသေသောအားဖြင့် အဲဒါကို ဖြစ်အောင် လုပ်ရမယ်၊ အခုနေ ချစ်ဖွယ်ကို ခင်ဗျား သေနတ်နဲ့ ပစ်လိုက်ရင် ကျန်တဲ့အစီစဉ်တွေ ပျက်ကုန်လိမ့်မယ်၊ ခင်ဗျား ဆုံးဖြတ်ထားတဲ့အတိုင်း ခင်ဗျား မလုပ်နိုင်တော့ဘူးဆိုရင် ခင်ဗျားကိုယ်ခင်ဗျား ရှိသေရာ မရောက်တော့ဘူး၊ ကောင်းတာကိုပဲ လုပ်လုပ် ဆိုးတာကိုပဲ လုပ်လုပ် အစွမ်းကုန် ဖြစ်အောင် လုပ်ဖို့လိုတယ်ဗျ"

"အေးဗျာ၊ ကိုဆိတ်ဖွားပြောတာ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်ဖြင့် ဘယ်လိုမှကို စဉ်းစားလို့မရတဲ့ အချက်ကတော့ ကျုပ်ဟာ ရုပ်ရည်အရရော မျိုးရိုးအရရော ဟိုလူထက် သာပါလျက် ခင်ခင်စိန်ဟာ ဟိုလူ့ကိုမှ ချစ်တယ်ဆိုတာကို စဉ်းစားလို့မရဘူး၊ အင်းလေ. . အချစ်ဆိုတာ မျက်စိမှ မရှိတာဘဲ"

"ကိုတာတေ. . . ခင်ဗျား နောက်ဆုံးပြောတာ ဘာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . အချစ်ဆိုတာ မျက်စိမရှိဘူးလို့ ဆိုတာပါ။ အဲဒီစကားဟာ အမှန်ပဲဗျ ကိုဆိတ်ဖွားရ"

"ဘယ်လို မှန်တာလဲဗျ"

"အချစ်ဆိုတာ မျက်စိမရှိဘူး ဆိုတာလေ"

"အချစ်မှာ မျက်စိမရှိဘူးဆိုတော့ အမုန်းမှာတော့ မျက်စိရှိသလားဗျ"

ဆိတ်ဖွား၏မေးခွန်းကြောင့် တာတေသည် ခပ်ကြောင်ကြောင် ဖြစ်၍သွားလေ၏။ "အချစ်၌ မျက်စိမရှိ" ဟူသော စကားကိုမူ ကြားလည်းကြား‌ဖူး၍ ကိုယ်တိုင်လည်း ပြောဆိုသုံးနှုန်းဖူးသော်လည်း အမုန်း၌ မျက်စိ ရှိမရှိကိုမူ တစ်ခါမျှ စဉ်းစားမိခြင်း မရှိရကား. . .

"အမုန်းမှာတော့ မျက်စိရှိမရှိ မသိပေါင်ဗျာ"

"ဟား. . . ဟား။ ကိုယ့်လူက ဒုံးဝေးသေးတာကိုဗျ။ အမုန်းမှာလဲ ဘယ်ကလာ မျက်စိရှိမှာတုန်းဗျာ၊ အချစ်ဆိုတာ လောဘပဲ အမုန်းဆိုတာ ဒေါသပဲ၊ မျက်စိ မရှိဘူးဆိုတဲ့ စကားဟာ မသိခြင်း တင်စားထားတဲ့ မောဟဆိုတဲ့စကားပဲ၊ ဒီတော့ လောဘ၊ ဒေါသ မောဟနဲ့ ယှဉ်ပြီး ဖြစ်တဲ့ဟာတွေမှာ ဘယ်ဟာမှ မျက်စိမရှိဘူး ကိုယ့်လူ"

"ဟုတ်ပါ့ဗျာ၊ ကိုဆိတ်ဖွား ပြောမှပဲ သဘောပေါက်တော့တယ်၊ ခင်ဗျားကတော့ တကယ့်ကို ပညာရှိပါပေတယ်ဗျာ၊ သချိုင်းကုန်းက ပါမောက္ခကြီးပါပဲ ကိုဆိတ်ဖွားရယ်၊ ကျုပ်မှာ ပေးနိုင်တဲ့ အခွင့်အရေးရှိရင် ခင်ဗျားကို 'ဒေါက်တာဆိတ်ဖွား' ဆိုပြီး ပါရဂူဘွဲ့ ပေးလိုက်ချင်ပါရဲ့ဗျာ"

"ဟား. . . ဟား. . . ကိုယ့်လူ ဒုံးမဝေးတော့ဘူး"





"ဒါနဲ့ နေပါဦး ဒေါက်တာ ဆိတ်ဖွားရဲ့၊ ခင်ဗျားဟာ လောင်းကစားလဲ မလုပ်ဘူး၊ အရက်လဲ မသောက်ဘူး အဲဒါ ဘာဖြစ်လို့လဲဗျ"

"လောင်းကစား လုပ်တယ်ဆိုတာ လောဘ ရှိတဲ့လူမှ ကောင်းတာဗျ၊ ဒါမှ အရသာရှိတာ၊ ကျုပ်က လောဘ သိပ်ရှိတဲ့လူ မဟုတ်တော့ လောင်းကစားခြင်း အလုပ်မှာ သိပ်ပြီး အရသာမရှိဘူး"

"အရက်ကကောဗျာ"

"အရက်က ကောင်းနေတဲ့သတိကို ချွတ်ယွင်းစေနိုင်တဲ့ သတ္တိရှိတယ်ဗျ၊ အဲဒီတော့ အရေးကြီးတဲ့လုပ်ငန်းတွေ လုပ်တဲ့လူတိုင်း အရက်ကို မသောက်သင့်ဘူးဗျ"

"ခင်ဗျားရဲ့အလုပ်က အရက်မသောက်ရလောက်အောင် ဘယ်လောက်များ အရေးကြီးလို့လဲဗျ"

"အရေးကြီးပြီလားဗျာ၊ သုဘရာဇာအလုပ်ထက် ကြီးကျယ်တဲ့ အလုပ်ဖြင့် ကျုပ် စဉ်းစားလို့တောင် မရပါဘူးဗျာ၊ ကိုယ့်လူ စဉ်းစားကြည့်လေ၊ လူမှာ အသက်ဟာ အရေးအကြီးဆုံး မဟုတ်လား၊ အသက်ဟာ အရေးကြီးသလို သေခြင်းတရားဟာလဲ အရေးကြီးတယ်ဆိုတာတော့ ခင်ဗျား မငြင်းဘူးမှတ်တယ်၊ ဒီတော့ သေခြင်းတရားနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ ကျုပ်အလုပ်လောက် အရေးကြီးတဲ့အလုပ် ရှိနိုင်ပါ့မလားဗျာ"

"ဒီတော့ မိန်းမတွေနဲ့ ပျော်ပါးဖို့ကောဗျာ"

"အဲဒါကတော့ မလုပ်ပါနဲ့ဗျာ၊ အပျော်သုံးတဲ့ မိန်းမဆိုတာ ရောဂါပေါင်းစုံနဲ့ ဆက်ဆံနေတာဆိုတော့ ကျုပ်ဖြင့် တယ်ပြီး မကြိုက်လှဘူးဗျ၊ ပြီးတော့ မျိုးရိုးချင်း မတူတဲ့လူနဲ့လဲ သွေးချင်း အမြဲရာမခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးဗျာ၊ သုဘရာဇာမျိုးတွေ ဈေးပေါကုန်ပါဦးမယ်၊ ဟား. . ဟား"

"တကယ် ပြောနေတာလား ကိုဆိတ်ဖွား"

"တကယ်ပြောတာပေါ့ဗျ၊ ပြီးတော့ စိတ်ဓာတ်ညံ့ဖျင်းတဲ့လူ တွေသာ လိုင်ဆက်ဆံရေးကိစ္စကို ပေါ့ပေါ့တန်တန် သဘောထား တာဗျ"

"ခင်ဗျားကတော့ တကယ့် သုဘရာဇာပဲဗျာ၊ ခင်ဗျား နေရတာ ကျုပ်အဖို့ အားလဲရှိတယ်"

"ဟဲ. . . ဟဲ. . . ကိုယ့်လူ ဒုံးမဝေးတော့ဘူး"

ထိုညက တာတေသည် အရက်သောက်ပြီးနောက် အိပ် ပျော်ခြင်းသို့ ရောက်လေ၏။ ဆိတ်ဖွားသည် တာတေအား အခန်း ထဲအထိ လိုက်ပို့ပြီးလျှင် ချိုင်းအောက်မှ သေနတ်ကိုဖြုတ်၍ မွေ့ရာ အောက်၌ ကောင်းစွာ ထားပေးလေ၏။ ၎င်းသေနတ်မှာ ရှမ်းပြည် နယ်သို့ ရတနာပစ္စည်း ရောင်းရန် သွားခဲ့စဉ်က ဝယ်ယူခဲ့သော လိုင်စင်မဲ့သေနတ် ဖြစ်လေ၏။

◈ ◈ ◈

တာတေနှင့် ဆိတ်ဖွားတို့သည် မြန်မာပြည် အရပ်ရပ်သို့ လှည့်လည်သွားလာ၍ သုံးဖြုန်းကာ နေသည့်အခါ၌ နေလိုက်၊ တောင်ငူမြို့ရှိ သချိုင်းကုန်းသို့ ပြန်သည့်အခါ၌ ပြန်လိုက်၊ ရန်ကုန် သို့ တက်သည့်အခါ တက်လိုက်နှင့် နေထိုင်ကြလေ၏။

တစ်နေ့သ၌ ထိုသူနှစ်ယောက်တို့သည် ရန်ကုန်မြို့ရှိ ဟို တယ်ကြီးတစ်ခု၌ တရုတ်သူဌေးများအသွင်ဖြင့် တည်းခိုနေကြသည်





တာတေသည် သားကလေး မောင်သာနိုးကို တွေ့လိုသဖြင့် ငါးထပ် ကြီးဘုရားသို့ သွားရောက်လေရာ ဘုရားပေါ်မှ လူများသည် လည်းကောင်း၊ ဘုရားပတ်ဝန်းကျင်မှ လူများသည် လည်းကောင်း၊ ရှုတ်ရှုတ်သဲသဲ ဖြစ်နေကြသဖြင့် မေး၍ကြည့်ရာ တစ်ယောက်သော သူက. . . .

"ကလေးကလေး မြောင်းထဲ ချော်ကျပြီး မျောသွားလို့ဗျ၊ ကလေးက ဘယ်သူ့ကလေးမှန်းတော့ မသိပါဘူးဗျာ၊ ညနေတိုင်း ဒန်းကလေး ကိုင်ပြီး ဘုရားတက်တက်ဖူးနေတဲ့ ကလေးပဲ၊ အရွယ် တလဲ လေးနှစ်လောက်ပဲ ရှိသေးတယ်၊ သူ့မိဘတွေလဲ သိကြဟန် တူသေးဘူး" ဟု ပြောပြလေရာ တာတေ၏ရင်သည် ပွင့်ထွက်လု မတတ် တုန်လှုပ်သွားလေ၏။

ထို့ကြောင့် ထိုသူနှင့် စကားဆက်မပြောဘဲ ရေမြောင်းဆီ သို့ ပြေး၍သွားလေ၏။ လူလေးငါးယောက်သည်လည်း ရေမြောင်း ထဲတွင် ဟိုစမ်းသည်စမ်းနှင့် စမ်း၍ ကလေးကို ရှာဖွေလျက် ရှိ ကြလေ၏။

တာတေသည် စဉ်းစားခြင်း မပြုတော့ဘဲ မြောင်းထဲသို့ ခုန်၍ဆင်းပြီးလျှင် ရေစီးရာဘက်သို့ လျှောက်၍စမ်းလေ၏။ တ ဖြည်းဖြည်း ရွေ့၍စမ်းလေရာ တစ်နာရီနီးပါးမျှ ကြာသောကာလ၌ တောအုပ်ကလေးကဲ့သို့ ဖြစ်နေသောနေရာသို့ ရောက်လျှင် ရေ မြောင်းသည် တစ်ဆစ်ချိုး ကွေ့၍သွားသည်ကို တွေ့ရလေ၏။

ထိုနေရာ၌ တာတေသည် ကြိုးစား၍ ရေထဲ၌ စမ်းသပ် ရှာဖွေရာ နောက်ဆုံး၌ ရေထဲသို့ ထိုး၍ထွက်နေသော သစ်မြစ် တစ်ခုကို ဆုပ်ကိုင်လျက် ကုန်းကုန်းကလေး သေ၍နေသော သား ကလေး မောင်သာနိုး၏ အလောင်းကို ကြေကွဲဖွယ်ရာ တွေ့ရှိရ



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

တာတေသည် အသည်းရော၊ နှလုံးရော၊ အူသိမ်အူမ ကျောက်ကပ်ပါမကျန် ပြုတ်၍ကျလုမတတ် ခံစားရလေ၏။ မျက်ရည်များ ဖြိုင်ဖြိုင်ကျလေ၏။ နောက်ဆုံး၌ ကလေးအလောင်းကို မ၍နမ်းရှုပ်၏။ ပါးစပ်မှလည်း "ဖြစ်မှဖြစ်ရလေ. . . သားလေးရယ် ဖြစ်မှဖြစ်ရလေ. . သားလေးရယ်" ဟု တဖွဖွ ညည်းတွားရေရွတ်ပြီး နောက် အလောင်းကို ချုံတစ်ခုအတွင်း၌ ဝှက်၍ သစ်ခက်သစ်ရွက်များ အုပ်ဆိုင်းကာ ဟိုတယ်သို့ ပြန်၍လာလေ၏။

ဟိုတယ်၌ ဆိတ်ဖွားနှင့် တွေ့ဆုံ၍ အကျိုးအကြောင်း ပြောဆိုလေရာ. . .

"ကိုယ့်လူက ဘယ်လို စီစဉ်ချင်လို့လဲ"

"ဒီလိုလုပ်ချင်တယ် ကိုဆိတ်ဖွားရယ်၊ ကျုပ်သားကလေး အလောင်းကို တောင်ငူကိုသယ်ပြီး ဟိုမှာ ကျကျနန ဂူတွေဘာတွေ သွင်းပြီး သဂြိုဟ်ချင်တယ်ဗျာ၊ ပြီးတော့ ဆွမ်းတွေဘာတွေလဲ သွတ် ချင်တယ်"

"ရပါတယ် ကိုတာတေ၊ ဘာခက်လို့လဲ၊ ကျုပ်စီစဉ်ပေးပါ့ မယ်" ဟု ဆိုကာ ဆိတ်ဖွားသည် အပြင်သို့ ထွက်၍သွားလေ၏။

တစ်နာရီခန့်အကြာတွင် တရုတ်တန်းမှ သစ်သားစည်ပ လေးတစ်လုံးကို ဝယ်ယူ၍ ပြန်လာလေ၏။

"ဒီစည်က ဘာလုပ်ဖို့လဲ ကိုဆိတ်ဖွား"

"ကလေးအလောင်းကို ဒီလိုသယ်သွားလို့ ဘယ်ဖြစ်မလဲဗျ ဒီစည်ထဲမှာ ထည့်ပြီး သယ်မယ်လေဗျာ"

"ဟုတ်တယ် ကိုဆိတ်ဖွား၊ ခင်ဗျားက ဘာမဆို စီစဉ်တတ် ပါပေ့ဗျာ"





ထိုသူနှစ်ယောက်သည် ထိုနေ့ညဉ့်၌ မောင်သာနိုးကလေး အလောင်းရှိရာသို့ တိတ်တဆိတ် သွားရောက်ကာ အလောင်းကို စည်တွင်းသို့ ထည့်၍ တောင်ငူသို့ နံနက်စောစော၌ ထွက်သော ဘတ်စ်ကားနှင့် လိုက်ပါ၍ သွားကြလေ၏။

တောင်ငူသို့ မရောက်မီ၌ပင် ၎င်းတို့၏ သစ်လွင်တောက် ပြောင်သော အဝတ်အစားများကိုချွတ်၍ သုဘရာဇာကဲ့သို့ ပြောင်း လဲ၍ ဝတ်ဆင်ကြလေ၏။ သချိုင်းသို့ ရောက်လျှင် ဆိတ်ဖွားသည် သချိုင်း၌ ၎င်းထားခဲ့သော သုဘရာဇာလေးအား အရက်နှင့်ခေါက် ဆွဲ ဝယ်ရန် မြို့ထဲသို့ စေလွှတ်လိုက်ပြီးနောက် စည်အတွင်းမှ ကလေးအလောင်းကို ထုတ်လေ၏။ ပြီးလျှင် ဖျာလိပ်နှင့် ပတ်၍ ကမ္ဗဌာန်းဇရပ်၌ တင်၍ထားပြီး ကျင်းတူး၍ မြှုပ်နှံလေ၏။

သုဘရာဇာကလေး ပြန်ရောက်သည့်ကာလ၌ မြေမြှုပ် ခြင်း အလုပ်သည် ပြီးစီးနေလေတော့၏။

"ဦးဆိတ်ဖွား. . ဘယ်က မသာလဲဗျ"

"ကုန်သည်ကြီးလမ်းက ကလေး မသာကလေးပါကွာ၊ မင်းသွားတုန်း ရောက်လာတာနဲ့ ငါတို့နှစ်ယောက်ပဲ မြှုပ်လိုက်ပါပြီ၊ ဒါပေမယ့် မပြီးသေးဘူးကွ၊ မသာရှင်က အုတ်ဂူကလေး လုပ်ဖို့ ငါတို့ကို ပိုက်ဆံပေးသွားတယ်ကွ"

၎င်းသုဘရာဇာကလေး ဝယ်ယူလာသော ခေါက်ဆွဲကို စားကြလေ၏။ တာတေနှင့် သုဘရာဇာကလေးမှာမူ အရက်များပါ သောက်ကြလေ၏။ နောက်တစ်နေ့၌ အုတ်ဂူကလေးတစ်ခု ပြုလုပ် ၍ မောင်သာနိုး၏အမည်ကမ္ဗည်းကို ရေးထိုးလိုက်ကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com





# မြို့ငရာဇာတာတေ၏ ပွဲဦးထွက် လက်စားချေမှု

တာတေနှင့် ဆိတ်ဖွားတို့သည် သုဘရာဇာကလေးအား ‌င်းတို့ကိုယ်စား ထားခဲ့ပြီး ရှမ်းပြည်နယ်ဘက်သို့ တက်ကာ စော် ‌ား တစ်ဦးထံ၌ လက်ဝတ်လက်စား ရတနာပစ္စည်းအချို့ကို ‌ာင်းချပြီးလျှင် စက်ာပူ၊ ဟောင်ကောင်စသော နေရာများသို့ပင် ‌လည်အပတ် ထွက်ခဲ့ကြလေ၏။

အလည်အပတ် ထွက်ရာ၌လည်း ကျောက်မျက်ရတနာ ‌ချို့ကိုပါ သယ်ယူသွားကြလေ၏။ ပြည်ပသို့ ထွက်ရန်အတွက် ‌ခက်အခဲ အမျိုးမျိုး ရှိသော်လည်း ထိုခေတ်ထိုအချိန်၌ ငွေတတ် ‌င်သူများအဖို့ အခက်အခဲများကို ငွေနှင့် ကျော်လွှားနိုင်သည်ဖြစ် ‌ ရတနာပုံ ဆိုက်လျက်ရှိသော သုဘရာဇာနှစ်ဦးအတွက် ထိုအ ‌ခက်အခဲများမှာ ပြောပလောက်သော အခက်အခဲများ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။

ထိုသူတို့သည် ဟောင်ကောင်၊ စင်္ကာပူစသော နေရာများ၌ စားသောက် သုံးဖြုန်းလျက် ရှိကြလေ၏။ တာတေသည် ယူလာသော စိန်များအနက်မှ အချို့ကို ခင်ခင်စိန်၏ လက်တိုင်းဖြင့် လက်စွပ်ကို လည်းကောင်း၊ လည်တုံ၊ နားကပ် စသည်များကို လည်းကောင်း၊ ဟောင်ကောင်ရှိ လန်ဒန် ပန်းထိမ်ကုမ္ပဏီတိုက်ခွဲ တစ်ခု၌ အပ်နှံလေ၏။ တာတေသည် ခင်ခင်စိန်အတွက် လက် ဝတ်ရတနာ အမြောက်အမြားကို လုပ်ကိုင်ပေးခဲ့ဖူးလေရာ လက် စွပ်အတွက် လက်တိုင်းနံပါတ် (၁၂)ဖြစ်သည်ကို ကောင်းစွာမှတ်မိ သဖြင့် ၎င်းအတိုင်းပင် လက်စွပ်ကို လုပ်ကိုင်နိုင်ခဲ့လေ၏။

ထိုတိုင်းပြည်များ၌ တစ်နှစ်နီးပါးခန့် လည်ပတ်၍ သုံး ဖြုန်းကြပြီးနောက် ရန်ကုန်မြို့သို့ ပြန်ခဲ့ကြလေ၏။ ရန်ကုန်သို့ ရောက်သည့်အခါ၌ ဆိတ်ဖွားက တောင်ငူသချိုင်းသို့ ပြန်၍ အခြေ အနေ အကဲခတ်လေ၏။ ၎င်းတို့ ထားခဲ့သောပစ္စည်းများ လက်ရာ ခြေရာပျက်ခြင်း ရှိမရှိကို အကဲခတ်ပြီးလျှင် သုဘရာဇာကလေး အား ကောင်းမွန်စွာ အလုပ်လုပ်ရန် မှာခဲ့ပြီးလျှင် တာတေ ရှိရာသို့ ပြန်ခဲ့လေ၏။

ဆိတ်ဖွားနှင့် တာတေတို့သည် ခင်ခင်စိန်တို့ ရှိရာ စိမ်း ဘောဂတိုက်သို့ မော်တော်ကားတစ်စီး ငှားရမ်းလျက် သွားရောက် လေ၏။ ခင်ခင်စိန်အား ဆိတ်ဖွားက. . .

"ဟောဒါ ကျုပ်တို့ ဟောင်ကောင်ကုမ္ပဏီ သူဌေးကြီး မစ္စတာ ရှင်လျှံပါပဲ၊ မစ္စတာသံဟိတ်ရဲ့မိန်းမနှင့် တွေ့ချင်လို့ လာ တာပါ"

"ဩော်. . . ဝမ်းသာပါတယ်ရှင်၊ ကျွန်မမှာတော့ ကိုသံ





ဟိတ် မရှိတဲ့နောက် အားကိုးရာမဲ့ပြီး အားငယ်နေတုန်း အခုလို သူဌေးကြီး ဦးရှင်လျှံတို့ လာရောက်အားပေးတာကို ဝမ်းလဲ သာပါ တယ်" ဟု ယုတ်မာသော မိန်းမတို့၏ မာယာဖြင့် မျက်ရည်က လေး စမ်းစမ်းဖြင့် ပြောလေ၏။ ခင်ခင်စိန်၏ အမူအရာကို ကြည့် ၍ တာတေသည် ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်ချင်သော် လည်း မျိုသိပ်၍ထားရလေ၏။

ဤနေရာ၌ တာတေ၏ ဝတ်စားဆင်ယင်ပုံ၊ ရုပ်ဖျက်ထား ပုံတို့ကို ဖော်ပြရန် လိုပေသည်။ တာတေသည် ခေါင်းတစ်ခုလုံး အား တစ်ပင်တစ်မွေးမျှ မရှိအောင် ရိတ်ထားလေ၏။ ရွှေကိုင်း မျက်မှန် သေးသေးကလေးကိုလည်း တပ်ဆင်ထား၏။ ဦးထုပ်ဖြူ၊ ဘောင်းဘီဖြူပွပွ၊ ကုတ်အင်္ကျီဖြူ၊ ရှူးဘိနပ်အဖြူများကို ဝတ်ဆင်၍ လမ်းလျှောက်သည့်အခါ၌လည်း ခါးကို ကုန်း၍လျှောက်လေ၏။

ထိုအရာတို့ထက် တာတေအား မမှတ်မိစေရန် အကာ ကွယ်ဆုံးသော အရာမှာ စင်္ကာပူ ရောက်ခဲ့စဉ်က ဝယ်ယူခဲ့သော စင်္ကာပူ တောစ်လမ်းရှိ သျှန်ပို သွားစိုက်ဆိုင်ကြီးမှ အထူးလုပ်ပေး လိုက်သော သွားအတု (အံပုံ) ကြီးပင် ဖြစ်၏။ ထိုအံပုံကြီးကို တပ်ထားသဖြင့် ရှေ့သွားနှစ်ချောင်းသည် တံခါးကဲလား တုတ် ထောက်ထားသကဲ့သို့ နှုတ်ခမ်းအပြင်ဖက် ရောက်သည့်တိုင်အောင် ခါ၍ထွက်နေသဖြင့် နှုတ်ခမ်းဖြင့် ပြောဆိုမှုသာလျှင် ပီသနိုင် သော (ပ-ဖ-ဗ-ဘ-မ) အက္ခရာ ပါဝင်သော စကားလုံးများကို ပြောဆိုရာ၌ လုံးဝပီသခြင်း မရှိတော့ပေ။

ဥပမာ. . . မလာဘူး (ထလာဘူး)၊ ချစ်ဖွယ်. . . ချစ်ဖွယ် မော်တော်ကား (တော်တော်ကား) ဟူ၍ဖြစ်ပေသည်။ ထိုသို့ ကျကျ နန ရုပ်ဖျက်ထားနိုင်ခြင်းမှာလည်း ဆိတ်ဖွား၏ အကြံဉာဏ်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း ရေးသားရန် မလိုတော့ပေ။

ဆိတ်ဖွားသည် ဟိုကြည့်သည်ကြည့် လုပ်ပြီးနောက် ခင်ခင်စိန်၏ မျက်နှာသို့ မဝံ့မရဲ ကြည့်ကာ. . .

"ဟိုလူကော"

"သြော်. . . ကိုချစ်ဖွယ်လား၊ ရွှေတိဂုံဘုရား သွားပြီး ပုတီးစိပ်ပါတယ်"

"သြော်. . . သူတော်ကောင်းပဲ၊ ကောင်းပါတယ်၊ ခင်ဗျားရဲ့ မောင်နော်"

"ဟုတ်ပါတယ်၊ သူရှိလို့ တော်သေးတာပေါ့၊ ကျွန်မ ယောကျ်ား ဆုံးပြီးနောက် ကျွန်မမှာ သူ့ကိုပဲ အားကိုးနေရပါတယ်၊ သူကလဲ တကယ့်ကို သူတော်ကောင်းပါပဲရှင်၊ ပုတီးစိပ်လိုက်၊ ဘုရား ဝတ်တက်လိုက်နဲ့ပဲ အချိန်ကုန်တာပါပဲ"

တာတေသည် အူထဲတွင် ယားကျိကျိ ဖြစ်လာသည့်တိုင်အောင် ရယ်ချင်လှသော်လည်း မျိုသိပ်၍ ထားရလေ၏။

"ကျုပ်တို့သူဌေး မစ္စတာရှင်လျှံက ခင်ဗျားအတွက် လတ်ဆောင် ပစ္စည်းတွေ ယူလာပါတယ်"

"ဝမ်းသာလိုက်တာရှင်၊ ဘာပစ္စည်းတွေများပါလိမ့်"

ခင်ခင်စိန်သည် မိန်းမယုတ်တို့၏ ထုံးစံအတိုင်း ပစ္စည်းဥစ္စာတပ်မက်ခြင်း ရှိလေရာ မျက်လုံးများသည် ဝင်းလက်၍လာလေ၏။ ထိုအခါ၌ တာတေသည် သားရေအိတ်ကြီးအတွင်းမှ စိန်ဆွဲကြိုး၊ စိန်လည်တုံ၊ စိန်နားကပ်၊ စိန်လက်ကောက်နှင့်လက်စွပ်များ ထည့်၍ထားသော စက္ကူဘူးကြီးကို ထုတ်၍ပြလိုက်ရာ ခင်ခင်စိန်၏ မျက်လုံးများသည် အခိုးအလျှံများ ထွက်လာတော့မည်ကဲ့သို့ ဝင်းဝင်းပြောင်လျက် တောက်ပလာတော့သည့်ပြင်. . .





"ကော်တာပဲရှင်. . ." ဟု ယောင်ယမ်း၍ အော်မိလေ၏။

"ကျုပ်တို့သူဌေး မစ္စတာရှင်လျှံက သိပ်ပြီး ကိုယ်ချင်းစာတတ်တယ်ဗျ၊ သူကလဲ မိန်းမ မရှိတော့တဲ့ မုဆိုးဖိုဆိုတော့၊ ခင်ဗျားကလဲ သူ့လိုပဲ ယောကျ်ားမရှိတော့တဲ့ မုဆိုးမဆိုတော့ ကိုယ်ချင်းစာပြီး ခင်ဗျားကို မမြင်ဖူးခင်ကတည်းက သိပ်ပြီး သနားနေပါတယ်"

"ဟုတ်ကဲ့ရှင်၊ ကျွန်မမှာတော့ အားကိုးရာမဲ့နေတုန်း အခုလို သူဌေးကြီးတို့ ရောက်လာပြီး အားပေးကူညီကြတာကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိပါဘူးရှင်"

ထိုအခါ၌ တာတေသည် ဝင်ရောက်ပြောဆိုရန် အခါအခွင့် သင့်ပြီဟု သဘောရသည့်အလျောက်. . .

"ကိစ္စမရှိပါဘူး၊ ခင်ခင်စိန် ဘာမှ အားမငယ်ပါနဲ့၊ ကျုပ်တို့ ရှိသားပဲ၊ ဆွေမျိုးလို သဘောထားပါ၊ ကိစ္စရှိရင် ပြောပါ၊ ကျုပ်တို့က ကူညီမှာပါပဲ"

"ကျွန်မကလည်း ဦးရှင်လျှံတို့ကို ဆွေမျိုးလိုပဲ သဘောထားပါတယ်၊ ဘယ်တော့ဖြစ်ဖြစ် ဝင်ပါထွက်ပါ၊ ကိုယ့်အိမ်လို သဘောထားပါ၊ အခုလည်း ဟိုတယ်မှာ တည်းမယ့်အစား ဒီမှာပဲ တည်းပါလားရှင်"

"အို. . . ကိစ္စမရှိပါဘူး၊ ကျုပ်တို့ ခဏခဏ လာမှာပါ၊ အဲဒီပစ္စည်းတွေ ဝတ်ကြည့်စမ်းပါဦး၊ လက်စွပ်နဲ့ လက်ကောက်က တော်ပါ့မလား မဆိုနိုင်ဘူး"

ခင်ခင်စိန်သည် ထိုပစ္စည်းများကို တရုတ်နှစ်ဦး ရှေ့၌ ဝတ်ရန် အနည်းငယ် ရှက်နေသော်လည်း စိတ်တွင်းမှ ဝတ်ချင်လှပြီဖြစ်၍ တာတေနှင့် ဆိတ်ဖွားတို့က ဝတ်ဆင်ရန် အနည်းငယ် တိုက်တွန်းလိုက်သည်နှင့်ပင် ကောက်၍ ဝတ်ဆင်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ပြီးနောက် အရောင်တဖိတ်ဖိတ် တောက်သော ရွှေစိန်များ ဖြစ်ခြင်း၊ အင်္ဂလန်သို့ ပေးပို့၍ လုပ်ကိုင်သော ဟောင်ကောင်ပန်းတိမ်ကုမ္ပဏီ၌ လုပ်သော လက်ရာများ ဖြစ်ခြင်း စသည်တို့ကြောင့် လက်ဝတ်လက်စားများမှာ အထူးကောင်းမွန်ရကား ပစ္စည်း၌ တပ်မက်မောသော ခင်ခင်စိန်ကဲ့သို့ လော်မာသည့်မိန်းမတစ်ဦးအဖို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းကို ဖုံးဖိ၍ မထားနိုင်ဘဲ ကလေးငယ်ကဲ့သို့ ရွှင်မြူးနေလေတော့၏။

ထိုစဉ်၌ ခင်ခင်စိန်တို့၏အိမ်တွင် တာတေ ရှိစဉ်ကတည်းက မွေးမြူ၍ထားသော ခွေးကလေးတစ်ကောင်သည် ခင်ခင်စိန်တို့ ရှိရာသို့ ရောက်လာပြီးလျှင် တာတေ၏ ခြေထောက်အား နမ်းရှုပ်ပြပြီး၍ အမြီးကို လှုပ်ယမ်းကာ တာတေ၏အပေါ်သို့ အားရဝမ်းသာ ကုတ်ခြစ်၍ တက်လေတော့၏။

"ကြည့်စမ်း. . . ကြည့်စမ်း၊ ကျားမောင်. . . လာခဲ့. . . လာခဲ့" ဟု ဆိုကာ ခင်ခင်စိန်က ဆွဲယူ ရိုက်နှက်လေ၏။

တာတေ၏ အင်္ကျီအဝတ်အစားများမှာလည်း ကျားမောင်တက်၍သွားသဖြင့် ပေရေ၍ကုန်လေ၏။

"ဒုက္ခပါပဲ၊ သူဌေး အဝတ်အစားတွေကတော့ ပေကုန်ပါပြီရှင်၊ အားနာလိုက်တာ"

"ကိစ္စမရှိပါဘူး၊ ကျုပ်တို့သူဌေး မစ္စတာရှင်လျှံကတော့ သဘောက ကောင်းလွန်းတော့ လူတွေ့ လူချစ်၊ ခွေးတွေ့ ခွေးချစ် ဆိုသလိုပါပဲ၊ ဟဲ. . . ဟဲ"

"ဟုတ်မှာပါပဲရှင်၊ ကျွန်မလဲ မြင်မြင်ချင်းပဲ ဦးရှင်လျှံ၏ ခင်မင်မိပါတယ်၊ ဟဲ. . . ဟဲ. ."

"ခင်ရမှာပေါ့၊ ကျုပ်တို့သူဌေး မစ္စတာရှင်လျှံက သိပ်ပြီး





သဘောကောင်းတယ်ဆိုတာ အနီးကပ် ပေါင်းကြည့်တော့ သိရပါလိမ့်မယ်"

"ဟုတ်မှာပါရှင်"

တာတေသည် သူ၏ငေါ်ထွက်နေသော သွားကြီး နှစ်ချောင်းကို အားကိုးပြု၍ အဆက်မပြတ် တဟားဟား ရယ်မောနေသ၏။

ထိုရယ်မောခြင်းမှာ ဟန်ဆောင်၍ ရယ်မောခြင်း မဟုတ်ဘဲ ခင်ခင်စိန်သည် လည်လှပြီဟု ဆိုကာ သရုပ်ဆောင်ပြနေသည်အားကို တွေ့မြင်ရသဖြင့် မရယ်ဘဲ မနေနိုင်သောကြောင့် ရယ်ရန်အခွင့်အလမ်း ပေါ်သောအခါ၌ ဘားထားရသော ရယ်ချင်မှုများပြု စုပေါင်း၍ ရယ်နေခြင်း ဖြစ်လေ၏။

တာတေရယ်သဖြင့် ခင်ခင်စိန်နှင့် ဆိတ်ဖွားတို့ပါ လိုက်၍ရယ်မောကြလေ၏။ ထိုသို့ ရယ်မောနေကြစဉ် အောက်ထပ်မှခြေသံကြားပြီးနောက် မောင်ချစ်ဖွယ် တက်၍လာလေ၏။

"ဟော. . ကိုချစ်ဖွယ် ပြန်လာပြီ၊ သူဌေးဦးရှင်လျှံရှင့်. . . ဒါ ကျွန်မရဲ့မောင် ကိုချစ်ဖွယ်ဆိုတာပါပဲ၊ ကိုချစ်ဖွယ်. . ဒါက ဟောင်ကောင်က သူဌေးကြီး ဦးရှင်လျှံတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာရှင်လျှံ"

"ကျုပ်ကလဲ ဝမ်းသာပါတယ် ကိုချစ်ဖွယ်၊ ဟဲ. . . ဟဲ. . . တာရှုပ်က ခင်ခင်စိန့်အကြောင်းပဲ ပြောနေတာကိုး၊ ခင်ဗျားအကြောင်း မပြောတော့ ခင်ဗျားအတွက် လက်ဆောင်တော့ မပါ ဘူး မကြာခင် ပေးမှာပါ၊ ဟဲ. . . ဟဲ. ."

ခင်ခင်စိန်သည် မောင်ချစ်ဖွယ်အား ထားခဲ့ပြီးနောက် ဧည့်သည်နှစ်ဦးအတွက် ကော်ဖီနှင့်မုန့်များ ပြင်ဆင်၍ယူလာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပါးစွာ စားသောက်ကြပြီးနောက် နှုတ်ဆက်၍ ပြန်လာလေ၏။

◈ ◈ ◈

တာတေတို့ ပြန်သွားသည်နှင့် တစ်ပြိုင်နက် ခင်ခင်စိ သည် စိန်၊ လက်ဝတ်လက်စားများကို ဖြုတ်၍ အားရဝမ်းသ ကြည့်ရှုလေ၏။

မကြာခဏလည်း ၎င်းပစ္စည်းများကို ထုတ်၍ ထုတ် ကြည့်ရှုပြီးလျှင် ဦးရှင်လျှံဟာ သည်လို စိန်တွေကိုတောင် ဖော သီသီ လက်ဆောင်ပေးနိုင်တယ်ဆိုတော့ အတော်ကို ချမ်းသာ ဟု စိတ်၌ အောက်မေ့မိလေ၏။

တာတေသည်လည်း ခင်ခင်စိန်၏အိမ်သို့ နှစ်ရက် ခေါက် သုံးရက်တစ်ခေါက် ရောက်လာပြီးလျှင် ခင်ခင်စိ မောင်ချစ်ဖွယ်တို့အား ကားနှင့်ခေါ်၍ လျှောက်လည်ခြင်း၊ ဟို များ၌ ကျွေးမွေးခြင်းများကို ပြုလုပ်လေ၏။

ခင်ခင်စိန်သည် တာတေ လာသည်ကို မြင်သည် အခန်းတွင်းသို့ ပြေးဝင်သွားပြီးလျှင် တို့ဖတ်ပဝါ တို့ခြင်း၊ များ ပြင်ဆင်ခြင်း၊ အဝတ်များ လဲခြင်း စသည့် မိန်းမတို့ အပ်သော အလှပြင်ခြင်းများကို ပြုလုပ်ပြီးမှသာလျှင် အတွေ့ ရှိ၏။

မောင်ချစ်ဖွယ်မှာလည်း ပေါင်ကောင်မှ သူဌေးပြီ





လက်ပွန်းတတီး ပေါင်းသင်းဆက်ဆံရခြင်းကို ဂုဏ်ယူလျက် ရှိလေ၏။ ဤသို့ဖြင့် တာတေသည် ခင်ခင်စိန်နှင့် မောင်ချစ်ဖွယ်တို့အား ဆွေမျိုးရင်းချာများကဲ့သို့ ရင်းနှီးလေတော့၏။

တစ်ခါ၌ အိမ်တွင် မောင်ချစ်ဖွယ် မရှိခိုက် တာတေ ရောက်ရှိလာသဖြင့် ခင်ခင်စိန်က ကောင်းမွန်စွာ ဧည့်ခံလျက် ရှိလေ၏။

"နို့ . . နေပါဦး၊ ဦးရှင်လျှံမိန်းမ ဆုံးတာ ကြာပြီလား"

"ကြာပါပြီ ခင်ခင်စိန်"

"ဦးရှင်လျှံက နောက်ထပ် အိမ်ထောင် မပြုတော့ဘူးလား"

"ကြိုက်တာ တွေ့ရင်တော့ ပြုမှာပါပဲ"

"ဟုတ်ပါတယ်လေ၊ ဦးရှင်လျှံတို့မှာတော့ ထပ်ပြီး အိမ်ထောင်ပြုရင်လဲ သင့်တော်ပါတယ်၊ ကျွန်မတို့မှာတော့ မိန်းမသား ဖြစ်လေတော့ မလွယ်ကူဘူးရှင်"

"ဘာကြောင့်လဲ"

"မုဆိုးမဆိုတော့ ဘယ်သူကမှ အရေးမလုပ်ချင်ကြဘူး ဟုတ်လား"

"မုဆိုးမသာ ဆိုတယ်၊ အပျိုနဲ့ မခြားပါဘူး"

ခင်ခင်စိန်သည် ကြာဆန်ဆန် မျက်လုံးဖြင့် တာတေအား စူးကြည့်လိုက်လေ၏။

"ဦးရှင်လျှံမှာ မှန်းထားတာများ ရှိပါသလား"

"အခုတော့ မရှိသေးပါဘူး"

"ဒါဖြင့်ရင် ကျွန်မ ရှာပေးမယ်လေ၊ လက်ခံမလား"

"သင့်တော်ရင် လက်ခံရမှာပေါ့"

"ဟိုး လေးဒေါင့်ကန်ဆိုတဲ့ ရွာတလေးမှာ တင်တင်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးရှိတယ်၊ သမီးတစ်ခု အမေတစ်ခုပဲ၊ ရုပ်ကလေးကထဲ ချောတယ်၊ မျက်လုံးပြူးပြူးလေးနဲ့ ချစ်စရာကလေး၊ မျိုးရိုးကထိ သန့်ပါတီသနဲ့"

"ဘသက် ဘယ်လောက်ရှိပြီလဲ"

"အသက်နှစ်ဆယ်လောက်ပဲ ရှိသေးတယ်"

"အသက်က သိပ်ငယ်တယ်၊ မလိုချင်ဘူးဗျ"

"ဦးရှင်လျှံက အသက် ဘယ်လောက်မှ သဘောကျမှာလဲ"

"အသက်သုံးဆယ်လောက်နီးပါးမှ ကျုပ်နဲ့ဖြစ်မှာ၊ ပြီးတော့ အပျိုစစ်စစ်ကြီးလဲ မလိုချင်ဘူး၊ တစ်ခုလပ် ဖြစ်စေ၊ မုဆိုးမ ဖြစ်စေ ပေါ့"

"ကြိုးစားပြီး ရှာကြည့်သေးတာပေါ့ရှင်"

ခင်ခင်စိန်သည် ကြာမှုယာပါသော မျက်လုံးဖြင့် တာတေ အား ကြည့်၍ပြောလေ၏။ ဤသို့သော စကားများကို တာတေ တွေ့တိုင်း ခင်ခင်စိန်သည် အစဖော်၍ ပေးတတ်လေ၏။ တာတေ ကလည်း အလိုက်သင့် ပြန်လည် ပြောဆိုတတ်လေ၏။

◈ ◈ ◈

တာတေနှင့် မောင်ချစ်ဖွယ်တို့သည် တစ်စထက်တစ် ရင်းနှီးသည်ထက် ရင်းနှီးလာကြလေ၏။ တစ်ခါတစ်ရံ၌ ခင်ခင် မပါဘဲလည်း မောင်ချစ်ဖွယ်နှင့်အတူ ဘိုင်စကုပ်ကြည့်ခြင်း





တယ်၌ အတူတကွ အရက်သောက်ခြင်းများ ပြုလုပ်လေ့ရှိ၏။ မောင်ချစ်ဖွယ်သည် တာတေအား ဟောင်ကောင်မှ သူဌေးကြီး ဟူ၍ ထင်မှတ်ကာ တစ်နည်းနည်းဖြင့် ထိုသူဌေးကြီး၏ စီးပွားဥစ္စာများကို အနီးကပ် ပေါင်း၍ ရအောင် ကြံဆောင်မည်ဟု သဘော ပိုက်ထားလေ၏။ ထို့ကြောင့် မောင်ချစ်ဖွယ်သည် တာတေထံသို့ မကြာခဏဆိုသလို အကြောင်းမရှိ အကြောင်းရှာ၍ သွားလေ့ရှိ၏။ တစ်နေ့သ၌ တာတေ တည်းခိုရာ ဟိုတယ်သို့ မောင်ချစ်ဖွယ် ရောက်ရှိလာပြီးလျှင် တာတေနှင့်အတူ အရက်သောက်လေ၏။ အရက်အတော်အတန် သောက်ပြီးနောက် တာတေက. . . .

"ကိုချစ်ဖွယ်. . . ကားစီးရတာ တစ်ခါတလေ ပျင်းဖို့ ကောင်းတယ်ဗျ၊ အပျင်းပြေ ရထားလုံး စီးရအောင်ဗျာ"

"ကောင်းသားပဲ မစ္စတာရှင်လျှံ၊ အခုလို အရက်ရေချိန် လေး ကိုက်နေတုန်း ရထားလုံး စီးရတာ သိပ်ပြီးနေရာကျတာပေါ့ ဗျာ" ဟု ထောက်ခံပြောဆိုသဖြင့် ရထားလုံးတစ်စီးကို ငှားရမ်း၍ စီးနင်းလေ၏။ အစတွင် ရထားလုံး ကုလားအား တာတေက ရန်ကုန်မြို့တွင်းသို့ မောင်း၍ခိုင်း၏။ ထိုမှတစ်ဖန် ကန်တော်ကြီး ဘက်သို့ မောင်းခိုင်းပြန်၏။ ထိုမှတစ်ဖန် သယ်န်းကျွန်း ငမိုးရိပ် တံတားထိပ်တွင် ရပ်ကာ လေညင်းခံသကဲ့သို့ တာတေသည် ငမိုး ရိပ်ချောင်း ရှုမျှော်ခင်းကို စိတ်ဝင်စားစွာ ကြည့်ရှုလေ၏။ မောင် ချစ်ဖွယ်လည်း တာတေကဲ့သို့ပင် လေညင်းခံလျက် ချောင်း၏အလှ အပကို အရသာခံလျက် ကြည့်ရှုနေလေ၏။ ရထားလုံးကုလားမှာမူ ရထားပေါ်မှာပင် ထိုင်လျက် ၎င်းတို့နှစ်ယောက်ကို စောင့်၍နေ လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ငမိုးရိပ်တံတားဆိုရာ၌ ယခုရှိသော တံတားမှာ တံတားသစ် ဖြစ်၏။ တံတားဟောင်းမှာ စစ်အတွင်း၌ ဗုံးဒဏ်ကြောင့် ပျက်စီးသွားပြီ ဖြစ်လေ၏။ ထိုပျက်သွားသော တံတားကြီး၏ အုတ်တိုင်အကျိုးအပြတ်ကြီးများကိုပင် ယခုအခါ၌ တံတား သစ်ကြီးဘေး၌ ရေကျချိန်တွင် တွေ့မြင်နိုင်ပါသည်။

- (စာရေးသူ)

"ကိုချစ်ဖွယ်ရေ. . . အတော်ပဲဗျို့၊ ဟောဟိုမှာ လှေတစ်စီး လာနေပြီ၊ လှေသမားကို ပိုက်ဆံနည်းနည်းပါးပါး ပေးပြီး လှေလှော်စီးရအောင်ဗျာ"

"မလုပ်ပါနဲ့. . . မစ္စတာရှင်လျှံ၊ ကျွန်တော် ရေမကူးတတ်ဘူးဗျ"

"ကိစ္စမရှိပါဘူးဗျ၊ ကျုပ် လှေကောင်းကောင်း လှော်တတ်ပါတယ်၊ မပူပါနဲ့" ဟု ဆိုကာ တာတေသည် လှေသမားထံကို ပြေးဆင်းသွားပြီးလျှင် လှေကို ပိုက်ဆံပေး၍ မရမက ငှားရမ်းလေ၏။ လှေသမားက အစတွင် ငြင်းဆန်သော်လည်း တာတေတာ ဆယ်တန်တစ်ရွက်ကို ထုတ်၍ပေးလိုက်သောအခါ၌ လှေသမားသည် ကြည်ကြည်ဖြူဖြူပင် သူ၏လှေကို တာတေ၏လက်သို့ အပ်လိုက်လေ၏။ တာတေသည် လှေငှား၍ ရသည်နှင့် တစ်ပြိုင်နက် ရထားလုံးဆီသို့ သွားပြီးလျှင် ရထားလုံးခများကို ရှင်းလင်းပေး၍ ရထားလုံးကို ပြန်၍လွှတ်လိုက်လေ၏။

"ကဲ. . . ကိုချစ်ဖွယ်၊ လှေစီးချင်နေတုန်း လှေအဆင်သင့်





ရတာ ဝမ်းသာစရာပဲဗျာ၊ စီးကြရအောင်" ဟု ဆိုကာ ကြောက်ရွံ့ကြောက်ရွံ့ လုပ်နေသော မောင်ချစ်ဖွယ်၏လက်ကို ဆွဲ၍ လှေဆီသို့ ဆင်းသွားလေ၏။ လှေပေါ်သို့ ရောက်လျှင် တာတေက ချစ်ဖွယ်အား လှေ၏ဦးဘက်တွင် ထိုင်ခိုင်းလိုက်လေ၏။ မောင်ချစ်ဖွယ်သည် ရေမကူးတတ်သူတို့၏ ထုံးစံအတိုင်း လှေနံနှစ်ဖက်အား ဘင်းကျပ်စွာ ဆုပ်ကိုင်လျက် ရှိလေ၏။

"လက်လွှတ်ထားစမ်းပါ ကိုချစ်ဖွယ်ရာ၊ ဘာမှမဖြစ်ပါဘူး၊ ခင်ဗျား ထိုင်ပုံကြီး ကြည့်ရတာ ဇိမ်မကျလိုက်တာဗျာ"

"ကျွန်တော် ရေမကူးတတ်ဘူးဗျ၊ အဲဒီတော့ ကြောက်တာပေါ့"

"မကြောက်စမ်းပါနဲ့ဗျာ" ဟု ဆိုကာ တာတေသည် ချောင်း၏ ကမ်းနံဘေးမှ ကပ်၍ စကားတပြောပြောနှင့် လှော်လေ၏၊ အချိန်အနည်းငယ် ကြာလာသည့်အခါ၌ မောင်ချစ်ဖွယ်သည် ဘစ်စထက်တစ်စ ကြောက်စိတ်များ ပြေပျောက်ကာ စိတ်လက်ပေါ့ပါးစွာနှင့် စီးနင်းလျက် ရှိလေ၏။

တာတေသည် ငမိုးရိပ်ချောင်းမှ တစ်ဆင့် ရေစီးအတိုင်း လှေလှော်လာခဲ့ရာ တစ်နာရီခန့်အကြာလောက်တွင် သန်လျင်ဘက်သို့ ထွက်သော မြစ်သုံးခွဆိုင်ဘက်သို့ ရောက်ရှိလေတော့၏။ ထိုနေရာ၌ လေသည် တဟူးဟူးနှင့် တိုက်လျက်ရှိရာ တစ်ဦးနှင့်တစ်ဦး စကားပြောရာ၌ အော်ဟစ်၍ ပြောရလေ၏။ ဝတ်ထားသော အဝတ်အစားများမှာလည်း လေတိုက်သဖြင့် တဖျပ်ဖျပ် လွင့်လျက်ရှိလေ၏။

မြစ်သုံးခွဆိုင် အလယ်တည့်တည့်နေရာလောက်ရောက်သည်နှင့် တာတေက. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ်ဖွယ်. . . ခင်ဗျားကို တစ်ခုပြောရဦးမယ်"

"ပြောပါ မစ္စတာရှင်လျှံ"

"ကျုပ်တော့ မကြာခင်ပဲ ခင်ခင်စိန်နဲ့ လက်ထပ်ပြီး ယူတော့မယ်ဗျ"

"ဘာပြောတယ်ဗျ"

"ကျုပ် ခင်ခင်စိန်ကို ယူတော့မယ်လို့ ပြောတာပါ"

မောင်ချစ်ဖွယ်သည် အကြီးအကျယ် မျက်နှာပျက်၍သွားသော်လည်း ကျွန်ုဆည်ကာ. . .

"သူကကော ခင်ဗျားကို ယူမယ်တဲ့လား"

"ဘာလို့ မယူဘဲ ရှိမလဲဗျာ၊ ခင်ဗျားလို ကလေကချေကောင်ကိုတောင် ယူသေးတာပဲ၊ ကျုပ်ကို ယူရင် ချမ်းသာမယ်ဆိုတာ သူသိသားပဲ"

"ခွေးမသားတရုတ်. . . လူပါးဝလိုက်တာ၊ မင်းက ငါ့နှမကျွန်နဲ့ ငါ့မိန်းမကို ပြောင်ယူမယ်ပေါ့၊ မင်းက ငါတို့အကြောင်းတောင် သိနေပြီပေါ့လေ"

"ဒေါသကြီးလှချေလား ကိုချစ်ဖွယ်၊ ခင်ဗျား သူများမယားကို ယူတော့ ကောင်းတယ်၊ အခု ခင်ဗျားမယားကို ကျုပ်က ယူမယ်ဆိုတော့ မခံနိုင်ဘူး မဟုတ်လား၊ ဟား. . . ဟား. . ."

"ခွေးမသား တရုတ်၊ လှေကို ကမ်းပြန်ပြီးကပ်စမ်း" ဟု ဆိုကာ လှေဝမ်းအတွင်း၌ ရေဝင်လျှင် ခပ်ရန်အတွက် ပြုလုပ်ထားသော ဝါးဆစ်ဘူးတောင်းပြတ်ကြီးကို ကောက်၍ကိုင်ပြီးလျှင် တာတေအား ပေါက်မည်ကဲ့သို့ ချိန်ရွယ်လေ၏။

"မရဘူး ချစ်ဖွယ်၊ ဒီတစ်ခါ မင်းအလှည့်ပဲ၊ မင်းဟာ လူယုတ်မာ၊ မင်းအပေါ်မှာ အင်မတန်ကောင်းခဲ့တဲ့ သံဟိတ် အပေါ်မှာ မင်းဟာ ရက်စက်ခဲ့တယ် မဟုတ်လား၊ ဒီအကုသိုလ်အတွက် မင်း ခံရတော့မယ်"





"အောင်မာ. . . ခွေးတရုတ်က အကုသိုလ်တွေ ဘာတွေနဲ့ ကြီးကြီးကျယ်ကျယ်၊ ကမ်းကို ကပ်မလား မကပ်ဘူးလား"

"ဟား. . . ဟား. . . ငါ တရုတ်မဟုတ်ပါဘူးကွ၊ ကြည့်စမ်းပါဦး" ဟု ဆိုကာ တာတေသည် ပါးစပ်အတွင်းမှ သွားအတုကို လည်းကောင်း၊ မျက်မှန်ကို လည်းကောင်း ဖြုတ်လိုက်ပြီး. . .

"ငါ သံဟိတ်ပါကွ၊ ဆံပင်တွေ ဖြူနေသေးလို့ မမှတ်မိဘူးလား၊ ဟောဒီမှာ အနက်ဖြစ်အောင် ဆိုးပြမယ်" ဟု ဆိုကာ အကျီအိတ်အတွင်းမှ ပုလင်းတစ်လုံးကို ထုတ်ကာ ခေါင်းပေါ်သို့ဖွင့်၍ လောင်းပြီး အနည်းငယ် ပွတ်လိုက်ရာ ဖွေးဖွေးဖြူလျက် ရှိသော ဆံပင်များသည် ပကတိအတိုင်း နက်မှောင်၍ သွားရာ သံဟိတ်၏ ရုပ်သွင်သည် ပြန်လည်၍ ပေါ်လာလေ၏။

မောင်ချစ်ဖွယ်သည် အံ့အားသင့်ခြင်း၊ ကြောက်လန့်ခြင်း၊ ဒေါသဖြစ်ခြင်း စသော ဝေဒနာအပေါင်းကို တမုဟုတ်ချင်း အတွင်း၌ စုပေါင်း ခံစားလိုက်ရပြီးနောက်. . .

"ခွေးမသား" ဟု ဆဲဆိုကာ ဝါးဆစ်ဘူးဖြင့် တာတေ၏ မျက်နှာကို ပစ်ပေါက်လိုက်လေ၏။ သို့ရာတွင် တာတေက အနည်းငယ် တိမ်းရှောင်လိုက်သဖြင့် လွဲချော်၍ သွားလေ၏။

"ကဲ. . . ကဲ. . . ချစ်ဖွယ်၊ ရေအောက်သချိုင်းကို သွားဖို့ အချိန်တန်ပြီကွာ" ဟု ဆိုကာ လှေကို မှောက်လေတော့၏။ ချစ်ဖွယ်သည် သနားဖွယ်ရာ အသံမျိုးစုံနှင့် ငိုယိုကာ တောင်းပန်သော်လည်း တာတေသည် လှေကို ရအောင် မှောက်ပစ်လေ၏။ သို့ရာတွင် လှေသည် မမှောက်ဘဲ လူနှစ်ယောက်တို့၏ ရှိန်းရှင်ဆန်ခတ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှုကြောင့် အိုးဒယ်နစ် နစ်သွားလေ၏။

ချစ်ဖွယ်သည် တတ်နိုင်သမျှ ကူးခတ်သော်လည်း နောက်ဆုံး၌ လက်ကားရား၊ ခြေကားရားဖြင့် နစ်မြုပ်သွားလေတော့၏။ တာတေမှာမူ နဂိုကလည်း ရေကူးကျွမ်းကျင်သည့်အထဲတွင် ဟောင်ကောင် သွားစဉ်မှ ဝယ်ယူခဲ့သော (Life Jacket) လေအိတ်များပါသည့် အသက်ကယ်အင်္ကျီတစ်မျိုးကို အဆင်သင့် ဆောင်ယူလာသည်ဖြစ်ရာ ရေကူးရင်းနှင့်ပင် ထိုအင်္ကျီကို ဝတ်ဆင်၍ မြစ်သုံးခွဆိုင်အား မောပန်းခြင်းမျှ မရှိဘဲ ကူးခပ်၍ လာလေတော့၏။

ဤသို့ဖြင့် မြို့ရှင်ရာဇာတာတေ အမည်ခံ မောင်သံဟိုတ်သည် ကောက်ကျစ်ယုတ်မာလှသော သူငယ်ချင်းအား ကောင်းစွာ လက်စားချေ၍ ထားခဲ့လေတော့သတည်း။

...ပြီးပါပြီ...





# မြို့ရှင်ရာဇာတာတေနှင့် ခင်ခင်စိန်

မောင်ချစ်ဖွယ် သေဆုံးပြီးနောက်လည်း တာတေသည် ခင်ခင်စိန်ထံသို့ မကြာခဏ ဝင်ထွက်ခြင်း ပြုလေ၏။ တစ်ခါတစ် တောင်ငူသချိုင်းသို့ တစ်လနှစ်လ ကြာသည့်တိုင်အောင် ပြန်၍သွာ လိုက်နှင့် အချိန်ဆွဲထားလေ၏။

အိမ်၌ ခိုင်းစေထားသော ဒေါ်စိန်မှာ မောင်ချစ်ဖွယ် ရှိစဉ်ကပင် အလုပ်မှ ထုတ်ပယ်ထားလေ၏။ ထုတ်ပယ်ရသည့်အ ကြောင်းမှာ ဒေါ်စိန်သည် မောင်ချစ်ဖွယ်နှင့် ခင်ခင်စိန်တို့ လင်မ ယားကဲ့သို့ နေထိုင်ကြသည်ကို ရိပ်စားမိသောကြောင့် အလုပ်မှ ထုတ်ပစ်ခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် ခင်ခင်စိန်က နှုတ်ပိတ်သည့် သဘောဖြင့် ဒေါ်စိန်အား လစဉ် ငွေကြေးအနည်းငယ် ထောက်ပံ့ လေ၏။

နောက်ပိုင်းတွင် ထမင်းချက်ရန်အတွက် မောင်ဝိုင်းဆို


www.burmeseclassic.com

www.burmeseclassic.com



သော ထမင်းချက်သမားတစ်ယောက်နှင့် ထမင်းချက်အား ကူညီရန် သန်းရှင်ဆိုသော မိန်းကလေးတစ်ဦးအား လခဖြင့် ငှားရမ်းခေါ်ယူထားလေ၏။

လူစိမ်းများ အိမ်၌ ငှားရမ်းထားသည့်အချိန်၌ တာတေသည် ခင်ခင်စိန်၏အိမ်သို့ လုံးဝ ဝင်ထွက်ခြင်း မပြုတော့ပေ။ ရန်ကုန်သို့ လာရောက်သည့်အခါ ခင်ခင်စိန်နှင့် တွေ့လိုက အပြင်၌သာလျှင် တွေ့ဆုံလေ့ ရှိလေ၏။

ဤသို့ရှိရာမှ တစ်နှစ်ကျော်ကျော်ခန့်အကြာတွင် ထမင်းချက် မောင်ဝိုင်းသည် သန်းရှင်အား ခိုးပြေးသည့်အခါ၌ တာတေနှင့် ဆိတ်ဖွားတို့သည် ရန်ကုန်သို့ ရောက်လာပြီးလျှင် ခင်ခင်စိန်၏ အိမ်သို့ ဝင်ထွက်ခြင်း ပြုကြပြန်၏။

ခင်ခင်စိန်သည် တာတေအား ဟောင်ကောင်မှ သူဌေးကြီး မစ္စတာ ရှင်လျှံဟု ယုံကြည်ထားသည့်အလျောက် အရချူရန် ချိန်ဖြုတ်ထားသည့်အတိုင်း တာတေနှင့် တွေ့တိုင်း ညုတုတုစကားများဖြင့် စလေ၏။

တစ်နေ့သ၌ ခင်ခင်စိန်သည် တာတေ လာသည်ကို မြင်သည်နှင့် အိပ်ခန်းအတွင်းသို့ ဝင်၍ ခုတင်ပေါ်၌ လဲလျောင်း၍နေလေ၏။ တာတေ ဧည့်ခန်းသို့ ရောက်သည်နှင့် အခန်းအတွင်းမှနေ၍ ခင်ခင်စိန်က ဘယ်သူလဲဟု မေးရာ တာတေက "ကျုပ် မစ္စတာ ရှင်လျှံပါ" ဟု ဖြေလိုက်ရာ. . .

"အားနာလိုက်တာရှင်၊ ဦးရှင်လျှံရယ်. . ကျွန်မခေါင်းတွေ မူးလို့ ဝင်ပြီးလှဲနေတာ၊ တစ်ဆိတ်လောက် အခန်းထဲကိုပဲ ဝင်ခဲ့ပါရှင်၊ ဝင်သာ ဝင်ခဲ့ပါ၊ ဩော်. . ဦးရှင်လျှံ အဲဒီတံခါးကိုပါ တစ်ခါတည်း ပိတ်ခဲ့ပါရှင်"





တာတေသည် အဝင်တံခါးအား ပိတ်ပြီးနောက် ခင်ခင်စိန်၏ အိပ်ခန်းသို့ ဝင်ရောက်လေ၏။

"ဩော်. . . အားနာလိုက်တာရှင်၊ ကျွန်မ အိပ်ခန်းထဲမှာ ထိုင်ခုံကလဲ တစ်လုံးမှ မရှိဘူး၊ ဟိုသေတ္တာပေါ်မှာပဲ ထိုင်ပါ၊ ဟာ. . . ဒါလဲ မကောင်းပါဘူး၊ ကျွန်မက အမြင့်က ဖြစ်နေတယ်၊ ကိစ္စမရှိပါဘူးရှင်၊ ခုတင်ပေါ်မှာပဲ ထိုင်ပါ"

တာတေသည် မထိုင်ဝံ့သလိုလို လုပ်နေသဖြင့် ခင်ခင်စိန်က "ဦးရှင်လျှံ. . . ထိုင်သာ ထိုင်ပါရှင်" ဟု ဆိုလိုက်မှ တာတေက ထိုင်လေ၏။

"ဩော်. . . ဒါထက် ဟိုတစ်ခါ ပြောထားတာ မေ့သွားပြီလား ဦးရှင်လျှံ"

"ဘာကိုလဲ ခင်ခင်စိန်"

"ဦးရှင်လျှံ အိမ်ထောင်ပြုဖို့ကိစ္စလေ"

"ကျုပ် ပြောသားပဲ၊ အသက်(၃၀)လောက် မုဆိုးမပဲဖြစ်ဖြစ် တစ်ခုလပ်ပဲဖြစ်ဖြစ် ရရင်တော့ ယူချင်ပါတယ်လို့"

"ဦးရှင်လျှံက အဲဒီမိန်းမကို ဟောင်ကောင်ကို တစ်ခါတည်း ခေါ်သွားမှာလား"

"ဒါကတော့ သူ့သဘောပေါ့ဗျာ၊ သူ လိုက်မယ်ဆိုရင်လဲ ခေါ်သွားရမှာပေါ့၊ မလိုက်ဘူးဆိုရင်တော့ ကျုပ်ကပဲ ဒီကို ပြောင်းလာရမှာပေါ့"

"ဦးရှင်လျှံက သူဌေးဆိုတော့ မိန်းမယူပြီး မယားငယ်တွေ ဘာတွေ ယူဦးမှာလား"

"ဒါမျိုး ကျုပ် ဝါသနာ မပါပါဘူး ခင်ခင်စိန်"

"ဟာ. . . လုပ်ပါဦးရှင်၊ ခေါင်းမူးလိုက်တာရှင်တွေကလဲ



www.burmeseclassic.com

www.burmeseclassic.com



ခုန်လိုက်တာ၊ တစ်ဆိတ်လောက် လက်နဲ့ ဖိပေးထားစမ်းပါရှင်. . .”

တာတေသည် တုန်တုန်ယင်ယင် နိုင်လှသောလက်ဖြင့် ခင်ခင်စိန်၏ရင်ဘတ်ကို ဖိ၍ ပေးထားရလေ၏။ အမှန်စင်စစ် အားဖြင့် တာတေသည် တုန်ယင်ခြင်း မရှိလှပါ။ ခင်ခင်စိန်သည် ခေါင်းမူးသည့်ဟန်ဖြင့် မျက်စိကလေးကို မှိတ်ထားရာမှ တဖြည်းဖြည်း ပြန်ဖွင့်ကာ တာတေအား ကြာမှုပါပါ ကြည့်၍ ပြုံးပြီးနောက်

“သက်တော့ သက်သာပါပြီ၊ ဒါပေမယ့် ဦးရှင်လျှံ အခုလို ဖိထားတော့ ကျွန်မ အလွန်ပဲ သက်သာပါတယ်၊ ပြီး ဦးရှင်လျှံရဲ့ လက်နဲ့ပဲ ဆက်ပြီး ဖိထားစမ်းပါဦး” ဟု ဆိုသဖြင့် တာတေသည် ဆက်၍ဖိထားလေ၏။

ခင်ခင်စိန်က မျက်စောင်းကလေး ထိုး၍ “ဒါလောက် အ,လို့ မုဆိုးဖိုဘဝနဲ့ အကြာကြီး နေရတာ” ဟု ဆိုကာ မချင့်မရဲ ဖြစ်သော အမူအရာဖြင့် ကြည့်ကာ တာတေအား ဆွဲ၍ ဖက်ထားလိုက်၏။ ပြီးလျှင် “ဦးရှင်လျှံ. . . ကျွန်မကို မချစ်ဘူးလား၊ မချစ်ဘူးလားဟင်” ဟု တတွတ်တွတ် မေးလေ၏။

“ချစ်ပါတယ်၊ ကျုပ်က မပြောရဲလို့ပါ”

ခင်ခင်စိန်သည် တာတေအား သိမ်းကျုံး၍ဖက်ထားလျက် “ဦးရှင်လျှံရယ်. . . ကျွန်မ ရှင်နဲ့ အတူနေချင်တယ်၊ အတူနေကြရအောင်ပါ ဦးရှင်လျှံရယ်” ဟု တတွတ်တွတ် ပူဆာလေ၏။

“ကျုပ် ခင်ခင်စိန်ကို ယူပါ့မယ်”

“တကယ်ပြောတာလား”

“တကယ်ပြောတာပါ”

တာတေက “တကယ်ပေါ့” ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် တာတေ၏ပါးကို တရွှတ်ရွှတ် နမ်းလေတော့၏။





တာတေသည် ခင်ခင်စိန် ဖက်ထားရာမှ ကိုယ်ကို အနည်းငယ် နောက်သို့ ယို့လိုက်ပြီးလျှင်. . .

“ကျုပ်တို့ ယူမယ်ဆိုရင် စီစဉ်ရမယ်၊ ထပါဦး”

ခင်ခင်စိန်က လူးလဲ၍ထ၏။ အင်္ကျီများကိုလည်း ဟိုဆွဲချ သည်ဆွဲချဖြင့် ပြုပြင်လိုက်၏။ လုံချည်ကိုလည်း ကျနစွာ ဝတ်ပြီးလျှင် တာတေနှင့် ဘေးချင်းကပ်ထိုင်လျက် တာတေ၏ ပခုံးပေါ်သို့ မေးကို တင်၍. . . .

“တဲ. . . ပြော၊ ဘယ်လိုစီစဉ်မှာလဲ၊ ကျွန်မကိုတော့ မလိမ်ပါနဲ့”

“ကျုပ်ရဲ့ မန်နေဂျာ မစ္စတာရှုပ်ကို ပြောပြီး စီစဉ်ရမှာပေါ့”

“သူက ဖျက်ရင်ကော”

“သူက ဖျက်ရင် သူ့ကို အလုပ်ထုတ်ပစ်လိုက်မယ်”

“ဒါမှ ဦးရှင်လျှံ၊ ကျွန်မ ရှင့်ကို သိပ်ချစ်တာပဲ၊ နေဦး. . . နေဦး၊ လင်ရယ် မယားရယ် ဖြစ်လာရင် ဒီလို ဦးရှင်လျှံ ဦးရှင်လျှံလို့ ခေါ်လို့မဖြစ်ဘူး၊ ကိုကိုလို့ ခေါ်မယ်နော်”

“ကိုကိုဆိုတော့ ကျုပ်နာမည် မပါဘူး၊ ကျုပ်ကလဲ ကျုပ်နာမည်ပါအောင် ခေါ်စေချင်တယ်”

“အင်း. . . ဒီလိုလုပ် ကိုကိုရှင်လို့ ခေါ်မယ်နော်”

“ကိုကိုရှင်ဆိုရင် တကယ်လို့ ခင်ခင်စိန်က ‘ရှင်’ လို့ ထူးရင် ကိုကို့ကို ခေါ်တယ်လို့ ထင်နေဦးမယ်”

“ဒီလိုဆိုလဲ ကိုကိုလျှံလို့ ခေါ်မယ်”

“အဲဒါ မဆိုးဘူး၊ ခေါ်ကြည့်ပါဦး”

“ကိုကိုလျှံ”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . ."

"ကိုကိုလှျံ"

"ဗျာ. . ဟား. . ဟား. . သိပ်ပြီးနားထောင်လို့ ကောင်းတာပဲ"

တာတေသည် ခင်ခင်စိန်အား ချော့မော့၍ တည်းခိုသော ဟိုတယ်သို့ ပြန်လာလေ၏။ ခင်ခင်စိန်ကလည်း ငါထောင်ထားတဲ့ ပိုက်ကွန်ထဲတော့ သည်တရုတ်သူဌေးတစ်ယောက်တော့ ဝင်တိုးပြီ ဟဲ့ဟု မှတ်ထင်ကာ ကြည်နူးလျက် ကျန်ခဲ့လေ၏။ တာတေကလည်း ခင်ခင်စိန်တော့ သူ့သေတွင်းကို သူက စပြီးတူးနေပြီပေါ့ဟု တွေးထင်လျက် မိမိ အနှစ်နှစ်အလလ ကြံစည်ခဲ့သော လုပ်ငန်းကြီး အထမြောက်တော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေတော့၏။

ဟိုတယ်သို့ ပြန်ရောက်သည့်အခါ၌ ဆိတ်ဖွားနှင့် တွေ့ဆုံပြီးလျှင် ခင်ခင်စိန်နှင့် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ပြောပြ၍ လက်စားချေရန် အချိန်ရောက်ပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုညပင်လျှင် သွားရောက်၍ လက်စားချေတော့မည် ဖြစ်ကြောင်း ပြောဆိုလေရာ ဆိတ်ဖွားက. . . .

"မလုပ်နဲ့ဦးဗျ၊ ဒီနေ့ ဥပုသ်နေ့ကြီး၊ ကျုပ်တောင် ဥပုသ်စောင့်ထားတယ်၊ ဒီနေ့တော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်အနေနဲ့ မပြောချင်ဘူး၊ ဥပုသ် အပျက်မခံနိုင်ဘူး" ဟု ဆိုသဖြင့် တာတေသည် မချင့်မရဲနှင့် ထိုနေ့ကို ကုန်လွန်ရလေ၏။

နောက်တစ်နေ့ ဆိတ်ဖွား ဥပုသ်ထွက်လောက်သည့်အချိန် တိုင်ပင်ပြန်ရာ. . .

"ခင်ခင်စိန့် အိမ်ဧည့်ခန်းမှာ ခင်ဗျား မောင်သံဟိတ်ရဲ့





အဖြစ်နဲ့ ခင်ခင်စိန်နဲ့ မင်္ဂလာဆောင်ခဲ့တုန်းက သတို့သမီး သတို့သား အဝတ်အစားနဲ့ နှစ်ယောက်တွဲ ထိုင်နေတဲ့ပုံကို ဆီဆေးနဲ့ ပန်းချီဆွဲထားတဲ့ ပန်းချီကားဟာ ဆွဲတဲ့ပန်းချီဆရာက တော်လွန်းလို့ ခင်ဗျားရော ခင်ခင်စိန်ရုပ်ပါ သိပ်ပြီးတူနေတယ် ကိုတာတေ"

"ဒီတော့ ဘာဖြစ်သလဲဗျ၊ ဆိုစမ်းပါဦး. . . ဒေါက်တာ ဆိတ်ဖွားရဲ့"

"ကိုယ့်လူက ဒုံးသိပ်ဝေးတာကိုးဗျ. . . ခင်ဗျား ခင်ခင်စိန်ကို သတ်ပြီးရင် အခုလို သွားခေါ်ခေါ်ကြီး ဘောင်းဘီပွကြီး မျက်မှန်ကြီးနဲ့ အမြဲနေနေမှာ မဟုတ်ဘူး၊ အဲဒီအခါမှာ စုံထောက်ကများ အဲဒီပန်းချီကားကို သေသေချာချာ ကြည့်ခဲ့ရင် ခင်ဗျားကို တွေ့တာနဲ့ ခင်ခင်စိန်အိမ်က ပန်းချီကားကို အမှတ်ရမိမှာပဲ၊ အဲဒီအခါမှာ တစ်မျိုးတစ်ဖုံ အမှုပြန်ပေါ်နိုင်တယ်ဗျ"

"ဒီတော့ ဘယ်လိုလုပ်ရမှာလဲ ကိုဆိတ်ဖွား၊ အဲဒီပန်းချီကားကို တစ်ခါတည်း အစဖျောက်ပစ်ခဲ့ရမှာလား"

"ဒီလို အစဖျောက်ပစ်တာထက် ပန်းချီကားထဲက ခင်ဗျားရုပ်ကို အပြင်က ခင်ဗျားနဲ့ မတူအောင် ပြင်ရေးပြီး ထားတာက ပိုပြီးကောင်းလိမ့်မယ်ဗျာ၊ တကယ်လို့ စုံထောက်ဟာ ဒီပန်းချီကားကို ကြည့်မိပြီး စိတ်ဝင်စားရင်လဲ အပြင်က ခင်ဗျားရုပ်နဲ့ မတူတဲ့အတွက် နောင်တစ်ချိန်မှာ စုံထောက်တွေနဲ့ တွေ့ရင်တောင် ပုံထဲက သံဟိတ်နဲ့ အပြင်က တာတေကို ဘယ်နည်းနဲ့မှ ဆက်စပ်လို့ ရမှာ မဟုတ်တော့ဘူး"

"ကိုဆိတ်ဖွား ပြောတာ သိပ်ဟုတ်တာပဲ၊ ခင်ဗျားကတော့ တော်တော့်ကို ဉာဏ်သွားပါပေတယ်ဗျာ၊ ဒီလိုဆိုရင် ကျုပ် တစ်နည်းတစ်ဖုံနဲ့ ဒီပန်းချီကားကို ဖြုတ်ခဲ့မယ်ဗျာ၊ မကောင်းဘူးလား

www.burmeseclassic.com

www.burmeseclassic.com



ကိုဆိတ်ဖွား"

"ဟဲ. . . ဟဲ. . . ကိုယ့်လူ ဒုံးသိပ်မဝေးတော့ဘူး၊ တော်လာပြီ၊ အဲဒါပေါ့ဗျ. . . ပဋ္ဌိတံနစ္စံ သေဝနာ-ပညာရှိကို မှီဝဲဆည်းကပ်ရမယ် ဆိုတာ"

"ဟုတ်ပါတယ်ဗျာ. . . ဟုတ်ပါတယ် ပါရဂူကြီးရဲ့"

ထိုနေ့၌ တာတေသည် ခင်ခင်စိန်ထံသို့ သွားရောက်ပြီးလျှင် ခင်ခင်စိန်နှင့် အလိုက်သင့် အလျားသင့် စကားကို ပြောဆိုလျက် ပန်းချီကားဆီသို့ စကားကို ရောက်အောင် ဆွယ်လာပြီးလျှင်

"ကျုပ်ကတော့ ခင်ခင်စိန်ရဲ့ ယောကျ်ားနေရာကို ရတော့မှာမို့ ဝမ်းသာပါတယ်ဗျာ၊ ဒါပေမယ့် ဟောဟိုက ခင်ဗျားတို့မင်္ဂလာဆောင် ပုံတူပန်းချီကားကြီးကတော့ ကျုပ်ကို နောက်ပြောင်နေသလိုပဲ"

"ကိုကိုလှ. . . ဒီပန်းချီကားကို ခင်လဲ လက်ရာကြိုက်လို့ ချိတ်ထားတာပါ၊ ဖြုတ်ပစ်လိုက်မယ်လေ" (ခင်ခင်စိန်သည် ထိုအချိန်မှစ၍ ကျွန်မဟူသော အသုံးအနှုန်းကို မသုံးတော့ဘဲ ခင်ဟုသာ ပြောဆိုသုံးနှုန်းလေ၏။)

"ဖြုတ်တော့ မပစ်ပါနဲ့ဗျာ၊ ဒီလိုလုပ်ချင်တယ်၊ မစ္စတာဆံဟိတ်နေရာမှာ ကျုပ်ရဲ့ရုပ်ပုံကို ပြောင်းပြီးရေးချင်တယ်၊ မကောင်းဘူးလား"

"သိပ်ကောင်းတာပေါ့ ကိုကိုလှရယ်"

"ဒီလိုဆို ကျုပ် အခုပဲ ဖြုတ်ပြီး ယူသွားမယ်နော်၊ ပြင်ရေးပြီးမှ ပြန်ယူခဲ့မယ်"

"ကိုကိုလှ စိတ်တိုင်းကျ လုပ်ပါ"

ပန်းချီကားမှာ ပိန်းတင်းကင်းဗတ် (ခေါ်) ပန်းချီရေးဆွဲ





သော ဖယောင်းပုဆိုးတစ်မျိုးဖြင့် ရေးဆွဲထားခြင်းဖြစ်ရာ တာတေသည် ပန်းချီကား၏အောက်မှ သံများကို နှုတ်၍ ပန်းချီကားကို လိပ်၍ယူခဲ့လေတော့၏။

တာတေနှင့် ဆိတ်ဖွားတို့သည် ထိုပန်းချီကားကို ပန်းချီဆရာကြီး ဦးဘလုံထံ၌ လည်းကောင်း၊ ဘိလပ်ပြန် ဦးဘညာဏ်ထံ၌ လည်းကောင်း ပြုပြင်ရေးဆွဲပေးရန် သွားရောက် အပ်နှံသော်လည်း ထိုဆရာကြီးများမှာ လွန်စွာ အလုပ်များနေသဖြင့် မရေးပေးနိုင်ကြောင်း ငြင်းဆိုလိုက်ရာ ပန်းချီဆရာကြီး ဦးထွန်းလှထံသို့ ရောက်သွားပြန်၏။ ထိုဆရာကြီးမှာ ရွှေတိဂုံဘုရား ဆီဆေးကားကြီး တစ်ကားကို ကောင်းစွာ ရေးဆွဲ၍ ရွှေတိဂုံဘုရားသို့ လှူဒါန်းခဲ့ဖူးသော ဆရာကြီးဖြစ်၏။ ထိုဆရာကြီး၏လက်ရာကို ပန်းချီပညာ၌ မျက်စိယဉ်နေပြီဖြစ်သော မျက်နှာဖြူများပင် လွန်စွာ နှစ်သက်ကြသည်ဟူ၏။

တာတေနှင့် ဆိတ်ဖွားအား ထိုဆရာကြီးကလည်း အလုပ်များနေသဖြင့် ရေးဆွဲခြင်း မပြုနိုင်ကြောင်း ငြင်းဆိုသေး၏။ သို့ရာတွင် တာတေတို့က နားပူနားဆာ လုပ်လွန်းသဖြင့် နောက်ဆုံး၌ ထိုဆရာကြီးက ၎င်း၏ တပည့်တစ်ဦးဖြစ်သော ပန်းချီဆရာ ကိုလှမောင် ဆိုသူထံသို့ ညွှန်ပြလိုက်သဖြင့် တာတေတို့သည် ဦးလှမောင်ထံသို့ သွားရောက်ပြီးလျှင် ဦးလှမောင်အား ရေးဆွဲခိုင်းကြလေတော့၏။

ပန်းချီဆရာ ကိုလှမောင်ဆိုသူကလည်း တာတေတို့ ခိုင်းသည့်အတိုင်းပင် ခင်ခင်စိန်နှင့် မောင်သံဟိတ် စုံတွဲအားယခင် မောင်သံဟိတ် တစ်ပုံတည်းကို ရုပ်ပြောင်းသွားစေရန် သူ၏ပန်းချီပညာဖြင့် ပြင်ဆင်ခြယ်မှုန်းပေးလိုက်လေ၏။ ၎င်းပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com



အား အပ်သည့်နေ့မှစ၍ ငါးရက်ကြာသောနေ့မှပင် အပြီးသတ်ခြင်း ဖြစ်လေရာ တာတေတို့သည် ပန်းချီကားကို ပြန်၍ရသောနေ့၌ပင် ဟိုတယ်ရှိ တာတေ၏အခန်းထဲတွင် ချိတ်ဆွဲ၍ နှစ်ယောက်သား တိုင်ပင်ဆွေးနွေးကြလေ၏။

"ကိုဆိတ်ဖွား. . . ဘယ့်နှယ့်လဲ၊ ယခင်ပုံထဲက သံဟိတ်နဲ့ ယခု ကျုပ်နဲ့တော့ မတူတော့ဘူး မဟုတ်လား"

"မတူတာကတော့ ဟုတ်ပြီဗျ၊ ဒါပေမယ့် ခင်ခင်စိန်ပုံတ ပောင်းပြီး ခင်ဗျားပုံက သစ်နေတယ်ဗျ၊ ဒီဟာကို စုံထောက်တ ရိပ်မိသွားနိုင်တယ်"

"အဲဒါ ဘယ့်နှယ့် လုပ်မလဲ ကိုဆိတ်ဖွား"

"နေပါဦးလေ၊ ကျုပ် စဉ်းစားပါဦးမယ်၊ ခဏတော့ စောင့်ပါဦး" ဟု ဆိုကာ ဆိတ်ဖွားသည် ဆင်တံဆိပ်စီးကရက်ကို ထုတ်၍ ဟန်ပါပါ သောက်ကာ ပန်းချီကားကို မိနစ်(၂၀)ခန့် ကြည့်ရှု၍ အကြံထုတ်ပြီးနောက်. . .

"ကဲ. . . ကိုတာတေ၊ သုညနံပါတ် ကော်ပတ်တစ်ချပ်နဲ့ ဆင်ချေးတုံး ဆပ်ပြာတစ်တုံး သွားဝယ်ချေဗျာ" ဟု စေခိုင်းလေရာ တာတေက. . .

"ဘာလုပ်ဖို့လဲ ကိုဆိတ်ဖွားရဲ့"

"ကိုယ့်လူက တော်တော် ဒုံးဝေးသေးတာပဲ၊ ကျုပ်ခြေ တာသာ လုပ်စမ်းပါဗျာ" ဟု ဆိုသဖြင့် တာတေသည် ဆိတ်ဖွား စေခိုင်းသည့်အတိုင်း ကော်ပတ်နှင့် ဆပ်ပြာတစ်တုံး ဝယ်၍ပေးရာ ဆိတ်ဖွားသည် ပန်းချီကားအား ကော်ပတ်ဖြင့် သေချာစွာ ပွတ်တိုက်ပစ်လိုက်ရာ ရေးခြယ်၍ သစ်လွင်နေသည့် စုတ်ချက်များ ဆေးများသည် အနည်းငယ် ဟောင်းနွမ်းခြင်းသို့ ရောက်လေ၏၊





တစ်ဖန် ယိုပန်းချီကားကို ဆင်ချေးတုံးဆပ်ပြာဟု ခေါ်သော ဆပ်ပြာ အကြမ်းစားဖြင့် ပွတ်တိုက်၍ ရေလျှော်ပြန်ရာ ပန်းချီကားသည် လုံးဝ ဟောင်းနွမ်းသွားသောအဖြစ်သို့ ရောက်လေတော့၏။

"ကိုဆိတ်ဖွား. . . လက်ရာအသစ်နဲ့တော့ မတူတော့ဘူးဗျာ"

"ကိုယ့်လူ ဒုံးမဝေးတော့ဘူး၊ အဲဒီပုံကို ယူသွားပြီး သူ့နေရာနဲ့သူ ချိတ်ထားလိုက်ပေတော့၊ ပြီးရင် ကိုယ့်လူ လုပ်စရာရှိတာသာ လုပ်ပေတော့"

"ခင်ဗျား မလိုက်ဘူးလား"

"ဟင့်အင်း. . . မလိုက်ဘူး၊ ခင်ဗျား တစ်ယောက်တည်း လုပ်ရမယ့်ကိစ္စ ဖြစ်တယ်၊ ရန်ငြိုးရန်စ မရှိဘဲ ကျုပ်အနေနဲ့ ဘာကောင်ကိုမှ မသတ်ချင်ဘူး၊ ငရဲကြီးတတ်တယ်"

"ရန်ငြိုးရှိလို့ သတ်ရင်တော့ ငရဲမကြီးတော့ဘူးလား"

"ဒါလဲ ငရဲကြီးမှာပဲ"

"ဒါဖြင့် ဘာထူးသေးလဲဗျ"

"ထူးတာပေါ့ဗျ၊ ရန်ငြိုးရှိလို့ သတ်တယ် ဆိုတာကတော့ ငရဲကြီးလဲ မတတ်နိုင်ဘူးလေ၊ မရှိဘဲနဲ့ကတော့ လုပ်လဲ မလုပ်အပ်ဘူးဗျ"

တာတေနှင့် ဆိတ်ဖွားတို့သည် ထိုနေ့တစ်နေ့လုံး ဟိုဟာစားလိုက်၊ သည်ဟာ စားလိုက်၊ စကားပြောလိုက်နှင့် အချိန်ကုန်ခဲ့ကြလေ၏။ ည(၇)နာရီထိုးလောက်တွင် တာတေက ခင်ခင်စိန်၏ အိမ်သို့ လာ၍ ဆိတ်ဖွားကမူ တောင်ငူသချိုင်းသို့ ကားကြုံဖြင့် ပြန်သွားလေတော့၏။

တာတေသည် ခင်ခင်စိန်၏အိမ်သို့ ပန်းချီတူကားလိပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ယူ၍ သွားရောက်ခဲ့လေ၏။ ခင်ခင်စိန်သည် တာတေကို မြင်သည်နှင့်တစ်ပြိုင်နက် တံခါးကို ပြေး၍ဖွင့်ကာ တာတေ၏ ရင်ခွင်တွင်းသို့ ပြေး၍ဝင်လေ၏၊ တာတေကလည်း ခင်ခင်စိန်၏ ခါးကို သိမ်းကျုံး၍ ဖက်ပြီးလျှင် တံခါးကို ပြန်၍ချက်ထိုးကာ ဧည့်ခန်း၌ နှစ်ယောက်သား ဖက်၍နေကြလေ၏။

"ကိုကိုလျှံ. . . ပုံကြီး ပြင်ဆွဲပြီးပြီလား"

"ပြီးပါပြီ ခင်ရယ်၊ ဘောင်ပြန်တပ်ပြီးမှ ကြည့်တာပေါ့ နေဦး. . . ကျုပ် ဘောင်တပ်လိုက်ဦးမယ်"

တာတေသည် ပန်းချီကားကြီးအား အသင့်ဝယ်ယူလာသော ဆောက်စူးသံ(ခေါ်)သံကလေးများဖြင့် ပြန်လည်၍ ရိုက်နှက်ကာ ဘောင်ကျပ်ပြီးလျှင် ခင်ခင်စိန်အား ပြသလေ၏။

"ဟင်. . . ကိုကိုလျှံ ပြန်ပြီးရေးတာကလည်း အဟောင်းကြီးလိုပဲ၊ ပြီးတော့ သတို့သားနေရာမှာ ပြန်ရေးတဲ့ပုံကလည်း ကိုကိုလျှံနဲ့ တူလည်းမတူဘူး"

"ခင် မကြိုက်ရင်လည်း ကျုပ် အသစ်ပြန်ပြီး ရေးခိုင်းပါ့မယ်၊ အခုတော့ ဒါပဲ ချိတ်ထားပါဦး" ဟု ဆိုကာ တာတေသည် ပန်းချီကားအား မူလနေရာ၌ ပြန်၍ ချိတ်ဆွဲထားလေ၏။

"ကိုကိုလျှံ. . . ညစာ စားပြီးပြီလား"

"စားပြီးပါပြီ ခင်"

"ဒီလိုဆိုလည်း နွားနို့နဲ့ ကြက်ဥ ဟပ်ဘွိုင်လေး သောက်လိုက်ဦးနော်"

"ကျုပ်တော့ ခင်နဲ့ တွေ့ရင် ဘာမှ မဆာတော့ဘူးဗျ"

"အပိုတွေ ပြောမနေပါနဲ့"

"တကယ်ပါ၊ ခင် မယုံဘူးလား"





"ဟောဒီမှာ ကြည့်. . ." ဟု ဆိုကာ တာတေက ခင်ခင်စိန်အား မရေမတွက်နိုင်အောင် နမ်းလေ၏။ ဤသို့ နမ်းရှုပ်ခြင်းကို ခင်ခင်စိန်သည် လွန်စွာနှစ်သက်လေ၏။ မောင်ချစ်ဖွယ်ကလည်း ဤသို့ နမ်းရှုပ်ခဲ့ဖူးလေသည်။

"တော်ပါ အပိုတွေ" ဟု ဆိုကာ ခင်ခင်စိန်သည် အိပ်ခန်းအတွင်းသို့ ပြေးဝင်သွားလေ၏။ တာတေလည်း ခင်ခင်စိန်၏ နောက်သို့ ခဏအကြာတွင် လိုက်ရာ အိပ်ရာပေါ်၌ တစ်ဖက်သို့ စောင်း၍ အိပ်ချင်ဟန်ပြုလျက်ရှိသော ခင်ခင်စိန်ကို တွေ့ရလေရာ တာတေသည် ခင်ခင်စိန်၏ နောက်နားမှ ကပ်၍အိပ်ကာ ခင်ခင်စိန်အား ဖက်၍ အမျိုးမျိုး ချော့မော့လေ၏။ ထိုအခါ၌ စိတ်ဆိုးချင်ဟန်ပြုလျက်ရှိသော ခင်ခင်စိန်က တာတေ၏ဘက်သို့ တစ်ဖန်လှည့်ကာ တာတေအား ဖက်လျက်. . .

"ခင်က ကိုကိုလျှံကို တကယ်ချစ်တာ၊ ပစ္စည်းကို မက်တာ မဟုတ်ဘူး၊ ခင့်ကို တကယ်ယူမယ် မဟုတ်လား"

"တကယ့်ကို ယူမှာ၊ မနက်ကို လက်ထပ်မယ်၊ ကျုပ်အသိ တရုတ်သူဌေး လေးငါးယောက်ကို သက်သေထားပြီး လက်ထပ်လိုက်မယ်၊ ကျေနပ်ပြီလား"

"ဒါဖြင့် ဒီည ဘယ်အချိန် ပြန်မလဲ၊ အခုလာတာ ကားလည်း မငှားခဲ့ဘူး မဟုတ်လား"

"ဟင့်အင်း. . . မပြန်တော့ဘူး၊ ဒီည ခင်နဲ့ အိပ်မယ်"

"ကြည့်စမ်း. . . ကြည့်စမ်း၊ နုံသလိုလို အသလိုလိုနဲ့ လည်လိုက်တာ"

တာတေနှင့် ခင်ခင်စိန်တို့သည် တစ်ညလုံး ရယ်လိုက်မောလိုက်၊ ကျီစယ်လိုက်၊ စားလိုက်သောက်လိုက်၊ စကားပြောလိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကုန်မလေ၏။ တာတေ၏စိတ်၌ တစ်ခါက မိမိ လွန်စွာမြတ်နိုး ခဲ့သော ဇနီးနှင့် နောက်ဆုံးအကြိမ် လက်ပွန်းတတီးအဖြစ် နေထိုင် လိုခြင်း ဖြစ်လေ၏။

ခင်ခင်စိန်ကမူ တရုတ်သူဌေး မစ္စတာ ရှင်လျှံအား ဤ တစ်ညတည်းနှင့် မိမိ၏ပိုက်ကွန်တွင်းမှ ရုန်း၍မထွက်နိုင်အောင် အပိုင်အုပ်၍ဖမ်းလိုက်မည်ဟု စိတ်တွင်း၌ ကြိမ်းဝါးလျက် ရှိလေ၏။

ဤသို့ ပျော်ရွှင်စွာ နေခဲ့ကြရာ ငါးထပ်ကြီးဘုရားဆီမှ ကြက်တွန်သံနှင့်အတူ သံချောင်းခေါက်သံ လေးချက်ကို ကြားရ လေရာ. . .

"ဟင်. . ခင်က ခဏကလေး အောက်မေ့နေတာ၊ မနက် လေးနာရီတောင် ထိုးနေမှပဲ"

"ဟုတ်ပါရဲ့၊ လေးနာရီတောင် ထိုးမှပဲ၊ အလုပ်စမှ ဖြစ် မယ်"

"ဘာအလုပ်စမှာလဲ ကိုကိုလျှံ"

တာတေသည် ခင်ခင်စိန်အား နောက်ဆုံးအနေနှင့် လင် မယားကဲ့သို့ နေထိုင်သွားလိုသေးသည့်အလျောက် ကျကျနန နေ ထိုင်သွားလေ၏။

တာတေနှင့် ခင်ခင်စိန်တို့သည် နာရီဝက်ခန့် အတူတကွ လက်တွဲကာ လဲလျောင်းလျက် ရှိကြလေတော့၏။ တာတေသည် ဝီးကရက်ကို ခဲလျက် လက်တစ်ဖက်ဖြင့် ခင်ခင်စိန်၏ နဖူးဆံစထ လေးများကို ပွတ်သပ်၍ ပေးလေ၏။ ခင်ခင်စိန်ကလည်း တာတေ ၏မေးဖျားမှ မုတ်ဆိတ်မွေး ကြမ်းကြမ်းကလေးများအား သူ၏နူးညံ့ ဖြူသွယ်သော လက်ချောင်းကလေးများဖြင့် ပွတ်ပေးလျက် ရှိလေ ၏။





"ကိုကိုလျှံ. . . ခင့်ကို အခုတော့ ချစ်ပါရဲ့၊ နောက်များ တော့ မုန်းပြီး နိုပ်စက်မှာလား"

"ကျုပ် နှိပ်စက်ရင်တော ခင်က ခံမှာလား"

"ဒါကတော့ ခင်က ကိုကိုလျှံကို ချစ်နေမှပဲ၊ ကိုကိုလျှံ ပြုသမျှခံရမှာပေါ့၊ မဟုတ်ဘူးလား" ဟု လွန်စွာချစ်ဖွယ်ရာကောင်း သော အမူအရာကလေးနှင့် ပြောလိုက်လေ၏။

တာတေသည် ခင်ခင်စိန်၏အကြောင်းကို အတွင်းသိ ဖြစ် နေခြင်းကြောင့်သာလျှင် တော်ပေ၏။ သို့မဟုတ်ပါက ခင်ခင်စိန်၏ ဤအပြောနှင့် ဤအမူအရာသည် ယောက်ျားတစ်ဦးအား တောင် ကမ်းပါးယံကို ခေါင်းနှင့် ဆောင့်ပြပါဆိုလျှင် ဆောင့်ပြစေနိုင်မည့် ဇွမ်းအားသတ္တိများ ပါရှိလေ၏။

"ဒီလိုဆိုရင် ကျုပ်ကတော့ အစမ်းသဘောနဲ့ အခုပဲ နှိပ် စက်ကြည့်ရမှာပဲ၊ ဘယ်မှာလဲ. . . ကြိုး၊ ကြိုးနဲ့ကိုတုပ်ပြီး ရိုက်ရမယ်"

တာတေသည် ကျီစယ်သလိုလို အမူအရာနှင့် ပြောလိုက် ရာ ခင်ခင်စိန်က ဟောဟိုဗီရိုထဲမှာ ရှိတယ်ဟုပင် ညွှန်ပြလိုက်လေ ရာ တာတေသည် ကြိုးကို ထ၍ယူပြီးလျှင် ခင်ခင်စိန်အား လက် တွေ နောက်ကိုပေးဟု ဆိုလိုက်၏။

ခင်ခင်စိန်ကလည်း ပြောင်စပ်စပ် အမူအရာနှင့် လက်က လေး နှစ်ဖက်အား နောက်သို့ ဆန့်ကာ လက်ကောက်ဝတ်ချင်း ပူး၍ထားလိုက်လေ၏။ တာတေသည် ကျီစယ်သလိုနှင့် တကယ် ချည်နှောင်လိုက်လေ၏။

"တဲ. . . ကျေနပ်ပြီလား ကိုကိုလျှံ"

"ကြိုးနဲ့ ချည်ရုံပဲ ချည်ရသေးတယ်၊ ဘယ်လိုလုပ်ပြီး ကျေ နပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မကျေနပ်သေးရင် ဘာများ ထပ်ပြီးလုပ်ချင်သေးလဲ"

"ပါးစပ်ဟာ"

"ဟတယ်"

"ဟောဒါလေးကို ပါးစပ်ထဲမှာ ထည့်ထားမယ်" ဟု ဆိုကာ သံပရာသီးတစ်လုံးအား ကုတ်အင်္ကျီအတွင်းမှ နှိုက်ယူ၍ ခင်ခင်စိန်၏ ပါးစပ်အတွင်းသို့ ထည့်လိုက်လေ၏။ ခင်ခင်စိန်ကလည်း အလိုက်သင့်ပင် ငုံ၍ထားလိုက်၏။ ထိုအခါ၌ တာတေသည် လည်ပင်း၌ ပတ်ထားသော မာဖလာကို ဖြုတ်၍ ခင်ခင်စိန့်ပါးစပ် အပေါ်၌ ထပ်၍ တင်းကျပ်စွာ စည်းလိုက်လေလျှင် ခင်ခင်စိန် အနည်းငယ် ထိတ်လန့်ခြင်း ဖြစ်သွားလေတော့၏။ သို့ရာတွင် စကားပြောရန် မဖြစ်နိုင်တော့သည့်အလျောက် တာတေအား နားမလည်သလို ကြည့်၍နေလေ၏။ တာတေ၏ အမူအရာမှာ ကျီစယ်နေသကဲ့သို့ ရှိသေးသည်ကို မြင်မှ စိတ်သက်သာရာ ရလေတော့၏။

တာတေသည် ကြိုးတစ်ချောင်းကို ယူပြန်၍ ကွင်းလျှော တစ်ခု လုပ်ပြီးလျှင် ခင်ခင်စိန်၏ လည်ပင်း၌ စွပ်ပြန်လေ၏။ ပြီးလျှင် အနည်းငယ် တင်းအောင် ဆွဲလိုက်ပြီးနောက်. . .

"ကဲ. . . ခင်ခင်စိန်၊ မင်းကို သတ်ရမယ်၊ ကျီစယ်နေတာ မဟုတ်ဘူး၊ မတ်တတ်ရပ်တော့" ဟု ဆိုကာ ခင်ခင်စိန်အား မတ်တတ် ရပ်ခိုင်းလေ၏။ ခင်ခင်စိန်မှာ နှုတ်ဖြင့်တောင်းပန်ရန်လည်း မတတ်နိုင်ရာ မျက်ရည်များဖြင့် ပြည့်လျက်ရှိသော မျက်လုံးများဖြင့်သာလျှင် အသနားခံနေရလေ၏။

တာတေသည် ခုတင်ပေါ်သို့ ကျွန်းသေတ္တာအလွတ် တစ်လုံးကို တင်ပြီးလျှင် ထိုသေတ္တာပေါ်သို့ ခင်ခင်စိန်အား တက်၍ခိုင်း





လေ၏၊ တာတေသည် ထုပ်တန်းပေါ်သို့ ခင်ခင်စိန်၏လည်ပင်းမှ ကြိုးစကို ပစ်၍တင်ပြီးလျှင် လည်ပင်းနား၌ပင် ပြန်၍ အစသတ် ချည်နှောင်လိုက်ရာ ခင်ခင်စိန်သည် ကြိုးမိန့်ကျသူတစ်ဦး နောက်ဆုံး ကြိုးပေးရန် အသင့်ဖြစ်လျက်ရှိသော အနေအထားအတိုင်း ဖြစ်၍သွားလေ၏၊ ထိုအခါ၌ ကျွန်းသေတ္တာအလွတ်တစ်လုံးပေါ် သွားရောက်ထိုင်ကာ နံရံ၌ သက်သာစွာမှီလျက် ကြိုးတန်းလန်းဖြင့် ခင်ခင်စိန်အား စီးကရက်သောက်ရင်း အရသာခံလျက် ကြည့်ကာ

"ဒီမှာ ခင်ခင်စိန်၊ မင်းမျက်လုံးတွေက ငါ့ကို မသတ်ဖို့ အကြောင်း အသနားခံနေတယ်၊ ဒါပေမယ့် မင်းကို မသတ်လို့ မဖြစ်ဘူး၊ ဘာကြောင့်လဲဆိုတော့ မင်းဟာ မောင်သံဟိတ်ဆိုတဲ့လူ တစ်ယောက်က မင်းအပေါ်မှာ လင်တစ်ယောက် အနေနဲ့ ဒါလောက် ကောင်းတဲ့လူကို ရက်စက်ခဲ့တယ်၊ ချစ်ဖွယ်နဲ့ တိတ်တိတ် မျောက်မ ထားခဲ့တယ်၊ ဟုတ်သလား မဟုတ်ဘူးလား"

(ခင်ခင်စိန်က ခေါင်းညိတ်၍ ပြလေ၏။)

"ထားတော့၊ မိန်းမတွေဟာ စိတ်ကစားတတ်တဲ့သဘော ရှိတယ်၊ ဒီလို မှားယွင်းချင်လဲ မှားယွင်းမိမယ်၊ ထားတော့၊ ဒီအပြစ်ကို ငါက ခွင့်လွှတ်ပါတယ်၊ ဒါပေမယ့် မောင်သံဟိတ် သေတာကို ကောင်းကောင်းမွန်မွန် သဂြိုဟ်ရဲ့လား၊ မသဂြိုဟ်ခဲ့ဘူး၊ ထားတော့၊ ကပ်ရောဂါ ဆိုက်နေလို့ ပြန်ပြေးခဲ့ရတယ်ပဲ ထားတော့၊ ခွင့်လွှတ်ပါတယ်၊ ထုံးစံအတိုင်း မောင်သံဟိတ်အတွက် သပိတ်ကလေးများတော သွတ်ပေးရဲ့လား၊ မလုပ်ခဲ့ဘူး မဟုတ်လား၊ မင်း လင်ငယ် ချစ်ဖွယ်နဲ့ ပျော်ပါးရင်း အချိန်ကုန်ခဲ့တယ် မဟုတ်လား၊ ဖြေစမ်း"

(ခင်ခင်စိန်သည် မျက်ရည်များ တသွင်သွင်စီးကျလျက် ခေါင်းကို အသာညိတ်၍ပြလေ၏။)



www.burmeseclassic.com

www.burmeseclassic.com



“ပြီးတော့ မင်းရင်သွေးကလေး မောင်သာနိုးအပေါ်မှာလဲ မင်းဟာ ရက်စက်ခဲ့တယ်၊ ကလေးကို ပစ်ထားတယ်၊ လင်ငယ်နဲ့ မပျော်ရမှာစိုးလို့ ကလေးကို နှိပ်စက်ခဲ့တယ်၊ ကလေး ရေနစ်ပြီး သေတာတောင် အလောင်း ပြန်ရှာရဲ့လား”

(ခင်ခင်စိန်သည် ငိုမြဲငိုနေ၏။)

“အခုတစ်ခါ ဟောင်ကောင်သူဌေးကြီး မစ္စတာရှင်လျှံ ဆိုတဲ့ ငါ့ကို တွေ့ပြန်တော့ ချစ်ဖွယ်ကို မင်းက သစ္စာဖောက်ပြန်ရော၊ အခု ချစ်ဖွယ် သေတော့ကော မင်းဟာ သူ့အတွက် သပိတ်သွတ်ခြင်း စတဲ့ ကောင်းမှုကုသိုလ်ကလေးများကော လုပ်ပေးရဲ့လားဟင်”

(ခင်ခင်စိန်က ခေါင်းကို ယမ်း၍ပြလိုက်လေ၏။)

“အေး. . ဒီတော့ မစ္စတာရှင်လျှံဆိုတဲ့ ငါကတော့ မင်းရဲ့ သစ္စာဖောက်တာကိုလဲ မခံနိုင်ဘူး၊ ဒီတစ်ခါ မင်း ငါ့အပေါ်မှာ သစ္စာဖောက်ရင် ငါက နှစ်ကြိမ်တောင် သစ္စာဖောက်ခံရတဲ့လူ ဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ မင်းခေါ်သလို ကိုကိုလျှံလဲ မဟုတ်ဘူး၊ မစ္စတာရှင်လျှံဆိုတာလဲ မဟုတ်ဘူး၊ တောင်ငူ သချိုင်းမှာ ဖျာလိပ်နဲ့ ပတ်ပြီး မင်းတို့ ပစ်ခဲ့တဲ့ သံဟိတ်လေ၊ သံဟိတ်. . . သံဟိတ်၊ သိပြီလား၊ ဟောဒီမှာကြည့်”

ဟု ဆိုကာ တာတေသည် သွားအတုနှင့် မျက်မှန်ကို ဖြုတ်လိုက်ပြီးလျှင် ဆံပင်ဆိုးဆေးဖြင့် ဆံပင်ကို ဆိုးပြလိုက်ရာ တာတေ၏ မျက်နှာ၌ သံဟိတ်၏အသွင်များ တစ်ဖန် ပြန်လည် ပေါ်ပေါက်လာလေတော့၏။

ခင်ခင်စိန်သည် သေရတော့မည်ဟု သိလျှက်နှင့်ပင် မိမိက သေပြီဟု ယူဆထားသော မိမိ၏ယောကျ်ား သံဟိတ်အား





ယခုကဲ့သို့ ဖြုန်းခနဲ ပြန်၍တွေ့လိုက်ရသောအခါ၌ သည်းထန်စွာ တုန်လှုပ်ချောက်ချားပြီးလျှင် သတိလစ် မေ့မြော၍ သွားလေ၏။

ဤသို့ သတိလစ်မေ့မြော၍ လဲကျသွားသည်နှင့် တစ်ပြိုင်နက် လည်ပင်းမှ ကြိုးသည် ကြိုးစင်၌ ဒေါက်ဖြုတ်၍ ချလိုက်သကဲ့သို့ တအားတင်းသွားသည်ဖြစ်ရာ လည်ပင်းဆစ် ပြုတ်၍ သေရလေတော့၏။

ဒေါင်. . . ဒေါင်. . . ဟူသော သံချောင်းခေါက်သံ ငါး ချက်လည်း ပေါ်ထွက်လာလေ၏။

တာတေ၏စိတ်၌ ထောင်ထဲတွင် ကြိုးဒဏ်ကျသောသူများ လည်း ဤအချိန်၌ ကြိုးပေးလေ့ရှိသည်ကို သတိရမိသဖြင့်. . . “အင်း. . . ခင်ခင်စိန်တော့ ကြိုးမိန့်ကျသွားပေပြီ” ဟုသာ အောက်မေ့မိလေ၏။

ထို့ကြောင့် သူသည် ခင်ခင်စိန်အား ကြိုးများ ဖြုတ်ခြင်း၊ ပါးစပ်၌ စည်း၍ထားသော မာဖလာကို ဖြုတ်ခြင်း၊ ပါးစပ်တွင် ထွက်နေသောသွေးများကို သုတ်ခြင်း စသည်တို့ကို ပြုလုပ်လေ၏။ ထိုအချိန် ပါးစပ်အတွင်းမှ သံပရာသီးလည်း ထွက်၍ကျလာလေ၏၊ ခင်ခင်စိန်၏အလောင်းအား ခုတင်ထက်တွင် ကောင်းစွာပြင်ဆင်၍ တိုက်၏ နောက်ဖေးပေါက်ဆီသို့ ဆင်းလာခဲ့လေ၏။

နောက်ဖေးတံခါး ရောက်လျှင် ချက်ဖြုတ်၍ ထွက်မည် အပြု၌ ခြံ၏နောက်ဖေးပေါက်ဆီမှ နွားနို့ပို့သော ကုလားမကလေး တစ်ဦး ဝင်၍လာသည်နှင့် တာတေသည် အိမ်ပေါ်သို့ ပြန်၍တက် လေ၏၊ ကုလားမလေးလည်း “သခင်မ. . . သခင်မ” ဟု ခေါ်ကာ အိမ်ပေါ်သို့ တက်၍လာသဖြင့် တာတေသည် ပုန်းအောင်းရန် အတွက် နေရာရှာဖွေလေရာ နောက်ဆုံး၌ ကျွန်းသေတ္တာကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးအား ဖွင့်၍ အတွင်းသို့ ဝင်ပုန်းရန်သာ ဖြစ်နိုင်တော့သည့် အလျောက် ဝင်၍ ပုန်းအောင်းနေလေတော့၏။

ကုလားမလေးသည် အိမ်ပေါ်ထပ်သို့ တက်လာပြီးလျှင် ခင်ခင်စိန်အား အိပ်နေသည်ဟု ထင်မှတ်၍ လှုပ်နှိုးပြီးနောက် သေနေကြောင်း သိရလျှင် အလန့်တကြား အော်ဟစ်၍ ဆင်းပြေးကာ လူများကို အော်ခေါ်လေတော့သည်။ ထို့ကြောင့် တာတေသည် သေတ္တာထဲမှ မထွက်ဘဲ ဆက်လက်၍ ပုန်းအောင်းနေရလေတော့၏။

◈ ◈ ◈

တာတေသည် သေတ္တာအတွင်း၌ ညဘက်ရောက်သည့်တိုင်အောင် ပုန်းအောင်းနေရလေတော့၏၊ အဘယ့်ကြောင့်ဆိုသော် ပုလိပ်များသည် မကြာမီအချိန်အတွင်း၌ ရောက်ရှိလာသောကြောင့် ဖြစ်၏။ ပုလိပ်များ၊ စုံထောက်များ ရောက်ရှိလာပြီးနောက် ပြန်သွားသည့်တိုင်အောင် ပုလိပ်တစ်ယောက်အား ခြံအတွင်း၌ အစောင့်ချ၍ထားခဲ့သဖြင့် ည(၈)နာရီထိုးချိန်မှပင် တာတေသည် အစောင့်ပုလိပ်အား တိုက်ပေါ်မှ ရေဖြင့် ပက်လိုက်ရာ အစောင့်ပုလိပ်သည် သရဲခြောက်သည် ထင်မှတ်၍ ထွက်ပြေးကာ ရပ်ကွက်အတွင်းမှ လူများကို သွား၍ခေါ်စဉ်၌ တာတေသည် တိုက်ပေါ်မှ ဆင်းကာ တောင်ငူသချိုင်းသို့ အရောက်ပြန်ခဲ့လေတော့၏၊

ဆိတ်ဖွားသည် တာတေအား တွေ့လျှင်တွေ့ချင်း ကိစ္စပြီးမပြီး မေးမြန်းရာ တာတေက ပြီးစီးခဲ့ပြီဖြစ်ကြောင်းကို အသေးစိတ်





ရှင်းလင်း ပြောကြားလိုက်လေ၏။

"ကိုယ့်လူက သိပ်ပြီး ဒုံးဝေးသေးတာကိုး"

"ဘာကို ဒုံးဝေးရပြန်ပြီလဲ ကိုဆိတ်ဖွားရဲ့"

"ခင်ဗျား အခုလို ခင်ခင်စိန်နဲ့ ကျူးကျူးလွန်လွန် ဖြစ်ခဲ့တာဟာ မှားတယ်၊ စုံထောက်က တကယ်လို့ တခြားလူ တစ်ယောက်ကို သံသယဖြစ်ပြီး ဖမ်းခဲ့ရင်တောင် သွေးချင်းတိုက်ပြီး စစ်လိုက်တာနဲ့ အဲဒီဖမ်းထားတဲ့လူဟာ တရားခံအစစ် မဟုတ်ကြောင်း သိနိုင်တယ်"

"ဟုတ်ပါရဲ့ ကိုဆိတ်ဖွားရယ်"

"ပြီးတော့ ခင်ခင်စိန်ရဲ့ ပါးစပ်ထဲမှာ ထည့်ခဲ့တဲ့ သံပရာသီးကို ပြန်ပြီးယူမလာခဲ့ဘူး၊ အဲဒီသံပုရာသီးကို စုံထောက်က တွေ့လို့ သေသေချာချာ ကြည့်ရင် ပါးစပ်ထဲကို သံပရာသီး ထည့်ပြီး မအော်နိုင်အောင် လုပ်ပြီးခါမှ သတ်ခဲ့တယ်ဆိုတာ တွေးနိုင်တယ်"

"ဟုတ်ပါ့ဗျာ"

"ပြီးတော့ ခင်ခင်စိန့်ဆီက လက်ဝတ် လက်စားတွေကို ခင်ဗျား ဖြုတ်မယူခဲ့ဘူး"

"ကျုပ်တို့ဆီမှာ ဒါလောက် ပစ္စည်းတွေ ရှိနေတာ သူ့ဟာကို ဘာဖြစ်လို့ ယူခဲ့ရမှာတုန်း ကိုဆိတ်ဖွားရဲ့"

"ကိုယ့်လူ ဒုံးဝေးသေးတာကိုး၊ လူတစ်ယောက်ကို သတ်ပြီး ပစ္စည်းယူသွားတာ မတွေ့တာနဲ့ စုံထောက်က သတ်တဲ့လူဟာ ပစ္စည်းအတွက် မဟုတ်ဘူး၊ ရန်ငြိုးရှိလို့ သတ်တယ်ဆိုတာ တစ်ခါတည်း တွက်လို့ရတယ်"

"ဟုတ်ပါ့ ကိုဆိတ်ဖွားရယ်"

"ဒါနဲ့ ပြောရဦးမယ်ဗျို့၊ အခု ခင်ဗျားပြောမှ သတိရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခုတင်အောက်မှာ အံဖုံးတစ်ခု ရှိတယ်ဗျ၊ အဲဒီအထဲမှာ ရွှေ ငွေ ပစ္စည်းတွေလဲ ရှိတယ်၊ ပြီးတော့ ကျုပ်တို့ဆွေစဉ်မျိုးဆက် ရိုက်ထားတဲ့ ဓာတ်ပုံတွေ၊ အဲဒီထဲမှာ ကျုပ်ဓာတ်ပုံလဲ ပါတယ်ပေါ့ဗျာ၊ အရေးကြီးတဲ့ အရောင်းအဝယ် စာချုပ်တွေ၊ ဂရန်တွေ ရှိတယ်ဗျ"

."ကိုယ့်လူ ဒုံးဝေးသေးတာပဲ၊ အဲဒါတွေ ယူခဲ့ရမယ်ဗျ ကဲ. . . ဒီလိုလုပ်၊ ဒါကတော့ စွန့်စားရမှာပဲ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ သွားယူမယ်၊ အဲဒီမှာ မိသွားရင်လဲ မတတ်နိုင်ဘူး"

.တာတေနှင့် ဆိတ်ဖွားတို့သည် အထက်ပါအတိုင်း တိုင်ပင်ဆွေးနွေးကြပြီးနောက် ထိုနေ့၌ပင် ရန်ကုန်သို့ ကားကြုံစီး၍ လိုက်လာခဲ့ကြလေ၏။ ၎င်းတို့နှစ်ယောက် စီးနင်းလိုက်ပါလာသောကားကြီးမှာ အမိုးမပါသော လော်ရီကားကြီး ဖြစ်ရာ ကားနောက်ပိုင်း၌ လွတ်လပ်စွာ စကားပြောရင်း စီးနင်းလာခဲ့ကြလေ၏။

"ကိုဆိတ်ဖွား"

"ဘာတုန်း ကိုယ့်လူရ"

"အခု ကျုပ်အနေနဲ့ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေက ကျုပ်အဖို့တော့ အိပ်မက်မက်နေသလိုပဲဗျာ"

"တကယ်ကတော့ ကိုယ့်လူတစ်ယောက်တည်း မဟုတ်ဘူး လူအားလုံး အိပ်မက်မက်နေကြတာပါ"

"ဒါကတော့ ဟုတ်ပါပြီ၊ အခု ကျုပ်တို့ သွားပြီး လက်စခြေစ ဖျောက်ခဲ့ရင်တော့ စုံထောက်တွေ ပုလိပ်တွေ လိုက်နိုင်ဦးမှာလား ကိုဆိတ်ဖွား"

"သိကြားမင်း လူ့ပြည်ကို နားကင်းကြီးနဲ့ ဆင်းလာပြီး ပုလိပ်ထဲ ဝင်ပြီး ဒီအမှုကို စုံစမ်းရင်တောင် ပေါ်ဖို့ရာ မဖြစ်နိုင်ပါဘူး"





"ဟဲ. . . ဟဲ. . . ကိုဆိတ်ဖွားနဲ့ တိုင်ပင်ရတာ နေရာကျလိုက်တာဗျာ၊ ခင်ဗျားနဲ့ကျုပ်နဲ့ စပြီးတွေ့ကြပုံ၊ ပြီးတော့ ခင်ဗျားက ကျုပ်ကို ပြောဆိုပုံတွေကို ဝတ္ထုဖြစ်ဖြစ်၊ ဒါမှမဟုတ်ရင် ဇာတ်ဖြစ်ဖြစ် ကပြရရင် မကောင်းဘူးလား၊ အခုနေတော့ ခင်ဗျားရဲ့ပညာတွေကို ကျုပ်တစ်ယောက်တည်း ခံစားရတယ်၊ အဲဒီလိုလုပ်လိုက်ရင် လူအားလုံး ခံစားရတာပေါ့ဗျာ"

"ကိုယ့်လူ အေးအေးဆေးဆေး မနေချင်ပဲကိုး၊ ကြိုးစင်တက်ချင်နေပြီ ထင်တယ်၊ ပြီးတော့ ခင်ဗျားကို ကျုပ်ပြောနေတဲ့ စကားတွေက အဘိဓမ္မာတွေဗျ၊ ဝတ္ထုရေးတယ်၊ ဇာတ်လမ်းဇာတ်ကွက် လုပ်ပြီး ကပြတယ်ဆိုတာက ရသပေါ်အောင် လုပ်တာ"

"အဲဒီတော့ ဘာဖြစ်သလဲ ကိုဆိတ်ဖွားရ"

"အဘိဓမ္မာကို ရသအရာ လျှောကျအောင် မလုပ်သင့်ဘူးဗျ၊ အဘိဓမ္မာရဲ့တန်ဖိုး လျော့နည်းသွားတဲ့သဘော ရှိတယ်"

"ခင်ဗျားပြောတာ ကျုပ်ဖြင့် နားမလည်ပေါင်ဗျာ"

"နားလည်ဖို့လည်း မလွယ်ဘူးဗျ၊ ခင်ဗျားက ကောလိပ်ကျောင်းလောက်ပဲ နေဖူးတော့ ခင်ဗျားအနေနဲ့ ဒါတွေကို နားလည်ဖို့ အရည်အချင်း တော်တော်လေး လိုနေသေးတယ်၊ တစ်နည်း ပြောရရင် ဒုံးဝေးသေးတယ်ပေါ့ ကိုယ့်လူရာ"

ထိုသူနှစ်ဦးသည် စကားဗာပြောပြောနှင့် လိုက်ပါလာခဲ့ကြရာ ရန်ကုန်သို့ ရောက်ကြလေတော့၏။ ရန်ကုန်သို့ ရောက်လျှင် ဓိန်ဘောဂတိုက်၏ ပတ်ဝန်းကျင်သို့ သွားရောက် အကဲခတ်ပြီး ညအချိန်၌ တိုက်အတွင်းသို့ တာတေသည် သော့တူဖြင့် ဖွင့်ကာ ဝင်ရောက်လေ၏။

ဆိတ်ဖွားမှာမူ တိုက်နှင့် မလှမ်းမကမ်းနေရာမှ အစောင့်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ကျန်ခဲ့လေ၏။ တာတေသည် တိုက်အတွင်းသို့ ရောက်သည့်အခါ၌ တစ်စုံတစ်ယောက်သည် အိပ်ခန်းဘက်ဆီသို့ ချွတ်နင်း၍ သွားနေသည်ကို တွေ့မြင်ရလေရာ ဤသူကား ဘယ်သူနည်း၊ အဘယ့်ကြောင့် ဤအိမ်အတွင်း၌ ဤသို့ ချွတ်နင်း၍ နေရသနည်း၊ စုံထောက်ပေလော စသည်ဖြင့် တွေးတောသော်လည်း အဖြေမပေါ်သဖြင့် အကြံသစ်တစ်ခု ထုတ်ရလေတော့၏။ ထိုအကြံမှာ ချွတ်နင်းနေသောသူကို ဖမ်း၍ အိပ်ခန်းအဝ၌ ရှိသော ကျွန်းသေတ္တာကြီး အတွင်းသို့ ထည့်ကာ ဆိတ်ဖွားထံသို့ ယူသွားမည်၊ ဆိတ်ဖွားအား မည်သို့မည်ပုံ လုပ်ရမည်ကို မေးမည်ဟူ၍ ဖြစ်လေ၏။

ထို့ကြောင့် ထိုသူအား နောက်မှနေ၍ သေနတ်ဖြင့် ချိန်၍ ဖမ်းရန်အတွက် တာတေသည် သူ၏မျက်နှာအား မာဖလာဖြင့် ပိတ်ချည်၍ ရှုပ်ဖျက်လိုက်ကာ ထိုသူ၏နောက်သို့ အသံမကြားစေဘဲ ချဉ်းကပ်၍သွားကာ. . .

"ဟေ့ကောင်. . လက်မြှောက်လိုက်" ဟု သေနတ်ဖြင့် ချိန်ကာ အမိန့်ပေးလေ၏။ ထိုသူလည်း အမိန့်ပေးသည့်အတိုင်း လက်မြှောက်ထားရလေ၏။

"ဟေ့ကောင်. . . ဒီကိုလာခဲ့" ဟု ဆိုကာ သေတ္တာဆီသို့ နောက်ဆုတ် နောက်ဆုတ်ဖြင့် ခေါ်ခဲ့ပြန်၏။ သေတ္တာဆီသို့ ရောက်လျှင် သေတ္တာကို ဖွင့်စေ၍ အတွင်းသို့ ဝင်ခိုင်းကာ သေတ္တာကို ပိတ်လိုက်လေ၏။ ထိုအခါကျမှ တာတေသည် အိပ်ခန်းအတွင်းရှိ အံဖုံးဆီသို့ သွားရောက်ကာ လိုအပ်သောပစ္စည်းများအား အိတ်တစ်လုံးဖြင့် ထည့်ကာ ပြန်လာပြီးလျှင် ထိုသူ ဝင်လျက်ရှိသော သေတ္တာကြီးကို မနိုင့်တနိုင်နှင့် ထမ်းယူခဲ့လေတော့၏။

◈ ◈ ◈





တောင်ငူသချိုင်းသို့ ပြန်လည် ရောက်ရှိသည့်အခါ၌ ၎င်းသေတ္တာအား ဆိတ်ဖွားသည် တဲကလေးအတွင်း၌ ထည့်ပြီးလျှင် တာတေနှင့် ဆိတ်ဖွားတို့သည် တိုင်ပင်ဆွေးနွေးကြရပြန်လေ၏။

"ကိုတာတေ. . . ဒီကောင်ကြီးကို ခင်ဗျား ယူလာလို့သာ"

"ကျုပ်လဲ ဘာလုပ်ရမှန်း မသိတာနဲ့ ယူခဲ့တာပဲ"

"ဟုတ်ပါတယ်လေ၊ ခင်ဗျား မပြောနဲ့၊ ကျုပ်တောင် မစဉ်းစားတတ်အောင် ဖြစ်နေသေးတာပဲ၊ ဒါပေမယ့် ဒီကောင်က ရိုးရိုးသူခိုးပါဗျာ၊ ကျုပ်တို့ရန်သူတော့ မဟုတ်ပါဘူး"

"ဒါပေမယ့် ဒီကောင်ကိုတော့ ပြန်လွှတ်လို့ မဖြစ်ဘူးထင်တယ်၊ တစ်ခါတည်း သတ်ပစ်မှ ဖြစ်မယ်ဗျ"

"ဟာဗျာ. . . ခင်ဗျားနဲ့ ရန်ငြိုးမှ မရှိဘဲ၊ ဒီလိုတော့ မလုပ်ပါနဲ့"

"ဒါဖြင့် ဘယ်လိုလုပ်မှာလဲ"

"ဒီလိုလုပ်ဗျာ၊ မန္တလေး အဆန်ရထားတွဲပေါ် တင်ပြီးလွှတ်လိုက်မယ်၊ သူ့ဟာသူ ရောက်ချင်တဲ့နေရာ ရောက်ပေါ့ဗျာ၊ မကောင်းဘူးလား"

"အင်းလေ"

တာတေနှင့် ဆိတ်ဖွားတို့သည် သေတ္တာအတွင်းမှ လူကို အနည်းငယ် မေးမြန်းပြီးနောက် အစားအသောက် ကျွေးမွေးသည့်အချိန်၌သာ သေတ္တာကို ဖွင့်၍ ကျွေးမွေးပြီးလျှင် လူခြေတိတ်သော အချိန်၌ နှစ်ယောက်သား သေတ္တာကြီးကို မ,၍ မန္တလေးအဆန်ရထားပေါ်သို့ တင်၍ လွှတ်လိုက်လေတော့၏။

. . . ပြီးပါပြီ . . .

www.burmeseclassic.com





## သင်္ချိုင်းသို့ လာရောက်လည်ပတ်သော ဧည့်သည်

တစ်နေ့သ၌ တာတေနှင့် ဆိတ်ဖွားတို့သည် အုတ်ဂူတစ်ခုပေါ်၌ နှစ်ယောက်သား ထိုင်လျက် ဆိတ်ဖွားက လွန်စွာမှတ်သားဖွယ်ရာကောင်းသော ဒဏ္ဍာရီတစ်ခုကို ပြောလျက် တာတေက စိတ်ဝင်စားစွာ နားထောင်၍နေစဉ်၌ အရပ်အမောင်း ကောင်း၍ ဥပမိရုပ်အားဖြင့် သားနားသော သူတစ်ယောက်သည် ရှမ်းလွယ်အိတ်ကို လွယ်လျက် လက်တွင်း၌ သားရေပြားကြီးတစ်ချပ်ကို ကိုင်ကာ ရောက်၍လာလေ၏။

ဆိတ်ဖွားက "ဘာကိစ္စလဲ ခင်ဗျား" ဟု ရိုသေ ကျိုးနွံစွာ မေးသောအခါ၌ ထိုသူက. . .

"ကျွန်တော် ဟောဒီသင်္ချိုင်းဇရပ်မှာ ကမ္မဋ္ဌာန်းထိုင်ဖို့ လာခဲ့တာပဲ ခင်ဗျား၊ တစ်လလောက်တော့ အစိဋ္ဌာန်နဲ့ ထိုင်မယ်လို့ လာခဲ့တာပဲ" ဟု ပြန်၍ဖြေဆိုလေ၏။

www.burmeseclassic.com



"မိတ်ဆွေက အခု ဘယ်မြို့ဘယ်ရွာက လာခဲ့တာလဲ ခင်ဗျ"

"အခု နောက်ဆုံး လာခဲ့တာကတော့ သာယာဝတီမြို့က ပါပဲ၊ သာယာဝတီမြို့မှာ ရှိတဲ့ သချိုင်းတွေမှာတော့ တစ်လစီ နေခဲ့ပြီးပါပြီ"

"သာယာဝတီ မရောက်ခင်တုန်းကကော"

"ပန်းတနော်မြို့မှာ ရှိတဲ့ သချိုင်းတွေမှာ တစ်လစီ ကမ္မဋ္ဌာန်း ထိုင်ခဲ့ပါသေးတယ်၊ ဒီလိုဗျာ. . . ကျိုက္ခမီ၊ စလင်း၊ လေးမျက်နှာ စတဲ့မြို့တွေမှာ ရှိတဲ့သချိုင်း၊ အင်္ဂါနိမြို့မှာ ရှိတဲ့သချိုင်း အစဉ်အတိုင်း ထိုင်လာခဲ့တာပါ။ အခုတော့ စနေနံမြို့ဖြစ်တဲ့ တောင်ငူမြို့ကို လာခဲ့တာပဲ၊ (၇)နေ့(၇)နံ စေ့မှ ကျုပ်ရဲ့အလုပ်က ပြီးမှာခင်ဗျ"

"ဟာ. . . ဒါဖြင့် တော်တော်ကလေး ပြီးခဲ့မှာပဲ၊ ထိုင်ပါ ခင်ဗျ။ ဒီမှာလဲ မိတ်ဆွေ ခိုင်းစရာရှိတာကို ခိုင်းပါ၊ ကျွန်တော်တို့ လုပ်ပေးပါ့မယ်၊ ကျုပ်နာမည်ကတော့ ဆိတ်ဖွားလို့ ခေါ်ပါတယ်၊ သူကတော့ ကိုတာတေလို့ ခေါ်ပါတယ်၊ ဒီသချိုင်းက သုဘရာဇာ တွေပါပဲခင်ဗျ"

"ကျုပ်နာမည်ကတော့ မိုးသီးလို့ ခေါ်ပါတယ်၊ အသက်မွေးဝမ်းကျောင်း အလုပ်ကတော့ ဗိန္ဓောဆရာပါပဲ"

"ဟုတ်ပါပြီ ဆရာကိုမိုးသီး. . . ခင်ဗျာ၊ ဟောဟိုဇရပ်ထဲမှာ နေပြီး ဆရာ လုပ်စရာရှိတဲ့အလုပ်ကို လုပ်ပါ၊ ဆရာ စားဖို့ သောက်ဖို့ ဝယ်စရာခြမ်းစရာ ရှိရင်လဲ ကျွန်တော်တို့ကို ခိုင်းပါ ခင်ဗျား"

"ဒီလိုလုပ်လေဗျာ၊ ရော့. . . ငွေငါးဆယ်ယူထားပါ၊ မနက်စာအတွက် မွန်းမတိမ်းမီမှာ ထမင်းထုပ်တစ်ထုပ် ဝယ်ပြီး ပေးပါ၊ ဆေးပေါ့လိပ်နဲ့ မီးခြစ်တို့ ဖယောင်းတိုင်တို့ လိုတဲ့အခါမှာလဲ ကျုပ်မှာမယ်လေ"

"ကောင်းပါပြီ ခင်ဗျ"

ဤင်းကိုမိုးသီးဆိုသူအား တာတေ ဝမ်းရောဂါဖြစ်၍ မျောနေစဉ် ဖျာလိပ်ဖြင့် ပတ်ကာ ထားခဲ့ဖူးသော ဇရပ်အတွင်း၌ ဆိတ်ဖွားက နေရာချထားပေးလေ၏။ နံနက်စာကိုလည်း ကိုမိုးသီးမှာထားသည့်အတိုင်း ဈေးမှ ထမင်းထုပ် ဝယ်၍ပေးလေ၏။ ကိုမိုးသီးသည် ဥပုသ်စောင့်သည် ဖြစ်သောကြောင့် မနက်စာ တစ်နပ်တည်းကိုသာ စားလေ၏။ ကိုမိုးသီးသည် နံနက်စောစော၌ တစ်ကြိမ်၊ နေ့လယ်၌ တစ်ကြိမ်၊ ညနေ၌ တစ်ကြိမ်၊ ညဉ့်နက်သန်းခေါင်၌တစ်ကြိမ် ကမ္မဋ္ဌာန်း ထိုင်လေ၏။ ညဉ့်နက်သန်းခေါင်၌မူ ကမ္မဋ္ဌာန်း ဇရပ်အတွင်း၌ မထိုင်ဘဲ သချိုင်းအုတ်ဂူပေါ်၌ ထိုင်လေ၏။ တရားထိုင်ခြင်း မပြုသောအခါများ၌လည်း အလကားမနေဘဲ ပရိတ်ကြီး ဆယ့်တစ်သုတ်ကို လည်းကောင်း၊ ဒိဝါတပတိဟူသော ဂါထာကို လည်းကောင်း ရွတ်ဆို၍နေလေ၏။ ဆိတ်ဖွားနှင့် တာတေတို့ကလည်း ကိုမိုးသီး နေထိုင်သော ဇရပ်ကလေးအား နေ့စဉ် နှစ်ကြိမ်ခန့် လှည်းကျင်း၍ ပေးကြလေ၏။

ဤသို့ဖြင့် ကိုမိုးသီး ရောက်ပြီး သုံးရက်မြောက်သောနေ့၌ သုဘရာဇာ ဆိတ်ဖွားက တာတေအား စတင်၍ စကားပြောတိုင်ပင်လေ၏။

"ဒီမှာ ကိုယ့်လူ သိပ်ပြီး အရေးကြီးနေပြီဗျို့၊ သတိဝီရိယကလေးနဲ့ နေမှ တော်မယ်နော်"

"ဘာလဲဗျ၊ ကိုဆိတ်ဖွားကလဲ. . . အရင်းမရှိ အမျိုးမရှိ ဘာတွေ အရေးကြီးနေတာလဲ"







www.burmeseclassic.com

www.burmeseclassic.com



“ဟိုလူလေဗျာ”

“ဆရာမိုးသီးလား”

“အစစ်ပေါ့ဗျ၊ ကျုပ်တော့ ဒီလူကို သိပ်ပြီး မသင်္ကာဘူး ကိုတာတေ”

“အရမ်းလဲ မသင်္ကာ မဖြစ်ပါနဲ့ ကိုဆိတ်ဖွားရယ်၊ သူတော် ကောင်းနဲ့ တူပါရဲ့”

“ကိုယ့်လူက တယ်ပြီး ဒုံးဝေးတာကိုဗျ၊ အဲဒီမိုးသီးဆိုတဲ့လူ ဟာ ကျုပ်တို့ကို လာပြီးစုံစမ်းတဲ့ စုံထောက် ဖြစ်ရမယ်ဗျာ”

“ဘယ်လိုကြောင့်လဲ ကိုဆိတ်ဖွားရဲ၊ ကျုပ်ဖြင့် မသင်္ကာ စရာ တစ်ချက်တလေမှ မတွေ့ရပါလား”

“ကိုယ့်လူ ဒုံးဝေးသေးတာကိုဗျ၊ ကိုမိုးသီးဆိုတဲ့လူက သချိုင်းတွေမှာ ကမ္မဋ္ဌာန်း ထိုင်ခဲ့တယ်လို့ ပြောတယ် မဟုတ်လား၊ အဲဒါ လိမ်တာဗျ၊ လုံးဝ မဟုတ်ဘူး”

“မဟုတ်မှန်း ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ”

“မျှားမျှားထိုင်ဖူးတဲ့လူရဲ့ ခြေမျက်စိဟာ အသားမာ တက်နေရမယ်၊ သူ့ခြေမျက်စိမှာ အဲဒီလို အသားမာ မရှိဘူးဗျ”

“ဩော်. . .”

“ပြီးတော့ သူ ယူလာတဲ့ သစ်နက်ရေဟာလဲ အမွေးတုံး နေတာ မတွေ့ရဘူးဗျ၊ သူ ပြောသလောက်သာ ထိုင်ခဲ့ပယ်ဆိုရင် အမွေးတုံးပြီးနေရမယ် မဟုတ်လား”

“ဟုတ်တယ် ကိုဆိတ်ဖွား”

“ပြီးတော့ ကျုပ် တံမြက်စည်း သွားလှည်းတော့ အင်တေ ကြားထဲမှာ စီးကရက်တိုလေးတစ်တို တွေ့ရတယ်၊ ဒီလူဟာ ဆေး ပေါ့လိပ် သောက်တဲ့လူ မဟုတ်ဘူး၊ စီးကရက် သောက်တဲ့လူ





ဖြစ်တယ်၊ ကျုပ်တို့ရွှေ့မှာတော့ ဘယ်သောက်မလဲ၊ ကွယ်ရာမှာ သောက်တယ်ဗျ၊ အခု ကျုပ် တွေ့ခဲ့တဲ့ စီးကရက်ဟာ ကုလားအုတ် တံဆိပ် စီးကရက်ဗျ၊ အဲဒါ မြို့သားတွေသာ သောက်လေ့ရှိတာ မဟုတ်လား”

“ဟုတ်မယ်ဗျို့”

“ပြီးတော့ မနေ့ကလဲ မောင်သာနိုးရဲ့ အုတ်ဂူနဲ့ သံဟိတ် ဆိုတဲ့ဂူကို သေသေချာချာ ကြည့်နေတာ တွေ့ရတယ်”

ထိုအခါ၌ တာတေသည် ထိတ်ထိတ်ပျာပျာ ဖြစ်၍လာ လေ၏။

“ဟုတ်လား ကိုဆိတ်ဖွား၊ ဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲ ဗျာ”

“ဒါတင် မကသေးဘူးဗျ၊ မနေ့ညက ကျုပ်တို့တဲထဲကို ကျုပ်တို့ အိပ်တဲ့အချိန်မှာ ဒီလူ ဝင်ပြီးရှာတယ်ဗျ၊ ခြေရာတွေကို ကျုပ် တွေ့ရတယ်”

“ဟုတ်ပါပြီ ကိုဆိတ်ဖွားရဲ့၊ အဲဒီတော့ ဘယ်လို ကြံကြမ လဲ၊ ဆိုစမ်းပါဦး”

“ဘုတာနားမှာ ဒီနေ့ည ပွဲရှိတယ်ဗျာ၊ အဲဒီပွဲကို မိုးအလင်း သွားပြီးကြည့်မယ်လို့ ဒီလူကိုပြောပြီး ရှောင်ထွက်သွားမယ်၊ ကျုပ်တို့ မရှိရင် ဒီလူ ဂူကို ဖောက်ကြည့်မှာပဲဗျ၊ သူ ဖောက်နေတဲ့အခါကျမှ ကျုပ်တို့က ပြန်လာပြီး သူ့ကို နောက်ကနေ သေနတ်နဲ့ ချိန်ပြီး ဖမ်းမယ်၊ ခင်ဗျားမှာ သေနတ်ရှိတယ် မဟုတ်လား”

“ရှိတယ်လေ၊ ဖမ်းပြီးတော့ ဘယ်လိုလုပ်မလဲ ကိုဆိတ်ဖွား ရဲ့”

“ဖမ်းပြီးတော့ သူ့ကို သတ်ပစ်မယ်ဗျာ၊ ပြီးတော့ အဲဒီဂူ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာပဲ ထည့်ပြီး ပြန်ပိတ်ထားလိုက်မယ်၊ မကောင်းဘူးလား”

“ကောင်းပေါ့ဗျာ၊ သိပ်ကောင်းတဲ့အကြံပေါ့”

ထိုသို့ ပြောဆိုတိုင်ပင်ကြပြီးနောက် ညနေ နေဝင်ပြီးချိန်၌ ဆိတ်ဖွားနှင့် တာတေသည် ကိုမိုးသီးထံသို့ သွားရောက်၍ ဆိတ်ဖွားက. . .

“ဆရာကိုမိုးသီးရေ. . . ဒီနေ့ညတော့ ဒီသချိုင်းမှာ ဆရာတစ်ယောက်တည်းပဲ ရှိတယ်၊ ကျုပ်တို့နှစ်ယောက်တော့ ဘူတာနားမှာ ပွဲရှိလို့ ပွဲကို မိုးအလင်း သွားပြီးကြည့်ကြမယ်ခင်ဗျ”

“ဘယ်သူ့ဇာတ်လဲဗျ”

“ပခန်းသား မောင်ဘကျော်ဇာတ်လေ၊ သိပ်ပြီးကောင်းတဲ့ မင်းသားခင်ဗျ၊ ကြည့်ရခဲတယ် မဟုတ်လား”

“ကောင်းတယ်. . ကောင်းတယ်၊ သွားကြည့်ကြဗျာ၊ ကျုပ်ပေးထားတဲ့ ပိုက်ဆံထဲကပဲ ခင်ဗျားတို့ ပွဲဈေးမှာ သုံးကြဗျာ၊ ဘယ်နှလောက်ပဲ ကုန်ကုန် သုံးကြပါ”

“ကျွန်တော်တို့ဆီမှာလဲ ခြောက်မူး သုံးမတ်လောက် ပါတယ် ဆရာရဲ့”

“မဟုတ်တာဗျာ၊ ယောကျ်ားကြီးနှစ်ယောက် သွားတာ ခြောက်မူး သုံးမတ်လောက်နဲ့ ဘယ်ကလာ ဖြစ်ပါ့မလဲ၊ ကျုပ်ပေးထားတဲ့ ပိုက်ဆံကို သုံးကြစမ်းပါ”

ထို့နောက် ဆိတ်ဖွားနှင့် တာတေတို့သည် ကိုမိုးသီးအား ရှိသေစွာ နှုတ်ဆက်ပြီးလျှင် ဘူတာဘက်ဆီသို့ ထွက်၍သွားကြလေတော့၏။

◈ ◈ ◈





ညသန်းခေါင်လောက်တွင်မူ ဆိတ်ဖွားနှင့် တာတေတို့နှစ်ယောက်သည် သချိုင်းဆီသို့ တိတ်တဆိတ် ပြန်၍လာကြရာ သံဟိတ်၏ အုတ်ဂူအား လူတစ်ယောက်သည် အကျအန ထိုင်၍ ဖောက်ထွင်းနေသည်ကို တွေ့ရလေ၏။

“ကိုဆိတ်ဖွား ပြောတာ ဟုတ်တယ်ဗျို့၊ ဟိုမှာ တွေ့လား၊ ဂူကို ဖောက်နေပြီ၊ ကျုပ်တို့က သူ့နောက်နေ သွားကြမှ တော်မယ်ဗျို့”

“ခြေသံတော့ လုံးလုံးမကြားရအောင် သွားရမယ် ကိုတာတေ၊ ဒီလူက တော်တော် ဖျတ်လတ်ပုံ ရတယ်ဗျ”

“ဟုတ်ပါတယ် ကိုဆိတ်ဖွား၊ လာ. . . သွားကြပါစို့” ဟုဆိုကာ တာတေသည် သေနတ်ကို ကိုင်လျက် ဆိတ်ဖွားက သူနှင့်ကပ်လျက် ခြေကို ဖော့နင်းကာ အုတ်ဂူဖောက်နေသူ၏နောက်သို့ ဖြည်းဖြည်းချင်း ကပ်၍သွားပြီးလျှင် အနီးသို့ ရောက်သည့်အချိန်၌ တာတေက သေနတ်ဖြင့် ချိန်ရွယ်၍. . . .

“ဟော့ကောင်. . . မိုးသီး မလှုပ်နဲ့၊ ဘာရမလဲကွာ၊ စုံထောက် ညဏ်လောက်များ ဒီဂူထဲမှာ ဘာတွေရှိတယ်ဆိုတာ သိချင်လှတဲ့ ကောင်၊ ပြောပြရသေးတာပေါ့၊ အဲဒီအထဲမှာ ရတနာတွေရှိတယ်၊ ပြီးတော့ မင်းလဲ ဒီဂူထဲမှာပဲ နေရမှာပါ၊ မဟုတ်လား ဒေါက်တာ ဆိတ်ဖွား”

သိပ်ဟုတ်တာပေါ့ ကိုယ့်လူရာ၊ ကိုယ့်လူ ဒုံးမဝေးတော့ဘူး၊ နေဦး. . . နေဦး. . . ကျုပ် ဒီလူကို ကြိုးနဲ့ တုပ်လိုက်ဦးမယ်၊ ကျုပ်မှာ ကြိုးပါတယ်ဗျ”

ဆိတ်ဖွားသည် ခါးတွင် ပတ်၍ ယူလာသော ကြိုးကို ဖြုတ်၍ ရှေ့သို့ တိုးလိုက်စဉ်၌ ၎င်းတို့၏နောက်ဖက်တွင် ရှိသော



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူတစ်ခု၏ဘေးမှ မည်းမည်းသဏ္ဌာန်တစ်ခုသည် လျှင်မြန်စွာ ခုန်၍ထွက်လာပြီးလျှင် သေနတ်ကိုင်ထားသော တာတေ၏လက်ကို ရိုက်၍ချလိုက်ပြီးလျှင် တာတေ၏ မေးစေ့ကိုပါ လက်သီးဖြင့် ထိုး လိုက်ရာ တာတေသည် "အင့်. . ." ခနဲ မည်၍ လဲကျသွားလေ ၏။ တစ်ဆက်တည်း၌ပင် ဆိတ်ဖွားအား သေနတ်ဖြင့် ချိန်၍. . .

"ဟေ့. . လက်မြှောက်လိုက်" ဟု ပြောသော်လည်း ဆိတ် ဖွားသည် မျောက်တစ်ကောင်၏ လျှင်မြန်ခြင်းမျိုးဖြင့် အုတ်ဂူများ ကို အကာအကွယ် ယူကာ ထွက်ပြေးလွတ်မြောက်၍သွားလေတော့ သည်။ သို့ရာတွင် ထိုမည်းမည်းသဏ္ဌာန်က ဆိတ်ဖွား၏နောက်သို့ ဆက်၍ လိုက်ခြင်းမပြုတော့ဘဲ လဲကျနေသော တာတေအား ကြိုး ဖြင့် တုပ်နှောင်ကာ တာတေ၏မေးစေ့အား လက်ဖြင့် လှုပ်ယမ်းပြီး လျှင်. .

"ဟေ့. . . တာတေ. . . တာတေ. . သတိရပြီလား" ဟု မေးလိုက်လျှင် တာတေသည် ပြန်လည်၍ သတိရလာပြီးလျှင်. . .

"ဩော်. . . ကိုမိုးသီးကို. . . နောက်ကနေ ဝင်ပြီး ကျုပ်ကို နှံ့လိုက်တာ ခင်ဗျားကို" ဟု ဆိုလိုက်လေ၏။

"အစစ်ပေါ့ ကိုယ့်လူရာ"

"ဒါဖြင့် အရှေ့မှာ ဂူဖောက်နေတာက ဘယ်သူလဲ"

"တောင်ငူဂါတ်က ပုလိပ် ကိုညိုကြီးပါ။ ခင်ဗျားတို့ သွား တုန်း ကျုပ် သွားပြီးခေါ်ထားလိုက်တာ၊ ကိုယ့်လူတို့က ကျုပ်ကို ဂူဖောက်နိုင်အောင် ရှောင်ပေးခဲ့တာ မဟုတ်လား၊ ဘယ်ရမလဲဗျာ"

ထိုအခါ၌ တာတေသည် ခေါင်းငိုက်စိုက်ကျသွားလေ၏။ တာတေအား ထိုသူနှစ်ဦးက သေတ္တာကြီးထဲတွင် ထည့်ကာ သေ တ္တာကို သော့ခတ်လိုက်ကြလေတော့သတည်း။





# ဆားပုလင်းနှင်းမောင်၏ ရှင်းလင်းချက်

တာတေသည် ဖြောင့်ချက် ပေးပြီးနောက် စီးကရက်ကို အားရပါးရ သောက်၍ အနားယူလျက် ရှိတော့၏။

"ကျွန်တာတွေကိုတော့ ဟောဒီစုံထောက်ကြီး ကိုမိုးသီးကို ပဲ မေးကြပေတော့" ဟု ဆိုကာ ဆားပုလင်းနှင်းမောင်အား ညွှန်ပြ လေ၏။

"ဟုတ်တယ်ဗျို့၊ ဒီအမှုက ခပ်ဆန်းဆန်းပဲ၊ လူဆိုးတွေသာ နာမည်အမျိုးမျိုး ပြောင်းရတယ် အောက်မေ့နေတာ၊ ကျုပ်တို့ ဆားပုလင်းကြီးလဲ ကိုနှင်းမောင်ကနေ ကိုမိုးသီး ဖြစ်ခဲ့ရသေးတာကို ဗျ၊ ဟား. . . ဟား. . ."

ဦးကိုကိုကြီးသည် သူ့ဘာသာ ပြော၍ သူ့ဘာသာ သ ဘောကျကာ အားရပါးရ ရယ်မောနေလေ၏။

"ကျုပ်တော့ဖြင့် ဒီပြင်ဟာ မမေးချင်ပါဘူး ကိုနှင်းမောင်၊ ဝနေမောင်မောင်နဲ့ ခင်ဗျား လောင်းကြေးစားကြေး လုပ်ခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တကယ်ပဲလား" ဟု ကျွန်ုပ်က မေးလိုက်၏။

"တကယ်ပဲ အိုင်ပီ၊ စနေမောင်မောင်တစ်ယောက် ဘင်္ဂလား ပင်လယ်အော်ထဲမှာ သေသွားပြီ ဆိုတာလဲ တကယ်ပဲဗျ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ ဒီလူက တစ်နေရာမှာ သေပြီလို့ သတင်းထွက်ပြီးရင် တခြားတစ်နေရာမှာ သွားပြီးကျက်စားနေလေ့ ရှိတဲ့အတွက် သေချာအောင် စောင့်နေတာပဲ"

"ပြီးတော့ ဟောဒီ မြိုင်ရာဇာ တာတောကို သဲလွန်စရပုံကလေးနဲ့ ခြေရာခံမိပုံကလေး သိပါရစေဗျာ" ဟု ကျွန်ုပ် အသိချင်ဆုံး အကြောင်းအရာကို မေးလိုက်လေ၏။

"ပန်းချီကားကနေ သဲလွန်စ ရတာဗျ၊ မင်္ဂလာဆောင် နှစ်ယောက်တွဲ ပုံတူ ပန်းချီကားကို ကြည့်တဲ့အခါမှာ ပန်းချီကားက ဟောင်းပြီး ကားဘောင်က သံတွေက သစ်နေတာကို တွေ့တာပဲ၊ အဲဒီကတည်းက ဒီပန်းချီကားကို ကျုပ် သံသယ ဖြစ်ခဲ့တာပဲ၊ ဒါနဲ့ နောက်တစ်ခေါက် စိန်ဘောဂတိုက်ကို ရောက်တဲ့အခါမှာ ပန်းချီကားကို ထပ်ပြီးကြည့်မိတော့ ပန်းချီကားဟာ ကျုပ်ထင်သလို အဟောင်းသက်သက် မဟုတ်ဘဲ သတို့သားနေရာက ပြင်ထားတဲ့ ဆေးရောင်တချို့ဟာ သစ်နေတာကို တွေ့ရတယ်၊ ဒါပေမယ့် အဟောင်းနဲ့ တူအောင်တော့ တော်တော်ကလေး ကြိုးစားပြီး လုပ်ထားပုံ ရတယ်၊ အဲဒီကတည်းက ဒီထဲက သတို့သားကို ကျုပ်က သံသယ ဖြစ်မိတာပဲ၊ ဒါပေမယ့် ဒီလူက လွန်ခဲ့တဲ့ (၆)နှစ်နီးပါး လောက်ကတည်းက သေဆုံးပြီဆိုတော့ စဉ်းစားရ ကျပ်နေတာ၊ အဲဒီမှာ ကွင်းဆက် ပြတ်နေတာပဲ"

"တော်တော့်ကို သိမ်မွေ့တဲ့အချက်ပဲ"

"အဲဒါနဲ့ ပန်းချီဆရာကြီးတွေဆီ သွားပြီးလေ့လာတော့





စိန်ဘောဂတိုက်မှာ တွေ့ရတဲ့ စုတ်ချက်နဲ့ ပန်းချီဆရာကြီး ဦးလှထွန်းရဲ့ စုတ်ချက်ဟာ ခပ်ဆင်ဆင် တူနေတာကို တွေ့ရပြန်တယ်"

"စုတ်ချက်ဆိုတာက (Stroke)စတရုတ် ခေါ်တဲ့ စုတ်တံဆွဲယူပုံဟန်ကို ဆိုတာလား"

"ဒါပေါ့ အိုင်ပီ၊ ပြီးတော့ အဲဒီပန်းချီကားမှာ သုံးထားတဲ့ အပြာရောင်ဆေးကို နည်းနည်းကလေးခြစ်ယူခဲ့ပြီး ယူနီဘာစတီက ဓာတုဗေဒဌာနမှာ ဓာတ်ခွဲခိုင်းတော့ ကယ်စီယံဆိုတဲ့ ဓာတ်တစ်မျိုးပေါ်မှာ အခြေခံပြီး ဖော်စပ်ထားတဲ့ဆေး ဖြစ်နေတယ်ဆိုတာ တွေ့ရတယ်၊ အဲဒီဆေးဟာ ကိုဘော့ဘလူး (Cobalt Blue) ဆိုတဲ့ ကြည်ပြာရောင်ဆေးပဲ၊ ဆေးထုတ်တဲ့ကုမ္ပဏီကို မေးကြည့်တော့ ဒီဆေး ပေါ်တာ (၁၄)လပဲ ရှိသေးတယ်ဆိုတဲ့ အကြောင်းရယ်၊ ပင်လယ်ခရုတစ်မျိုးကနေ ဖော်စပ်တယ်ဆိုတဲ့ အကြောင်းရယ် သိရတယ်၊ ပင်လယ်ခရုဆိုကတည်းက ကယ်စီယံ ခေါ်တဲ့ ထုံးဓာတ်တစ်မျိုးနဲ့ ကိုက်ညီနေတာကို တွေ့ရတယ်၊ ဒီအချက်ဟာ ဘာကို ခိုင်လုံစေသလဲဆိုတော့ ပန်းချီကားကို ပြန်ပြီး ပြင်ရေးထားတယ်ဆိုတဲ့ အထောက်အထားပဲ"

"ဟုတ်ပါတယ် ဆားပုလင်းနှင်းမောင်ရယ်"

ဦးကိုကိုကြီးက အားရပါးရ ထောက်ခံလေ၏။

"အဲဒါကြောင့် ပန်းချီဆရာကြီး ဦးထွန်းလှဆီ သွားပြီးစုံစမ်းတော့ ဆရာကြီးဟာ ဒီအတောအတွင်းမှာ ပုံတူများ မရေးခဲ့ကြောင်း သိရပြန်တယ်၊ အဲဒါကြောင့် ဆရာကြီးနဲ့ စုတ်ချက်ဆွဲပုံချင်း တူနိုင်တဲ့ ပန်းချီကိုလှမောင်ဆီ သွားပြီး စုံစမ်းတော့ မြန်မာစကား ရေရေလည်လည်ပြောတတ်တဲ့ တရုတ်တစ်ယောက် မင်္ဂလာဆောင် ပုံတူတစ်ချပ် ပြင်ရေးပေးဖို့ အပ်ခဲ့ကြောင်း တွေ့ရပြန်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဟန်ကျလိုက်တာဗျို့၊ သဲလွန်စက တဖြည်းဖြည်း နီးလာတယ်နော်"

"နောက်သဲလွန်စ တစ်ခုကတော့ ခင်ခင်စိန့်အလောင်းမှာ ဝတ်လျက် တွေ့ရတဲ့ စိန်လက်စွပ်၊ စိန်နားကပ် စတဲ့ လက်ဝတ်လက်စားတွေပဲ"

ကျွန်ုပ်သည် ထိုစဉ်က ကိုနှင်းမောင်တစ်ယောက် စိန်ထည် ပစ္စည်းများအား သေချာစွာ လေ့လာကြည့်ရှုခဲ့ပုံကို အမှတ်ရမိလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"စိန်တွေမှာ ဘယ်လို သဲလွန်စ ရခဲ့သလဲ အိုင်ဆေး"

"လက်ဝတ်လက်စားတွေဟာ ဟောမတ် (Hall Mark) ခေါ်တဲ့ အင်္ဂလန် ပန်းတိမ်ဆရာတွေရဲ့ အမှတ်တံဆိပ် ပါတယ်ဗျ၊ အင်္ဂလန် ပန်းတိမ်ဆရာကြီးတွေဟာ (၁၈၅၄)ခုနှစ်မှာ ဟောမတ် တံဆိပ်ရိုက်ဖို့ စတင်ခဲ့တယ်ဗျ၊ ဒါပေမယ့် စိန်တွေကို ကြည့်တဲ့အခါမှာတော့ အင်္ဂလန်က စိန်တွေ မဟုတ်ဘဲ မြန်မာပြည်က စိန်တွေဖြစ်နေတာကို တွေ့ရတယ်"

"အင်္ဂလန်က စိန်နဲ့ မြန်မာပြည်စိန်ကို ဘယ်လိုခွဲခြားသလဲ ကိုနှင်းမောင်"

"မြန်မာစိန်တွေက အကွက်ပေါင်း (၆၄)ကွက် သွေးလေ့ရှိတယ်၊ အင်္ဂလန်စိန်ကတော့ (Brilliant Cut) ဘက်ရိုးလီးယင့်တင်လို့ ခေါ်တဲ့ (၅၈)ကွက် သွေးနည်းနဲ့ပဲ သွေးလေ့ရှိတယ်ဗျ"

"ကိုနှင်းမောင်ရယ်. . စုံပါပေ့ဗျာ၊ ခင်ဗျားလို စုံထောက်မျိုးနဲ့ တွေ့ရတာ ကျုပ်တို့အဖို့ ဗဟုသုတ တိုးတယ်ဗျာ"

"အဲဒီတော့ မြန်မာပြည်က လူတစ်ယောက်ဟာ အင်္ဂလန်ကို စိန်တွေယူပြီး ထွက်သွားခဲ့မယ်၊ အဲဒီလူဟာ ခင်ခင်စိန်အတွက် လက်စွပ် လုပ်တယ်ဆိုတော့ ခင်ခင်စိန်ကို အရင်ကလဲ လက်စွပ်တို့ ဘာတို့ လုပ်ပေးဖူးမှသာ လက်တိုင်းနံပါတ် ဘယ်လောက်ဆိုတာ သိနိုင်မယ်၊ ဒါပေမယ့် ပန်းချီကိုလှမောင်က ပြောတော့ မြန်မာလို ရေရေလည်လည် ပြောတတ်တဲ့ တရုတ်တစ်ယောက်က ပန်းချီကားကို လာအပ်တယ်လို့ ဆိုပြန်တော့ အင်္ဂလန်ကို စဉ်းစားမယ့်အစား ဟောင်ကောင်၊ စင်္ကာပူ ပုလိပ်ဌာနတွေ အကူအညီ တောင်းပြီး အင်္ဂလန် ပန်းထိမ်ဆရာကြီးတွေနဲ့ ဆက်သွယ်လုပ်ကိုင်တဲ့ ပန်းတိမ်ဆိုင်မျိုး ရှိမရှိ လှမ်းပြီး စုံစမ်းတဲ့အခါမှာ ဟောင်ကောင်မှာ ရှိတယ်ဆိုတဲ့အကြောင်း ကြေးနန်းရိုက်ပြီး ပြန်ကြားခဲ့တယ်"

"သဲလွန်စက နီးလာပြီဗျို့" ဟု ဦးကိုကိုကြီးက လက်ဝါးတစ်ဖက်ကို ပွတ်၍ အားရပါးရ ပြောလိုက်လေ၏။

ကိုနှင်းမောင်သည် စီးကရက် တစ်လိပ်ကို အားရပါးရ ရှိုက်ဖွာ၍ အနည်းငယ် နားလိုက်ပြီးနောက်. . .

"တစ်ခါ သေတ္တာထဲက တွေ့ရတဲ့ ကမလာရဲ့ရည်းစားရာမိရဲ့ ပြောပြချက်အရ သူ့ကို ဖမ်းသွားတဲ့နေရာဟာ ည(၉)နာရီမှာ တစ်ခါ၊ ည(၁၁)နာရီမှာ တစ်ခါ၊ မနက်(၅)နာရီမှာ တစ်ခါ မီးရထားသံ ကြားရတယ်လို့ ဆိုတယ် မဟုတ်လား"

ကိုနှင်းမောင်၏ မှတ်ဉာဏ်ကို ကျွန်ုပ်သည် စိတ်တွင်း၌ ချီးကျူးရပြန်လေ၏။

"အဲဒီနာရီတွေမှာ ရထားဆိုက်လေ့ရှိတဲ့ ဘူတာတွေရဲ့စာရင်းကို ဘူတာရုံကြီးက ရုံပိုင်ကြီးဆီမှာ သွားပြီး စုံစမ်းပြန်တော့ ပြည်ဘူတာနဲ့ တောင်ငူဘူတာဟာ အဲဒီအချိန်တွေမှာ ရထားဝင်လေ့ ရှိတယ် ဆိုတာကို သိရပြန်တယ်၊ တစ်ခါ ရာမိတို့ ပြန်တွေ့တဲ့





www.burmeseclassic.com

www.burmeseclassic.com



နေ့က 'ကြည့်မြင်တိုင်ဘူတာမှာ မဟုတ်လား"

"ဟုတ်တယ်လေ"

"မန္တလေးလမ်းကို ပြေးဆွဲတဲ့ ရထားတွဲတွေဟာ နောက်တစ်နေ့မှာ ပြည်ဘက်မှာ ဆွဲရတယ်လို့ ရထားဌာနက ပြောတယ်ဗျ၊ ဒီတော့ ပြည်ဘူတာကို စဉ်းစားဖို့ မလိုတော့ဘူး၊ တောင်ငူဘူတာကိုပဲ စဉ်းစားရတော့မယ် မဟုတ်လား"

"သိပ်ကို ဟုတ်တာပေါ့ဗျာ"

"တဲ. . .ပြီးတော့ ရာမိက ပြောတယ်မဟုတ်လား၊ ကိုအေးမောင်ရဲ့. . .ကိုအေးမောင်ရဲ့ဆိုပြီး ငိုတဲ့ မိန်းမနှစ်ယောက်ရဲ့ ငိုသံကို ကြားရတယ်လို့"

"ဟုတ်တယ် ကိုနှင်းမောင်၊ ကျုပ်လဲ မှတ်မိနေသေးတယ်"

"ဟောင်နတောင်က ပန်းတိမ်ရယ်၊ စိန်ဘောဂတိုက်က ခင်ခင်စိန်နဲ့ သူ့ယောက်ျား ပုံတူပန်းချီကားရယ်၊ တောင်ငူသချိုင်းရယ် တစ်ခါက ဘုရားပွဲသွားရင်း ဝမ်းရောဂါနဲ့ သေဆုံးခဲ့တယ်ဆိုတဲ့ ခင်ခင်စိန်ယောက်ျား မောင်သံဟိတ်ရယ်ဟာ ဆက်စပ်နေတာကို တွေ့ရတယ် မဟုတ်လား အိုင်ပီ"

"ဟုတ်တယ်ဗျို့. . .အဆက်အစပ်ကတော့ ရှိနေတာ အမှန်ပဲ၊ အဲဒါကို ဆက်၍စပ်၍ စဉ်းစားနိုင်တာကတော့ ခင်ဗျား တစ်ယောက်ပဲ ရှိလိမ့်မယ်ဗျို့"

ကျွန်ုပ်သည် ကိုနှင်းမောင်အား လိုက်လိုက်လှဲလှဲ ချီးကျူး ပြန်၏။

"ဒီတော့ တောင်ငူဈေးနားမှာရှိတဲ့ ကျုပ်မိတ်ဆွေ ကိုတင်မြင့်ဆီကို စာရေးပြီး စုံစမ်းခိုင်းရပြန်တယ်၊ ကိုတင်မြင့်က တောင်ငူမြို့ နတ်ကြီးတံခါးနားမှာ သချိုင်းတစ်ခု ရှိကြောင်း၊ အဲဒီသချိုင်းအ





သုဘရာဇာ နှစ်ယောက် ရှိတဲ့အကြောင်း စတဲ့အချက်တွေကို ကျုပ်ဆီကို အချိန်မီ အကြောင်းပြန်ကြားခဲ့တယ်၊ ကျုပ်က အဲဒီတော့ စနေမောင်မောင်နဲ့ ကတိရှိထားတဲ့အတိုင်း ကမ္ဘဌာန်း သွားပြီးထိုင်ရဦးမယ်ဆိုပြီး အဲဒီကို ထွက်သွားခဲ့တာ၊ ဒါပေမယ့် ဆိတ်ဖွားဆိုတဲ့ လူကို တွေ့လိုက်ရကတည်းက လွယ်လွယ်ကူကူ ဖမ်းလို့မရဘူးဆိုတာ ကျုပ် ရိပ်မိပါတယ်၊ ဆိတ်ဖွားဟာ တကယ် တော်တဲ့လူဗျ၊ ညဏ်သွားတဲ့နေရာမှာရော၊ အသတ်အပုတ် ကျင်လည်တဲ့နေရာမှာရော တော်တော်ကို ရှားတဲ့လူပဲ၊ ဒါနဲ့ ပြောရဦးမယ်၊ အဲဒီသချိုင်းကို ရောက်တာနဲ့ တစ်ပြိုင်နက် တာတေလို့ ခေါ်တဲ့ မြိုင်ရာဇာတာတောဟာ သေသွားတဲ့ ခင်ခင်စိန်ရဲ့ ယောက်ျား မောင်သံဟိတ်ပဲဆိုတာ ကျုပ်အနေနဲ့ အတပ်သိနိုင်ခဲ့ပါတယ်"

"ဘာကြောင့်လဲ ကိုနှင်းမောင်"

"ငါးထပ်ကြီး ဘုရားနားမှာ ရေနစ်သေပြီး အလောင်းပျောက်သွားတဲ့ ခင်ခင်စိန်ရဲ့ သားကလေး မောင်သာနိုးဟာ အဲဒီသချိုင်းမှာ အုတ်ဂူနဲ့ဘာနဲ့ အကျအန ဖြစ်နေတယ်လေဗျာ၊ သံဟိတ်ကနေ မစ္စတာရှင်လျှံပဲ ပြောင်းပြောင်း၊ မြိုင်ရာဇာတာတောပဲ ပြောင်းပြောင်း၊ နာမည်နဲ့ ရုပ်ကိုတော့ မောင်သံဟိတ်ဟာ ပြောင်းနိုင်ပါလိမ့်မယ်၊ ဒါပေမယ့် မောင်သာနိုးကလေးအပေါ်မှာ ထားတဲ့ သံယောဇဉ်ကတော့ ပြောင်းလဲလို့ မရနိုင်ရှာဘူး မဟုတ်လား၊ ပြီးတော့ ဖျာလိပ်နဲ့ ပတ်ပြီး ပစ်ခဲ့ရတယ်ဆိုတဲ့ သံဟိတ်ဟာကလဲ အုတ်ဂူနဲ့ဘာနဲ့ ဖြစ်နေတယ်"

"အဲဒါ အရေးမကြီးဘူး ကိုနှင်းမောင်၊ အခု တာတောရဲ့ ဖြောင့်ချက်အရ အဲဒီမောင်သံဟိတ် ဂူထဲမှာ ရတနာပစ္စည်းတွေ ရှိသေးတယ် မဟုတ်လား၊ အဲဒီပစ္စည်းတွေ ထုတ်ယူဖို့တောင်ငူဂါတ်



www.burmeseclassic.com

www.burmeseclassic.com



ကို အကြောင်းကြားမှ ဖြစ်မယ်ဗျ"

"ကျုပ် အကြောင်းကြားခဲ့ပါတယ်ဗျာ၊ ဒါပေမယ့် မလွယ်ပါဘူး၊ ဆိတ်ဖွားက လက်ဦးမှာပါပဲ"

"အရေးကြီးတဲ့ မေးစရာတွေကတော့ ကုန်ပါပြီဗျာ. . . နောက်ထပ် မေးစရာ ပေါ်ရင်လဲ နောက်မှပဲ မေးပါတော့မယ်"

"ဒီလိုနဲ့တော့ ဘယ်ရမလဲဗျ၊ ဦးအောင်သင်း. . . ခင်ဗျား ဆားပုလင်းနှင်းမောင်ကို ဒီနေ့ညနေ ကောင်းကောင်း ဆပ်ပလိုင်း လုပ်ရမှာပေါ့ဗျ" ဟု ဦးကိုကိုကြီးက ကျွန်ုပ်အား ပြောလိုက်လေ၏။ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်သည် အမှုတစ်ခုပြီးတိုင်း ကိုနှင်းမောင်ကို ဟိုတယ်၌ ကျွေးမွေးဂုဏ်ပြုမြဲ ဖြစ်လေ၏။

"ခင်ဗျားပါ လိုက်ချင်လို့ မဟုတ်လား"

"ဒီနေရာမှာတော့ ခင်ဗျားက ဆားပုလင်းနှင်းမောင်ထက်-တောင် တော်သေးတယ်"

ကျွန်ုပ်တို့သည် အထက်ပါအတိုင်း ရယ်မောပြောဆိုလျက် ရှိကြစဉ်၌ပင် ကိုနှင်းမောင်သည် တာတေအား ဗဟန်းဂါတ်မှ တိုက်ပိုက်ကြီးနှင့် ရာဇဝတ်အုပ်များအား စာရွက်စာတမ်းနှင့် လွှဲအပ်နေလေ၏။ စောစောက မောက်မောက်မာမာ ပြောဆိုခဲ့ကြသော ရာဇဝတ်အုပ်ကလေးများမှာလည်း လွန်စွာကျိုးနွံလျက် ကိုနှင်းမောင် စေခိုင်းသမျှကို ပြုလုပ်နေကြလေ၏။

များမကြာမီ အချိန်၌ပင် ဗဟန်းဂါတ်မှ တိုက်ပိုင်ကြီးနှင့် ရာဇဝတ်အုပ်တို့သည် မြိုင်ရာဇာတာတေအား လက်ထိတ်ခတ်လျက် မော်တော်ကားဖြင့် ခေါ်ဆောင်သွားကြလေတော့၏။

. . . ပြီးပါပြီ . . .





## ဆားပုလင်းနှင်းမောင်၏အသက်ကို လုပ်ကြံခြင်း

ထိုနေ့ညနေက မျက်နှာဖြူများသာ သွားလေ့ရှိသော ဂျင်မခါနာကလပ်၌ ဆားပုလင်းနှင်းမောင်အား ဂုဏ်ပြုသောအားဖြင့် ကျွန်ုပ်တို့သည် စီအိုင်ဒီမှ ပုလိပ်အရာရှိများကို ဖိတ်လျက် ကျွေးမွေးခဲ့လေ၏။ ကျွန်ုပ်တို့သည် ည(၈)နာရီကျော်ကျော်အထိ မြိန်ရှက် ပျော်ရွှင်စွာ စားသောက်ပြီးနောက် လူစုခွဲကြလေ၏။

ကျွန်ုပ်က ကိုနှင်းမောင် နေထိုင်ရာ ဘိုးလိမ်းလမ်းဆီသို့ မော်တော်ကားဖြင့် လိုက်ပို့ခဲ့လေ၏။ ကားပေါ်၌ "အိုင်ဆေး. . . ဒီအမှုဟာ တကယ့်ကို ဆန်းတဲ့အမှုပဲဗျာ"

"အိုင်ပီကို ကျုပ်ပြောသားပဲ၊ တကယ့်အဖြစ်အပျက်ဟာ ဝတ္ထုထဲက ဇာတ်ကွက်ထက်တောင် ထူးဆန်းတယ်ဆိုတာလေ၊ ဟဲ. . . ဟဲ. . . ကြိုက်သေးလား၊ ကျောက်မြောင်းဈေးနားက ဦးလူဘူးနဲ့ ဒေါ်လှဘူး



www.burmeseclassic.com

www.burmeseclassic.com



လင်မယားအကြောင်းလေ"

"ဟာ. . . မှတ်မိပြီဗျို့၊ ထမင်းစားတိုင်း စားပိုးနင့်တဲ့ အဘိုးကြီး မဟုတ်လား၊ လက်ခံပြီဗျို့၊ ဖြစ်နိုင်တယ်. . . ဖြစ်နိုင်တယ်၊ ဩော်. . ဒါထက် စိန်ဘောဂတိုက်ထဲမှာ ဦးထုပ်တစ်လုံးကို တွေ့တော့ ခင်ဗျားက ဦးထုပ်ပိုင်ရှင်ဟာ သွားခေါခေါ မျက်မှန်တပ်တယ်လို့ ပြောတယ် မဟုတ်လား ကိုနှင်းမောင်၊ အဲဒါ ခင်ဗျား ဘာကို ကြည့်ပြောတာလဲ"

"ဦးထုပ်ကို ညဘက်မှာပါ ဆောင်းတယ်ဆိုတော့ ဒီလူဟာ ဆောင်းချင်လို့ ဆောင်းတာမဟုတ်ဘဲ ရုပ်ဖျက်ချင်လို့ ဆောင်းတာ မဟုတ်လား၊ ရုပ်ဖျက်ရင်လဲ ဦးထုပ်ဆောင်းပြီး ရုပ်ဖျက်တာဟာ တရုတ်နဲ့တူအောင် ဖျက်တာ မဖြစ်နိုင်ဘူးလား၊ တရုတ်နဲ့တူအောင် ရုပ်ဖျက်တဲ့လူဟာ အသားနီစပ်စပ် ဖြစ်ရမယ်၊ သွားခေါရမယ်ဆိုတာ တစ်ခါတည်း စဉ်းစားနိုင်တာပေါ့"

"ဒါတော့ ဟုတ်ပါပြီဗျ၊ ထိပ်ပြောင်ပြောင်ဆိုဗျ၊ အခု မီတော့ မြို့ရာဇာတာတေက ထိပ်မှမပြောင်ဘဲ"

"အဲဒါ ဟုတ်တယ်၊ သူဆောင်းလာတာ ဆိတ်ဖွားဦးထုပ်ဗျ ဆိတ်ဖွားက ထိပ်ပြောင်တယ်"

"နောက်တစ်ခု မေးရဦးမယ်၊ ခင်ခင်စိန် ခုတင်ဘေးမှာ သံပုရာသီးကလေး တွေ့တော့ ခင်ဗျား ဘယ်လို ကောက်ချက်ချခဲ့သလဲ"

"ခင်ခင်စိန်ရဲ့ ပါးစပ်ထဲကို သံပုရာသီး ထည့်ပြီးမှ လည်ပင်း အစ်အောင်လုပ်ပြီး သတ်ခဲ့တယ်ဆိုတာ သိနိုင်တာပေါ့ဗျာ"

"အင်း. . . ခင်ဗျား ရှိပေလို့သာပဲဗျို့၊ နို့မဟုတ်ရင်တော့ ဒီအမှုဟာ ဘယ်လိုမှ တရားခံအစစ် မပေါ်နိုင်ပါဘူး၊ ခင်ဗျားတို့





နှိမ်ချင်တဲ့လူတွေလဲ ခင်ဗျားရဲ့အစွမ်းကို မြင်သွားကြရတာကိုပဲ ကျုပ်ဖြင့် အားရမိတော့တယ်ဗျာ"

ကိုနှင်းမောင်သည် ပြုံးရုံသာပြုံးလျက် တစ်လုံးတစ်ပါဒမျှ ပြန်၍မပြောဘဲ လိုက်ပါခဲ့လေ၏။ များမကြာမီအချိန်၌ပင် ကျွန်ုပ်တို့သည် ကိုနှင်းမောင်၏ တိုက်ခန်းရှေ့သို့ ရောက်လေတော့သဖြင့် ကိုနှင်းမောင်သည် ကားပေါ်မှ ဆင်းပြီး ကျွန်ုပ်အား နှုတ်ဆက်မည်ကဲ့သို့ လုပ်ပြီးကာမှ ကျွန်ုပ်အား တီးတိုးလေသံဖြင့်. . .

"အိုင်ပီ. . . အပြင်ဘက်က စောင့်နေပါ၊ အထဲမှာ အော်သံ ကြားရင်တော့ သေနတ်ထုတ်ပြီး ဝင်ခဲ့ပေတော့" ဟု မှာထား၍ တံခါးဖွင့်ကာ (မနက်ဖြန်မှ တွေ့မယ်. . . ဂွဒ်နိုက်) ဟု ကျယ်လောင်စွာ နှုတ်ဆက်၍ တံခါးဖွင့်ပြီးလျှင် အတွင်းမှ တံခါးပိတ်သံများ ကြားရလေ၏။ အတော်အတန်ကြာသည်အထိ ကိုနှင်းမောင်၏ လေချွန်နေသံများကို ကြားရပြီးနောက် မီးများ ပိတ်လိုက်သည်ကို သိရလေ၏။ ကျွန်ုပ်လည်း နာရီဝက်ခန့်တိုင်အောင် တံခါးအပြင်ဘက်မှနေ၍ သေနတ်ကို ထုတ်ပြီး စောင့်ဆိုင်းနေရစဉ်၌. .

"အား. . . ဝုန်း" ဟု လွန်စွာကျယ်လောင်သောအသံကြီး ပေါ်ထွက်လာသည်နှင့် တံခါးကို ဆွဲလိုက်ရာ တံခါးပွင့်သွားသည်နှင့် ကျွန်ုပ်လည်း အတွင်းသို့ ပြေးဝင်ကာ. . .

"လက်မြှောက်ဟေ့. . ." ဟု မှောင်ကြီးထဲတွင် အော်လိုက်လေ၏။ ထိုအခါ၌ "လက်တင် မဟုတ်ဘူးဗျို့၊ ခြေထောက်ပါ မြှောက်ပြီး ပက်လက်လန်နေပြီ" ဟု ဆိုကာ ခုတင်ဘေး၌ ပက်လက် လန်လျက် လဲနေသော လူတစ်ယောက်ကို ပြလေ၏။

"အဲဒါပေါ့ဗျာ. . . ဆိတ်ဖွားဆိုတာ"

"အိုင်ဆေး. . . ခင်ဗျား ဘယ်လို လုပ်လိုက်တာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မာတ်လိုက်သွားတာလေ" ဟု ဆိုကာ ခုတင်ဘေးတွင် ခင်းထားသော သံပြားနှစ်ချပ်ကို လက်ညှိုးထိုး၍ ပြလိုက်လေ၏။ ကျွန်ုပ်သည် အမိပ္ပါယ် နားမလည်သေးသည်ဖြစ်၍ ၎င်း၏မျက်နှာကို ထပ်၍ကြည့်လိုက်လျှင် ကျွန်ုပ်အနေနှင့် သဘောမပေါက်သေးကြောင်းကို ရိပ်မိသဖြင့်. . .

"ဆိတ်ဖွားက ကျုပ်ကို အိပ်ပြီမှတ်လို့ ဓားနဲ့ထိုးမလို့ လာတဲ့အခါမှ ကျုပ်က ခြင်ထောင်ထဲကနေ လက်တစ်ဖက် ထုတ်ပြီး ခုတင်ခေါင်းရင်းက ဝါယာကြိုးစနဲ့ သံပြားကို တို့လိုက်တာပေါ့ဗျာ"

"ခင်ဗျား စီမံလိုက်ပုံကလေး နေရာကျလှသဗျာ၊ ဒါပေမယ့် ဆိတ်ဖွား သေတော့ မသေဘူး မှတ်တယ် ကိုနှင်းမောင်"

"မသေပါဘူး အိုင်ပီ ဟောဟို အံဆွဲထဲမှာ လက်ထိတ်တစ်ခု ရှိတယ်၊ အဲဒါနဲ့ ခတ်ထားပေတော့ဗျို့"

ကျွန်ုပ်လည်း သတိလစ်လျက်ရှိသော ဆိတ်ဖွားအား လက်ထိတ်ခတ်ရင်း ကြည့်လိုက်ရာ ဆံပင်ဆို၍ တစ်ပင်တစ်မွှေးမျှ မရှိအောင်ကို ထိပ်ပြောင်လျက် ရှိသောသူ တစ်ယောက် ဖြစ်ကြောင်း တွေ့မြင်ရလေ၏။

"နေပါဦး အိုင်ဆေး၊ တောင်ငူက တာတေကို ဖမ်းလာပြီး မနက်က စီအိုင်ဒီကို လာပို့တယ်ဆိုတော့ ခင်ဗျား ခွင့်ယူပြီး သွားတတည်းက ဒီအခန်းကို အခုမှ ပထမအကြိမ် ပြန်ရောက်တာပေါ့နော်"

"ဟုတ်တယ်လေ"

"ဆိတ်ဖွား အိမ်ထဲကို ရောက်နေကြောင်း ခင်ဗျား ဘယ်လို လုပ်ပြီး သိသလဲဗျ"

"ဟိုမှာလေ. . ဒီကောင်က အိမ်ထဲမှာ လူစိမ်းရှိရင် ဘယ်





တော့မှ မနေဘူး၊ လူရှိမရှိ အချက်ပြကိုရိယာလိုပဲ တိတိကျကျ သိနိုင်တယ်ဗျ"

ကိုနှင်းမောင်သည် လှေကားရင်း၌ ထိုင်လျက်ရှိသော ကြောင်ဖြူကလေးအား ညွှန်ပြလေ၏။ ကျွန်ုပ်၏စိတ်တွင်း၌ ဆားပုလင်း နှင်းမောင်အိမ်က ကြောင်ကလေးသည်ပင် တရားခံ ဖမ်းဆီးရမိရေးအတွက် ကြီးစွာသော အထောက်အကူ ပြုလိုက်ပုံကို တွေးမိသဖြင့် ပြုံးမိသေးတော့၏။

"ကဲ. . . အိုင်ပီ. . . ဒီကောင်ကြီးကို ဗဟန်းဂါတ်ကို အပ်လိုက်ကြရအောင်" ဟု ဆိုကာ ကိုနှင်းမောင်သည် အကျီအဝတ်အစားများ ပြန်၍ဝတ်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ဆိတ်ဖွားအား မလျက် ကားပေါ်သို့ တင်ကြပြီးလျှင် ဗဟန်းဂါတ်သို့ အပ်နှံရန် သွားကြလေ၏။ ကိုနှင်းမောင်က ကားမောင်း၍ ကျွန်ုပ်က ဆိတ်ဖွားအား သေနတ်ထုတ်၍ချိန်ကာ လိုက်ပါခဲ့လေ၏။

"ကျုပ်က ခင်ဗျား အထဲက တံခါးပိတ်လိုက်ပြီ အောက်မေ့နေတာ"

"ဘယ်ပိတ်မလဲဗျ၊ ပိတ်ချင်ဟန် ဆောင်လိုက်တာပါ၊ တွေ့ပြီလား၊ ဆိတ်ဖွား ဘယ်လောက် ညဏ်သွားသလဲဆိုတာ"

"ခင်ဗျား သတိကောင်းပေလို့သာပေါ့ဗျာ၊ နို့မဟုတ်ရင်တော့. . .

"အခုလောက်ဆို အသက်မရှူတော့ဘူးလေ၊ ဟား ဟား"

ကျွန်ုပ်တို့သည် များမကြာမီ အချိန်၌ ဗဟန်းဂါတ်သို့ ရောက်ရှိကြပြီးလျှင် တရားခံ ဆိတ်ဖွားကို အပ်နှံလေရာ ဗဟန်းဂါတ် တိုက်ပိုင်ကြီးသည် ကိုနှင်းမောင်အား အထပ်ထပ် အခါခါ



www.burmeseclassic.com

www.burmeseclassic.com



ချိုးမွမ်းစကား ပြောလေ၏။ ကိုနှင်းမောင်သည် ဂါတ်၌ ဆိတ်ဖွား၏ အိတ်အား နှိုက်ကြည့်ရာ ပြေစာဖြတ်ပိုင်းတစ်ခုကို ရရှိလေ၏။

ထိုပြေစာမှာ ရန်ကုန်မြို့ ဗိုလ်တထောင် စေတီတော်မြတ်ဂေါပက လူကြီးများထံတွင် ရတနာပစ္စည်းများ ဘုရားအတွက် လှူဒါန်းလိုက်သော ပြေစာဖြတ်ပိုင်း ဖြစ်လေ၏။

"ဆိတ်ဖွား လုပ်လိုက်ပုံလေး မဆိုးဘူးဗျ၊ သူတို့ဝှက်ထားတဲ့ ပစ္စည်းတွေကို ရအောင် ပြန်ယူပြီးတော့ ဗိုလ်တထောင်ဘုရားကို လှူလိုက်ပြီလေ၊ ဘုရားပစ္စည်း ဖြစ်သွားလေတော့ အစိုးရ ဘဏ္ဍာတော်အဖြစ် သိမ်းဖို့လဲ မလွယ်တော့ဘူးဗျာ၊ ဘာပဲဖြစ်ဖြစ်လေ အင်္ဂလိပ်အစိုးရကိုတော့ မပေးဘူး၊ တို့ဘုရားတို့ လှူပစ်မယ်ဆိုတဲ့ စိတ်ကူးလေးကတော့ လေးစားစရာပဲ"

ကိုနှင်းမောင်သည် တစ်ကိုယ်တည်း ပြောသကဲ့သို့ ပြောလိုက်ပြီးနောက်. . .

"ကဲ. . . အိုင်ပီ. . . ပြန်ကြစို့ဗျာ" ဟု ဆိုသဖြင့် ကျွန်ုပ်လည်း အိမ်သို့ တစ်ဖန် ပို့ပေးရပြန်လေ၏။

. . . ပြီးပါပြီ . . .





# ရဲရဲတောက် တို့ဗမာတွေ

နောက်တစ်နေ့တွင် စီအိုင်ဒီ၌ မစ္စတာစတီးဝပ်က ထမင်းစားပွဲတစ်ခုပြုလုပ်၍ စီအိုင်ဒီရှိ အရာရှိများအား ကျွေးမွေးလေ၏။ ဆားပုလင်းနှင်းမောင်ကိုမူ အရာရှိ မဟုတ်သော်လည်း ခြွင်းချက်အဖြစ် ထည့်သွင်းရလေ၏။ အဘယ့်ကြောင့်ဆိုသော် ထိုထမင်းစားပွဲသည် ဆားပုလင်းနှင်းမောင်အား ဂုဏ်ပြုသော ထမင်းစားပွဲဖြစ်သောကြောင့်ပင်။

ရန်ကုန် ပုလိပ်မင်းကြီးလည်း ၎င်းထမင်းစားပွဲသို့ တက်ရောက်သည် ဖြစ်ရာ မစ္စတာစတီးဝပ်က ဆားပုလင်းနှင်းမောင်အား အက်(စ်)အိုင်ပီ ရာထူးသို့ တိုးမြှင့်ပေးရန် ထောက်ခံပြောဆိုမည်ဟု ရည်ရွယ်ထားလေသည်။

ဤသို့ ရည်ရွယ်၍ထားကြောင်းကိုလည်း ကျွန်ုပ်အား မစ္စ



www.burmeseclassic.com

www.burmeseclassic.com



တာ စတီးဝပ်က ခေါ်၍ပြောထားသဖြင့် ကျွန်ုပ်က ကြိုတင်၍ သိရှိနေသည်ဖြစ်ရာ ကိုနှင်းမောင်အား "ခင်ဗျား ဒီတစ်ခါတော့ ရာထူးတက်ပါပြီဗျာ" ဟု အကျိုးအကြောင်း ပြောပြသော်လည်း ကိုနှင်းမောင်သည် များစွာ စိတ်ဝင်စားခြင်း မရှိလှပေ၊

ကျွန်ုပ်သည် ကိုနှင်းမောင်၏ စိတ်ဓာတ်ကို နားမလည် အောင် ရှိလေတော့၏၊ အလုပ်၌လည်း မခိုမကပ် သက်စွန့်ကြိုး ပမ်း လုပ်ပါလျက် ရာထူး တက်ချင်သောဆန္ဒ မရှိခြင်းအရာ၌ ကျွန်ုပ်တို့နှင့် များစွာ ခြားနားလေ၏။ အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်ုပ်သာ ကိုနှင်းမောင်လောက် တော်ခဲ့လျှင် ပုလိပ်မင်းကြီးရာထူး မရမချင်း ဇွဲနပ်နိုင်လိမ့်မည် မဟုတ်ပေ၊ ကိုနှင်းမောင်မှာမူ ဆားပုလင်း ရာထူးလောက်နှင့် ကျေနပ်နေသည်ကို စဉ်းစား၍မရ နိုင်အောင် ရှိလေတော့၏၊

ထမင်းစားပြီးကြသောအခါ၌ ရန်ကုန်ပုလိပ်မင်းကြီးက "ဆားပုလင်းနှင်းမောင်ဟာ မြန်မာပုလိပ်တွေထဲမှာတော့ ရှားရှားပါးပါး လူတစ်ယောက်ပဲ" ဟု ချီးမွမ်းသည်တွင် ကိုနှင်း မောင်က...

"ကျုပ်တို့ မြန်မာလူမျိုးတွေဟာ လူတော်တွေချည်းပါပဲ၊ တိုင်းတစ်ပါးလက်အောက်မှာ ကျရောက်နေတဲ့အတွက် အရည်အ ချင်းတွေကို ပြခွင့်မရလို့ပါ" ဟု ပြန်ပြောလိုက်လျှင် ပုလိပ်မင်းကြီး သည် အကြီးအကျယ် မျက်နှာပျက်၍ သွားလေတော့၏။ မစ္စတာ စတီးဝပ်လည်း ကိုနှင်းမောင်အား ရာထူး တက်ပေးရန် ကိစ္စကို မပြောဝံ့သဖြင့် ရေငုံ၍ နေလိုက်ရလေတော့၏။

နောက်တစ်နေ့၌ မစ္စတာစတီးဝပ်သည် ကျွန်ုပ်အား ခေါ် ယူ၍...





"သိပ်ခက်တယ်၊ ဆားပုလင်းနှင်းမောင်ဟာ ညက ပြော လိုက်တဲ့ စကားတစ်ခွန်းတည်းနဲ့ သူရမယ့် အခွင့်အရေးတွေ အား လုံး ဆုံးရှုံးခဲ့ရတယ်၊ ကျုပ် စိတ်မကောင်းပါဘူး" ဟု တဖျစ်တောက် တောက်နှင့် ပြောလေတော့၏။

ကျွန်ုပ်နှင့် မင်းကြီး စကားပြောနေစဉ်၌ပင် ပုလိပ်မင်း ကြီးထံမှ တယ်လီဖုန်း လာသဖြင့် မစ္စတာစတီးဝပ်က ကောက်ယူ နားထောင်ပြီးလျှင် ကျွန်ုပ်ဘက်သို့ လှည့်ကာ...

"မစ္စတာ အောင်သင်း... အလုပ်ပေါ်ပြန်ပြီဗျို့၊ ကျုပ်တို့ ရဲ့ လူစွမ်းကောင်းကြီး ဆားပုလင်းနှင်းမောင်တော့ နားရတယ်လို့ မရှိပါဘူးဗျာ၊ ဒီအမှု ပြီးရင်တော့ သူ့ကို ရာထူးတက်ပေးဖို့ ကျုပ် အနေနဲ့ အထက်ကို တင်ပြပါ့မယ်" ဟု ပြောလေ၏၊

"ဘယ်လိုအမှုမျိုး ပေါ်ပြန်တာလဲ သခင်"

"ပြည့်ပြည့်စုံစုံတော့ မစ္စတာအောင်သင်းတို့ သွားကြည့်မှ သိရမှာပဲ၊ အခု တယ်လီဖုန်းနဲ့ ပြောတာကတော့ 'လာပါ... လာပါ.. မကြည်ရဲ့'ဆိုတဲ့ စာကလေးတစ်စောင် စာတိုက်ကရပြီး သုံးရက်မြောက်တဲ့နေ့မှာ ကျောက်စာဝန် ဘတူတစ်ယောက် အ သတ်ခံလိုက်ရဆိုပဲ"

ကျွန်ုပ်သည် ထူးဆန်းသောအမှုတစ်ခု ဖြစ်ကြောင်း ရိပ်မိ သည့်အလျောက် ထိုအမှုနှင့် ပတ်သက်၍ စဉ်းစားနေစဉ်၌ပင် ကိုနှင်းမောင်သည် စုံထောက်ဌာန ရုံးဝင်းအတွင်းသို့ စီးကရက် သောက်လျက် အေးချမ်းစွာ ဝင်၍လာသည်ကို ပြတင်းပေါက်မှ နေ၍ လှမ်းပြီးမြင်ရလေ၏၊

"မင်းကြီးခင်ဗျား... ဟိုမှာ ဆားပုလင်းနှင်းမောင်တော့ လာနေပြီ၊ သူ့ကိုခေါ်ပြီး အခင်းဖြစ်ပွားတဲ့နေရာကို လိုက်သွားမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုပါ” ဟု ခွင့်တောင်း၍ မင်းကြီး၏ ရုံးခန်းအတွင်းမှ ထွက်၍ လာပြီးလျှင် ကိုနှင်းမောင်ထံသို့ သွားရောက်ပြီး အကျိုးအကြောင်း ပြောပြလေသည်။

ကိုနှင်းမောင်သည် ကျွန်ုပ် ပြောသည်ကို နားထောင်ပြီးလျှင်. . .

“ကြားရပုံကတော့ အမှုကလေးက စိတ်ဝင်စားစရာပဲဗျို့” ဟု မှတ်ချက်ချလိုက်၏။

ကျွန်ုပ်လည်း ကိုနှင်းမောင်နှင့် စကားပြောနေရာမှ ‘ခဏ’ ဟု ဆိုကာ ကျွန်ုပ်၏စားပွဲပေါ်တွင် တင်ထားခဲ့သော အမှုတွဲဖိုင်ကို ယူ၍ ကိုနှင်းမောင်ထံ ပြန်လာခဲ့လေ၏။

“ကဲ. . . ကိုနှင်းမောင်၊ ကျောက်စာဝန် ဦးဘတူအိမ်ကို သွားရင်း ပုလိပ်ရုံးကြီးက အမှုတွဲ မှတ်တမ်းထိန်းဌာနမှာ သိမ်းထားဖို့ ဒီအမှုတွဲကြီး ဝင်ပေးခဲ့ရဦးမယ်ဗျ”

“ဘာအမှုတွဲကြီးလဲဗျာ”

“ဆားပုလင်းနှင်းမောင်နှင့် မြိုင်ရာဇာတာတေ အမှုတွဲလေ”

ကိုနှင်းမောင်သည် သူ၏ထုံးစံအတိုင်း နှစ်လိုဖွယ်ရာ ပြုံးလိုက်ပြီးနောက်. . . .

“အခု လိုက်ရမယ့်အမှုကလဲ စိတ်ဝင်စားစရာ ကောင်းမှာပါပဲ၊ အဲဒီအမှုကြီး ပြီးရင် ခင်ဗျားက ဘယ်လိုများ နာမည်ပေးဦးမှာလဲ အိုင်စီ”

“မသိဘူးလေဗျာ၊ ရှေ့ကတော့ ဆားပုလင်းနှင်းမောင် ဆိုတာက စရမှာပေါ့၊ နောက်ကတော့ ဘယ်လို ဆက်ရမယ် မသိသေးဘူး”





သို့ရာတွင် ထိုကျောက်စာဝန် သတ်မှုကြီးမှာ နောင်အခါ၌ ပုလိပ်လောကတွင် ပြောစမှတ်တွင်၍ ကျန်ရစ်ခဲ့သော “ခေါင်းမြီးခြုံ လုံပါစေ့” ဆိုသည့် အမှုကြီး ဖြစ်လေတော့သတည်း။

၁၁ မေ ၁၁ ဇွာ ကမ္ဘ ၁၁၁၈/

မင်းသိင်္ခ



BURMESE CLASSIC .com

www.burmeseclassic.com